www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (ရွှေခြည်သုံ့ပုံနှိပ်တိုက်) အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

လွန်းတမို

လက်စားချေနှင်းဆီ/လွန်းတမို၊ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၂။

(၁၀၄)စာ၊ ၁၂ စင်တီမီတာ × ၁၈.၇ စင်တီမီတာ

(၁) လက်စားချေနှင်းဆီ




"ဗျာ ... မာမီ ဘယ်လိုပြောလိုက်တာလဲ ... "

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားတစ်ခွန်းကြောင့် အဝေးနှင်ဆိုသည့် ခပ်ချောချောကောင်လေးတစ်ယောက်ရဲ့ မျက်နှာကလေးက ဖျတ်ခနဲ မှေးသွားရပြီး ... မျက်ဝန်းကလေးတွေကပါ ဖြူဖျော့အေးစက်ကာ နာကျင်ရိပ်တွေနဲ့ လှိုက်ဖြာတည်တင်းသွားခဲ့ရပါသည်။

"မာမီ ... ပြောတာ ရှင်းရှင်းလေးပဲ အဝေးနှင် ... "

တစ်ကိုယ်လုံး နစ်လုမတတ် မြုပ်ဝင်နေသည့် အကောင်းစားရေမြှုပ်ဆိုဖာဆက်တီကြီးပေါ်က ဒေါ်အရိပ်ညိုရဲ့မျက်ဝန်းတွေထဲမှာလည်း နာကျည်းရိပ်တွေက အရောင်တွေတဖျတ်ဖျတ်လက်ကာ နှုတ်ခမ်းစွန်းထောင့်လေးတစ်ဖက်ကိုလည်း ညွတ်ကွေးနေအောင် ဒေါ်အရိပ်ညိုက မဲ့ထားသည်။

ပြီးတော့မှ ... သူမရဲ့သားငယ်လေး အဝေးနှင်ကို မျက်တောင်ရှည်တွေ ... ဖျတ်ခနဲ ... ပင့်ကော့သွားရသည်အထိ နာနာ

www.burmeseclassic.com



ကျင်ကျင်လေး စိုက်ကြည့်ကာ ...

"လွန်ခဲ့တဲ့ ခြောက်လလောက်ကပဲ မင်းသိပ်ချစ်တဲ့ မင်းရဲ့ ကိုကိုကြီးအရိပ်ထင် ... ရုတ်တရက် နှလုံးသွေးရပ်ပြီး ဆုံးသွားခဲ့ပြီ လို့ မင်းကိုပြောလိုက်တာ ... "

"ဗျာ ... "

အံ့ဩသွားသံလေးနှင့်အတူ နောက်ဆက်တွဲပေါ်လာတာက ရင်နင့်နေသော တိုးတိတ်ရှိုက်သံလေးတစ်ခု။

"အဟင့် ... "

"အို ... မင်းမငိုနဲ့လေ ... သားငယ်လေး ... "

အဖျားလေးဆွတ်၍ တုန်ယင်နေသော အသံကိုလည်း ဒေါ်အရိပ်ညိုက မတားဆည်းနိုင်ပါ။ သူမရဲ့ရှေ့မှာတော့ အနက် ရောင် ကျောပိုးအိတ်လေးတစ်လုံးကို စလွယ်သိုင်းလေးလွယ်ကာ ခရီးဆောင်လက်ဆွဲသေတ္တာအိတ်ကလေးကို နံဘေးမှာချပြီး နိုင်ငံ ခြားခရီးကနေ ပြန်ရောက်လာခဲ့သည့် ဒေါ်အရိပ်ညို၏ သားငယ် လေး အဝေးနှင်က တဆတ်ဆတ်တုန်နေသည့် နှုတ်ခမ်းရဲရဲစိုစိုလေး တွေကို အနိုင်နိုင်ထိန်းချုပ်ဖို့ကြိုးစားရင်း မျက်နှာလေးကို လက်ဝါး ကလေးဖြင့်အုပ်ကာ တသိမ့်သိမ့်ရှိုက်ငိုနေသည့်မြင်ကွင်းလေးက တကယ့်ကို ကြေကွဲရသည့် ရင်နင့်စရာမြင်ကွင်းလေးပါပဲ။

ဒါကို ... ဒေါ်အရိပ်ညိုက ရူးလဲ့သောမျက်ဝန်းများဖြင့် သား ငယ်လေးကို စိုက်ကြည့်လျက် ...

"မင်းကိုကိုကြီးအရိပ်ထင် မမျှော်လင့်ဘဲ ဆုံးသွားခဲ့ရတဲ့ကိစ္စ နဲ့ပတ်သက်ပြီး မင်းကိုမာမီအသိမပေးခဲ့တာဟာ ဂျပန်မှာ ပညာသင် နေတဲ့မင်းကို စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ... မာမီအသိမပေး





ခဲ့တာပါ။ အခုတော့ ... မာမီ့သားငယ်လေးက မြန်မာပြည်ကိုပြန် ရောက်လာခဲ့ပြီဆိုတော့ ကိုကိုကြီးဆုံးသွားခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး သားငယ်လေး သိထားသင့်တာတွေအားလုံး မာမီရှင်းပြရတော့မှာ ပေါ့ ... "

ပြောလည်းပြော ... မျက်ဝန်းအကြည့်တွေကိုလည်း အဖျတ်ဖျတ်လှုပ်နေသည့် ဓာခန်းဆည်းလိုက်ကာလေးဘက်ကို ဒေါ်အရိပ်ညိုက ကြေကြေကွဲကွဲလှည့်သည်။ ပြီးတော့မှ ... အသံ တုန်တုန်ကလေးဖြင့် ဒေါ်အရိပ်ညို ပြောလိုက်တာက ...

"အရမ်းလှတဲ့ကောင်မလေးတစ်ယောက်နဲ့ မာနခြင်းပြိုင် အသည်းခွဲဖို့ကြိုးစားရင်းနဲ့ မင်းကိုကိုကြီး စိတ်ထိခိုက်ပြီး နှလုံးသွေး ပါ ရပ်သွားခဲ့ရတာ ... "

"ဗျာ ... "

စိုလက်ဆဲ ... မျက်ရည်စက်တွေ တွယ်ငြိကပ်ပါလျက် ညွတ် ကျွေးကော့စင်းသော မျက်တောင်ရှည်လေးတွေ ဖျတ်ခနဲပင့်တက် သွားအောင် အဝေးနှင် အံ့ဩခဲ့ရပြီ။

"အရမ်း ... အရမ်းလှတဲ့ကောင်မလေးတစ်ယောက်နဲ့ မာန ခြင်းပြိုင်အသည်းခွဲဖို့ကြိုးစားရင်းနဲ့ စိတ်ထိခိုက်ပြီး ... နှလုံးသွေးရပ် သွားတာ ... ဟုတ်လား ... "

ရှည်လျားကော့နက်သော မျက်တောင်လေးတွေကိုလည်း နှင်က မခတ်နိုင်။ ငုံ့ထားသော မျက်နှာချောချောတည်တည်လေး တို ဖျတ်ခနဲပင့်မော့ကာ ... မာမီ့မျက်ဝန်းတွေကို ရူးစိုက်ကြည့်လိုက် ရတာမို့လည်း ဝင်းနှစ်ရှည်သွယ်သော လည်တိုင်ကလေးကိုကော ပုခုံးစွန်းလေးနှစ်ဖက်ပေါ်အထိ ဝဲကျနေသော ဆံပင်ရှည်ရှည်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေက ဘယ်ညာလေးယိမ်းနွဲ့လို့သွားရသည်။

ဒေါ်အရိပ်ညို သားငယ်လေးဘက်ကို ပြန်လှည့်သည်။

ပြီးတော့ … ရိုဝေနာကျင်စွာ သားငယ်လေးကိုကြည့်ပါသည်။

"ဟုတ်တယ်လေကွာ … သားငယ်လေး၊ ဒီအကြောင်းတွေမင်းကို ရှင်းပြချင်လို့ မာမီစောင့်နေခဲ့တာ … ခြောက်လကျော်ခဲ့ပါပြီ၊ ဒီအဖြစ်အပျက်တွေကို ပြန်စဉ်းစားမိတိုင်း မာမီ့ရင်ထဲမှာ ကြေကြေကွဲကွဲခံစားရတယ် … မီးတောက်တွေအလယ်မှာ ထိုင်မိတဲ့လူတစ်ယောက်လိုပဲ … ကူကယ်ရာမဲ့သလို ဖြစ်ခဲ့ရတယ် … ဒါပေမဲ့ မာမီတရားနဲ့ဖြေပါတယ် … မာမီကလည်း တနင်္ဂနွေသမီး၊ မာမီ့သားကလေးနှစ်ယောက်ကလည်း … တနင်္ဂနွေသားလေးတွေဆိုတော့ တနင်္ဂနွေနေ့ရောက်တိုင်း ရွှေတိဂုံဘုရားပေါ်တက်ပြီး ဂြိုဟ်တိုင်မှာ ရေသပ်ချေ၊ မီးသက်စေ၊ ပန်းသက်စေ၊ မာမီလှူခဲ့တယ်၊ အဲဒီနေ့ လမ်းမှာတွေ့သမျှ သံဃာတော်အရှင်သူမြတ်တွေကိုလည်း ဝတ္ထုငွေကြေး မာမီလှူခဲ့တယ်၊ မာမီ့သားကြီးအရိပ်ထင် ကောင်းရာသုဂတိရောက်ပါစေကြောင်းနဲ့ မာမီ့သားငယ်လေးအဝေးနှင် လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပါစေကြောင်း မာမီဆုတောင်းခဲ့တယ် … ဒါပေမဲ့ကွာ …"

ဒေါ်အရိပ်ညို စကားကိုဖြတ်ပြီး လေးပင်စွာ ပင့်သက်ရှိုက်သည်။

နောက် … ရေမြှုပ်ဆက်တီကြီးပေါ်မှ ထ,ရပ်ကာ စိတ်ပုတီးကိုကိုင်ရင်း … အဝေးနှင်ရှေ့က ကတ္တီပါကော်ဇောခင်းကြမ်းပြင်ပေါ်မှာ လမ်းလျှောက်သည်။





တကယ်တမ်းပြန်တွေးကြည့်တော့လည်း ဒီအရှုံးဟာ ဒေါ်အရိပ်ညိုအတွက်တော့ ခါးသည်းရင်နင့်ဖွယ်ရာ ပေးဆပ်ခဲ့ရလေတဲ့အရှုံး။ ဘယ်လိုအကြောင်းပြချက်မျိုးနှင့်မှလည်း ဖြေသိမ့်ခွင့်လွှတ်နားလည်ပေးနိုင်စရာမရှိခဲ့တဲ့အရှုံး။

"နေ … နေပါဦး မာမီ … မာမီ့ကို မရှင်းလို့ ကျွန်တော်တစ်ခုလောက်မေးပါရစေဦး … ကျွန်တော့်ကိုကိုကြီးအရိပ်ထင်ဆိုတာ မိန်းကလေးတွေနဲ့ပတ်သက်ခဲ့သမျှပွဲတိုင်းမှာ သူကပဲ အမြဲအနိုင်ယူလာခဲ့တာ မဟုတ်ဘူးလား … ဂိမ်းဆော့တာ၊ စစ်တုရင်ထိုးတာဝါသနာပါပြီး ကျွမ်းကျင်သလောက် သူမကျေနပ်တဲ့မိန်းကလေးတွေနဲ့တွေ့ရင် အသည်းခွဲတမ်းကစားတတ်တာ … ကိုကိုကြီးရဲ့ Crazy အလုပ်ဆိုတာ မာမီသိနေရဲ့သားနဲ့ … အခု ဒီကောင်မလေးနဲ့ကျမှ ဘာဖြစ်လို့ နှလုံးသွေးရပ်သွားတဲ့အထိ အရှုံးပေးလိုက်ရတယ်ဆိုတာ ကျွန်တော်သိချင်တယ် … သူက ဘာနဲ့တိုက်စစ်ဆင်သွားလို့ ကိုကိုကြီး ရှုံးသွားရတာလဲ …"

"မာမီပြောရင် … မင်းမအံ့သြနဲ့ …"

ပြတင်းလိုက်ကာတွေဘက်ကို မျက်နှာမူထားလျှက်မှ လှိုက်ဖြာတုန်ယင်သော အသံတစ်ခုဖြင့် ဒေါ်အရိပ်ညိုက ပြန်ဖြေသည်။

"အဲဒီမိန်းကလေး မင်းကိုကိုကြီးကို အနိုင်ယူတိုက်စစ်ဆင်သွားတာ၊ သိပ်ကိုလည်း လှပနူးညံ့ပြီးတော့ သိပ်ကိုလည်း ကြောက်စရာကောင်းတဲ့ အနက်ရောင်နှင်းဆီ Black Rose လေးတစ်ပွင့်နဲ့ တိုက်စစ်ဆင်ပြီး မာနခြင်းပြိုင် အသည်းခွဲသွားတာလေ အဝေးနှင်"

"ဗျာ … အနက်ရောင်နှင်းဆီ Black Rose လေးတစ်ပွင့်နဲ့ မာနခြင်းပြိုင် အသည်းခွဲသွားတာ"

www.burmeseclassic.com



နှင် မျက်တောင်ကလေးတွေ အဆုံးအစမဲ့အောင် ပင့်ကော့သွားရလျှက် ရင်ထဲမှာပါ ဆတ်ဆတ်ခါသွားအောင် နာသွားရသည်။ ဒေါ်အရိပ်ညိုကိုယ်တိုင်လည်း ကျော်ခိုင်းပြောပြီးတော့မှ သားငယ်လေးဘက်ကို ဆတ်ခနဲ မျက်နှာလည့်၏။

"မာမီ … မင်းကိုပြောပြချင်နေတာ အဲဒါပဲလေ၊ သားငယ်လေးအဝေးနှင်ရဲ့ … မင်းကိုကိုကြီးက တည်တည်တင်းတင်းမျက်နှာထားကလေးနဲ့ သိပ်ကိုချောမောခန့်ညြားတဲ့ လူတစ်ယောက်ဖြစ်ခဲ့သလို မင်းကိုကိုကြီးကို မာနခြင်းပြိုင် အသည်းခွဲစိမ်ခေါ်သွားတဲ့ ကောင်မလေးကလည်း … ယောကျ်ားလေးတွေ နှစ်ခါပြန်လှည့်မကြည့်ဘဲ မနေနိုင်လောက်အောင် ဖူးတင်းအိစက်ပြီးတော့ သိပ်ကိုလှပလွန်းတဲ့ မိန်းမ … "

"ဗျာ … "

နှင် … ယောင်မှားစွာ ဖျတ်ခနဲ ထရပ်လိုက်ရပြီ။

"ပြောရရင် … မင်းကိုကိုကြီးအရိပ်ထင်က သူ့ကိုလိုချင်နေတဲ့မိန်းကလေးတွေ အများကြီးကြားထဲမှာ သူ့ကိုယ်သူ SMART Boy ဖြစ်တယ်ဆိုပြီး အထင်ကြီးခဲ့တယ် … မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက်ကို ထည်လဲတွဲခဲ့သလို မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက်ကိုလည်း အသည်းခွဲတမ်းကစားပြီး သူ့သူငယ်ချင်းတွေကြားထဲမှာ အမြဲဟားတိုက်ရယ်မောနေခဲ့တာလေ၊ ဒါပေမဲ့ … ဝဋ်ဆိုတာလည်စမြဲပဲ … တစ်နေ့မှာ မိန်းကလေးတစ်ယောက်ကိုတွေ့ပြီး သူ့အသည်းခွဲရမယ့်နေ့မှာ ကောင်မလေးစိတ်နာသွားအောင် ရက်ရက်စက်စက်ကို ပါးရိုက်ပြီးတော့မှ မင်းကိုကိုကြီးက အသည်းခွဲခဲ့တာ … ဟိုဘက်မိန်းကလေး ဘယ်လောက်ခံစား





သွားရမလဲဆိုတာ မင်းစဉ်းစားကြည့်စမ်း … အခု … အဲဒီအပြစ်ဒဏ်ကို မင်းကိုကိုကြီး ပြန်ပေးဆပ်လိုက်ရတာ … "

"နေပါဦး … မာမီ … ကျွန်တော် တစ်ခုပဲသိချင်တာက ကိုကိုကြီးကို အနက်ရောင်နှင်းဆီ Black Rose လေးတစ်ပွင့်နဲ့ မာနခြင်းပြိုင်အသည်းခွဲသွားတာ ဘယ်သူလဲ … "

နှင် မေးလိုက်တဲ့အသံလေးက မာဆတ်နေသလို နှင့်မျက်ဝန်းလေးတွေကပါ နာကျင်အေးစက်နေသည်။ ဒေါ်အရိပ်ညိုကလည်း ဒါကိုဖြေပါသည်။

"သူ့နာမည်က မြူနှင်းစေရာတဲ့ … "

"ဗျာ … သူ့နာမည်က မြူနှင်းစေရာ … ဟုတ်လား"

ဟွန်း … နာမည်လေးကတော့ အမိုက်စားနာမည်လေးပဲ။

မြူနှင်းတွေစေရာကို သွားနေရတယ်ဆိုတဲ့အဓိပ္ပါယ်လေးပေါ့။

နှင်က … နှုတ်ခမ်းလေးကိုမဲ့ရင်း ပုခုံးလေးနှစ်ဖက်ကိုတွန့်ကာ တစ်ချက်ပြုံးသည်။

"ဒါဆို … မြူနှင်းစေရာနဲ့တွေ့မှ ကိုကိုကြီးရှုံးခဲ့ရတာပေါ့၊ ပြော ပါဦးမာမီ … သူက Black Rose လေးတစ်ပွင့်နဲ့ ကိုကိုကြီးကို ဘယ်လိုမာနခြင်းပြိုင် အသည်းခွဲသွားတာလဲ … "

"မင်းကိုကိုကြီးရဲ့ နှစ်ဆယ့်လေးနှစ်ပြည့် မွေးနေ့ညစာ စားပွဲကျင်းပတဲ့ မြက်ခင်းပြင်ကြီးထဲကို မြန်မာဆန်ဆန် ချိတ်လက်ရှည်အဖြူရောင်ကလေးနဲ့ ကြိုးသိုင်းဒေါက်မြင့်အနက်ရောင်လေးကိုတွဲဝတ်ပြီး အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ ခပ်မိုက်မိုက်တစ်ယောက်တည်း … သူက တက်လာတာ၊ ပြီးတော့မှ မွေးနေ့အမှတ်



www.burmeseclassic.com

www.burmeseclassic.com



တရ ကျေးဇူးတင်စကားပြောနေတဲ့ စင်မြင့်ပေါ်က မင်းကိုကိုကြီးရှေ့ကို ရောက်အောင်တက်သွားပြီး ... မင်းကိုကိုကြီးဝတ်ထားတဲ့ အဖြူရောင်အနောက်တိုင်းဝတ်စုံလေးရဲ့ ရင်ဘတ်မှာ သူ့လက်ထဲက အနက်ရောင်နှင်းဆီလေးကို ထိုးစိုက်ပြီး ... မာနခြင်းပြိုင်အသည်းခွဲဖို့ တည်တင်းနေတဲ့မျက်နှာထားကလေးနဲ့ မြူနှင်းစေရာက ပြောင်စိမ်ခေါ်သွားတာ ... "

"ဗျာ ... "

ပေါက်ကွဲမှုတွေက ပြင်းထန်လွန်းလိုက်တာ မာမီရယ်။

မြူနှင်းစေရာဆိုတာ အဲဒီလိုမိန်းကလေးတဲ့လား။ အဝေးနှင့်ဆိုတဲ့ကောင်အတွက်တော့ ဒါဟာ ... သိပ်ကိုရယ်စရာကောင်းတဲ့ ဟာသဇာတ်လမ်းလေးတစ်ပုဒ်ပဲမာမီရာ ... ကျွန်တော်ဟားတိုက်ပြီးတော့တောင် ရယ်ပစ်လိုက်ချင်သေးတယ်ဗျာ ... "

"ဟား ... ဟား ... "

"ဟင် ... သားငယ်လေး ... "

နှင်က ပုခုံးစွန်းနှစ်ဖက်ပေါ်က ဆံပင်ရှည်လေးတွေ ဘယ်ညာလေးလှုပ်ယမ်းသွားအောင် မျက်နှာကလေးကိုမော့၊ ခါးကလေးကိုကော့ပြီး ခွက်ထိုးခွက်လန်လေး ရယ်ချလိုက်တာမို့ ... ဒေါ်အရိပ်ညိုက သားငယ်လေးကို အထိတ်တလန့်လေး မော့ကြည့်သည်။ ပြီးတော့လည်း အသံတုန်တုန်ကလေးနှင့် လှမ်းမေး၏။

"ဘာ ... ဘာလဲဟင် ... သားငယ်လေး၊ မင်းက မာမီပြောတာကို လက်မခံနိုင်လို့ ဟားတိုက်ရယ်ပစ်လိုက်တာလား၊ ဒီမှာ မင်းကို မာမီခပ်ရှင်းရှင်းပဲပြောမယ် ... မြူနှင်းစေရာဆိုတာ မိန်းကလေးတစ်ယောက်ကို အသည်းခွဲဖော်ကားသွားရင် လုံးဝခွင့်





မလွှတ်နိုင်အောင် အဲဒီယောကျ်ားကို လက်စားချေတုန့်ပြန်တတ်တဲ့ မိန်းမ ... သူမာနခြင်းပြိုင် အသည်းခွဲရမယ့်ယောကျ်ားတစ်ယောက်ကို တွေ့ပြီဆိုတာနဲ့ အဲဒီယောကျ်ားရဲ့ရင်ဘတ်မှာ အိစက်နေတဲ့ Black Rose လေးတစ်ပွင့်ကို သူကိုယ်တိုင် မရရအောင် ထိုးစိုက်ပြီးတော့မှ မာနခြင်းပြိုင်အသည်းခွဲတာ၊ အဲဒါ မြူနှင်းစေရာဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ လုံးဝမာကြောတဲ့ အသည်းခွဲစတိုင်ပဲ"

"ဘယ် ... ဘယ်လို ... မာမီ ... ဒီလို အနက်ရောင်နှင်းဆီလေး ရင်ဘတ်မှာထိုးစိုက်ခံလိုက်ရပြီဆိုတာနဲ့ အဲဒီယောကျ်ားဟာ မိန်းမတစ်ယောက်ရဲ့ရှေ့မှာ ဒူးထောက်အညံ့ခံသွားရသတဲ့လား၊ ဟား ... ဟား ... အဲဒါ ကျွန်တော်လုံးဝလက်မခံနိုင်ဘူးမာမီ၊ ကျွန်တော် ... ကျွန်တော် ဒါကို လုံးဝအယုံအကြည်မရှိဘူးမာမီရာ၊ ဟား ... ဟား ... "

ချောမောတည်တင်းသည့် မျက်နှာလေးကို ဖျတ်ခနဲမဲ့ကာ နှင်က ရယ်လေတော့ ... တုန်လှုပ်စွာရပ်ကြည့်နေသည့် ဒေါ်အရိပ်ညိုကိုယ်တိုင် မျက်တောင်လေးတွေကို မခတ်နိုင်တော့ဘဲ တစ်ကိုယ်လုံး အေးစက်ကာ ...

"မင်း ... မင်း ... မာမီပြောတာကို ဘာဖြစ်လို့လက်မခံနိုင်ရတာလည်း သားငယ်လေး ... ပြောစမ်း ... မြူနှင်းစေရာဆိုတဲ့ မိန်းကလေးတစ်ယောက်ကို မင်းကလျော့တွက်နေတယ်၊ ပြောပါကွ ... မာမီ့ကို မင်းပြောလိုက်စမ်းပါကွ ... "

အရယ်ကိုရပ်ပြီး ချောမောတဲ့ နှင့်မျက်နှာလေးက မာမီ့ဘက်ကို ဖျတ်ခနဲ ပြန်လှည့်သည်။

"မာမီရယ် ... မာမီပဲစဉ်းစားကြည့်ပါဦးဗျာ ... ကိုကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



**အမိုက်ထင်ဆိုတာကို** မာကြောကြောစတိုင်လေးနဲ့ မိန်းကလေး **တော်တော်များများကို** အသည်းခွဲအနိုင်ယူခဲ့တဲ့ ယောကျ်ား **တစ်ယောက်ဟာ** ဘာမဟုတ်တဲ့ Black Rose လေးတစ်ပွင့်ကို ထိုး **စိုက်ခံလိုက်ရပြီးတော့မှ** မိန်းကလေးတစ်ယောက်ကို ဦးညွှတ် **အရှုံးပေးလိုက်ရတယ်ဆိုတော့** အဲဒီအနက်ရောင်နှင်းဆီလေးက ဘယ်လိုမှော်ကဝေ စုန်းအတတ်တွေနဲ့ ပြုစားခံထားရတဲ့ နှင်းဆီလေးဖြစ်နေလို့လဲ၊ မာမီ ပြောပါဦး ... အဲဒီနှင်းဆီလေးကို အသည်းခွဲဂါထာတွေနဲ့ မန်းမှုတ် ကျိမ်စာတိုက်ထားလို့ သူက အဆိပ်ပြင်းနေတာလား၊ ဒါ ... ဒါ ... ကျွန်တော်သိချင်တယ်မာမီရာ ... လုံးဝ၊ လုံးဝ FAIR မဖြစ်ဘူးဗျာ ဟား ... ဟား ... ”

“ဒီ ... ဒီမှာ ... မာမှီမျက်နှာကို မင်းမော့ကြည့်စမ်းပါ၊ မာမီအခုပြောတဲ့ အနက်ရောင်နှင်းဆီလေးက အဆိပ်ပြင်းသလား၊ မပြင်းဘူးလားဆိုတာ မာမီသေချာမသိပေမယ့် ... မြူနှင်းစေရာ အဆိပ်ပြင်းတာကိုတော့ မာမီသေချာပေါက်သိတယ်”

“ဗျာ ... မြူနှင်းစေရာက အဆိပ်ပြင်းတယ်ဟုတ်လား ... ဟား ... ဟား ... ”

ချောမောရှင်းသန့်တဲ့ မျက်နှာကလေးနဲ့ အဝေးနှင် အော်ရယ်ချလိုက်မိရပြန်ပါပြီ။ သည်လို ခါးကလေးကိုကိုင်းကာ ကိုယ်ကလေးကို တစ်ပတ်လှည့်ရင်း အော်ရယ်ချလိုက်တော့ ဆံပင်လေးတွေကပါးနပူးလေးပေါ်မှာ ဖွာလန်ကြဲကာတင်သွားသည်။ ဒေါ်အရိပ်ညိုက သူ့သားငယ်လေးကို မျက်တောင်လေးပင့်ကြည့်ကာ ...

“မင်း ... မင်းမရယ်နဲ့ အဝေးနှင် ... ”

တားဆီးလိုက်တာ အထိတ်တလန့် မျက်နှာထားကလေးနဲ့။





“မြူနှင်းစေရာကို မင်းအထင်သေးလျှော့တွက်နေတာ မာမီလုံးဝလက်မခံနိုင်ဘူး ... ဒီမှာ ... မာမီ မင်းကိုပြောမယ်၊ မြူနှင်းစေရာဆိုတာ ရောင်စုံချိတ်ထမီလေးတွေကို မြန်မာဆန်ဆန် ရင်ဖုံးလက်ရှည်လေးနဲ့ တွဲဝတ်ပြီးတော့မှ၊ အမြဲပွဲထွက်လာတတ်တဲ့မိန်းမ၊ မျက်နှာထားလေးက အရမ်းတည်သလို မာနကလည်း အရမ်းကြီးတယ် ... သွားတာလာတာ နေတာထိုင်တာ စကားပြောတာကအစ ... အရမ်းအဆင့်အတန်းမြင့်ပြီး ... လုံးဝအထက်တန်းကျကျနေတတ်တဲ့မိန်းမ ... သူ့အညှုံ့ခံလိုက်ရတဲ့ယောကျ်ား၊ သူ့အရှုံးပေးလိုက်ရတဲ့ယောကျ်ားဆိုတာ ကမ္ဘာပေါ်မှာ ဘယ်တော့မှရှိမလာစေရဘူးလို့ ... သူက အမြဲဟစ်ကြွေးနေခဲ့တာ၊ ကဲ ... သူ့အကြောင်းကိုဒီထက်ပိုပြီးမင်းသိချင်ရင် အပေါ်ထပ်က မင်းကိုကိုကြီးရဲ့အခန်းကိုလိုက်ခဲ့ ... ကိုကိုကြီးရဲ့ Computer Hard Disk ထဲမှာ မြူနှင်းစေရာနဲ့ပတ်သက်တဲ့ Black File တွေ အများကြီးထည့်ထားတယ်၊ ပြီးတော့လည်း ဓာတ်ပုံမှတ်တမ်းတွေ ကိုယ်ရေးအချက်အလက်တွေ လှုပ်ရှားဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာတွေ အားလုံးရှိတယ် ... အဲဒီ Computer ကိုဖွင့်ကြည့်လိုက်တာနဲ့ မြူနှင်းစေရာအကြောင်းကို မင်းသိသွားမယ် ... ”

“အဟွန်း ... ”

ဒါကိုလည်း နှင်က အထင်မကြီးနိုင်သေးပါ။

မာမီခေါ်လို့သာလိုက်ခဲ့ရပေမယ့် ... တီရှပ်အနက်ရောင်လေးကို စတိုင်ပင်အနက်ရောင်ပွပွလေးနဲ့ တွဲဝတ်ထားသည့်နှင်က စိုရဲရဲနှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက်မှာ အပြုံးမဲ့မဲ့လေးဆိုချိတ်လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ကိုရောက်တော့ လက်ပြောင်တောက်ပနေသည့် ကျွန်းတံခါးချပ်ကြီးရဲ့ Log ကို သော့တွဲကလေးဖြင့် ထပ်ခနဲလှည့်ကာ ဒေါ်အရိပ်ညိုက ဖွင့်သည်။

"ဟာ ... မာမီ ..."

အခန်းထဲက မြင်ကွင်းကိုကြည့်ပြီး နှင်အသက်ရှူမှားခဲ့ရပြီ။

ဘယ်လိုဖြစ်တာလဲမာမီရယ်။ အမြဲစတိုင်ကျကျ အထက်တန်းကျကျနေတတ်တဲ့ ကိုကိုကြီးရဲ့အခန်းကျယ်ကြီးတစ်ခုလုံးက ဘာတစ်ခုမှ ရစရာမရှိအောင် ပစ္စည်းတွေအားလုံး ဖရိုဖရဲနဲ့ ကြေမွပြန့်ကြဲလို့ နေခဲ့ပါလားဗျာ။

ဗီရိုမြင့်မြင့်ကြီးတစ်လုံးက ... မှန်တွေတစ်ချပ်မှမရှိတော့လောက်အောင် ကြမ်းပြင်မှာ အစိတ်စိတ်အမွှာမွှာ ပြန့်ကြဲကွဲကြေနေသည်။

အိပ်ရာ ခုတင်တစ်ခုထက်မှာတော့ ...

စောင်တွေ၊ ခေါင်းအုံးတွေက ဖောက်ထိုးမိုးမျှော်ဖြစ်ကာ ကြမ်းပြင်မှာတချို့၊ ခုတင်ပေါ်မှာတချို့နဲ့ စနစ်တကျလည်းမရှိ၊ ပြင်ဆင်သန့်ရှင်းပေးထားခြင်းလည်းမရှိဘဲ ... တစ်ခန်းလုံး ရှုပ်ပွနေခဲ့တာကို ... နှင်က အံ့ဩမှင်တက်သွားခဲ့ရတာပဲဖြစ်သည်။

ပြီးတော့လည်း ...

ပုလင်းခွံတွေ၊ ဘီယာဗူးခွံတွေ၊ စီးကရက်တိုတွေက ကြမ်းပြင်တစ်ခုရဲ့ ရှိသမျှနေရာတိုင်းမှာ ပြန့်ကြဲလွင့်စင်နေပြီး ... အနံ့အသက်မကောင်းခဲ့တာက ဘယ်လောက်တောင်ကြာနေခဲ့ပြီလဲ။

ဒါကိုပဲ ... ဒေါ်အရိပ်ညိုက ကြေကြေကွဲကွဲကြည့်၍ ...

"ဘာလဲဟင် ... သားငယ်လေး၊ ဒီအခန်းကိုကြည့်ပြီး မင်း





အိပ်ကိုအံ့ဩသွားခဲ့ရလို့လား ... ဒါ ... မင်းကိုကိုကြီး နောက်ဆုံးနေသွားခဲ့တဲ့အခန်းလေ၊ မြူနှင်းစေရာဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ မာနခြင်းပြိုင် အသည်းခွဲကြတဲ့ပွဲမှာ သူရှုံးသွားပြီဆိုတာ သိလိုက်ရလို့ ... အခန်းထဲမှာရှိသမျှ ပစ္စည်းတိုင်းကို ဝုန်းဒိုင်းကြဲဖျက်စီးသွားခဲ့တာ ... ဟော ... စိတ်တွေအရမ်းလှုပ်ရှားပြီး နှလုံးသွေးရပ်လဲကျသွားတဲ့အချိန်မှာတောင် ဟိုပန်းချီကားချပ်ကြီးရှေ့မှာ ဒူးထောက်ရက်သားလေး လဲကျသွားခဲ့တာ"

"ဗျာ ..."

မာမီလှမ်းပြလိုက်သည့် လူတစ်ရပ်စာနီးပါးအမြင့်ရှိသည့် ပန်းနုတ်ဘောင်တပ် ပန်းချီကားကြီးတစ်ချပ်ကို မော့ကြည့်လိုက်မိတာနှင့်ပင် နှင်အသက်ရှူမှားခဲ့ရပြီ။

"ဒါ ... ဒါ ... ဘယ်က ပန်းချီကားကြီးလဲမာမီ ... ဒီပန်းချီကားကြီးက ..."

ပန်းချီကားကြီးကို မော့ကြည့်ကာ၊ နှင်မျက်တောင်လည်း ခတ်နိုင်တော့ပါ။

"ဘာ ... ဘာဖြစ်လို့လဲဟင် သားငယ်လေး ..."

နှင်တွေ့လိုက်တာက ပန်းချီကားကြီးထဲမှာရေးဆွဲထားသည့် ခြေမာဆန်ဆန် ကျက်သရေရှိလွန်းလှပါသော မိန်းကလေးတစ်ယောက်ကိုသာဖြစ်သည်။ ဒါကို ... တုန်ယင်လှုပ်ခတ်နေသည့်အသံလေးဖြင့် နှင် ... ပြောလိုက်မိသည်။

"လုံးဝလန်းတယ် မာမီရာ ..."

"ဘာ ... ဘာပြောတယ်"

သားငယ်လေး အဝေးနှင် ပြောလိုက်တာကိုနားယောင်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေမြူးဖျော့အေးစက်သွားခဲ့ရတာ ဒေါ်အရိပ်ညိုသာဖြစ်သည်။ သားငယ်လေးရယ် … ဒီပန်းချီကားကြီးကြည့်ပြီး မင်းနှုတ်ခမ်းလေးတွေ ဘာဖြစ်လို့များ ပြုံးသွားခဲ့ရတာလည်းကွာ။ သူ့ရှေ့မှာမင်းကပါ ဒူးထောက်အညှံ့ခံချင်သေးလို့လား။

"အပွန်း … ကျွန်တော်တကယ်ပြောတာ မာမီ … ဒီအခန်းထဲမှာ လုံးဝမပျက်စီးဘဲ ကျန်ခဲ့တဲ့ ဒီပန်းချီကားကြီးထဲက ကောင်မလေးက အရမ်းလန်းပြီး၊ အရမ်းလည်းကျက်သရေရှိနေလို့ … ကျွန်တော် အံ့သြသွားတာ၊ မိုက်တယ်မာမီရာ … သူဝတ်ထားတာလေးကအစ မြန်မာဆန်ဆန် ချိတ်အဖြူ အစင်းကျားလေးကို အဖြူရောင်ဇာလက်ရှည်လေးနဲ့ တွဲဝတ်ထားတာ ဘယ်လောက်ကျက်သရေရှိလဲ … "

"အဟင်း … အဲဒါကြောင့် မင်းကိုမာမီပြောနေတာပေါ့ကွ"

ဒေါ်အရိပ်ညို နှုတ်ခမ်းလေးကိုတွန့်ကာ ခပ်မဲ့မဲ့လေးပြုံးသည်။

"ဒီမှာ … အဲဒီပန်းချီကားထဲက မိန်းကလေးက မင်းကိုကိုကြီးကို မာနခြင်းပြိုင် အသည်းခွဲသွားတဲ့ မြူနှင်းစေရာဆိုတဲ့ မိန်းကလေးပဲ … "

"ဗျာ … မာမီ … "

သေစမ်း …

အဲဒါ … မြူနှင်းစေရာတဲ့။

မနောက်ပါနဲ့မာမီ … ဒီလို မျက်နှာထားလေးကအစ တည်တင်းပြီးတော့ … မျက်ဝန်းလေးထဲမှာပါ အရောင်တွေ တဖျတ်ဖျတ်လက်နေတာ ပြောရရင် … ဒီလိုမျက်ဝန်းလေးတွေက ဂုဏ်





သိက္ခာရှိရှိနဲ့တည်တင်းနေတဲ့ မာနမျက်ဝန်းလေးတွေပါ၊ အပွန်း … ဒါကိုများ မြူနှင်းစေရာလို နှလုံးသားတွေ စုတ်ပြတ်သတ်နေတဲ့ မိန်းမတစ်ယောက်နဲ့ မနှိုင်းစမ်းပါနဲ့မာမီရာ … လုံးဝမတာန်လို့ပါဗျာ၊ လုံးဝမတန်လို့ပါဗျာ … ဟား … ဟား"

နှင်က ရုတ်တရက် ကိုယ်ကလေးကို တပတ်လှည့်ကာ ရယ်ချလိုက်တော့ ဒေါ်အရိပ်ညို မျက်တောင်လေးတွေကော့ကာ အံ့သြခဲ့ပြီ။

"မင်း … မင်း … မာမီပြောတာကို ဘာဖြစ်လို့မယုံရတာလဲ သားငယ်လေး … ဒါ … ဒါ … မင်းကိုကိုကြီးရဲ့ မွေးနေ့ညစာစားပွဲကျင်းပတဲ့မြက်ခင်းပြင်ကြီးထဲကို မြူနှင်းစေရာ တစ်ယောက်တည်း ခပ်မိုက်မိုက်တက်လာတဲ့ညက ဓါတ်ပုံဆရာတစ်ယောက်က ရိုက်ယူထားလိုက်တဲ့ဓာတ်ပုံကို ပုံတူပန်းချီကားကြီးတစ်ချပ်ဖြစ်အောင် ပန်းချီဆရာက ပြန်ရေးထားတာလေကွာ … "

"ဟား … ဟား … "

ရယ်ရလွန်းတော့လည်း နှင့်ဆံပင်လေးတွေက ဖွာလန်လေးကြဲကုန်သည်။ ဘာလဲ … မာမီရာ၊ အဓိပ္ပါယ်မရှိတာတွေ၊ မာမီဘာလို့ ကျွန်တော့်ကိုပြောချင်နေရတာလဲ၊ ကိုယ်လုံးလေးကအစ ဒီလောက်ဖူးတင်းအိစက်ပြီးတော့ မြန်မာဆန်ဆန်ပုံစံလေးနဲ့ ကျက်သရေအရမ်းရှိနေတဲ့ ကောင်မလေးတစ်ယောက်ကို မြူနှင်းစေရာလို အသည်းခွဲခရေစီတစ်ယောက်နဲ့ မာမီနှိုင်းတာ လုံးဝမခံနိုင်လို့ ကျွန်တော်ပြောနေတာပါ။

ဒေါ်အရိပ်ညိုကတော့ သားငယ်လေးအဝေးနှင်ကိုပဲ မျက်မှောင်လေးကျုံ့ကာကြည့်လျှက် ဘာပဲပြောပြော ဒီပန်းချီကားထဲက



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းစေရာတို့ သားငယ်လေးအထင်ကြီးသွားတာကိုက ဒေါ်အရိပ်ညို့ရဲ့ ဒုတိယမြောက်အရှုံးတစ်ခုများ ဖြစ်နေမလား။

ဒီအခန်းကို မရှင်းလင်းဘဲ ပိတ်ထားခဲ့ရတာလည်း သားကြီးအရိပ်ထင်ဆုံးသွားသည့်နေ့ကတည်းက ဖြစ်သည်။ သားငယ်လေးအဝေးနှင်ပြန်ရောက်လာတော့မှ ခြေရာလက်ရာမပျက် ဖွင့်ပြချင်လို့ပါ။

"အဟွန်း ..."

ဒေါ်အရိပ်ညို့ မဲ့မဲ့လေးပြုံးသည်။

လက်ကလေးပိုက်၍လည်း သားငယ်လေးဘက်ကို ဒေါ်အရိပ်ညို့လှည့်၏။

"မာမီပြောတာကိုမယုံရင် ဒီပန်းချီကားကြီးကို မင်းသေသေချာချာထပ်ပြီးတော့ ကြည့်လိုက်ဦးလေ ... အဝေးနှင်၊ မင်းကိုကိုကြီးရဲ့ရင်ဘတ်မှာ ထိုးစိုက်အောင်ပွဲခံဖို့ ယူလာတဲ့ အနက်ရောင်နှင်းဆီလေးကို သူ့လက်ထဲမှာ ကိုင်လာတာ ..."

"ဗျာ ..."

အစုမှ သည်နှင်းဆီလေးကို နှင်သတိထားကြည့်မိသွားသည်။

နှင့်တစ်ကိုယ်လုံး သွေးတွေပွက်ပွက်ဆူသွား၏။ တလှိုက်လှိုက်ဖြာသောရင်သည် တဒိန်းဒိန်းခောင့်ခုန်ကာ မျက်ဝန်းတွေပါပြာထွက်သွားသည်။

တကယ်လည်း သူ့လက်ထဲမှာကိုင်လာတာ မာမီပြောတဲ့ အနက်ရောင်နှင်းဆီ Black Rose လေး။ နှင်းဆီလေးရဲ့ ရိုးတံလေးမှာတောင် ဖဲကြိုးနီလေးနှစ်စကို ခေါက်တွန့်လေးချည်ပြီး တွဲလောင်းလေးချထားတာ။





အဝေးနှင် နှုတ်ခမ်းလေးက မဲ့သွားသည်။

"ဟွန်း ... ဟုတ်တယ်နော်မာမီ ... မာမီပြောလိုက်တော့မှ ဒီနှင်းဆီလေးကို ကျွန်တော် သတိထားမိတော့တယ်၊ ဒါ ... ဒါဆို သူက ဒီ Black Rose လေးကိုကိုင်ပြီး ဘယ်သူ့ကိုမှ ဂရုစိုက်နေမှာ မဟုတ်တဲ့မျက်နှာထားတင်းတင်းလေးနဲ့ မြန်မာဆန်ဆန်ဝတ်စုံလေး ကိုဝတ်ပြီး ကိုကိုကြီးရဲ့ မွေးနေ့ညစာ စားပွဲကြီးကို ခပ်မိုက်မိုက်တစ်ယောက်တည်း တက်လာခဲ့တာပေါ့ ... အဟင်း ... ကျွန်တော် လုံးဝရင်နာရပါတယ်မာမီ ... ဒီအဖြစ်အပျက်ကြီးတစ်ခုလုံးကို ခွင့်လွှတ်နားလည်ပေးလိုက်ဖို့ အစီအစဉ်လည်း ကျွန်တော့်မှာ လုံးဝမရှိဘူး"

"ဘာပြောတယ် ..."

မျက်တောင်ရှည်တွေ ဆတ်ခနဲပင့်ကော့လျှက် သားငယ်လေးမျက်နှာကို ဒေါ်အရိပ်ညို့ မော့ကြည့်သည်။

"ဒီမိန်းမကို ကျွန်တော့်အသည်းနှလုံးတွေနဲ့ လောင်းကြေးထပ်ပုံအောပြီး လက်စားချေမယ် ... ရှုံးတဲ့သူက နိုင်တဲ့သူရဲ့ ခြေဖမိုးလေးကို ငုံ့နမ်းကြေး ..."

ဒေါ်အရိပ်ညို့ ... မျက်လုံးဝိုင်းရပြီ။

"မင်း ... မင်းတကယ်ပြောနေတာလားဟင် သားငယ်လေး မင်းကိုကိုကြီးအတွက် မင်းကလက်စားချေမယ်ဆိုတော့ မင်းက ဘာနဲ့ချေမှာလည်း ... ဘယ်လိုချေမှာလဲ"

"ဟာ ... သူ့လိုပဲ Black Rose လေးတစ်ပွင့်နဲ့ လက်စားချေမှာလေ"

"ဟို ... ရှိုးကေ့စ်ဗီရိုထဲက လေးထောင့်မှန်သေတ္တာလေးထဲ



www.burmeseclassic.com

မှာ ထည့်ထားတဲ့ Black Rose မျိုးလေးနဲ့လား”

“ရှာ ...

ဆေးမြိပြတဲ့နေရာကို နှင်ကလှမ်းကြည့်လိုက်တော့ ရှိုးကေ့စ်ဗီရိုမှန်အကွဲအစတွေကြားထဲမှာ မကွဲမရှဘဲ သည်အတိုင်းလေးကျန်ခဲ့တဲ့ လေးထောင့်မှန်ကြည်သေတ္တာကလေး။ ပြီးတော့ ... မှန်ကြည်သေတ္တာလေးထဲက ဖဲကြိုးနီလေးနှစ်စကို ခေါက်တွန့်လေးချည်ကာ အရိုးကျစ်,ပြုနေသည့် အနက်ရောင်နှင်းဆီပန်းခြောက်ကလေး။

“မာမီ ... ဒါ ... ဒါ ... ”

“အဲဒါ ... မင်းကိုကိုကြီးရဲ့ မွေးနေ့ညစာစားပွဲမှာ မြူနှင်းစေရာ ထိုးစိုက်သွားတဲ့နှင်းဆီ ... ဒါကိုတောင် မင်းကိုကိုကြီးက တမြတ်တနိုးနဲ့ အမှတ်တရ သိမ်းထားခဲ့တာ ... အဲဒီလောက်ထိ မြူနှင်းစေရာကို ဒူးထောက်အညံ့ခံလိုက်ရတာ ... ”

မှန်ကြည်သေတ္တာလေးထဲက နှင်းဆီပန်းခြောက်လေးကို ကြည့်ပြီး အသက်ရှူလိုက်ဖို့ကိုပင် နှင်သတိမရနိုင်တော့ပါ။

နှင်သိပ်ချစ်တဲ့ နှင်ရဲ့ကိုကိုကြီးအရိပ်ထင်ဟာ ဒီအနက်ရောင်နှင်းဆီကို အညံ့ခံခဲ့ရသတဲ့။ နှလုံးသွေးရပ်ပြီး လဲကျသွားခဲ့ရတဲ့အချိန်မှာလည်း ဒီပန်းချီကားကြီးထဲက မိန်းမဆိုး၊ မိန်းမရိုင်းရှေ့မှာ ဒူးထောက်ရင်း လဲကျသွားခဲ့ရသတဲ့။

ကျက်သရေမဲ့လိုက်တာ မာမီရာ။

ဒီပန်းချီကားတွေ ဒီနှင်းဆီတွေကို မီးပုံရှို့မပစ်ဘဲ သည်အခန်းထဲမှာ မာမီ ဘာဖြစ်လို့ ဆက်ထားခဲ့ရတာလဲ။

မုန်းတယ် ... မာမီ ...

သည်ပန်းချီကားကိုရော ဒီနှင်းဆီကိုရော ကျွန်တော် အသေမုန်းတယ်။ နှင်က နှင်းဆီပန်းခြောက်လေးကို မီးဝင်းဝင်းတောက်





အောင်စိုက်ကြည့်ကာ ...

“ဟွန်း ... ဒါဆို မင်းက ငါ့ကိုကိုကြီးရဲ့အသည်းကိုခွဲခဲ့တဲ့ လက်နှင်းဆီလေးပေါ့ ... မော်ဝင်နေတဲ့ဂါထာတွေနဲ့ ကျိမ်စာတိုက်အပြုစားခံထားရတဲ့ အဆိပ်သင့်နှင်းဆီလေးပေါ့ ... ဒါကိုပဲ ငါ့ကိုက ဒီအိမ် ဒီခြံကြီးထဲမှာ တစ်ခမ်းတနား စံမြန်းနေထိုင်ခွင့်ပေးရသေး ... အဲဒါ ... ဘယ်တော့မှ မဖြစ်နိုင်တော့ဘူးကွ ... တစ္ဆေအောင်လေးရေ ... ကဲကွာ ... ကဲကွာ ... ”

“ဝုန်း ... ”

“ခွမ်း ... ”

“ချွမ်း ... ”

“ဟာ ... သားငယ်လေး ... မင်း ... မင်းလက်မှာသွေးတွေ”

မှန်ကြည်သေတ္တာလေးကို လက်သီးချက်ပြင်းပြင်းကလေးနဲ့ ထိုးခွဲချပစ်လိုက်တဲ့အချိန်မှာ စီးကျလာတဲ့သွေးတွေက နှင့်လက်သီးဆုပ်ပေါ်မှာ ရဲရဲနီနေအောင် စိုရွှဲသွားသည်။

“အဟင့် ... သားငယ်လေးရယ် ... ”

ဒေါ်အရိပ်ညိုက သားငယ်လေးကို ပြေးဖက်ကာငိုသည်။

“မုန်းတယ် ... မာမီ၊ ဒီမိန်းမကို ကျွန်တော်အရမ်းမုန်းသွားပြီလား ... ဒီပန်းချီကားကြီးရှိနေတဲ့ ဒီအခန်းထဲကို သူ့ကိုမရှရအောင် ပြန်ခေါ်လာပြီး ... ဒီပန်းချီကားကြီးရှေ့မှာပဲ မျက်ရည်စက်လက်နဲ့ သူ့အသည်းတွေ တစ်စစီကွဲအောင် ကျွန်တော်ခွဲပြမယ်၊ ကိုကိုကြီးခံစားသွားရသလို သူ့ကိုလည်းခံစားသွားရအောင် ... ကျွန်တော် *လက်စားချေပြမယ် ... သူဘယ်လောက်ပဲချောချော* သူဘယ်လောက်ပဲ ကျက်သရေရှိရှိ ကျွန်တော့်လက်ဖဝါးလေးပေါ် အင်ပြီး ... ဟောဒီလို တစ်ချက်ကလေးလှည့်လိုက်တာနဲ့ သူဒီမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝပြောထွက်သွားစေရမယ်"

"သား ... သားငယ်လေးကို မာမီယုံတယ်ကွာ၊ သိလား သားငယ်လေး ... သူ့ကို သားငယ်လေး လက်စားချေတာကို တစိမ့်စိမ့်လေးနဲ့ အရသာခံထိုင်ကြည့်ရင်း သားငယ်လေးဘက်ကနေ မာမီ လက်ခုပ်တီးအားပေးချင်တယ် ... နောက်ဆုံးအနေနဲ့၊ သားငယ်လေးကို မာမီတစ်ခုပဲပြောချင်တာက မြူနှင်းစေရာဆိုတာ ဒီပန်းချီကားထဲမှာထက်တောင် အပြင်မှာ ပူးတင်းပြီးတော့ ဝင်းနှစ်နေအောင်လှတဲ့မိန်းမ ... အခုချိန်မှာ သူဟာ ထိတ်ထိတ်ကြဲကုမ္ပဏီတစ်ခုမှာ မန်နေဂျင်းဒါရိုက်တာမလေးတစ်ယောက်အဖြစ်နဲ့ ကိန်းခန်းကြီးကြီးဦးဆောင်နေတယ် ... သူ့အသက်က မင်းနဲ့ဆိုရင် တစ်နှစ်၊ နှစ်နှစ်လောက်ပဲကွာပေမယ့် သူ့ကိုအားလုံးက တလေးတစားတခမ်းတနားနဲ့ခေါ်နေကြတာတောင် ..."

"ဟင် ... သူ့ကို ဘယ်လိုခေါ်နေကြလို့လဲ"

"ဒေါ်မြူနှင်းစေရာတဲ့ ..."

"ဗျာ ..."

နှင့်မျက်တောင်ကော့ကော့ ရှည်ရှည်လေးတွေက ထိတ်လန့်အေးစက်စွာ အဆုံးထိပင့်တက်သွားခဲ့ရပြီ။

"သူ့ကို ... သူ့ကိုခေါ်တာတောင် အားလုံးက တလေးတစား တခမ်းတနားနဲ့ ဒေါ်မြူနှင်းစေရာလို့ ခေါ်နေကြရတယ် ဟုတ်လားမာမီ ... ဟား ... ဟား ဒါဆို ကုမ္ပဏီရဲ့ အောင်မြင်မှုအရှိန်အဝါတွေကြားထဲမှာ ဒီမိန်းမ တော်တော်လန်းနေတာပေါ့။ သူ့ကိုပြိုင်ဖို့နေနေသာသာ၊ သူ့အနားကို တိုးကပ်သွားလို့တောင် မရဘူး ဖြစ်နေတာပေါ့ ... ဟွန်း ... ကျွန်တော်ကတော့ လုံးဝအေးဆေးပဲ သိလားမာမီ ... ဒီမိန်းမကို ဂရုလည်းမစိုက်ဘူး၊ အထင်လည်း မကြီး





ဘူးဗျာ ..."

"ဟား ... ဟား ..."

ဆံပင်လေးတွေ ဖွာလန်ကြဲသွားအောင် အဝေးနှင်က ရယ်ချလိုက်ရင်း ... ပန်းချီကားကြီးကို နှာခေါင်းရှုံ့ကျဉ်းကျဉ်းလေးစိုက်ကြည့်ကာ သူပြောလိုက်တာက ...

"ခင်ဗျားကို ကျွန်တော်အသေမုန်းတယ် ... ဒေါ်မြူနှင်းစေရာ"

"အသက်ငယ်ငယ်လေးနဲ့ ခင်ဗျားဘယ်လောက်ပဲအောင်မြင်အောင်မြင် ... မြန်မာဆန်ဆန် ချိတ်ထမီရင်ဖုံးလက်ရှည်ကလေးနဲ့ ဖွေးတင်းဝင်းနှစ်နေအောင် ခင်ဗျားဘယ်လောက်ပဲလှလှ ဒီနေ့ကစပြီး ခင်ဗျားနဲ့မာနခြင်းပြိုင် အံသည်းခွဲဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ"

"ကမ္ဘာပေါ်မှာ ကိုယ်ယူထားတာထက်ပိုပြီး နှစ်ဆပြန်ဆပ်ရတဲ့အကြွေးဆိုတာ တစ်ခုပဲရှိပါတယ်"

"အဲဒါ ... သံသရာကြွေးပါ ..."

"အဲဒီအကြွေးကို မျက်ရည်တွေ၊ နှလုံးသားတွေ၊ ငိုရှိုက်သံတွေအများကြီးနဲ့ ဟောဒီပန်းချီကားကြီးရှေ့မှာ ခင်ဗျားအတိုးအကျပြန်ဆပ်ရမယ် ... ဒေါ်မြူနှင်းစေရာ"

"ခင်ဗျား ပြန်ဆပ်ရမယ် ..."

"ခင်ဗျား ... ပြန်ဆပ်ရမယ် ..."

"ခင်ဗျား ပြန်ဆပ်ရမယ်ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com

*THE WAR OF ROSE*

*PART ONE*

## အခန်း ( ၁ )

"ဒီမှာနော် ... အဝေးနှင် မင်းသေသေချာချာကြည့်၊ ဒါ ... မင်းကိုကိုကြီးရဲ့ Computer Black File ထဲကနေ Memory Stick နဲ့ ကော်ပီလုပ်ထားတဲ့ Data အချက်အလက်တွေ၊ ငါတစ်ခေါက်အရင် ဆုံးဖွင့်ကြည့်ပြီးတော့မှ အခု ... မင်းကိုဖွင့်ပြမှာ၊ စုံတာတော့ အရမ်း စုံတယ်၊ ဒေါ်မြနှင်းစေရာ ... တစ်နှစ်မှာ ဖိနပ်ဘယ်နှစ်ရံစီးတယ်ဆို တဲ့ကိစ္စကအစ ဘယ်နှုတ်ခမ်းနီ Brand ကို ကြိုက်တယ်ဆိုတာအထိ ဒီအထဲမှာ အားလုံးရှိတယ်"

"ကြာတယ်ကွာ ... ဘအားကြီး၊ မင်းအခု ... တစ်ခါတည်းဖွင့် လိုက် ... ငါကြည့်မယ် ... "

CRAZY ရောင် တီရှပ်အသားပျော့ပျော့လေးကို အနက် ရောင် ဂျင်းပန်လ်အသားကျစ်ကျစ်ကလေးနဲ့ တွဲဝတ်ထားတဲ့ အဝေးနှင်က Computer Table ရှေ့က စတီးရောင်ပြောင်လက်နေ သည့် လည်သာခင်းထိုင်ခုံပုကလေးကို ဖျတ်ခနဲ နောက်ပြန်ဆွဲလှည့် ပြီးတော့မှ လွှားခနဲခွကျော်ကာ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဆံပင်ရှည်ရှည်ပျော့ပျော့လေးတွေက ပုခုံးစွန်းလေးပေါ်မှာ ဝဲခနဲ … လွှပ်ခါသွားပြီး ပုခုံးစွန်းလေးနှစ်ဖက်ပေါ်မှာပဲ ငြိမ်ငြိမ်လေးငြိမ်ကျသည်။

ဒီမှာကြည့်ဟကောင် … ဒါ … မင်းကိုကိုကြီးရဲ့ Black File ဖွင့်ဖွင့်ချင်းအစမှာ သူ့ခံစားချက်ကိုရေးထားတဲ့ Dialog လေး။ ကဲ … ဒါကို မင်းအရင်ဆုံး ဖတ်ကြည့်လိုက် … ”

နှုတ်ခမ်းလေးတွေကို ထောင့်ချိုးလေးကွေးသွားအောင် အဝေးနှင်ကမဲ့လျက် … ယောကျ်ားတန်မဲ့ အဖျားလေးညွှတ်ကာစင်းကော့နေသည့် မျက်တောင်ရှည်တွေကို တစ်ချက်ပုတ်သည်။ ပြီးတော့မှ Computer Screen ပေါ်ကို မော့ကြည့်လိုက်၏။

**“မိန်းမတစ်ယောက်ရဲ့ လှပအိစက်တဲ့ ခြေဖမိုးလေးတစ်ဖက်ဟာ မာနကြီးတဲ့ ယောကျ်ားတစ်ယောက် … နောက်ဆုံးလက်နက်ချ အညံ့ခံသင့်တဲ့ စိတ်ချောက်ချားစရာအကောင်းဆုံး စစ်မြေပြင်ပါပဲ”**

“တောက် … ကိုကိုကြီးရာ … ခင်ဗျားဗျာ … ”

အဝေးနှင် လုံးဝမကျေနပ်ပါ။ ဒါ … ကိုကိုကြီးရဲ့ အဆိပ်သင့်သွေးပျက်နေတဲ့ နောက်ဆုံးခံစားချက်တဲ့လား။ တိမ်တွေထဲမှာမျော တောအုပ်ထဲမှာပြေး၊ သွေးရူးသွေးတန်းနဲ့ ချောက်ကမ္ဘားစွန်းကခုန်ချ၊ ဒါဟာ … နောက်ဆုံးပေးဆပ်သွားတဲ့ ကိုကိုကြီးရဲ့အမှတ်တရ ခံစားချက်တဲ့လားဗျာ။

အံကြိတ်တက်ခေါက်ရင်း … မျက်ရည်လေးတွေဝဲလာရတာက ရင်ခုန်သံတွေ ရိုင်းစိုင်းကြမ်းတမ်းသွားခဲ့လို့ပဲ ဖြစ်သည်။

“မင်း … ပေါက်တယ်နော် အဝေးနှင် … အဲဒါ မိန်းမတစ်





ယောက်နဲ့ပတ်သက်ပြီး မင်းကိုကိုကြီးကိုယ်တိုင် အတိအကျဖွင့်ဟဝန်ခံသွားတဲ့နောက်ဆုံးအမိက သက်သေပဲ … မင်းခံစားရသလို၊ ငါလည်းခံစားရတယ် … မင်းမျှောသွားသလို ငါလည်းမျှောသွားရတယ် … ဒီမှာ အဝေးနှင် … မင်းကိုကိုကြီးလို မာနကြီးတဲ့ယောကျ်ားတစ်ယောက်က ဒီလိုဝန်ခံသွားတာကို မင်းသဘောတူလား … မိန်းမတစ်ယောက်ရဲ့လှပအိစက်တဲ့ ခြေဖမိုးလေးတစ်ဖက်ဟာ မာနကြီးတဲ့မင်းတို့ ငါတို့လိုကောင်တွေ နောက်ဆုံးလက်နက်ချအညံ့ခံသင့်တဲ့ စိတ်ချောက်ချားစရာအကောင်းဆုံး စစ်မြေပြင်ဆိုတာ … မင်းလက်ခံနိုင်မလား၊ ဟွန်း … ငါကတော့ လုံးဝကန့်ကွက်တယ်အဝေးနှင် … ဆောရီးပဲ … ”

သားကြီးကိုယ်တိုင်လည်း Computer Mouse ကို ကိုင်ထားရင်း နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ဆံပင်တွေဖွာသွားအောင် ခေါင်းကလေးကိုခါသည်။ အဝေးနှင်ကိုယ်တိုင်လည်း ဒါကိုသဘောမတူနိုင်ပါ … သို့သော် … ဝန်ခံထားခဲ့သူက ဝန်ခံခဲ့ပြီဆိုတော့ … ။

“ရတယ် … သားကြီး၊ မင်းပြောတာကိုငါပေါက်တယ်၊ ငါ့ကိုကိုကြီးရဲ့ ဝန်ခံချက်ဟာ ငါတို့ကစားရမယ့်အကွက်ထဲမှာ သတိထားရမယ့် အချက်ပေးခေါင်းလောင်းထိုးသံတစ်ခုလို့ပဲ ငါမြင်တယ်၊ အရေးကြီးတာ … ဒေါ်မြနှင်းစေရာနဲ့ ပတ်သက်ယှက်နွယ်နေတဲ့အချက်အလက်တိုင်းကို အမှားအယွင်းမရှိ တိတိကျကျပဲ ငါသိထားချင်တယ်၊ ဘာတွေလှည့်စားမှုတွေ ရင်ခုန်သံတွေနဲ့ ကစားရမယ့်ပွဲမှာ ခြေတစ်လှမ်းယိုင်သွားလို့မဖြစ်ဘူး၊ ဒါကြောင့်မို့ … အချက်အလက်အဟောင်းတွေရော အချက်အလက်အသစ်တွေရော ရနိုင်သမျှစုဆောင်းပြီး ငါတို့ရဲ့ Computer Cross File ထဲမှာ ထည့်သွင်း



www.burmeseclassic.com

www.burmeseclassic.com



ထားရမယ်လို့ ငါကပြောတာ၊ ကဲ ... နောက်တစ်ကတ်ကို ရွှေ့လိုက်ပါဦး ... ”

သားကြီးဘာမှပြန်မဖြေဘဲ Mouse ကို ကလစ်ခနဲ အသံတစ် ချက်မြည်အောင် နှိပ်ချကာ နှုတ်ခမ်းလေးကို မဲ့သည်။

“ဟင် ... ”

Computer Screen ပေါ်မှာပေါ်လာတာ ခေတ်မီမီ ဆံပင်ဂုတ်ဝဲလေးနဲ့ ကောင်မလေးတစ်ယောက်။ ထိုဓာတ်ပုံလေးရဲ့ အောက်မှာ ဓာတ်ပုံရှင်ကောင်မလေးရဲ့ အမည်၊ အသက်၊ မိဘအမည် ကျောင်းပညာအရည်အချင်း၊ ဝါသနာ၊ အလုပ်အကိုင်နဲ့ သူမလေးရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်း။

“ဒါ ... ဒါ ... ဘာလဲကွဟင် ... သားကြီး ... ”

အဝေးနှင်က ဒါကိုနားမလည်နိုင်တာမို့ သားကြီးမျက်နှာကို တအံ့တဩလေး လှည့်ကြည့်ကာမေးသည်။ သားကြီးက နှုတ်ခမ်းလေးတွန့်လျှက် တစ်ချက်ပြုံးကာ ...

“ဒါ ... မင်းကိုကိုကြီးရဲ့ Heart Breaker Part One လေ၊ သူ အနိုင်ယူအသည်းခွဲခဲ့တဲ့ကောင်မလေးတွေရဲ့ စာရင်းဇယားနဲ့ အတိအကျ ပြုစုပြီး Black File ထဲမှာ သီးသန့်သိမ်းထားခဲ့တာ၊ အခု ... မင်းတွေ့နေတဲ့ ကောင့်မလေးလိုပဲ နောက်မှာဆယ်နှစ်ယောက် ရှိသေးတယ်”

“ဘာပြောတယ်ကွ ... သားကြီး ... ”

“မယုံမရှိနဲ့ သူငယ်ချင်း ... မင်းကိုကိုကြီးက တော်ကီပစ်တာ အရမ်းကောင်းတော့ ထိလိုက်တာနဲ့ကြွေပဲ ... အခု ဒီဓာတ်ပုံထဲက ကောင်မလေးက သုံးဝအလန်းစတိုင်လ် နားလည်လား၊ သူ





နာမည်က ခိုင်တဲ့ ... ဆီကိုမှာ တက်တယ်၊ မာနတအားကြီးတယ်၊ ဘယ်သူမှလိုက်လို့မရအောင် မာနကြီးတာနော် ... အဲဒါ ... သူငယ်ချင်းတွေနဲ့ အလောင်းအစားလုပ်ပြီး မင်းကိုကိုကြီးက အသည်းလိုက်ခွဲတာ ... သူတို့ရဲ့လောင်းကြေးကိုသိရင် မင်းပိုတောင်အံ့ဩသွားဦးမယ် ... ”

“ဟင် ... ဘယ်လိုလောင်းကြေးလဲ”

“Crusher တစ်ဗူးတိုက်ကြေး ... ”

“ဘာပြောတယ် ... ”

ထိုင်ခုံလေးထက်ကနေ အဝေးနှင် ထ,ရပ်လိုက်ရပြီ။

“Crusher တစ်ဗူးတိုက်ကြေး ... ဟုတ်လားသားကြီး၊ ဟုတ်ရဲ့လားကွာ ... သူများအသည်းနှလုံးကို တစ်စစီချေပြီးတော့မှ ဒီလို Crusher တစ်ဗူးလောက်နဲ့ ... ”

သားကြီးက ပြုံးလျှက် ...

“အဲဒါလည်း မင်းမယုံမရှိနဲ့လေ အဝေးနှင် ... ဒါ ... မင်းကိုကိုကြီးရဲ့ ဒီပွဲရဲ့မှတ်ချက် အကျဉ်းချုပ်လေးကို ငါဖတ်ပြီးသွားလို့ မင်းကို ပြောပြနေတာ၊ ပွဲပြီးတာနဲ့ ဒီCrusher ဗူးကို ဖောင်းခနဲခွဲဖွင့်ပြီးတော့ တကျိုက်မော့သောက်တယ်၊ ပြီးတာနဲ့ ကိုယ်ကိုတစ်ပတ်လှည့်ပြီး ဒီဗူးကို လေထဲပစ်မြှောက် ပြန်ကျလာတာနဲ့ လေထဲမှာတင် လက်သီးနဲ့ထိုးခွဲပစ်တာ”

“ဟာ ... ”

အဝေးနှင်မှာတော့ ပါးစပ်လေးအဟောင်းသား မျက်လုံးဝိုင်းရှည်လေးတွေ စင်းကော့လျှက်။

“ဒါ ... မင်းကိုကိုကြီးရဲ့ လုံးဝအောင်ပွဲခံတဲ့စတိုင်လ်ပဲ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဒီအထဲမှာပါတာ နိုင်လိုကောင်မလေးမျိုး ဆယ့်နှစ်ယောက်တိတိ ပါတယ်၊ အလန်းဖယားတွေရော၊ အငြိမ်ဖယားတွေရော၊ Internet ထဲကဟာတွေရော၊ တောင်ကြီး၊ မေမြို့၊ လားရှိုး၊ မော်လမြိုင်၊ မန္တလေး တစ်မြို့မှမလွတ်ခဲ့အောင် မင်းကိုကိုကြီးရဲ့ ရိုက်ချက်တွေက ပြင်းခဲ့တာ"

"ဒါ ... ဒါဆို သူ့ကိုနလုံးသွေးရပ်သွားအောင် Lesson ပေးခဲ့တဲ့ ဒေါ်မြူနှင်းစေရာက ဘယ်နှစ်ယောက်မြောက်လဲ"

"ဆယ့်သုံးယောက်မြောက် ..."

"ဆယ့်သုံး ... ဟုတ်လား သားကြီး ..."

"ဟုတ်တယ်လေကွာ၊ ဆယ့်သုံး ... ဆယ့်သုံး၊ လုံးဝ Unlucky ဆယ့်သုံးယောက်မြောက် ..."

သားကြီးကို ဘာပြန်ပြောရမှန်းမသိအောင် အဝေးနှင်ရဲ့မျက်ဝန်းကလေးတွေ ရီဝေအေးစက်နေခဲ့လျှက် သားကြီးကလည်း တစ်ယောက်ပြီးတစ်ယောက် ဓာတ်ပုံမှတ်တမ်းတွေ နာမည်တွေနဲ့ကိုယ်ရေးရာဇဝင်အချက်အလက်တွေကို ဆယ့်နှစ်ယောက်မြောက်ကိုရောက်တဲ့အထိ တစ်ခုပြီးတစ်ခု ဇွဲနဲစပ်စပ်လေး ဖွင့်ပြပါသည်။

ပြီးတော့လည်း ... သားကြီးက သူ့မှတ်ချက်စကားလေးတစ်ခွန်းကို ပြောသေး၏။

"ဟွန်း ... မင်းစဉ်းစားကြည့်စမ်း အဝေးနှင် ... မင်းကိုကိုကြီးရဲ့ Heart Breaker Part One ထဲမှာပါတဲ့ ကောင်မလေးတွေရဲ့ ကိုယ်ရေးရာဇဝင်မှတ်တမ်းတွေကို ဖတ်ကြည့်လိုက်မယ်ဆိုရင် အားလုံးအဆိပ်ပြင်းတဲ့ မြွေတွေချည်းပဲ၊ ဒါတွေကိုတောင် Crusher တစ်ဗူးလေးလောက်နဲ့ ရှုံးပွဲမရှိ ဒိုင်ပွဲရပ်ဆက်တိုက် အနိုင်ယူလာတာ၊ ဒီမြန်





မာဆန်ဆန် ရင်ဖုံးလက်ရှည်လေးဝတ်ပြီး အနက်ရောင်နှင်းဆီ Black Rose လေးတစ်ပွင့်နဲ့ ခပ်မိုက်မိုက်တက်လာတဲ့ ဒေါ်မြူနှင်းစေရာနဲ့ တွေ့မှ အမှတ်မပါ ဗလာသက်သက်နဲ့ လုံးဝ ... လုံးဝဒိုင်ပွဲရပ်သွားအောင် အရှုံးပေးလိုက်ရတာ ဘယ်လောက်အသည်းနာဖို့ကောင်းသလဲ၊ ငါကလည်း ... ဒေါ်မြူနှင်းစေရာရဲ့ရင်ကိုခွဲပြီး အသည်းကိုကားစင်တင်မယ်ဆိုလို့ မင်းကိုလက်ခုပ်တီးအားပေးနေတာ ... ကဲ ... ဘယ်လိုလဲ၊ ဒါကို ... မင်း လုံးဝ Decide လုပ်ပြီး ဆုံးဖြတ်ပြီးပြီနော်၊ Crusher တစ်ဗူးကြေးလည်း မဟုတ်ဘူးနော် အဝေးနှင်၊ အသည်းချင်းပုံထပ် မြိုင်ရပ်နှင်စေဆိုပြီး အသေအလဲပြိုင်ရမှာ ..."

"ဖြောက် ..."

မျက်နှာထားမာမာလေးကို တင်းတင်းလေးမော့ပြီး လက်ဖျောက်လေးတစ်ချက်တီးပစ်လိုက်တာ၊ ချောမောတည်တင်းတဲ့ အဝေးနှင်ရယ်ပါပဲ။ ပြီးတော့မှ ... ခါးကလေးကိုကော့ကာ အရှုံးလေးတစ်ယောက်လို အော်ရယ်ချလိုက်ပြီ၊ ပြောရရင် ... ဒါဟာ ဒေါ်မြူနှင်းစေရာကို ဂရုမစိုက်တာပါပဲ။

"ဟား ... ဟား ..."

"သားကြီးရာ ... ငါက ဒါကို Faint ဖြစ်ပြီး နောက်ဆုတ်သွားမယ့်ကောင်လို့ မင်းထင်ထားလို့လား၊ ဒီမှာ ... ဟေ့ကောင် ... ငါ့နာမည်က အဝေးနှင်လေ၊ ဒေါ်မြူနှင်းစေရာရဲ့ အသည်းနှလုံးတွေကို ကြောတစ်ရာရင်တစ်ရာ ကြိမ်ဒဏ်ခတ်ပြီး မြိုင်ရပ်နှင်ပစ်မယ့် အဝေးနှင်၊ လုံးဝ ရှောင်ခ်မရှိဘူး၊ ကဲ ... အခု Heart Breaker Part One ထဲက နံပါတ်ဘယ်လောက်ကို ကြည့်ရမလဲ ..."

"Right ... Ok နံပါတ်တစ်ဆယ့်နှစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ယောက်က လုံးဝအရေးကြီးတယ် အဝေးနှင် ... ဒီကောင်မလေးက ဒေါ်မြူနှင်းစေရာနဲ့ တိုက်ရိုက်ပတ်သက်နေလို့ အရေးကြီးတာ၊ သူ့နာမည်က အဖြူရောင်တဲ့ ပုံစံလေးက တကယ့်ကို ရိုးရိုးအေးအေးလေး၊ သူ့ဆံပင်တွေကို ဖြန့်ချလိုက်ရင် တင်ပါးဖုံးအောင်ရှည်ပေမယ့် သူကပါးကွက်ကြားလေးနဲ့ နှစ်ခွကျစ်ဆံမြီးလေးကိုပဲ တည်တည်တင်းတင်းလေးကျစ်ထားတာ၊ ဒါပေမယ့် ... သူက ဆင်းရဲတယ်၊ သူဘွဲ့ရခဲ့တာလည်း အင်္ဂလိပ်စာမေဂျာနဲ့ဘွဲ့ရခဲ့တာကဲ ... ဒီမှာ ... ကြည့်လိုက် ... "

Computer Screen ပေါ်မှာ ထပ်ခနဲပြောင်းသွားသော ပုံရိပ်လေးတစ်ခုက ပါးကွက်ကြားလေးလိမ်းပြီး ကျစ်ဆံမြီးလေးနှစ်ခွနဲ့ ကောင်မလေးတစ်ယောက်။

"အဖြူရောင်ဆိုတာ ဒီကောင်မလေးပဲအဝေးနှင် ... သူ့အသက်က နှစ်ဆယ့်သုံးနှစ်၊ နေတာက တောင်ဒဂုံ နှစ်ဆယ်ရပ်ကွက်၊ အလုပ်အကိုင်က ဒေါ်မြူနှင်းစေရာရဲ့ ကိုယ်ရေးအတွင်းရေးမှူးမလေး၊ လစာက တစ်သိန်းနှစ်သောင်း၊ ရည်းစားထားမိတာက ပထမဆုံးအကြိမ် ... မင်းကိုကိုကြီးရဲ့ သူငယ်ချင်းတစ်ယောက်က နောက်ဆုံးပေါ်ကားကြီးနဲ့ အလုပ်သွားအလုပ်ပြန်မှာ၊ လမ်းမှာ အကြိမ်ကြိမ်အခါခါ နှောက်ယှက်ပြီး လက်ကိုအတင်းဆွဲလို့ အဖြူရောင်က ပါးရိုက်ခဲ့ ... ဒါကိုမကျေနပ်လို့ မင်းကိုကိုကြီးက အချစ်ကိုရအောင်ယူ၊ နောက်ဆုံးတစ်နေ့မှာ ကောင်မလေးရဲ့ပါးကို နှစ်ချက်ပြန်ရိုက်ပြီး လမ်းခွဲ ... "

သားကြီးရှင်းပြနေတာလေးက ရင်နင့်စရာ။

"ဘာလဲ ... သားကြီး၊ မင်းပြောချင်တာက ငါ့ကိုကိုကြီးက သူ့ရဲ့ကိုယ်ရေးအတွင်းရေးမှူးမလေးတစ်ယောက်ကို ဒီလိုရက်ရက်စက်စက်တုန့်ပြန်သွားလို့ ဒေါ်မြူနှင်းစေရာက ဒီပွဲကို ဝင်ပါလာတာလို့ ပြောချင်တာလား ... "

"သိပ်သေချာတာပေါ့ ... "

"ဟွန်း ... ဒီမှာ သားကြီး ... "

Computer Screen ကို ကျောခိုင်းရပ်နေရာမှ သားကြီးဘက်သို့ လက်ကလေးပိုက်ကာ အဝေးနှင်က ပြန်လှည့်သည်။

"ဒီပွဲစဉ်တွေအားလုံးထဲမှာ ငါ့ကိုကိုကြီးကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကို မျက်ကန်းတစ္ဆေမကြောက်၊ ငါ့ဘက်က ထောက်ခံမယ်လို့ ထင်ထားသလား သားကြီး ... ငါလုံးဝကန့်ကွက်တယ်၊ ဒါပေမဲ့ ... သူ့ရဲ့ကိုယ်ရေးအတွင်းရေးမှူးမလေးကို ပါးနှစ်ချက်ရိုက်သွားလို့ သူက သုံးချက်ပြန်ရိုက်သွားတယ်ဆိုရင်တောင် ဒါဟာ ... တရားတဲ့ အဖြေတစ်ခုဆိုပြီး ငါအကြွင်းမဲ့ လက်ခံဖြေသိမ့်လိုက်လို့ရသေးတယ်၊ အခုဟာက ... ဒေါ်မြူနှင်းစေရာရဲ့ ပုံတူပန်းချီကားကြီးမှာ ဒူးထောက်ပြီးတော့ကို ငါ့ကိုကိုကြီးနှလုံးသွေးရပ် လဲကျသွားတာ ... ငါ့ကိုကိုကြီးနောက်ဆုံးခံစားသွားရတဲ့ ပုံရိပ်တစ်ခုကို ဘယ်လိုဖြေသိမ့်မှုတွေနဲ့ ငါအစားထိုးနိုင်မလဲ ... သေချာတာက အသည်းနှလုံးချင်းစီးချင်းထိုးကြတဲ့ ဒီပြိုင်ပွဲမှာ နှလုံးသားခုံရုံးက ချမှတ်ခဲ့တဲ့ စီရင်ချက်က ပြစ်မှုနဲ့ပြစ်ဒဏ် မမျှတအောင် ပြင်းထန်နေတာ"

"မင်း ... မကျေနပ်ဘူးပေါ့"

"အဲဒါ ... လုံးဝ သေချာတယ် သားကြီး ... "

"ဒါဆို ... ဒေါ်မြူနှင်းစေရာနဲ့ပတ်သက်တဲ့၊ Black File ကို







www.burmeseclassic.com

www.burmeseclassic.com



ငါဖွင့်လိုက်တော့မယ်နော် အဝေးနှင် ... ဒါပေမဲ့ ဒီဖိုင်ကို နောက်
မဖွင့်ခင်မှာ မင်းစိတ်ကို အကောင်းဆုံးထိန်းထားနိုင်ဖို့အတွက် အ
ညည်အေးအေးလေးတစ်ခွက်တော့ မင်းသောက်ထားဖို့လိုတယ်
ပြော ... ဟော့ကောင် ... မင်းဘာသောက်မှာလဲ"

"I 'd Like To Drink Crusher"

"အိုး ... Crusher"

သားကြီး မျက်တောင်တွေကော့လျှက် အံ့ဩခဲ့ရပြီ။

အဝေးနှင်ကပါ Crusher သောက်တော့မယ်ဆိုပါလား။

ဒါဟာ ... ကိုကိုကြီးအရိပ်ထင်လို မင်းလောင်းကြေး
လိုက်တာလား အဝေးနှင်ရာ ... တကယ်တော့ Crusher ဆို
စကားလေးရဲ့ အဓိပ္ပါယ်ဟာ ...

အခန်း ( ၂ )

"ကဲ ... အဝေးနှင် ... ငါအခုဖွင့်ပြမယ့်အပိုင်းကို မင်းစိတ်
နိုင်ထားပြီးကြည့်နော် ... ဒီအပိုင်းကို မင်းကိုကိုကြီးနာမည်ပေး
ခဲ့တာက The Ghost Rose လို့ နာမည်ပေးထားတယ်"

"ဟွန်း ... မြန်မာလိုဘာသာပြန်ရင် တစ္ဆေနှင်းဆီပေါ့"

အဝေးနှင် နှုတ်ခမ်းမဲ့မဲ့လေးနှင့်ပဲ Computer Screen ကို
ကြည့်သည်။ Part One Chapter ထဲမှာ ပထမဆုံးတက်လာတာ
ဖဲကြိုးနီလေးနှစ်စကို ရိုးတံလေးမှာ တွဲလောင်းလေးချည်ကာချ
တဲ့ အနက်ရောင်နှင်းဆီ အိအိစက်စက်ကလေး။

"ဟာ ..."

နှင်းဆီလေးကိုတွေ့လိုက်တာနဲ့ ကိုယ်ထဲကသွေးတွေ
ချောင်းဆန်အောင် ပူနွေးသွားသည်။ အဝေးနှင်ရော သားကြီးပါ
တောင်ခတ်ဖို့သတိမရ။ ဒါဟာ ... Gost Rose တဲ့လား။ ကိုကို
ကြီးရဲ့အသည်းနှလုံးထဲကို အဆိပ်လူးမြားတွေ အစင်းပေါင်းများစွာ
ခတ်တိုက်နိုက်နိုင်အောင် ကျိန်စာတိုက်သိမ်းပိုက်သွားတဲ့ Black



www.burmeseclassic.com

www.burmeseclassic.com



Rose လေးဟာ မင်းပဲပေါ့ ... ။

"တွေ့တယ်နော် ... အဝေးနှင်း၊ ဒီနှင်းဆီလေးဟာ မင်းကိုကိုကြီးရဲ့ညစာစားပွဲကို ဒေါ်မြှုနှင်းစေရာကိုယ်တိုင်တက်လာပြီးတော့မှ မင်းကိုကိုကြီးရဲ့ ရင်ဘတ်မှာ ပြတ်ပြတ်သားသားထိုးစိုက်ပြီး ပထမဆုံးစစ်ကြေညာသွားတဲ့နှင်းဆီ ... ဟားဘတ်စ်တက္ကသိုလ်က ရုက္ခဗေဒပါမောက္ခကြီးတွေရဲ့ သုတေသနစစ်တမ်းတွေထဲမှာ သူ့ကိုပေးခဲ့တဲ့နာမည်က Ghost Rose တဲ့၊ အင်း ... ပြောရမယ်ဆိုရင် ဒီလိုနှင်းဆီမျိုးက ကမ္ဘာမှာ သိပ်ကိုရှားတဲ့ နှင်းဆီမျိုး စိတ်တစ်ခုပဲပေါ့ နေရောင် လရောင်မမြင်ရတဲ့ အာဖရိကတိုက်ရဲ့ တောနက်ကြီးထဲက ကျောက်လိုဏ်ဂူတွေထဲမှာ ဒီလို Ghost Rose တွေ ပွင့်နိုင်တာတဲ့ သူကပြောတယ်၊ သူပွင့်ပြီဆိုတာနဲ့ တောနက်ကြီးထဲက အဆိပ်အပြင်းဆုံး ပျားပိတုံးကြီးတွေ တဝုန်းဝုန်းနဲ့ရောက်လာကြပြီး ... သူ့အနားမှာ ဝိုင်းအုံ ခ,စားရင် သေပွဲဝင်ကြရတဲ့အထိ သူ့ရဲ့ဆွဲဆောင်မှုက ပြင်းထန်တယ်၊ နေ့မှာထုတ်တဲ့ဝတ်ရည်က ချိုဆိမ့်သလောက် ညမှာထုတ်တဲ့ဝတ်ရည်က ဆိုက်ရာနိုက်တစ်မျိုးပါတဲ့ ဝတ်ရည်ကို သူကထုတ်လုပ်နိုင်စွမ်းရှိတယ်လို့ သူ့ကိုသုတေသနပြုတဲ့ ပညာရှင်ပါမောက္ခကြီးတွေကိုယ်တိုင် သူတို့ရဲ့ သုတေသနစာတမ်းတွေမှာ အတိအကျဝန်ခံခဲ့ ကြရတယ် ... ဒါကြောင့်မို့ သူ့ကိုနာမည်ပေးခဲ့တာ Ghost Rose လို့ နာမည်ပေးခဲ့တာ"

"ဟွန်း ..."

နှင့်နှုတ်ခမ်းလေးမဲ့သွားရတာက သိသိသာသာလေး။

ဂရုစိုက်စရာလား။ ဒေါ်မြှုနှင်းစေရာ ... အဝေးနှင်းဆိုတဲ့ ကောင်နဲ့ခင်ဗျားမတွေ့သေးလို့ ကိုကိုကြီးကို အဲဒီလိုနှင်းဆီမျိုးလေးနဲ့ ခင်ဗျားရှေ့လို့ရသွားတာပေါ့။ ခင်ဗျားသိအောင် ကြိုပြောထားရမယ်ဆိုရင် အဝေးနှင်းရဲ့နှလုံးသားသမိုင်းက အရမ်းရိုင်းတယ်။ အခုချိန်မှာ အဝေးနှင်း အငြိမ်ဖယားခင်းထားတာက ခင်ဗျားကိုကွက်ပျောက်ရှေ့ချင်လို့ ... ရှင်းတယ်နော်။ အဟင်း ... အဝေးနှင်းက အေးဆေးပါ။

ကျောက်လိုဏ်ဂူမကလို့ အဝီစိထဲမှာပဲ ခင်ဗျားရဲ့နှင်းဆီပွင့်ပွင့် ... အဝေးနှင်းရဲ့လက်ဖဝါးပေါ်တင်ပြီး ဟောဒီလို လေနဲ့တစ်ချက်မှုတ်လိုက်လို့ လွင့်မသွားရင် ကြိုက်တဲ့ပုဒ်မတပ်ပြီး အဝေးနှင်းကို ကြိုးစင်ပေါ်တင်ပစ်လိုက်လို့ရတယ် ... ဟုတ်ပြီလား။

တစ်ယောက်တည်းတွေးပြီးတော့မှ နှင်းဆီလေးကို ခပ်မဲ့မဲ့လေးစိုက်ကြည့်ကာ နှင်ကပြုံးသည်။ သားကြီးက Mouse ဖြူဖြူလေးကို တစ်ချက်ထပ်နှိပ်တော့ နောက်တစ်ကွက်ကို ပြောင်းသွားသည်။

ပုံရိပ်တစ်ခုမဟုတ်ဘဲ ပန်းစာလုံးပုံစံ အင်္ဂလိပ် စာတန်းတစ်ခု တက်လာသည်။

"The War Of Rose"

ကြည့်စမ်း ... တက်လာတဲ့စာတန်းက နှင်းဆီစစ်ပွဲတဲ့။

"မင်းတွေ့တယ်နော် အဝေးနှင်း ... မင်းကိုကိုကြီးကိုယ်တိုင် ဒီလိုစာတမ်းလေးတွေရေးပြီး Computer Black File ထဲမှာ သိမ်းထားခဲ့တာ၊ သူ့ရင်ထဲမှာ မဆန့်တော့လို့ဘဲဖြစ်မှာ မင်းမပြောနဲ့ ငါတောင်ကြည့်နေရင်း မျက်ရည်ဝဲခဲ့ရတယ် ... တကယ်တော့ အခုလာမယ့် Video Action အပိုင်းဟာ လွှင့်မျှောနေတဲ့ပုံရိပ်တွေထဲက စိတ်လှုပ်ရှားစရာ ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုပဲ၊ ကဲ ...







www.burmeseclassic.com

www.burmeseclassic.com



မင်းလည်းကြည့်လိုက်၊ မျက်တောင်တစ်ချက်မခတ်နဲ့နော်၊ မင်းကိုကိုကြီးရဲ့ ခွေးနေ့ ညစာစားပွဲကျင်းပတဲ့ မြက်ခင်းပြင်ကြီးထဲကို အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး မြန်မာဆန်ဆန်ဝတ်စုံလေးနဲ့ ဒေါ်မြူနှင်းစေရာ တက်လာတဲ့ညက ... ဗွီဒီယိုကင်မရာမင်းတွေက အသေးစိတ်ရိုက်ယူထားလိုက်နိုင်တဲ့ မှတ်တမ်းတွေ ... "

သားကြီးက Mouse ခလုပ်ဖြူဖြူလေးကို တီခနဲအသံတစ်ချက်မြည်သွားအောင် ထပ်နှိပ်လိုက်ပြန်ပြီ။ ဒါကိုအဝေးနှင်က မျက်နှာကလေးမော့ကာ နဖူးပြင်လေးပေါ်က ဆံပင်လေးတွေကြားထဲလက်ချောင်းကလေးတွေ ထိုးသွင်းကာ သပ်တင်သည်။ ပြီးတော့ ထိုင်ရာကမထဘဲ ... ထိုင်ခုံလေးကို Computer နဲ့အနီးဆုံးရောက်အောင် ကိုယ်ကလေးကို အနည်းငယ်ကြွကာ ဆွဲယူသည်။

"ဟောကောင် ... ဒီမှာ သေသေချာချာကြည့်လေ ... တွေ့လား၊ ဆိုက်ကနက်ကားကြီး မြက်ခင်းပြင်မုခ်ဦးအဝကို ဝင်လာတာ၊ ဒါ ... The War of Rose ရဲ့ဇာတ်လမ်းအစပဲ ... အဲဒီကားပေါ်မှာ မင်းသိပ်ကိုလက်စားချေချင်နေတဲ့ ဒေါ်မြူနှင်းစေရာပါလာတယ်၊ ကြည့် ... ကြည့် ... မျက်တောင်မခတ်ဘဲ သေသေချာချာကြည့်"

"ဟင် ... "

တကယ်လည်း အဝေးနှင် မျက်တောင်မခတ်နိုင်တော့ပါ။

ထိုးရပ်သွားတဲ့ ဆိုက်ကနက်ကားကြီးရဲ့ နောက်ခန်းတံခါးဖွင့်ခနဲပွင့်လာကာ အိစက်နေတဲ့ ခြေဖမိုးလေးတစ်ဖက်နဲ့ အနက်ရောင်ဒေါက်ကလေးတစ်ဖက် ... မြေပြင်ပေါ်ကို ကျလာကာ ...

"ဟာ ... "

"သေစမ်းကွာ ... "





"ဒုန်း ... "

"ဟာ ... ဟောကောင် ... မင်းဘာဖြစ်သွားတာလဲ"

သားကြီး အထိတ်တလန့်နဲ့ လှမ်းအော်လိုက်တာက နောက်ကျသွားသည်။

နှင် ဘာဖြစ်လိုက်မှန်းမသိဘဲ ထိုင်ရာမှဖျတ်ခနဲထ,ပြီး ကိုယ်ထိုင်နေတဲ့ ထိုင်ခုံကိုပေါက်ကွဲစွာ လှမ်းကန်ပစ်လိုက်မိတာပဲဖြစ်သည်။ ပန်းချီကားထဲကထက်တောင် ပိုလှနေတဲ့မိန်းမ၊ တစ်ကိုယ်လုံးက အိစက်ဝင်းနှစ်နေသလို သိပ်ကိုလည်း ကျက်သရေရှိလွန်းလှတဲ့မိန်းမ၊ ဒါဟာ ... ဒေါ်မြူနှင်းစေရာတဲ့လား ... ဒါဟာ ကြွယ်စင်တွေရဲ့သခင်မတဲ့လား။

"အဝေးနှင်ရာ ... ဒါကြောင့်မို့ စောစောကတည်းက မင်းကိုငါကြိုသတိပေးထားရဲ့နဲ့ကွာ ... The War of Rose ကိုကြည့်လိုက်တာနဲ့ မင်းဒီလို စိတ်ချောက်ချားသွားမှာကိုသိလို့ ငါတားခဲ့တာ၊ အခု ... မင်းတွေ့ပြီနော်အဝေးနှင် ... ဒေါ်မြူနှင်းစေရာဟာ ဘယ်လောက်စွဲမက်ဖို့ကောင်းသလည်းဆိုတာ ကားပေါ်ကဆင်းလာတဲ့ ခြေဖမိုးအိစက်စက်လေးတစ်ဖက်ကို မြင်လိုက်တာနဲ့တင် တစ်ခါတည်း လဲသေပစ်လိုက်ဖို့ကောင်းအောင် ဆွဲဆောင်နေတာ"

သားကြီးပြောတာကိုလည်း နှင်ဘယ်လိုမှ မငြင်းနိုင်။

လက်ပိုက်ကျောခိုင်းထားမယ်ဆိုတော့လည်း ကျောခိုင်းထားလို့မရ။ သားကြီးက လဲကျသွားသည့်ထိုင်ခုံကို နေရာတကျဖြစ်အောင်ပြန်ထားသည်။ ခုံရွှေ့သံ၊ သားကြီးဆီက ရင်မောစွာ ဖုန့်သက်ချသံ။ နှင်မခံစားနိုင်စွာ အသက်ပြင်းပြင်းတစ်ချက်ရှိုက်လိုက်သံ။ ထိုအသံတွေကို ဖုံးလွှမ်းကျော်လွှားပစ်လိုက်တာ။ Computer



www.burmeseclassic.com

www.burmeseclassic.com



ထဲက ထွက်လာနေတဲ့အသံတွေပါပဲ။

"ဟာ ... အဲဒါဘယ်သူလဲဟင် ..."

"မိုက်တယ်ဟာ ... ကြည့်ပါဦး ..."

"နှင်းဆီလေးနော် ... အရမ်းရှားတဲ့အနက်ရောင်နှင်းဆီလေးကိုကိုင်ပြီး ... တစ်ယောက်တည်း တက်လာတာ ..."

ဗွီဒီယိုကင်မရာနဲ့ အနီးဆုံးမှာရှိနေသည့် ဧည့်သည်တွေဆီက အသံတွေ။

"ဟေး ..."

"ဟေး ..."

"ရှူး ... ဖြောင်း ... ဖြောင်း ..."

အော်သံ၊ ဟစ်သံ၊ လက်ခုပ်တီးသံတွေ တဝေါဝေါဆူညံလာသည့်အထိလည်း Computer Screen ဘက်ကို နှင်လှည့်မကြည့်ရဲသေးပါ။

"ဟော့ကောင် အဝေးနှင် ... မင်းသတ္တိမရှိဘူးလား၊ ဒေါ်မြူနှင်းစေရာကို မင်းမကြည့်ရဲလောက်အောင် သွေးကြောင်သွားပြီလား ... ဟိုမှာ စင်မြင့်ပေါ်မှာ ကျေးဇူးတင်စကားပြောနေတဲ့ မင်းကိုကိုကြီးဆီကို သူတစ်ခါတည်း တက်ဖို့သွားနေပြီ"

"ဟား ..."

ရင်ထဲမှာ သိပ်ကြပ်လာသည့်လေပူတွေကို ခေါင်းကလေးမော့ကာ ဟားခနဲ ... မှုတ်ထုတ်လိုက်ပြီးတော့မှ လှည့်ကြည့်လိုက်ရတာ ပုခုံးစွန်းလေးပေါ်က ဆံပင်ရှည်ကလေးတွေ ဘယ်ညာဝဲသွားရတဲ့အထိရယ်ပါပဲ။

မျက်တောင်လည်း မခတ်နိုင်။





အသက်လည်း မရှူနိုင်။

ခန္ဓာကိုယ်ထဲမှာ အရှိန်ပြင်းပြင်းလည်ပတ်စီးဆင်းနေသည့် သွေးတွေက အရေပြားကိုပင် ထွင်းဖောက်ထိုးထွက်လာလုနီးပါး။ ဒေါ်မြူနှင်းစေရာက အနက်ရောင်ဒေါက်ကလေးကိုစီးပြီး ကြွကြွရွရွလေးနဲ့ စည်းချက်မှန်မှန်လေးလျှောက်သွားကာ စင်မြင့်ပေါ်ကို စတင်လှမ်းတက်လိုက်စဥ်မှာတော့ လက်ခေါက်မှုတ်သံတွေ လက်ခုပ်တီးအားပေးသံတွေ မြက်ခင်းပြင်ကြီးတစ်ခုလုံး လွင့်ထွက်သွားလုမတတ် ဆူညံလို့ သွားခဲ့ရပါပြီ။

"ဟေး ..."

"ရှူး ... ဖြောင်း ... ဖြောင်း ..."

Computer Screen ကိုစိုက်ကြည့်နေတဲ့ အဝေးနှင်ရဲ့ နှုတ်ခမ်းလေးကတော့ ခပ်မဲ့မဲ့လေးကွေးလို့၊ အဖြူခံလေးပေါ်မှာ အဝါ အပြာစင်းလေးတွေ ရေလှိုင်းလိုပြေးနေသည့် ချိတ်ထဘီလေးကို မြန်မာဆန်ဆန်ရင်ဖုံးလက်ရှည်အဖြူရောင်ကလေးနဲ့ တွဲဝတ်ထားသည့် ဒေါ်မြူနှင်းစေရာက တည်တင်းနေသည့် မျက်နှာလေးကို အနည်းငယ်လေးမော့ကာ မိုက်ခရိုဖုန်းလေးကိုယူ၍ ပရိသတ်တွေကိုဘက်ကို ပြောလိုက်တာက ...

"ကျွန်မက မြူနှင်းစေရာပါ ... နှစ်ဆယ့်လေးနှစ်မြောက်မွေးနေ့ရှင်ကို ကျွန်မလက်ထဲက ဒီနှင်းဆီလေးတစ်ပွင့်နဲ့ အမှတ်တရ ဂုဏ်ပြုပေးချင်ပါတယ်"

"ဟေး ..."

"ဟေး ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဗွီဒီယို ပြကွက်ထဲမှာ ကိုကိုကြီးမျက်နှာက ဂုဏ်ယူကျေနပ်စွာပြုံးလို့ရယ်ပါလား။ ပြီးတော့ ... ကိုကိုကြီးဝတ်ထားတာလေးကလည်း Crossper excelancy အဖြူရောင်အနောက်တိုင်းဝတ်စုံကလေးကို Neck Tile နီညိုရောင်လေးနဲ့တွဲဖက်ကာ ဝတ်ထားလေတော့ ... ကိုကိုကြီးရဲ့ တောင့်တင်းမြင့်မား အရုပ်အမောင်းလေးနဲ့ဒေါ်မြူနှင်းစေရာဟာ သိပ်ကိုလိုက်ဖက်တင့်တယ်သလို ဖြစ်သွားရတာ အခုအချိန်မှာတော့ ကြေကွဲစရာပုံရိပ်လေးတစ်ခုနဲ့ပဲ အမှတ်တရကျန်ခဲ့ရပြီ။

ကိုကိုကြီးရဲ့ နီရဲရှင်းသန့်နေတဲ့ နှုတ်ခမ်းလေးတွေက ကျေနပ်စွာ ပြုံးနေပေမယ့် နာကျင်စွာအေးစက်နေခဲ့တဲ့ ဒေါ်မြူနှင်းစေရာရဲ့မျက်ဝန်းတွေကတော့ မာယာတွေ၊ လှည့်စားမှုတွေ အသေချာနဲ့ရယ်ပေါ့။

မျက်နှာထားတင်းတင်းလေးကို ချာခနဲလှည့်ပြီး ကိုကိုကြီးကို မျက်နှာချင်းဆိုင် စူးစိုက်ကြည့်လိုက်တာဟာလည်း အမုန်းစစ်ပွဲတစ်ခုကိုစဖို့ စစ်ပြင်လိုက်သလိုပါပဲ။ ပြီးတော့မှ ... သိပ်ကိုစွဲမက်ဖို့ကောင်းတဲ့ ခရေစီရောင် နှုတ်ခမ်းလေးပေါ်မှာ အပြုံးလေးတစ်ခုရိပ်ခနဲ ပေါ်လာသည်။

"မင်း ... မင်းတွေ့တယ်နော် အဝေးနှင် ... ဒေါ်မြူနှင်းစေရာ ဘယ်လောက်မိုက်လည်းဆိုတာ ညို့ချက်ပြင်းတဲ့အပြုံးလေးတစ်ခုကို ဖန်ဆင်းပြီးတော့မှ မင်းကိုကိုကြီးရဲ့ရင်ဘတ်မှာ သူ့လက်ထဲက Black Rose လေးကို ထိုးစိုက်တော့မှာ၊ ဟိုမှာ ... မင်းကြည့်လိုက်"

မျက်တောင်ခပ်ဖို့ဆိုတာ နှင့်အတွက် ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။





နှင် အသက်ရှူမှားစွာ ကြည့်လိုက်တော့ ...

ဒေါ်မြူနှင်းစေရာ လက်ထဲက အနက်ရောင်နှင်းဆီလေးလေးထဲကိုမြောက်တက်သွားခဲ့ပြီ။ ခုထိလည်း ကိုကိုကြီးမျက်နှာလေးက ဂုဏ်ယူမဆုံးအောင် ကျေနပ်စွာ ပြုံးနေဆဲ။ ဒေါ်မြူနှင်းစေရာကိုယ်တိုင် ရက်စက်စွာ ထိုးစိုက်ချလိုက်တာက ကိုကိုကြီးအသည်းနှလုံးတွေနဲ့ အနီးဆုံးက ဝဲဘက်ရင်အုံလေးပေါ်ကိုပါပဲ။

"ရှီး ..."

"ဖြောင်း ... ဖြောင်း ..."

ကိုကိုကြီးကတော့ ပြုံးလို့ပျော်လို့ ဂုဏ်ယူပြီးတော့တောင် တလေးတစားလက်ဆွဲနှုတ်ဆက်နေလို့ပေါ့ ... ကိုကိုကြီးရဲ့ အနောက်တိုင်းဝတ်စုံ အဖြူရောင်လေးပေါ်မှာတော့ Black Rose ကလေးက ထင်းခနဲနေအောင်ကို ခေါင်းကလေးမော့လို့။ ခုတော့ ဒီပုံရိပ်တွေကိုကြည့်ရင်း အဝေးနှင်ရဲ့နှလုံးသားတွေ ပိုပြီးတော့နာကျင်လာခဲ့ရပါပြီ။

"ဘယ်လိုလဲ အဝေးနှင် ... The War Of Rose ရဲ့ မှတ်တမ်းအစလေးကိုကြည့်ရတာ တကယ်ကြေကွဲဖို့ကောင်းတဲ့ မှတ်တမ်းအစ,လေးပဲနော် ... ဒီလိုမျက်ဝန်း ဒီလိုနှုတ်ခမ်း၊ ဒီလိုအပြုံးမဲ့မဲ့လေးနဲ့ ဂုဏ်သရေရှိ ဧည့်ပရိသတ်တွေရှေ့မှာ ပြောင်စစ်ကြေညာသွားတာကို မင်းကိုကိုကြီးခံစားလိုက်ရတာ၊ ကဲ ... အခုတော့ နောက်ပိုင်းမှာ ဘာတွေဆက်ဖြစ်လာမလည်းဆိုတာ ထပ်ကြည့်ကြသေးတာပေါ့"

သားကြီးက မောက်ခလုတ်ဖြူလေးကို ထပ်နှိပ်ကာ နောက်တစ်ကွက်ကို ရွှေ့သည်။ Computer Screen ပေါ်ထက်လာတာက



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနှင်းစေရာရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်း။

အမည် – ဒေါ်မြနှင်းစေရာ

အသက် – နှစ်ဆယ့်ငါးနှစ်

မိဘအမည် – ဦးအောင်နိုင်နိုင်+ဒေါ်ခင်ထားရီ

မွေးရပ်ဇာတိ – ပြည်မြို့

ပညာအရည်အချင်း – ဥရောပနိုင်ငံများမှ ချီးမြှင့်သော စီးပွားရေး ပညာဘွဲ့များ

လက်ရှိအလုပ်အကိုင် – မန်နေဂျင်းဒါရိုက်တာ (အိပ်မက် စေတမာန် ကုမ္ပဏီ)

နေရပ်လိပ်စာ – ခြံအမှတ်( )၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

သားကြီး ဖွင့်ပြသမျှ အချက်အလက်တွေ ဓာတ်ပုံမှတ်တမ်းတွေ၊ ခံစားချက်စာစုတွေအားလုံးကိုကြည့်ပြီး ဖတ်ပြီးချိန်မှာတော့ သွေးအေးအေးနဲ့ မာနခြင်းပြိုင် အသည်းခွဲသွားတာ ထင်ရှားလာခဲ့၏။

ကိုကိုကြီးအရိပ်ထင်ကိုယ်တိုင် မွေးနေ့သတာ့စားပွဲပြီးသည့်နောက်ရက်များမှစ၍ ဒေါ်မြနှင်းစေရာနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးခွင့်လေးရဖို့ ကြိုးစားခဲ့တာတွေ ဒေါ်မြနှင်းစေရာက အရိပ်လေးပဲပြပြီး အကြောင်းပြချက်မျိုးစုံနှင့် ရှောင်သွားခဲ့တာတွေ။ သူမကိုတွေ့ချင်မြင်ချင်လွန်း၍ ကုမ္ပဏီအဆောက်အဦထဲကို ဝင်ခွင့်ရဖို့ လက်ဆောင်ပန်းစည်းကလေးကိုကိုင်ပြီး ကုမ္ပဏီဂိတ်တံခါးဝမှာ မျက်နှာအငယ်ခံ တောင်းပန်ခဲ့ရတာတွေ မတွေ့ရမနေနိုင် ရူးသွပ်စွဲလမ်းခဲ့ရတာတွေ။ သူငယ်ချင်းတွေရဲ့ ရယ်မောရုံ့ချဟားတိုက်တာ





ခံခဲ့ရတာတွေ ဘယ်လိုမှလိုက်မရတဲ့အဆုံး အရက်ကိုနေ့ရောညပါသောက်ပြီး အသည်းကွဲလေလွှင့်ခဲ့တာတွေ ...

နောက်ဆုံးတစ်ညမှာတော့ ဒေါ်မြနှင်းစေရာကိုယ်တိုင် Restaurant တစ်ခုကိုလိုက်လာပြီး သွေးအေးအေးနဲ့အရက်တွေတစ်ခွက်ပြီးတစ်ခွက်ငှဲ့တိုက်ခဲ့တာတွေ၊ အမူးလွန်ပြီး ထိုင်ခုံလေးပေါ်က ပြုတ်ကျသွားခဲ့ချိန်မှာ ဒူးထောက်လိုက်ရသလိုဖြစ်သွားခဲ့တာတွေ၊ အချစ်စိတ်တွေနဲ့တအားရူးသွပ်လာပြီး ဆွဲလားရမ်းလားတွေဖြစ်လာချိန်မှာ ကိုကိုကြီးရဲ့သူငယ်ချင်းတွေရှေ့မှာပဲ ပါးသုံးချက်ဖြန်းရိုက်ပြီး ... ရယ်မောဟားတိုက်ထွက်သွားခဲ့တာတွေ ...

ဒါတွေအားလုံးရဲ့ဓာတ်ပုံမှတ်တမ်းတွေ ကိုကိုကြီးရဲ့ကိုယ်တိုင်ရေးခံစားချက်တွေ တစ်ခုမကျန် ... သူဖတ်ခွင့်ကြည့်ခွင့်ရခဲ့သည်။ ကိုကိုကြီး နောက်ဆုံးပိတ်ရေးထိုးသွားတဲ့ စာတန်းလေးကအဖွင့်မှာ ရေးထိုးထားတဲ့စာတန်းလေးကိုပဲ ကြေကြေကွဲကွဲရေးထိုးထားခဲ့တာပါပဲ။

"မိန်းမတစ်ယောက်ရဲ့လှပအိစက်တဲ့ ခြေဖမိုးလေးတစ်ဖက်ဟာ မာနကြီးတဲ့ယောကျ်ားတစ်ယောက် နောက်ဆုံးလက်နက်ချအညံ့ခံသင့်တဲ့ စိတ်ချောက်ချားစရာအကောင်းဆုံး စစ်မြေပြင်ပါပဲတဲ့"

ဟား ... လုံးဝလန်းတယ် ကိုကိုကြီးရာ ...

ဒီစာတန်းလေးနဲ့ပဲ ကိုကိုကြီးအသက်ကိုပါ လုံးဝပေးသွားခဲ့တာပေါ့။ ကိုကိုကြီးမသိဘူးလား၊ ကိုကိုကြီးရင်ဘတ်မှာ ထိုးစိုက်သွားတဲ့ ဒီအနက်ရောင်နှင်းဆီလေးဟာ တစ်နေ့နေ့မှာ ကိုကိုကြီးကိုအသေသတ်သွားမယ့် နှင်းဆီလေးဆိုတာ ကိုကိုကြီး နားမလည်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ... ဟွန်း ... ကျွန်တော်ကတော့ ဒီမိန်းမကို အသေမုန်းတယ်သိလား ကိုကိုကြီး ... ကျွန်တော် လက်စားပြန်ချေမယ်၊ ဒီလိုဖဲကြိုးနီလေးချည်ထားတဲ့ အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ သူ့နောက်ကိုတကောက်ကောက်လိုက်မယ်။ ပြီးတော့မှ ... သူ့ရင်ဘတ်မှာ မရှုရအောင် ကျွန်တော် ထိုးစိုက်မယ်။

ဒါကို တမလွန်ဘဝကနေ ကိုကိုကြီး စောင့်ကြည့်လိုက်။

မိန်းမောရှူးသွပ်သွားအောင် ဒီမိန်းမဘယ်လောက်ပဲလှလှ ကျွန်တော်ဘက်က သိချင်တဲ့အချက်အလက်တွေ ပြည့်ပြည့်စုံစုံရပြီဆိုတာနဲ့ ဒီမိန်းမကို စစ်ကြေညာမယ်၊ အောင်မြင်မှုလက်ခုပ်သံတွေနဲ့ လန်ထွက်သွားအောင် ကျွန်တော့်ရဲ့ စစ်ဦးအလံထိပ်မှာ သူ့လို အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုချိတ်ပြီး ... အနာကျည်းဆုံး၊ တံပိုးခရာမှုတ်သံတွေနဲ့ ဒီမိန်းမကို မာနခြွင်းပြိုင်ပြီး ... ကျွန်တော် အသည်းခွဲမယ်။

ရှင်းတယ်နော် ကိုကိုကြီး ...

ကျွန်တော့်နာမည် အဝေးနှင်ပါ ...

ဒီလိုမိန်းမမျိုးကို ကျောတစ်ရာရင်တစ်ရာ ကြိမ်ဒဏ်ခတ်ပြီး အဝေးဆုံးမြိုင်ရပ်ကို ကျွန်တော်နှင်မယ် ... ကိုကိုကြီးရာ ... ။

ကျွန်တော် နှင်မယ်ဗျာ ...

ဟား ... ဟား ... ။

## THE WAR OF ROSE
## PART TWO

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"ဒုန်း ... "

"အို ... တိုက်ပြီ ... "

ထင်မှတ်မထားနဲ့ပါ။

အမှောင်ရိပ်တစ်ခုအောက်က လမ်းမပေါ်ကို အညို့ရောင်ကိုယ်တိုင် နက်ပြာရောင် LAND CRUSER ကားသစ်ကြီးကို ကွေ့ချိုးပြီးမောင်းအတက် အမှောင်ရိပ်အောက်ကနေ မထင်မှတ်ဘဲ ပြေးဝင်လာသည့်လူတစ်ယောက်ကို ကားညာဘက်ထောင့်စွန်းကလေးနဲ့ ဒုန်းခနဲ တိုက်မိသွားတာကို သိလိုက်တော့ မျက်လုံးတွေပြာပြီး တစ်ကိုယ်လုံး အေးစက်သွားသည်။

"ဘာဖြစ်တာလဲဟင် ... အညို့ရောင် ... "

"ဟို ... ဟို ... အညို့ရောင် ... လူတစ်ယောက်ကို တိုက်မိသွားပြီ MD ... ကား ... ကားဘေးမှာ သူလဲနေပြီ"

"အို ... "

ဒေါ်မြို့နှင်းစေရာပင်လျှင် ကားနောက်ခန်းကလေးထဲမှာ ထိုင်ပြီး ရင်ထဲမှာပါ ထိတ်ခနဲ ဖြစ်သွားမိသည်။





"ဆင်း ... ဆင်းကြည့်လိုက်လေ အညို့ရောင် ... "

"ဟာ ... အညို့ရောင် ... အညို့ရောင် မကြည့်ရဲဘူး MD"

"ဒုက္ခပါပဲကွာ"

အခုမှ ညစာ,စားပွဲပြီးလို့ Hotel ကြီးတစ်ခုထဲကနေ အညို့ရောင်နဲ့နှစ်ယောက်သား ပြန်ထွက်လာခဲ့ကြတာပါ။ ကားကလည်းကောင်း လမ်းကလည်းရှင်းနေတော့ အညို့ရောင် စိတ်အေးလက်အေး ဆေးမောင်းလိုက်မိတယ်ထင်ပါ့။ ဘယ်တတ်နိုင်တော့မှာလဲ။ တစ်ခုဖြစ်သွားတယ်ဆိုရင်တောင် နီးရာဆေးခန်းတစ်ခုခုကို ပို့ပေးလို့ရအောင် သူမကပဲ ကားအောက်ကို ဆင်းကြည့်ဖို့ဆုံးဖြတ်လိုက်သည်။

"ဘာဖြစ်တာလဲဟေ့ ... "

"ဟို ... ဟိုမှာ ကောင်လေးတစ်ယောက်ကို ကားတစ်စီးဝင်တိုက်လိုက်လို့ ... "

ဒီအချိန်ကြီးမှာတောင် လမ်းပေါ်ကို လူတွေဘယ်လိုရောက်လာကြမှန်းမသိ။ ခဏလေးနဲ့ လူလေးငါးယောက်လောက်က ကားဘေးမှာ ဝိုင်းအုံသွားသည်။

"ဟို ... ဟိုလေ ... ဘာမှ စိတ်မပူပါနဲ့နော် လူနာ ဘာမှမဖြစ်သေးဘူး ... ကျွန်မတာဝန်ယူပါတယ် ... "

ကားပေါ်က ဆင်းလာကာ ဒေါ်မြို့နှင်းစေရာကိုယ်တိုင်ပါ။

"ဟာ ... "

"ဟင် ... "

သူမကိုမြင်တော့ ဝိုင်းအုံနေတဲ့လူတွေအားလုံး သူမဆီကိုပဲ အကြည့်တွေ ချာခနဲရောက်လာသည်။ မြန်မာဆန်ဆန် အညို့ရောင်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖုံးလက်ရှည်တလေးကို ချိတ်အဝါစင်းကလေးနဲ့ တွဲဝတ်ထားတာမို့လည်း သူမပုံစံလေးက ဝင်းထင်းအိစိုကာ လူတွေအားလုံးက အသက်ရှုမှားစွာ ငိုင်းကြည့်လိုက်ကြတာပဲဖြစ်ပါသည်။

"ဟော့ ... ဟော့ ... မင်းတို့အားလုံး ဘာငိုင်နေတာလဲ၊ သူတာဝန်ယူတယ်ဆိုရင် တိုက်မိသွားတဲ့ကောင်လေးကို ကားနောက်ခန်းမှာ ငိုင်းတင်ပေးလိုက်လေ ..."

"ဟုတ်တယ်ဟော့ ... တင် ... တင်ပေးလိုက် ..."

"ဟာ ... လူနာကို နောက်ခန်းမှာတစ်ယောက်တည်း မထားနဲ့နော် ..."

"အို ... ရပါတယ်၊ ကျွန်မ ထိန်းကိုင်ထားပေးပါ့မယ်"

ပြဿနာက ကားပေါ်မှာ သူမနဲ့အညိုရောင်နှစ်ယောက်တည်း။

"တော်သေးတာပေါ့ကွာ အကွေ့မှာ တိုက်မိလိုက်လို့"

"ကြောက်ပြီး သတိလစ်သွားတာဖြစ်မယ် ..."

"မောင်း ... မောင်းတော့လေ အညိုရောင်"

MD က နောက်ခန်းထဲကနေ လူနာကိုထိန်းကိုင်ထားရင်း သတိပေးတော့မှ အညိုရောင် ကားမောင်းထွက်ဖို့သတိရသည်။

"သူ ... သူက အမှောင်ထဲကနေ ကားရှေ့ကိုပြေးထွက်လာတာ MD ရဲ့"

"အဲဒါတွေ နောက်မှပြောလေ ... အညိုရောင်၊ SSC ဖြစ်ဖြစ် အာရှတော်ဝင်ဖြစ်ဖြစ် အနီးဆုံးဆေးခန်းတစ်ခုကို မြန်မြန်မောင်း"

သူမကိုယ်တိုင် လူနာကိုပွေ့ကိုင်ထိန်းထားရင်း ဘာလုပ်ရမှန်းမသိ။ လူနာကောင်လေးဆီက ညည်းညူသံလေးတစ်ခုကို





ကြားလိုက်ရတော့မှ မြူအထိတ်တလန့်လေး လှည့်ကြည့်လိုက်တော့ ကားနောက်ခန်းအမှောင်ထဲမှာမို့ လူနာကောင်လေးရဲ့မျက်နှာလေးကို မမြင်ရပြန်ပါ။

"အား ... အင်း ..."

"အို ... အို ..."

ကားလေးကို အညိုရောင်က ညင်သာသွက်လက်စွာ မောင်းထွက်လာခဲ့စဉ်မှာပင် ညည်းညူသံလေးနှင့်အတူ လှုးလွန့်သာသောလူနာက တောင့်ဖြောင့်ကျစ်လစ်သောကိုယ်လုံးလေးက သူမရဲ့ကိုယ်ပေါ်ကို ပြိုလဲကျလာတာမို့ နောက်ခန်းထိုင်ခုံလေးပေါ်မှာ စိတ်လှုပ်ရှားစွာ ထိုင်နေမိတဲ့သူမရဲ့ ရင်ခုန်သံလေးတွေကပါ မြန်ဆန်သွားခဲ့ရပါသည်။

"ဒီ ... ဒီမှာနော်၊ မင်းသတိရပြီလား ... မင်းကို မ,ရဲ့ကားနဲ့ တိုက်မိသွားလို့ ဆေးခန်းပို့ပေးမလို့ ခေါ်လာတာနော်"

အမှောင်ရိပ်ကလေးထဲမှာ ကြည့်လိုက်ရုံနှင့်ပင် သိသာလှလေသည်က ချော့မောစိုပြေသော လူငယ်လေးတစ်ယောက်။

အသားအရည်လေးကလည်း စိုစိုပြေပြေကလေး။ ကိုယ်လုံးကိုယ်ပေါက်လေးကလည်း တောင့်ဖြောင့်သန်စွမ်းလို့။ လမ်းမီးတိုင်တွေအောက်က ကားဖြတ်မောင်းလေတိုင်း ဖြာခနဲ ဝင်လာသည့် အလင်းရောင်လေးအောက်မှာ တစ်ချက်တစ်ချက် ရိပ်ခနဲ ရိပ်ခနဲ သူမမြင်လိုက်ရတာက စင်းကော့ရှည်လျားတဲ့ သူ့ရဲ့မျက်တောင်နက်နက်ကြီးတွေကိုပါပဲ။

နှာတံလေးက ဖြောင့်စင်းကော့ချွန်နေသလို စိုရဲတဲ့နှုတ်ခမ်းတွေကလည်း ထင်းထင်းကလေးစေ့ထားတာမို့ လူရည်သန့်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှန်းတော့ အမှောင်ထဲမှာပင် သူမနားလည်ထားမိသည်။

"ဟင်း ... ဟင်း ..."

"အို ... မင်းသတိရပြီလားဟင် ချာတိတ် ..."

"ပြောလေကွာ ... မင်းသတိရပြီလားလို့ ..."

"အား ... ကျွတ် ..."

"အို ..."

ထင်မထားခဲ့ပါ။

ကားနောက်ခန်းလေးထဲမှာ သူ့ပခုံးလေးတစ်ဖက်ကို အသာလေးထိန်းဖက်ကိုင်ထားပေးနေသည့်ကြားမှ သူမရင်ခွင် တည့်တည့်ဆီကို ကျစ်လစ်သန်မာတဲ့ သူ့ခန္ဓာကိုယ်တစ်ခုလုံး ဒုတိယအကြိမ်မြောက် လဲပြိုကျလာမှုကြောင့် သူမရဲ့ဖူးစင်ဝင်းမွတ် နေတဲ့ မျက်နှာလေးတစ်ခုလုံး ပန်းသွေးရောင်ရဲရဲလေးတွေနဲ့ စိုဖုံးလို့ သွားခဲ့ရပြန်ပါပြီ။

"ဟွန်း ... ပြဿနာပဲကွာ"

ခန္ဓာကိုယ်နှစ်ခုက အလွန်အကျွံထိကပ်နေရသည်မို့ သူမရဲ့ ရင်ထဲမှာ လှိုက်ဖြာနွေးဆင်းသွားခဲ့ရသလို သူမရဲ့နှုတ်ခမ်းဖူးဖူးလေး တွေကလည်း လူးလွန့်ညည်းညူလို့သွားခဲ့ရသည်။ သူမရဲ့ဘဝမှာ သွေးမတော်သားမစပ်သည့် ယောကျ်ားလေးတစ်ယောက်ကို ဒီ လောက်ပူးကပ်စွာ ရင်ခွင်ထဲကို လဲပြိုကျလုနီးပါး ထိန်းသိမ်းပွေ့ဖက် ထားရတာ ပထမဆုံးအကြိမ်ပါပဲ။

မြန်ဆန်လာသော ရင်ခုန်သံတွေကိုထိန်းရင်း သူမရဲ့ရင် နှစ်မွှာနှင့်မထိရလေအောင် ကယောင်ကတမ်းလေးနဲ့ သူမကြိုးစား





လိုက်စဉ်မှာတော့ ...

"အို ... အို ..."

အဖြစ်က ဘယ်လိုမှရှောင်လွှဲလို့မရတော့တဲ့အဖြစ်။

တစ်သားတည်း နီးကပ်စွာထိစပ်နေရတဲ့အဖြစ်။

"ဟင်း ... ဟင်း ..."

သွားပါပြီကွာ။

ချောမောတည်တင်းလွန်းတဲ့ သူ့မျက်နှာလေးဆီက လူးလွန့် သွားတဲ့ညည်းညူသံလေးတစ်ခုနှင့်အတူ လှုပ်ရှားလာတဲ့သူ့လက် တွေက အယောင်ယောင်အမှားမှားဖြစ်စွာနဲ့ သူမရဲ့ကိုယ်လုံးဖူးဖူး ဆင်းတင်းကလေးကိုပင် တအားသိမ်းကြုံးလို့ ပွေ့ဖက်လိုက်လေပြီ မှ

"ဟာ ... မင်း ... မင်းကွာ ... ဟင်း ... ဟင်း ..."

သူမ ဘာလုပ်ရမှန်းမသိတော့ပါ။

ထိုအချိန်မှာ အညိုရောင်ကလည်း ဆေးခန်းရောက်ဖို့ကို သာ ဂရုစိုက်မောင်းနေရတာမို့ နောက်ခန်းထဲက သူမရဲ့အခြေအနေ ကို မတွေ့နိုင်ပါသော်လည်း သူမကတော့ ရင်တွေတလှပ်လှပ် ချိန်ကာ တစ်ကိုယ်လုံး အေးစက်လာခဲ့ရတဲ့အဖြစ်။

တကယ်တော့ ဒီအခြေအနေဟာ မလွှဲသာမရှောင်သာ ရင် ဆိုင်လိုက်ရတဲ့ စိတ်လှုပ်ရှားဖွယ် အခြေအနေလေးတစ်ခုရယ်ပါပဲ။

သန်မာကျစ်လစ်တဲ့ သူ့ရဲ့ခန္ဓာကိုယ်အထက်ပိုင်းတစ်ခုလုံး မထိန်းနိုင်မသိမ်းနိုင်စွာ သူမရဲ့ရင်ခွင်ထဲကို ကျရောက်လာခဲ့ချိန် မှာတော့ တလှပ်လှပ်တုန်ရလေသောရင်။ တငြိမ့်ငြိမ့်လှိုက်ဖြာရလေ သော ခံစားမှုတို့ဖြင့် ရှက်ရွံ့ထူပူစွာ ပင့်သက်မောတွေကိုပဲ ခေါ်မြူ



www.burmeseclassic.com

www.burmeseclassic.com



နှင်းစေရာ ချွဲရပါသည်။

"အညှို့ရောင် ကားကိုမြန်မြန်မောင်းစမ်းပါကွယ် ..."

"ဟုတ် MD ... နောက်တစ်ခါ ထပ်တိုက်မိမှာစိုးလို့ သတိထားမောင်းနေရလို့ပါ ..."

အရေးထဲမှာ မိုးပွိုင့်တွေက တစ်ခုပြီးတစ်ခု မိနေလိုက်သေး။

"ဟင်း ... ဟင်း ..."

"အို ... မင်းသတိရပြီလား ..."

သူမက တုန်ရင်လှုပ်ခတ်စွာမေးလိုက်မိပေမယ့် သူ့ဆီက တုန့်ပြန်သံမကြားရသေးပါ။ ထိုအချိန်မှာ သူက ရုတ်တရက် ကိုယ် ကလေးကိုလွန့်၍ တင်းကြပ်စွာတိုးဖက်ပစ်လိုက်တာမို့ သူမရဲ့ မျက်နှာဖူးဖူးလေးစိုက်ကျသွားရပြီး သူ့ဆံပင်ပျော့ပျော့ခွေခွေလေးတွေ ဆီမှာ သူမရဲ့နှုတ်ခမ်းလေးတွေ ထိကပ်သွားရတဲ့အဖြစ်က ပိုဆိုးသွား ခဲ့သည်။

"ဟင့်အင်းကွာ ..."

"မင်း ... မင်း ..."

"မ,ကို လွှတ်စမ်း ..."

သူ့ဆံပင်လေးတွေဆီက သင်းမွှေးတဲ့ရနံ့လေးတစ်ခုမှာ သူ ကိုယ်တိုင် ယစ်မူးမျှောပါသွားလုမတတ် ဖြစ်သွားချိန်မှာ မျက်နှာ လေးကို ဆွဲယူမော့ပစ်လိုက်ရင်း ပထမဆုံးအကြိမ် ထိုအဖြစ်ကို သူ ငြင်းဆန်လိုက်မိတာပဲဖြစ်သည်။

သို့သော် ... သူကတော့ သူမကို လွှတ်မပေးသေးပါ။





သူဟာ သတိရနေပါလျက် ကယောင်ကတမ်းလေးဖြစ်နေ ဟန်ဆောင်နေခဲ့သည်လားဆိုတာကိုလည်း ရေရာစွာ ဒေါ်မြနှင်း စေရာ မခွဲခြားနိုင်ခဲ့ပါ။ သူ့ကြောင့် တစ်ကိုယ်လုံးထူပူကာ ရှက်ရွံ့ နေရတဲ့သူမမှာတော့ဖြင့် ...

"လွှတ် ... လွှတ်လေကွာ ..."

"အို ..."

"ဟင့် ..."

သွားပါပြီ။

သူက ယောင်ယမ်းစွာ သူမဘက်ကို မျက်နှာလေးပြန် အလှည့် ... သူမကလည်း ဝင်းမွတ်ဖူးစင်နေတဲ့မျက်နှာလေးကို အောက်ကိုအရှိန်မထိန်းနိုင်တော့ဘဲ ငုံ့လိုက်မိတဲ့အချိန် ...

"ဟာ ..."

"ဟာကွာ ... မင်း ..."

သူမရဲ့နှုတ်ခမ်းဖူးဖူးစိုစိုလေးတွေနဲ့ သူ့ရဲ့ဖြောင့်စင်းကော့ ချွန်တဲ့ နှာတံလေး ပွတ်တိုက်လိုက်မိသလို ထိမိသွားရတဲ့အဖြစ် ကြောင့် သူမရဲ့ရင်ခုန်သံတွေ တရကြမ်းမြန်ဆန်သွားခဲ့ရပြီး သူမရဲ့ မျက်နှာလေးကို အထိတ်တလန့်လေးပြန်မော့လိုက်ရတဲ့အထိ အခြေအနေက ဆိုးဝါးသွားခဲ့သည်။

"ဟင် ... ခင်ဗျား ... ခင်ဗျားဘာလုပ်တာလဲ ..."

"အို ... အို ... မင်း ..."

သူမကို တွန်းထိုးဖယ်ရှားရင်း သူသတိပြန်ရလာခဲ့ပါပြီ။

"မင်း ... မင်းကို မ,ရဲ့ကားနဲ့ မတော်တဆတိုက်မိသွားလို့ ဆေးခန်းကိုသွားနေတာလေ၊ အဲဒါ ... မင်းလဲကျမသွားအောင် မ,



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး ထိန်းလာတာ ... ”

“ကျွန်တော် ... ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ကျွန်တော့်ကို အခုချက်ချင်း ကားရပ်ပေးပါ ... ကျွန်တော် ပြန်ဆင်းမယ် ... ”

သူမကိုကျော်ခိုင်းကာ ပြန်ဆင်းဖို့ပြင်နေသော ထိုကောင်လေးကို သူမဘာပြန်ပြောရပါတော့မလဲ။ ထိုအချိန်မှာ တွန့်ကြေသွားသည့် အင်္ကျီလေးရဲ့ အဖျားအနားကလေးတွေကို အမှောင်ထဲမှာ ဆွဲဆန့်ရင်း မျက်နှာလေးကို တင်းတင်းလေး ဒေါ်မြုနှင်းစေရာက မော့သည်။

“အေးလေ ... မင်းဘာမှမဖြစ်ရင်လည်း ပြီးတာပါပဲ ... ”

အရေးကြီးတာ အိပ်မက်စေတမာန် ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဒေါ်မြုနှင်းစေရာရဲ့ ဂုဏ်သိက္ခာတွေ မကျဆင်းစေဖို့ပါ။ မျက်နှာထားကလေးကို တည်တည်တင်းတင်းကလေးဖြစ်သွားအောင် ဒေါ်မြုနှင်းစေရာက ပြင်လိုက်သလို ခါးကလေးကိုဆန့်ရင်း ကိုယ်လုံးကလေးကိုပါ မတ်သည်။

“ရပ်လိုက်လေ အညိုရောင် ... ရှေ့မှာ သူဆင်းမယ် ... ”

ဒါ ... အမိန့်ပါ ...

ဒေါ်မြုနှင်းစေရာရဲ့ တိကျပြတ်သားခိုင်မာတဲ့အမိန့်။

အညိုရောင်က ကားကိုထိုးရပ်လိုက်တော့ သူမကိုပင် လှည့်မကြည့်တော့ဘဲ ကားတံခါးကို ဝုန်းခနဲဖွင့် ဒိုင်းခနဲပိတ်ကာ သူမတို့ကားလေးကို ကျောခိုင်းထွက်သွားသည်။

ဟွန်း ...

ဒါကြောင့်မို့ ... ယောက်ျားတွေကို သူမမုန်းခဲ့တာ။

ဘာလဲကွာ အဓိပ္ပာယ်မရှိ။ တစ်ခုခုထိခိုက်သွားမှာစိုးလို့





ကိုယ်ကလည်းလိုက်ပို့ရသေး။ စကားပြောတော့လည်း ကျေးဇူးတင်ကြောင်းလေးတောင် တစ်ချက်ကလေးပြောဖော်မရ။

“MD ရယ် ... ဘာမှမဖြစ်လို့ တော်သေးတယ်နော်”

“မပြောနဲ့တော့ အညိုရောင် ... အဲဒီအဖြစ်တွေအားလုံးကို မင်းမေ့ပစ်လိုက်တော့”

သူမဘာဖြစ်လို့ ဒီလောက်ထိ စိတ်တိုသွားခဲ့ရတာလဲ။

အညိုရောင်ကတော့ ဘာပဲဖြစ်ဖြစ် ယောက်ျားလေးတွေနဲ့ ဝတ်သက်လာရင် ပြောတာဆိုတာ နေတာထိုင်တာကအစ တည်တည်တင်းတင်းကလေးဆက်ဆံတတ်တဲ့ ကိုယ့် MD အကြောင်းကို သိထားပြီးသားပါ။

နေ့လည်ကတည်းက MD စိတ်တွေလှုပ်ရှားနေပြီး Crusher ပုလင်းတွေ တစ်လုံးပြီးတစ်လုံး ဖွင့်ဖောက်သောက်နေတာ။ တစ်ခုခုကို အမြဲစိတ်တိုလာတိုင်း စိတ်စားချက်တစ်ခုခုကြောင့် နှုတ်ခမ်းဖူးဖူးလေးတွေကို တင်းတင်းလေးစေ့ပြီး မျက်ဝန်းလေးတွေ အေးစက်လာတိုင်း ကွဲစေသူ ခွဲချေသူလို့ အဓိပ္ပာယ်ဆိုနိုင်တဲ့ Crusher အအေးပုလင်းတွေကိုပဲ ဒေါ်မြုနှင်းစေရာက အမြဲသောက်နေကြလေ။

အညိုရောင်ကလည်း ဒါကိုမသိဟန်ဆောင်ကာ တစ်နေကုန်တွန်းပျူတာတစ်လုံးနဲ့ အလုပ်ရှုပ်နေခဲ့သည်။ မသိဘဲနေပါ့မလား MD ရယ်။

MD အခန်းထဲမှာ နှင်းဆီလေးတစ်ပွင့် ထွင်းဖောက်စိုက်ဝင်နေတဲ့ MD ရဲ့ ပုံတူပန်းချီကားကြီးကို အံ့သြဖွယ်ကောင်းလောက်အောင် MD ကိုယ်တိုင်က ချိတ်ဆွဲပြထားခဲ့တာ။

ဒါဟာ MD ရဲ့ လှပတဲ့မာနလေးတစ်ခုများ ဖြစ်နေမလား။



www.burmeseclassic.com

www.burmeseclassic.com



MD နဲ့အညိုရောင် နှစ်ယောက်တည်းနေတဲ့ ခြံထဲကို ရောက်တော့လည်း ကားရပ်လိုက်တာနဲ့ MD ဆင်းပါသည်။

ထိုစဉ်အခိုက်လေးမှာ MD ရဲ့ ဖြောင့်စင်းကြွရွတဲ့ MD ခန္ဓာကိုယ်လေးကို အမှတ်တမဲ့ မျက်ဝန်းကလေးတွေနဲ့ အညိုရောင် လှမ်းကြည့်လိုက်တော့

"အို ... MD ... MD ... ရင်ဘတ်မှာ ... "

"ဘုရားရေ ... ကြည့်စမ်း ... "

အိစက်သော အနက်ရောင်နှင်းဆီ Black Rose လေး။

"ဒါ ... ဒါ ... "

MD စကားမပြောနိုင်တော့ပါ။

အဖျားလေးညွတ်ကာ စင်းကော့နေသည့် မျက်တောင်ရှည်ရှည်လေးတွေကိုပင် ကိုယ့် MD က မခတ်နိုင်တော့ပြီ။

အညိုရောင် ဘာပြောစရာလိုတော့မှာလဲ။

သိပ်ကိုရှားပါးပြီး အိစက်လှပတဲ့ နှင်းဆီအနက်ရောင်လေးက ခုတော့လည်း MD ရင်ဘတ်လေးဆီမှာ ...

ဒီနှင်းဆီလေးက MD ရင်ဘတ်ပေါ်မှာ ဘယ်အချိန်ကတည်းက အခန့်သားနေရာယူသွားခဲ့တာလဲ ...

❀.........❀

အခန်း ( ၄ )

မမျှော်လင့်ခဲ့ပါ ...

တစ်နေ့နေ့မှာ အိစိုလှပတဲ့ ရှားပါးအနက်ရောင်နှင်းဆီ Black Rose လေးတစ်ပွင့်ကို လက်ထဲမှာ တင်းတင်းလေးဆုပ်ကိုင်ထားတဲ့ ဆံပင်ပျော့ပျော့ခွေခွေလေးတွေရဲ့ပိုင်ရှင် နက်ပြာရောင်နီလက်တောက်ပနေတဲ့ မျက်ဝန်းလေးတွေရဲ့ အရှင်သခင်။

တီရှပ်ဖြောင်အနက်ရောင်လေးကို အသားပွပွစတိုင်လ်ပန်နက်ပြာရောင်လေးနဲ့ တွဲဝတ်ထားပြီး ထိမထင်တဲ့ ဘယ်အရာကိုမှ ဂရုစိုက်နေမှာမဟုတ်တဲ့ တင်းစေ့တဲ့နှုတ်ခမ်းရဲရဲလေးတွေကိုပိုင်တဲ့ လူတစ်ယောက်ဟာ GLOBLE တံဆိပ် ခရီးကြမ်းစီးခွာမြင့်ဖိနပ်ကို တဒေါက်ဒေါက်နဲ့ အသံပေးစီးလာရင်း ထည်ဝါခမ်းနားပြီး ခေတ်မီလှပတဲ့ ကြမ်းပြင်မှာတောင်အရိပ်တွေ ဖိတ်ဖိတ်လက်အောင်ထင်နေတဲ့ အိပ်မက်စေတမာန်ကုမ္ပဏီကြီးရဲ့ ဧည့်ကြိုအခန်းတံခါးကို မာဆတ်တင်းပြတ်နေတဲ့မျက်နှာ ခပ်မှုံမှုံလေး ကွေးညွတ်နေတဲ့ နှုတ်ခမ်းလေးတစ်စုံနဲ့ မိုးပေါ်ကကျလာသလို ရောက်လာလိမ့်မယ်

www.burmeseclassic.com



ဆိုတာ ဘယ်သူ့ကာ ကြိုတင်မျှော်လင့်ထားခဲ့မှာလဲ။

"ဟင် ... "

သူ့ကို ရုတ်တရက်တွေ့လိုက်ရတဲ့အချိန်မှာ တည်တင်းတဲ့မျက်ဝန်း နက်နက်လေးတွေရဲ့ပိုင်ရှင် မိုးပြာရောင်ကုတ်အင်္ကျီလက်ပြတ်အတို လေးကို နက်ပြာရောင် စကော်ထမီလေးနဲ့ တွဲဝတ်ထားတဲ့ လှှာဆို တဲ့ အိပ်မက်စေတမာန် ကုမ္ပဏီကြီးရဲ့ သာမန်ရှေ့ကြို ဝန်ထမ်းမ လေးတစ်ယောက်ရဲ့ ထူနက်နက်မျက်ခုံးတန်းကလေး တွေ ဖျတ်ခနဲ စုကျုံ့တက်သွားခဲ့ပြီး အိစိုလှပတဲ့နှုတ်ခမ်းလေးတွေကပါ ဝိုင်းစက် သွားခဲ့ကာ ...

"ဟို ... ဟိုလေ ဘယ်သူနဲ့တွေ့ချင်လို့ ... "

တည်တင်းအေးစက်လွန်းတဲ့ မျက်ဝန်းနဲ့ ထောင့်စွန်းလေး တစ်ဖက် ညွတ်ကွေးနေတဲ့ နှုတ်ခမ်းပိုင်ရှင်လူတစ်ယောက်ကို အခန်းဝမှာ ရုတ်တရက် မမျှော်လင့်ဘဲ တွေ့လိုက်ရတာမို့ လှိုက်ဖြာ သွားရတဲ့ရင်က မငြိမ်သက်နိုင်သေးသလို သူမရဲ့မျက်ဝန်းအကြည့် လေးတွေကလည်း သူ့လက်ထဲမှာ ခပ်တင်းတင်းလေးဆုပ်ကိုင်ယူ လာတဲ့ ရှားပါးအနက်ရောင်နှင်းဆီ Black Rose လေးတစ်ပွင့်ဆီ ကို အမှတ်တမဲ့လေး ရောက်သွားရတာမို့ သူမရဲ့စကားသံလေးတွေ ထစ်ငေါ့တုန့်ယင်သွားခဲ့ရပြီး အဖျားလေးညွတ်ကာ စင်းကော့နေ သည့်မျက်တောင်ရှည်ရှည်လေးတွေကို ပုတ်ခတ်လိုက်ဖို့ မေ့လျော့ သွားရလေတဲ့အထိ အံ့သြတုန်လှုပ်သွားခဲ့ရတာလည်း သေချာသွား ခဲ့သည်။

"အဟွန်း ... ဒေါ်မြူနှင်းစေရာနဲ့ တွေ့ချင်လို့ပါ ... "

"ရှင် ... "





"ဟင် ... မင်းဘာဖြစ်လို့ ငါ့ကိုကြောင်တောင်တောင်ပြန် မော့ကြည့်နေတာလဲ၊ ဒေါ်မြူနှင်းစေရာလေ ... သိပ်ကိုလှပါတယ် ဆိုတဲ့ မင်းတို့အိပ်မက်စေတမာန်ကုမ္ပဏီကြီးရဲ့ မန်နေဂျင်းဒါရိုက် တာကြီး ဒေါ်မြူနှင်းစေရာနဲ့တွေ့ချင်တာလေ ... ဟင်း ... ဟင်း၊ သူက ဖူးတင်းပြီးတော့ ဝင်းနှစ်နေအောင်လှသလို သိပ်လှတဲ့ သူ့ အလှတွေအားကိုးနဲ့ ယောကျ်ားလေးတွေ တစ်ယောက်ပြီး တစ် ယောက်ကို Lesson တွေပေးနေတယ်ဆိုလို့ လာတွေ့တာပါ"

"ဘုရားရေ ... "

ကြည့်စမ်း ...

ဒေါ်မြူနှင်းစေရာဆိုတာ ဖူးတင်းပြီးတော့ ဝင်းနှစ်နေအောင် လှသလို၊ သိပ်လှတဲ့သူ့အလှတွေအားကိုးနဲ့ ယောကျ်ားလေးတွေ တစ်ယောက်ပြီးတစ်ယောက်ကို Lesson တွေပေးနေတယ်ဆိုလို့ လာတွေ့တာတဲ့။

အဲဒါမှ ပြဿနာပဲ ...

"ရှင် ... ရှင်ဘယ်လိုပြောလိုက်တာလဲ ... "

လှှာက မကျေနပ်တဲ့မျက်ဝန်းတွေနဲ့ ခပ်တင်းတင်းမော့ ကြည့်လိုက်တော့ ...

"ဟာ ... မင်း ငါ့ကို အဲလိုမျက်လုံးမျိုးတွေနဲ့ ပြန်မော့မကြည့် နဲ့လေ ... ငါပြောတာ ရှင်းရှင်းလေး၊ အများက ဒေါ်မြူနှင်းစေရာလို့ တောင် ကိန်းခန်းကြီးကြီးနဲ့တလေးတစား အခေါ်ခံနေရတဲ့ အိပ်မက်စေတမာန် ကုမ္ပဏီကြီးရဲ့ မန်းနေဂျင်းဒါရိုက်တာ ဒေါ်မြူ နှင်းစေရာကို တွေ့ချင်လို့ငါလာခဲ့တာ ရှင်းတယ်နော် ... ပြောပါ သူ့ကိုဘယ်အခန်းမှာ ငါတွေ့ခွင့်ရနိုင်မလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ဒါဆိုရင်တော့ ဒီခုံလေးမှာ ရှင်ခဏတော့ ဝင်ထိုင်လိုက်ပါ ..."

"ဟာ ... ငါ ဒီကိုလာတာ မင်းနဲ့ထိုင်ပြီးစကားတွေပြောနေဖို့ လာတာမဟုတ်ဘူးနော် ..."

"ရှင် ..."

လွှာ ပိုပြီးတော့တောင် မျက်နှာထားလေးက တည်တင်းသွားခဲ့ရပြီ။

ကြည့်ပါဦး ... ခုတော့ မထင်မှတ်စွာဘဲ ...

တောင့်ဖြောင့်မြင့်မားတဲ့ အရပ်အမောင်းတစ်ခုကိုပိုင်ဆိုင်ထားပြီး ဝင်းနှစ်စိုပြေတဲ့အသားအရည် စူးနင့်ပြီးတော့ လက်ဖြာတောက်ပနေတဲ့ မျက်ဝန်းပြာတွေရဲ့ အရှင်သခင်။ နားသယ်စပ်လေးနားကနေ မေးဖျားလေးရဲ့အောက်အနားလေးထိရောက်အောင် မွေးညှင်းစိမ်းနုနုကလေးတွေ ပါးပါးရိပ်ရိပ်ကလေးဖြာပြေးနေတဲ့ သိပ်ကိုတည်တင်းချောမောတဲ့ ယောကျ်ားတစ်ယောက်ဟာ အိစိုလှပတဲ့ ရှားပါးအနက်ရောင်နှင်းဆီ Black Rose လေးတစ်ပွင့်ကိုကိုင်ကာ ဘယ်သူ့ကိုမှ ဂရုစိုက်နေမှာမဟုတ်တဲ့ မျက်နှာထားတင်းတင်းလေးနဲ့ ခပ်မိုက်မိုက်ခပ်ပြတ်ပြတ်လေး တောင်းဆိုလိုက်တာဟာ ယောကျ်ားဆိုရင် ဘယ်လိုယောကျ်ားမျိုးကိုမှ ဂရုလည်းမစိုက် အထင်လည်းမကြီး ... စိတ်လည်းမဝင်စားတတ်တဲ့ အိပ်မက်စေတမာန်ကုမ္ပဏီရဲ့ အရှင်သခင်မလေး ဒေါ်မြုနှင်းစေရာနဲ့မှ အသည်းအသန်တွေ့ချင်နေရသတဲ့လား။

"အဟင်း"

လွှာတွေးပြီးတော့ တစ်ယောက်တည်းပြုံးလိုက်သည်။





ပြီးတော့မှ ကိုယ်ကလေးကိုမတ်ရင်း ခါးကလေးကိုဆန့်ဆိုက်ကာ ...

"ရှင် ... မထိုင်ချင်ဘူးဆိုလည်းရပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှင့်ကိုကျွန်မ မေးချင်တယ်၊ ရှင်ဖြေနိုင်ရင်လည်းဖြေပေါ့"

"ဟင် ... မင်းက ဘာမေးချင်တာလဲ"

"ဟိုလေ ... ရှင့်လက်ထဲမှာကိုင်လာတဲ့နှင်းဆီလေးက"

"ဘာပြောတယ် ..."

မထင်မှတ်တဲ့မေးခွန်းတစ်ခုကြောင့် သူ့မျက်ခုံးတန်းလေးနှစ်ဖက်က ဖျတ်ခနဲပင့်တက်သွားခဲ့ရသလို လက်ထဲမှာ ကိုင်ထားတဲ့ Black Rose လေးကလည်း ဘာရိုက်ခတ်မှုမှမရှိပါဘဲ ဆတ်ခနဲဆုန်သွားရတဲ့အဖြစ်က သူကိုယ်တိုင် အံ့ဩသွားရတဲ့အဖြစ်လေးပဲလဲ။

"ဟို ... ဟိုလေ ... အဲဒီလိုမေးတာ ကျွန်မစပ်စုတာမဟုတ်ဘူးနော်"

လွှာ အလျှော့မပေးနိုင်ပါ။

ကုမ္ပဏီကိုရောက်လာတဲ့ ဧည့်သည်မှန်သမျှကို စစ်ဆေးမေးမြန်းရမည့်တာဝန်ဟာ လွှာဆိုတဲ့ ဧည့်ကြိုဝန်ထမ်းမလေးတစ်ယောက် အမှန်တကယ်ထမ်းဆောင်ရမယ့် တာဝန်တွေပါ ... ဒါကြောင့်မို့လည်း လွှာက သူ့ကိုတင်းတင်းလေးမော့ကြည့်ပြီးတော့မှ ခပ်ပြတ်ပြတ်လေးပဲ မေးလိုက်မိတာပါ။

"စပ်စုတာမဟုတ်ရင် မင်းဘာဖြစ်လို့ အဲလိုမေးလိုက်တာလဲရှင်၊ ဒါ ... မင်းနဲ့လုံးဝမသက်ဆိုင်တဲ့ ကိစ္စတစ်ခုလို့ပဲ မင်းစိတ်ထဲမှာ နားလည်ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်ဝင်စားလို့ပါ ... "

"ဘာပြောတယ် ... "

"စီးပွားရေးလုပ်နေတဲ့ ကုမ္ပဏီအဆောက်အဦကြီးထဲကို ခပ်မိုက်မိုက်ခပ်တင်းတင်းနဲ့ နှင်းဆီတစ်ပွင့်ကိုကိုင်ပြီး ဝင်လာတဲ့လူတစ်ယောက်က ဒေါ်မြူနှင်းစေရာနဲ့တွေ့ခွင့်တောင်းနေတာကို ကျွန်မက စိတ်ဝင်စားတာ ... "

သူ့မျက်နှာလေးက မာကြောစွာ တင်းခနဲမော့သွားသည်။

"ဒီမှာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတစ်ခုကို မင်းဘာဖြစ်လို့ ဒီလောက်တောင် စပ်စပ်စုစုသိချင်နေရတာလဲဟင်၊ ဒါ ... မင်းအလုပ်လား၊ ဒါ ... မင်းမေးစရာလား ... "

သူ့အသံလေးက ကျယ်ကျယ်လောင်လောင်လေးနဲ့ ခါးခါးသည်းသည်းကလေး ... ။

ပြောရင်းနဲ့ သူက စားပွဲစွန်းနားအထိ တိုးကပ်ရပ်လိုက်သလို လွှာကလည်း သူ့မျက်ဝန်းတွေကို ခပ်ခာတ်ဆတ်မော့ကြည့်ကာ —

"ကိုယ်နဲ့မဆိုင်မှန်းသိပေမယ့် မေးရမယ့်တာဝန်ရှိနေလို့ ကျွန်မကမေးနေရတာလေ ... ဒီနှင်းဆီလေးကိုရှင်ကိုင်ပြီးဝင်လာတာ ဘယ်လိုအဓိပ္ပာယ်လဲ ဘယ်လိုရည်ရွယ်ချက်တွေရှိနေလို့ ဒီလို ဝင်လာပြီး ဒေါ်မြူနှင်းစေရာနဲ့တွေ့ဖို့တောင်းဆိုနေတာလဲ၊ ရှင်မသိဘူးလားဟင် ... ဒေါ်မြူနှင်းစေရာဆိုတာ နှင်းဆီကိုအရမ်းမုန်းတဲ့ မိန်းမတစ်ယောက်ဆိုတာ ရှင်သူနဲ့တွေ့ချင်တယ်ဆိုရင် ရှင့်လက်ထဲက နှင်းဆီလေးကို ဒီအခန်းထဲမှာပဲ ရှင်ထားခဲ့ရမယ် ... "

"ဘယ် ... ဘယ်လို ... "

သူနားကြားလွဲသွားတာတော့ လုံးဝမဖြစ်နိုင်ပါ။





"ကျွန်မပြောတာရှင်းရှင်းလေးပါ ... ဒီနှင်းဆီလေးကိုကိုင်ပြီး ဒေါ်မြူနှင်းစေရာရှေ့ကို ရှင်ဝင်သွားဖို့ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ကျွန်မဘက်က ခွင့်မပြုနိုင်လို့ပါ ... "

လွှာကအားတင်းပြီးတော့မှ သူ့အကြည့်စူးစူးတွေကို ရင်ဆိုင်ခံလိုက်သည်။

"အဲဒါ ... သက်သက်မဲ့ မင်းငါ့ကိုရစ်တာ ... "

"ရစ်တာမဟုတ်ဘူးလေ ... ဒါ ... ဒေါ်မြူနှင်းစေရာကိုယ်တိုင် ကျွန်မတို့ ဧည့်ကြိုဝန်ထမ်းတွေသိအောင် တရားဝင်ထုတ်ပြန်ကြေညာထားတဲ့အမိန့် ... ရှင် ဒီနှင်းဆီလေးကိုကိုင်ပြီး အထဲကို ဝင်သွားချင်တယ်ဆိုရင်တော့ ဒီနှင်းဆီလေးနဲ့ပတ်သက်သမျှတွေ အားလုံး၊ ရှင် ... ကျွန်မနားလည်အောင် ရှင်းပြရလိမ့်မယ်"

"ဒီမှာ ... ဒါဟာ ဒေါ်မြူနှင်းစေရာရဲ့အမိန့်ပဲဖြစ်ဖြစ် မင်းတို့ကုမ္ပဏီရဲ့သတ်မှတ်ထားတဲ့ စည်းကမ်းပဲဖြစ်ဖြစ်၊ အဲဒီအမိန့်တွေ၊ အဲဒီစည်းကမ်းတွေကို ငါ့ဘက်က မလိုက်နာနိုင်ဘူးဆိုရင်ရော မင်း ငါ့ကို ဘာလုပ်မလဲ ... "

"ဖုန်းတစ်ချက်ကောက်ဆက်လိုက်တာနဲ့ ကုမ္ပဏီခြံဝင်းထဲခံကြီးအပြင်ဘက်ကို တစ်ချက်တည်းရောက်သွားအောင် ရှင့်ကို ထုတ်သွားလိမ့်မယ် ... ဒါ ... အိပ်မက်စေတမာန်ကုမ္ပဏီပါ"

ပြောရင်းနဲ့ လွှာ့နှုတ်ခမ်းလေးတွေက ဖျတ်ခနဲတင်းသွားသည်။

ဒါဟာ ... ဒေါ်မြူနှင်းစေရာကိုယ်တိုင် တိတိကျကျအမိန့်ထုတ်ထားတာပါ။

ဒီအမိန့်ကို ဘယ်သူမှ မလိုက်နာဘဲနေလို့မရ၊ ဒီအဖြေကို



www.burmeseclassic.com

www.burmeseclassic.com



**တစ်ခုံတစ်ယောက်က** မေးလာခဲ့ရင်လည်း ပေးစရာအဖြေက လွှာ **တို့မှာရှိ။** ဒေါ်မြူနှင်းစေရာဆိုတာ နှင်းဆီကိုအရမ်းမုန်းတဲ့မိန်း ဒါပဲ ... ဒါ ရှင်းပါတယ်။

ဘာဖြစ်လို့မုန်းတာလဲလို့တော့ ကွန်ပလိန်းတက်ပြီးထ မမေးနဲ့။ လုံးဝဆောရီးပဲ။

ဒီအမိန့်ဒီစည်းကမ်းတွေကို ကုမ္ပဏီမန်နေဂျာတွေရဲ့ အစည် အဝေးတိုင်းမှာ ဒေါ်မြူနှင်းစေရာကိုယ်တိုင် မကြာခဏ သတိပေ နေတာ။

ပြီးတော့လည်း ကုမ္ပဏီမှာ ဝန်ထမ်းတွေကအများကြီး

မိုးထိအောင်လွှင့်နေတဲ့ ကုမ္ပဏီအထပ်ရှစ်ထပ်စလုံးမှာ ဘယ်အထပ်မှာမှ မနားရအောင် အလုပ်လုပ်နေကြတာ။ ဘယ်ညှေ သည်ပဲလာလာ မြေညီထပ်မှာရှိတဲ့ ဧည့်ကြိုခန်းကို ဖြတ်ကိုဖြတ်ရမှာ တွေ့လိုတဲ့သူ တွေ့လိုတဲ့ကိစ္စအားလုံးကို အသေအချာ စစ်ဆေးမေ မြန်းပြီးတော့မှ ကြိုးအပြာရောင်လေးနဲ့ ဖောက်ဆက်တွဲထားတဲ့ ဧည့်တွေ့ခွင့်ကဒ်အဖြူရောင်လေးကို ထင်သာမြင်သာအောင် လည် ပင်းမှာတွဲလောင်းလေးချိတ်ပြီးတော့မှ အထဲကိုဆက်ဝင်သွားရမှာ လေ။

လွှာက ခပ်ပြတ်ပြတ်လေးပြောလိုက်တော့ သူကလည် ပုခုံးလေးနှစ်ဖက်ကို ဆတ်ခနဲတွန့်ကာ မျက်နှာချောချောလေးကို မဲ့ပစ်လိုက်သည်။

"အဟင်း ... ကောင်းပြီလေ မင်းက ... ဒီနှင်းဆီလေးရဲ့ အကြောင်းကိုသိချင်တယ်ဆိုတော့ ငါကလည်း အမှန်အတိုင်းပဲ ပြောပြရတော့မှာပေါ့၊ ဒါဟာ Black Rose လို့ခေါ်တဲ့နှင်းဆီ





အရှေ့ဦးအစ ရှေးဟောင်းကျမ်းတွေရဲ့အလိုအရပြောရမယ်ဆိုရင် ဒီလိုအနက်ရောင်နှင်းဆီလေးတစ်ပွင့်ပွင့်လာဖို့ အမုန်းနတ်ဘုရား တွေကိုယ်တိုင် လေးသချော်နဲ့ကမ္ဘာတစ်သိန်း ကျိမ်စာတိုက်မှ ပွင့်လာရတဲ့နှင်းဆီ"

"ဘုရားရေ ..."

လွှာ နောက်တစ်ကြိမ် ဘုရားတ,လိုက်ရပြန်ပြီ။

သူပြောလိုက်တဲ့စကားလေးတစ်ခွန်းကြောင့် ဆံပင်ဖျား လေးကနေ ခြေဖျားကလေးထိပ်ကိုရောက်သွားရတဲ့အထိ လွှာ့တစ် ကိုယ်လုံးပူနွေးသွားသည်။

ဘာလဲဟင် ... သူပြောလိုက်တာ

ဒီလို Black Rose လေးဟာ အမုန်းနတ်ဘုရားတွေကိုယ်တိုင် လေးသချော်နဲ့ကမ္ဘာတစ်သိန်း ကျိမ်စာတိုက်မှ ပွင့်လာရတဲ့နှင်းဆီ လေးဆိုပါလား။

"မင်းနားလည်အောင် ဒီထက်ပိုပြီး ခပ်ရှင်းရှင်းပြောရမယ် ဆိုရင် ငါအခုယူလာတဲ့ ဒီနှင်းဆီလေးဟာ မင်းတို့ရဲ့ မန်နေဂျင်း ဒိုက်တာမကြီး ဒေါ်မြူနှင်းစေရာက နှင်းဆီကို ဘယ်လောက်ပဲ မုန်းမုန်း ဘယ်လောက်ပဲစိတ်နာစိတ်နာ၊ သူနဲ့တွေ့တာနဲ့ သူ့ရင်ဘတ် မှာ ငါကိုယ်တိုင်ထိုးစိုက်အောင်ပွဲခံဖို့ ယူလာခဲ့တဲ့နှင်းဆီ၊ မြွေတစ် ကောင် ညှို့သလို၊ ညှို့အားပြင်းတယ်ဆိုတဲ့ ဒေါ်မြူနှင်းစေရာရဲ့ မျက်ဝန်းတွေကို သူနဲ့ပြိုင်ပြီး အကြာကြီးစိုက်ကြည့်ဖို့ အဝေးကြီးက နေ ငါပြန်လာခဲ့တာ"

"အို ... ကြည့်စမ်း ..."

ခါးလေးကိုမတ်ပြီး ထိုင်နေရာကနေ လွှာဖျတ်ခနဲ ထ,ရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာ အသက်ရှူမှားစွာနဲ့ပါ။

"ဒေါ် ... ဒေါ်မြူနှင်းစေရာရဲ့ ရင်ဘတ်မှာ ရှင်ကိုယ်တိုင်ထိုး စိုက်အောင်ပွဲခံဖို့ ယူလာခဲ့တဲ့နှင်းဆီ ဟုတ်လား ... ဘုရား ... ဘုရား ရှင် ကျိုင်တော့မယ် ... ဒုက္ခပါပဲ၊ ရှင်မသိဘူးလားဟင် ဒေါ် ... ဒေါ်မြူနှင်းစေရာဆိုတာ ..."

လျှာအသံလေးက လည်ချောင်းထဲမှာပင် ကြေပျက်နစ်ဝင် သွားသည်။

"ဘာဖြစ်လဲ ... ဟင် ... မင်းဆက်ပြောလေ ..."

"ကျွန်မ ... ကျွန်မ တောင်းပန်ပါတယ် ..."

လျှာ ဆက်ပြောလို့မရပါ။

ဆက်ပြော၍ရနိုင်မည့် စကားလုံးတွေကို လျှာ ရုတ်တရက် ရှာဖွေလို့မရနိုင်ပါ။ လောလောဆယ်မှာ လျှာဖြစ်နေတာက ပြန် ထိုင်ရတော့မလို သည်အတိုင်းပဲဆက်ရပ်နေရတော့မလိုနှင့်။

"ရှင်ဆက်မသွားပါနဲ့ ... ဒီနှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး ဒေါ်မြူနှင်းစေရာနဲ့တွေ့ဖို့ ရှင်မကြိုးစားပါနဲ့ ... ကျွန်မ တောင်းပန် ပါတယ်၊ တော်ကြာ ... ရှင်တစ်ခုခု ..."

"ဟား ... ဟား ..."

ရုတ်တရက် ... သူက မျက်နှာချောချောလေးကိုမော့ ဆံပင်လေးတွေ ဖွာလန်ကြဲသွားအောင်ကိုပဲ ရယ်ချလိုက်ပြန်ပြီ။

"ဘုရားရေ ... ရှင် ... ရှင်ဘာဖြစ်လို့ ဒီလောက်အသံကျယ် ကြီးနဲ့ တအားဖွင့်ရယ်နေရတာလဲဟင်၊ ဒုက္ခပါပဲ ... ရှင်ဦးနှောက် ကောင်းသေးရဲ့လား၊ လူကြီးလူကောင်းပီပီ အေးအေးဆေးဆေး ဆွေးနွေးမယ်ဆိုရင်တော့ ဒီခုံကလေးမှာ ရှင်ခဏလေးပဲဖြစ်ဖြစ် ထိုင်





ထိုင်လိုက်ပါ ... အဲဒါ ... ရှင့်ကို ကျွန်မ အနူးအညွတ်မေတ္တာရပ်ခံ နေတာပါ ..."

ဖြူဖျော့ထိတ်လန့်နေတဲ့ ဝန်ထမ်းကောင်မလေးရဲ့မျက်နှာ လေးကိုကြည့်၍ နည်းနည်းလေးတော့ နှင်ကစိတ်တွေကို လျှော့ပစ် လိုက်သည်။

"ကောင်းပြီလေ ... မင်းက ဆွေးနွေးချင်တယ်ဆိုတော့ လည်း ငါကလည်း မင်းနဲ့ဆွေးနွေးဖို့ သဘောတူရတော့မှာပေါ့၊ ကဲ ဘယ်လိုခေါင်းစဉ်မျိုးတပ်ပြီး မင်း ... ငါနဲ့ဆွေးနွေးမလဲ"

သူက လက်ထဲက Black Rose လေးကို စားပွဲပေါ် ဖျတ် ခနဲပစ်တင်လိုက်ပြီးတော့မှ သစ္စာရောင်ပြောင်လက်နေတဲ့ ထိုင်ခုံ လေးကို ဆွဲယူပစ်လိုက်သည်။

"ဆွေးနွေးတာထက် ရှင့်ရဲ့ ... ကိုယ်ရေးမှတ်တမ်းလေးကို ကျွန်မကရေးရမှာလေ ... ကဲ ... ရှင့်နာမည်ကို အရင်ပြော ..."

"ဟင် ... မင်း ဘာလုပ်မလို့လဲ ..."

လျှာ စိတ်မရှည်တော့ပါ။

မျက်တောင်ကော့လေးတွေကို ဖျတ်ခနဲ ပင့်တင်လိုက်ပြီး ဘေးထဲမှာကိုင်ထားတဲ့ တစ်ခါသုံးရေမွှေးဘောပန်လေးကို စားပွဲပေါ် ခေါက်ခနဲ ပစ်ချလိုက်ကာ ...

"ဒီမှာ ... ဒါဟာ အိပ်မက်စေတမာန်ကုမ္ပဏီရဲ့ ပိုင်နက်နယ် မြေပါလို့ ရှင့်ကိုဘယ်နှစ်ခါပြောရမလဲဟင် တစ်ယောက်ယောက်ကို တွေ့ဆုံလိုတယ်ဆိုရင် ရှင့်နာမည်ကို အရင်ပြောရမယ်၊ တွေ့ဆုံလို တဲ့ ရည်ရွယ်ချက်ကိုလည်း ထိမ်ချန်ကွယ်ဝှက်မှုတွေမပါဘဲ အရိုးသား ဆုံး ရှင်ဖြေရလိမ့်မယ်၊ အထူးသဖြင့် ဒီစည်းကမ်းဟာ မရိုးသားတဲ့ရည်



www.burmeseclassic.com

www.burmeseclassic.com



ရွယ်ချက်တစ်ခုနဲ့ နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး ကုမ္ပဏီထဲကို ခပ်မိုက်မိုက် ခပ်ရင့်ရင့်ဝင်လာတဲ့ ရှင်တို့လို လူမျိုးတွေလိုက်နာသင့်တဲ့ စည်းကမ်းပဲ ... "

"ဘာပြောတယ်ကွ ... "

"အဟင်း ... ကျွန်မပြောတာ ရှင်းရှင်းလေးပါ ... "

"မင်း ... "

တစ်ခုခုကို ပြန်ပြောတော့မလို ဟန်ပြင်လိုက်ပြီးကာမှ သူ့မျက်နှာလေးက ရုတ်တရက် ပြုံးသွားသလို ထိုအပြုံးလေးနဲ့ပဲ လက်နက်ချဖို့ သူဆုံးဖြတ်လိုက်ပါသည်။

"ကောင်းပြီလေ ... ဒါဟာ မင်းတို့ကုမ္ပဏီရဲ့ စည်းကမ်းဆိုတော့လည်း ငါ့ဘက်က လိုက်နာရတော့မှာပေါ့ အဟင်း ... ငါ့နာမည် အဝေးနှင်ပါ ... "

"ရှင် ... "

"အဝေးနှင် ... အဝေးနှင် ... ငါသိပ်မုန်းတဲ့မိန်းမတစ်ယောက်ကို စကြာဝဠာ မဟာတံတိုင်းရဲ့ အဝေးဆုံးအပြင်ဘက်ထိရောက်အောင် ဟောဒီနှင်းဆီလေးတစ်ပွင့်နဲ့ နှင်ပစ်မယ့်အဝေးနှင်"

"ဩော် ... ခဏလေးနော် ... "

နှင်ကအသံကို တမင်မြှင့်ပြီး ခပ်မာမာလေးအော်ပြောလိုက်တဲ့အချိန်မှာ လှာက စားပွဲအံဆွဲထဲက ညှို့မှတ်တမ်းစာရွက်လေးကို ခပ်သွက်သွက်လေးဆွဲထုတ်ကာ ယူလိုက်သည်။

အဝေးနှင်တဲ့လား ...

အဟင်း ... မဆိုးပါဘူး ယောကျ်ားလေးတွေထဲမှာတော့ ဒီနာမည်လေးဟာ တကယ့်ကိုရှားပါးတဲ့နာမည်လေး။ မာကြော





ဖြတ်ဆတ်တဲ့ သူ့ပုံစံ သူ့မျက်နှာထားလေးနဲ့လည်း တကယ်ကိုလိုက်ဖက်တဲ့နာမည်လေး။ ဘာလဲဟင် ... သူပြောလိုက်တာ ငါအရမ်းမုန်းတဲ့မိန်းမတစ်ယောက်ကို စကြာဝဠာမဟာတံတိုင်းရဲ့ အဝေးဆုံး အပြင်ဘက်ထိရောက်အောင် ဟောဒီနှင်းဆီလေးတစ်ပွင့်နဲ့ နှင်ပစ်မယ့် အဝေးနှင်တဲ့လား။ လှာက နှုတ်ခမ်းလေးကို တင်းတင်းလေးမဲ့ပစ်လိုက်ပြီးတော့မှ စာရွက်လေးပေါ်မှာ ချရေးလိုက်သည်။

"အဝေး ... အဝေးနှင်နော် ... ဟုတ်ကဲ့ ရပါပြီ၊ တွေ့ဆုံလိုတဲ့ကိစ္စကို ဆက်ပြောပါ ... "

လှာ မော့မကြည့်ပါ။

"ငါအမှန်အတိုင်း ဖြေရမှာလား ... "

"အို ... အဲဒါကတော့ ရှင်ကြိုက်သလိုဖြေလေ"

သူ့မျက်နှာလေးက နည်းနည်းလေးတော့ မဲ့သွားသည်။

ပြီးတော့မှ ... သူဖြေလိုက်တာက ...

"အသည်းခွဲပြိုင်လိုသောကိစ္စ ... "

"ရှင် ... "

ဘောပန်လေးကို ဒေါက်ခနဲ ပစ်ချလိုက်ပြီး လှာမော့ကြည့်လိုက်မိတာက အပြုံးအပြုံ။

"ဟာ ... မင်းတော်တော်ဝိန်းတာပဲ ... ငါပြောလိုက်တာ ရှင်းရှင်းလေး၊ မင်းတို့ အိပ်မက်စေမာန်ရဲ့ မန်နေဂျင်းဒါရိုက်တာအသက်က ငယ်သေးသလို ဖူးတင်းပြီးတော့ ဝင်းနှစ်နေအောင် လှပါတယ်ဆိုတဲ့ ဒေါ်မြူနှင်းစေရာနဲ့ အဝေးနှင်ဆိုတဲ့ ငါက မာနခြင်းပြိုင်ပြီးတော့မှ အသည်းခွဲချင်တာ ရှင်းပြီလား ... မင်းသတ္တိရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ငါပြောတဲ့အတိုင်း မင်းရေးလိုက် ... ”

“ဟင် ... ”

လှာမျက်တောင်ကော့ကော့လေးတွေက အသက်ရှူမှားဖွာနဲ့ပင် နောက်တစ်ကြိမ်ထပ်ပြီးတော့ ပင့်တက်သွားခဲ့ရပြန်ပြီ။

“ရှင် ... ရှင် ... ”

“ဟာ ... မင်း ငါ့ကို အဲလိုမျက်လုံးတွေနဲ့ ပြန်မော့မကြည့်နဲ့လေ ... ”

“ရှင့်ကို သနားလို့ ကျွန်မ မော့ကြည့်တာပါ၊ ဒီမှာ ... နှင်းဆီတစ်ပွင့်မဟုတ်ဘူး၊ နှင်းဆီတွေ အစည်းလိုက်ယူလာပြီး ဒေါ်မြူနှင်းစေရာကိုပြိုင်လည်း ရှင်ဘယ်တော့မှ မနိုင်စေရဘူး ... ”

“ဘာပြောတယ် ... ”

“ကျွန်မပြောတာ ရှင်းရှင်းလေးပါ၊ ဒီလိုနှင်းဆီလေးတစ်ပွင့်လောက်နဲ့ ဒေါ်မြူနှင်းစေရာကို ရှင်ပြိုင်လို့ကတော့ ... ”

“မင်း ... မင်းက ငါ့ကိုအထင်သေးလို့ ဒီလိုနှင်းဆီလေးတစ်ပွင့်နဲ့ ပြိုင်မှာကို နှုတ်ခမ်းလေးမဲ့ပြီး ကဲ့ရဲ့ရှုတ်ချနေတာလားဟင်၊ ဒါ ... Black Rose လေ၊ မင်းနားမလည်ဘူးလား၊ ဒါ ... အရမ်းရှားတဲ့ ကမ္ဘာကျော်နှင်းဆီ ... မင်းမယုံရင် အင်တာနက်ဝက်ဆိုက်မှာတင်ထားတဲ့ ကမ္ဘာကျော်နှင်းဆီဖိုင်တွေကို မင်းဖွင့်ကြည့်လိုက် ... ”

“ကမ္ဘာကျော် နှင်းဆီဖိုင် ... ”

လှာမှာတော့ သူ့လက်ထဲက Black Rose လေးကိုကြည့်ပြီး ငိုပဲငိုရတော့မလို ရယ်ပဲရယ်ရတော့မလိုနဲ့။

“ဒီမှာ ... ဒီလို အနက်ရောင်နှင်းဆီလေးတွေကို လူတွေသိကြတာ Black Rose လို့ပဲသိကြတာ၊ တချို့ကြတော့ ဒီလိုအနက်





ရောင်နှင်းဆီလေးတွေဟာ လူတွေကိုလှည့်စားတတ်လွန်းလို့ Magice Rose တဲ့၊ တချို့ကြတော့လည်း စိတ်ချောက်ချားအောင်လုပ်တတ်လွန်းလို့ Goast Rose တဲ့၊ တချို့ကြတော့လည်း အေးစက်စက်နဲ့မာနကြီးလွန်းလို့ Ice Rose တဲ့၊ ဟင်း ... ဒီမှာ ငါဆက်ပြောမယ် မင်းနားထောင် ... ”

သူ့မျက်နှာချောချောလေးက တည်တည်လေးနှင့် တစ်ချက်တော့မဲ့သွားသည်။

“ဒုတိယကမ္ဘာစစ်ကို စခဲ့တဲ့အချိန်တုန်းက ပိုလန်နယ်ခြားက အေးခဲနေတဲ့ ရေခဲမြစ်တစ်ခုထဲကို ဒီလိုအိစက်နေတဲ့ အနက်ရောင်နှင်းဆီ Black Rose လေးတစ်ပွင့်ကို အရင်ဆုံးပစ်ချပြီးတော့မှ ဂျာမန်တွေဟာ စစ်ပွဲကြီးကို စခဲ့တာ၊ ဟင်း ... မွန်ဂိုစစ်ဘုရင်ဂျင်ဂျစ်ခန်ကရော ဘာထူးလို့လဲ၊ သူ့ရဲ့စစ်ဦးအလံထိပ်မှာ ဒီလိုအိစက်နေတဲ့ Black Rose လေးတစ်ပွင့်ကို အထင်ကရချိတ်ဆွဲပြီးတော့မှ စစ်ပွဲတိုင်းကို အနိုင်တိုက်ခဲ့တာလေ၊ အဟင်း ... ငါကတော့ ရှင်းပါတယ်၊ ငါသိပ်မုန်းတဲ့မိန်းမတစ်ယောက်ကို ရင်ဆိုင်နိုင်ဖို့အတွက် ငါယူလာခဲ့ရတဲ့ ဟောဒီနှင်းဆီလေးကို Black Rose လို့ပဲခေါ်ခေါ်၊ Ice Rose လို့ပဲပြောပြော၊ Magic Rose၊ Ghoast Rose လို့ပဲဖြစ်ဖြစ် ငါကတော့ မြန်မာလိုပဲ သူ့ကိုခပ်ရှင်းရှင်းနာမည်ပေးလိုက်တယ်”

“ဟင် ... ရှင်က နာမည်ဘယ်လိုပေးလိုက်လဲ”

“လက်စားချေနှင်းဆီ ... ”

“ဘုရား့ရေ ... ”

တတိယအကြိမ်မြောက် လှာ ဘုရားတ,လိုက်ရပြန်ပြီ။

ကြည့်ပါဦး ... ဒါ ... ဒါဟာ လက်စားချေနှင်းဆီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူကိုင်လာတဲ့နှင်းဆီလေးဟာ လက်စားချေနှင်းဆီတဲ့။

ရှင် ဘယ်သူ့ကိုလက်စားချေမှာလဲဟင် အဝေးနှင်း။ ဒေါ်မြို့နှင်းစေရာကိုလား အိပ်မက်စေတမာန်ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဒေါ်မြို့နှင်းစေရာကို ရှင်လက်စားချေမှာလား။ တကယ်တော့ ဒါဟာ အမုန်းစေတနာ် နတ်ဆိုးတွေက ရှင့်ကိုတမင်ကြိမ်စာတိုက်ပြီး ဒီနေရာကိုရောက်အောင် လွှတ်လိုက်တာပဲနေမှာပါ။ အဲဒါကို ရှင် တကယ်ပဲ မသိခဲ့တာလား အဝေးနှင်းရယ်။

"ငါ ... ပြောတာ ရှင်းတယ်နော် ... "

"ရှင်းတော့ရှင်းပါတယ် ... ဒါပေမယ့် ... "

"ဟင် ... ဒါပေမယ့် ဘာဖြစ်လဲ ... မင်းငါ့ကိုဆက်ပြောလေကွာ ... "

လွှာက သူမြင်သွားအောင်ကိုပဲ နှုတ်ခမ်းလေးတွေကို တမင်တွန့်မဲ့ပြီးတော့မှ ပြောလိုက်၏။

"ဒီနေရာဟာ ဒုတိယကမ္ဘာစစ်ကို စခဲ့တဲ့ ပိုလန်နယ်ခြားက အေးခဲနေတဲ့ရေခဲမြစ်မဟုတ်သလို၊ မွန်ဂိုစစ်ဘုရင် ဂျင်ဂျစ်ခန်ရဲ့ အသိမ်းပိုက်ခံနယ်မြေလည်းမဟုတ်ဘူး၊ ဒါဟာ ... အိပ်မက်စေတမာန်ကုမ္ပဏီရဲ့ ပိုင်နက်နယ်မြေပါ ... ရှင်ကံမကောင်းရင် ရှင့်လက်ထဲက ကမ္ဘာကျော်နှင်းဆီလေးဟာ ဟောဟိုအခန်းထောင့်က အမှိုက်ခြင်းကလေးထဲကိုတောင် ငှုမ်းစိုက်ပြီးတော့ ရောက်သွားနိုင်ပါသေးတယ်၊ ဒေါ်မြို့နှင်းစေရာကို ရှင်လျှော့မတွက်ပါနဲ့၊ ဒေါ်မြို့နှင်းစေရာဆိုတာ ဘယ်လိုပြိုင်ဘက်မျိုးကိုမှ လုံးဝအရှုံးပေးမှာမဟုတ်တဲ့မိန်းမ၊ အသက်က ငယ်သေးပေမယ့် ဘရိမ်းပြေးပြေးနဲ့ ကမ္ဘာပတ်ပြီး အလုပ်လုပ်နေတာ၊ တိကျတယ်၊ မာနကြီးတယ်၊





ညည်းစနစ်မြင့်တယ်၊ အဲလိုမိန်းမတစ်ယောက်ကိုမှ ရှင့်ဘက်ကစပြီး စိမ်ခေါ်ဖို့ကြိုးစားလာမယ်ဆိုရင်တော့ ရှင်ရဲ့ဆူနေတဲ့သွေးတွေဟာ သုညဒီဂရီအောက်က ရေခဲမှတ်ထိအောင် ရောက်သွားပြီ၊ ရှင်ခွက်ခွက်လန်အောင်ရှုံးသွားလိမ့်မယ်၊ ဟုတ်ပြီနော် ... ကျွန်မပြောတာ မယုံရင် ရှင်ကြိုက်သလို စမ်းကြည့်လိုက် ... "

လွှာကတော့ စေတနာနဲ့ သတိပေးလိုက်တာပါ။

ဒါကိုမှလက်မခံနိုင်လို့ ရှေ့ဆက်တိုးမယ်ဆိုလည်းတိုးပေါ့။ လွှာတို့က ပွဲကြည့်ပရိသတ်တွေပါ။ ဇာတ်သိမ်းခန်းရောက်လို့ ဘယ်သူပဲရှုံးရှုံး ဘယ်သူပဲနိုင်နိုင်၊ နိုင်တဲ့သူကို လက်ခုပ်တီးအားပေးရင်းနဲ့ ရှုံးတဲ့သူကို ကိုယ်ချင်းစာနားလည်ပေးရမှာ လွှာတို့အားလုံးရဲ့ တာဝန်ပါ။

ကဲ ... စောင့်ကြည့်ကြသေးတာပေါ့။

"ရတယ်လေ ... ငါ့ဘက်ကတော့ လုံးဝအဆင်သင့်ပဲ ... "

"အဟင်း ... "

ပခုံးလေးကို ဆတ်ခနဲတွန့်ပြီး မျက်နှာလေးကိုပါ နှင်ကရှစ်ဆမဲ့ပြလိုက်သည်။

"ကောင်းပြီလေ ... ရှင့်မှတ်ပုံတင်နံပါတ်နဲ့လိပ်စာလေးကို ရေးပြီးရင် VIP ဧည့်သည်တွေအတွက် သီးသန့်ထားတဲ့ အင်တာနက်ဆနေ အီးမေးလ်လှမ်းတင်ပြီး အပေါ်ကခွင့်ပြုချက်ကိုရအောင် ကျွန်မ လှမ်းတောင်းပေးမယ်၊ အပေါ်က ခွင့်ပြုတာ မပြုတာကတော့ ရှင်တို့ကံစွပါ၊ ကဲ ... ပြော ... "

"ဟင် ... ငါဘာပြောရမှာလဲ ... "

"ရှင်မှတ်ပုံတင်နံပါတ်နဲ့ နေရပ်လိပ်စာလေး ... "



www.burmeseclassic.com

www.burmeseclassic.com



သူပြောသမျှတွေကို လွှာက ခပ်သွက်သွက်ပဲရေးချလိုက်သည်။ ရေးပြီးတာနဲ့ ကွန်ပျူတာ ခလုတ်ဖြူဖြူလေးတွေကို လွှာ ဆက်တိုက်နှိပ်ချလိုက်၏။

"တီ ... တီ ..."

ရှင်ကံကောင်းပါစေလို့ ကျွန်မဆုတောင်းပါတယ် အဝေးနှင်ရယ်။

ဘာပဲပြောပြော ကျွန်မတို့က ကုမ္ပဏီရဲ့သာမန်ညှော်ကြို ဝန်ထမ်းမလေးတွေပါ။ ရှင့်လိုနှင်းဆီလေးတစ်ပွင့်နဲ့ ဒေါ်မြူနှင်းစေရာလို၊ မိန်းမတစ်ယောက်ကို မာနခြင်းပြိုင် အသည်းခွဲဖို့ရောက်လာတဲ့ ညှော်သည်တစ်ယောက်ကို ကုမ္ပဏီမှာ အလုပ်ဝင်လာခဲ့တဲ့ သုံးနှစ်အတွင်းမှာ ဒါ ... ပထမဆုံးကြုံလိုက်ရတာပါ။

"တီ ... တီ ..."

လိုအပ်တဲ့အချက်အလက်တွေအားလုံး အပိုအလိုမရှိအောင် တိတိကျကျပဲ ကွန်ပျူတာထဲကို လွှာရိုက်ထည့်လိုက်သည်။ ပြီးတာနဲ့ အင်တာနက်ထဲဝင်ပြီး အီးမေးလ်လှမ်းတင်လိုက်ရုံပါပဲ။

"ဟင် ..."

ဘာမှမကြာလိုက်ပါ။

တီခနဲ အသံတစ်ချက်မြည်လာပြီး ပရင်တာဆော့ဝဲလ်ထဲက နေ စာရွက်ဖြူဖြူလေးတစ်ရွက် လျှောခနဲထွက်ကျလာသည်။ လွှာက စာရွက်ထဲကအဖြေကို ဖတ်ကြည့်မနေတော့ဘဲ သူ့လက်ထဲ ရောက်အောင် တစ်ခါတည်းလှမ်းပေးလိုက်၏။

လွှာရဲ့တာဝန်က စာရွက်ကလေးကို ဖတ်ကြည့်ရင်းနဲ့ တမဟုတ်ခြင်းပြောင်းလွဲသွားမယ့် သူ့မျက်ဝန်းထဲက အရိပ်ကလေး





တစ်ခုကိုပဲ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေရတော့မှာပါ။

"တောက် ..."

"တော်တော်ကိန်းခန်းကြီးတဲ့မိန်းမ ..."

"ထွီ ..."

"ဝုန်း ..."

"ဒုန်း ..."

"အို ... ဘုရားသခင် ..."

ကြည့်စမ်း ...

အပေါ်က ပြန်ကျလာတဲ့ စာရွက်ကလေးကို ဖတ်ကြည့်ပြီးတာနဲ့ သူ့မျက်နှာချောချောလေးတစ်ခုလုံး နီရဲကာ ထိုင်ခုံတွေ ဝုန်းခနဲ ဒိုင်းခနဲ ပြိုလဲသွားရတဲ့အထိ သူ့ပေါက်ကွဲစွာ ထရပ်ခဲ့ရပြီ။

သေချာပါတယ်။

ဒါဟာ ... သူ့ရဲ့တောင်းဆိုမှုတွေကို ဂရုမစိုက်စွာ ပယ်ချပစ်ခဲ့တဲ့ ဒေါ်မြူနှင်းစေရာရဲ့ အေးစက်လှပတဲ့ တုန့်ပြန်မှုတစ်ခုကြောင့်ပဲဆိုတာ။ အဟင်း ... အစကတည်းက ကျွန်မ ရှင့်ကိုမပြောဘူးလား ဒေါ်မြူနှင်းစေရာကို ရှင်လျှော့မတွက်ပါနဲ့လို့။

"ဟာ ... မင်း ငါ့ကိုဘာဖြစ်လို့ အဲလိုပြုံးပြီးစိုက်ကြည့်နေတာလဲဟင်၊ ငါ ... ငါရှုံးသွားတာမဟုတ်ဘူး၊ ဒီလိုအရှုံးမျိုးကိုလည်း ငါခံယူတော့မှ လက်ခံမှာမဟုတ်ဘူး ... ငါလာတာ အိပ်မက်ဆန်တမာန်ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဒေါ်မြူနှင်းစေရာရဲ့ နှုတ်ခမ်းမှာ ငါ့လက်ထဲက Black Rose လေးကို ထိုးစိုက်အောင်ပွင့်ဖို့ လာခဲ့ တာ၊ ဟောဒီမှာ ... မင်းကြည့်လိုက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ..."

လွှာ ဘယ်လိုမှ ကြိုတင်မျှော်လင့်မထားခဲ့တဲ့အဖြစ်။

လွှာ့ရုံးခန်းနောက်ဘက်ကနံရံမှာ တခမ်းတနား ချိတ်ဆွဲထားတဲ့ ဒေါ်မြနှင်းစေရာရဲ့ ပုံတူပန်းချီကားကြီးပေါ်က ရင်ဘတ်တည့်တည့်နေရာကိုမှ ကင်းဘတ်စပေါက်ထွက်သွားအောင် နှင်ကသူ့လက်ထဲက Black Rose လေးကို ခပ်မိုက်မိုက်ထိုးစိုက်ချလိုက်ပြီ။

လွှာ အသက်မရှူနိုင်တော့ပါ။

ပင့်တက်သွားတဲ့ မျက်တောင်ကော့ကော့လေးတွေကိုလည်း လွှာက မခတ်နိုင်တော့ပါ။ ဒါဟာ ... ဒေါ်မြနှင်းစေရာနဲ့ မာနခြင်းပြိုင်အသည်းခွဲဖို့ ရှင်ဘက်ကစပြီး စစ်ကြေညာလိုက်တဲ့ နိမိတ်ပုံတစ်ခုတဲ့လား အဝေးနှင်ရယ် ... ။

ဒါဟာ ... ရှင့်ရဲ့လက်စားချေနှင်းဆီလေးတဲ့လား။

........

အခန်း ( ၅ )

"ဟာ ... အဝေးနှင် ... ဟိုမှာ ... မင်းကြည့်လိုက်စမ်း"

သားကြီးဆီက အထိတ်တလန့်လေး ရေရွတ်လိုက်သံ။ သူက ဗိုလ်ချုပ်ဈေး ပန်းချီပြခန်းတွေဘက်ကို မျက်နှာမူထားရာမှ သားကြီး ခွမ်းပြရာဘက်ကို ကိုယ်ကလေး ဖျတ်ခနဲလှည့်၊ လည်ကလေး စောင်းကာ ဖျတ်ခနဲ ... လှည့်ကြည့်လိုက်တော့ ...

အနက်ရောင်ဖိတ်ဖိတ်လက်နေသည့် ဆိုက်ကနက်ကားသစ်ကြီးတစ်စီးက နူးညံ့သော စက်သံကလေးဖြင့် ပန်းချီပြခန်းရဲ့မလှမ်းကမ်းမှာ ညင်သာစွာ ထိုးရပ်သွားသည်။

"အဲဒါ ... အဲဒါ ... ဒေါ်မြနှင်းစေရာစီးတဲ့ကား၊ ကဲ ... ငါပြောတာ မမှန်ဘူးလား၊ ကုမ္ပဏီကိုသွားတာထက်စာရင် ဒီနေရာကဆိုင်စောင့်တာ သေချာပေါက်တွေ့ရမယ်ဆိုတာ၊ သူ့ဘဝမှာ သူ့ခရေဒီအဖြစ်ဆုံးက သူကိုယ်တိုင်ပန်းချီရေးတာနဲ့ ပန်းချီကားတွေကိုခံစားတာပဲ ... ဒါ ... စနေနေ့တိုင်း ပန်းချီပြခန်းကို သူလာနေကျအတိုင်းပုံမှန်လာတာ ... မင်းကြည့်လိုက် ... "



www.burmeseclassic.com

www.burmeseclassic.com



ထိုကားနက်ကြီး ထိုးရပ်လာတာမှန်ပေမယ့် ကားတံခါးချပ်လေးပေါက်စလုံး ဘယ်တံခါးချပ်မှ ပွင့်မလာသေးပါ။ သူ့လက်ကလေးတွေ မသိစိတ်ကလေးနဲ့ အလိုလိုစမ်းမိသွားတာက နက်ပြာရောင်စတိုင်လ်ပန် ဘောင်းဘီရှည် နောက်အိတ်လေးထဲမှာ ဖြစ်သလိုလေးထိုးစိုက်ထည့်ထားတဲ့ အနက်ရောင်နှင်းဆီလေးပဲဖြစ်သည်။

"ဟော ... တံခါးပွင့်လာပြီ"

အရင်ဆုံးတံခါးဖွင့်ဆင်းလာတာ မိုးပြာရောင်ကုတ်အကျီလက်တိုကလေးနဲ့ ကုမ္ပဏီဝန်ထမ်းကောင်မလေးတစ်ယောက်။ သူက ရှေ့ခန်းကနေ ခပ်သွက်သွက်ဆင်းလာပြီး ... နောက်ခန်းတံခါးဘက်ကို ပြန်လျှောက်လာသည်။ ပိန်းပိတ်နက်မှောင်နေသည့်မှန်ချပ်တွေကို ထွင်းဖောက်မမြင်နိုင်တာမှန်ပေမယ့် ထိုနောက်ခန်းနေရာမှာ ထိုင်လိုက်လာတာ ဒေါ်မြူနှင်းစေရာကလွဲရင် တခြားဘယ်သူများဖြစ်နိုင်စရာရှိနေလို့လဲ။

ဝန်ထမ်းမလေးက ခါးကလေးညွတ်အရိုအသေပြုကာ တံခါးဆွဲဖွင့်ပေးလိုက်တော့မှ မြေပြင်ပေါ်ကို အရင်ဆုံးထွက်ကျလာတာ ရွှေဝါရောင်လေးလို အိစက်နေတဲ့ ထိရက်စရာမရှိသော ခြေဖမိုးလေး တစ်ဖက်။

"ဟာ ... "

သူ့မျက်တောင်လေးတွေ အံ့ဩတုန်လှုပ်ခြင်းကြီးစွာ ကော့တက်သွားသည်။ ကွန်ပျူတာ စခရင်ပေါ်မှာတွေ့ခဲ့ရသည့် ခြေဖမိုးလေးထက်ပင် ပို၍ဝင်းနှစ်နေ၏။ သူမစီးထားတာကလည်း ခရေပိုရောင်ဒေါက်ကလေးမို့ အိစက်သော ခြေဖမိုးလေးရဲ့အလှက ပိုပြီးတော့ ကြွရွနေဖပ်သွားခဲ့၏။





သူ ... မတွေ့ဘူးခဲ့ပါ။

ထိုမျှအိစက်သော ထိုမျှရှင်းသန့်သော ခြေဖမိုးလေးတစ်ဖက်ည် ရင်ခုန်သံတွေ ရပ်တန့်သွားရလုနီးပါး ဆွဲဆောင်သွားခဲ့တာည်း သေချာနေ၏။ ခရေစိုရောင် ဒေါက်ဖိနပ်ကြိုးလေးနှင့် ခြေဖမိုးအိလေးတွေပေါ်မှာ ထိကပ်နေတာလေးကအစ မနာလိုချင်စရာသည်။

အဖုအထစ်မရှိ အစက်အပြောက်မရှိ။ ခြေချောင်းလေးတွေဝင်းအိနေတာလေးကအစ ... ခြေဖမိုးပြင်လေး ရွှေဝါရောင်ပြေးကာ ဝင်းအိနေတာလေးအဆုံး အပြစ်ပြောစရာဘာမှမရှိင်လည်း ထိုခြေဖမိုးလေးတစ်ဖက်က အသက်ရှူမှားစေခဲ့တာသည်။ ဟော ... အခုမှ ဒေါ်မြူနှင်းစေရာတစ်ကိုယ်လုံး ပေါ်လာ မြေပြင်ပေါ်မှာ ပုဇွန်ဆီရောင်လေးလွှမ်းကာ ရပ်မိသွားခဲ့ပြီ။

"ဟင် ... "

အဝေးနှင်ရဲ့မျက်တောင်ရှည်လေးတွေက ပိုလို့ပင် ကော့တ်သွားသည်။

"ဟာ ... အဝေးနှင် ... ဟိုမှာ ဒေါ်မြူနှင်းစေရာ ဆင်းသွားလကွာ ... မင်းဘာငိုင်ကြည့်နေတာလဲ ... လိုက်မယ် ... "

သားကြီးလှမ်းအော်လိုက်တာကိုပင် သူမကြားလိုက်မိတော့

သူ့ကို တစ်ချက်တည်း သိမ်းကြုံးဆွဲဆောင်သွားခဲ့တာ ပုဇွန်ရောင်အရိပ်ကလေး။ ထိုအရိပ်ကလေးကိုကြည့်ရင်း ပတ်ဝန်းကျင်လုံးကိုပါ အဝေးနှင်က မေ့သွားခဲ့၏။ ဝင်းနှစ်သောကိုယ်လုံးလေးပေါ်မှာ အသားပျော့ပျော့ပုဇွန်ဆီရောင်နုနု ဘိုယ်ကြွပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရှည်လေးကို အောက်ခံပုခွန်ဆီရောင်ရင့်ရင့်နှင့် လိမ္မော်ရောင် ပြေး လှိုင်းတွန့်လေးတွေ၊ ယှက်သန်းဖြာဆင်းနေသည့် ချိတ်ကလေး ဖြင့်တွဲဝတ်ကာ ကားအောက်မြေပြင်ကို လုံးလုံးလျားလျားဆင်း လာခဲ့သည့်မိန်းမ။

အပြုံးအရယ်မရှိ။ ပတ်ဝန်းကျင်ကို မျက်ဝန်းကလေးတစ် ချက်ဝေ့ကာပင် ကြည့်သွားခဲ့ခြင်းမရှိ။ သို့သော် ... ပတ်ဝန်းကျင်မှာ ရှိနေသည့် မျက်ဝန်းတွေကတော့ သူမကို စူးစိုက်ငေးကြည့်ကာ မျက်နှာလွှဲပစ်ဖို့ ဘယ်သူမှသတိမရခဲ့ကြပါ။

ဖူးတင်းသောကိုယ်လုံးလေးက ... ကြွရွဝင်းနှစ်နေသည် ဘယ်သူကမှလည်း နှစ်ခါပြန်လှည့်မကြည့်ဘဲမနေနိုင်အောင် သူမရဲ့ ဆွဲဆောင်မှုတွေက ညှို့ချက်ပြင်းပြင်းကလေးနှင့် ပတ်ဝန်းကျင်တစ် ခုလုံးကို သိမ်းပိုက်သွားခဲ့သည်။

ပြောရရင် ... ဒါဟာ ...

ကိုကိုကြီးအရိပ်ထင်ရဲ့ နှလုံးသွေးကို ရေခဲတစ်မျှ ရပ်တန့် အေးစက်သွားအောင် ကျိမ်စာတိုက်အနိုင်ယူသွားခဲ့တဲ့ ဒေါ်မြှုနှင်း စေရာမို့ တိုင်ကွယ်လေးကို ပုခုံးစွန်းလေးထိကာ မှီကြည့်ရင် နှုတ် ခမ်းလေးကို အဝေးနှင်မဲ့မိသည်။

"ဟွန်း ..."

ရင်ခုန်နေစရာလိုသလား။

အဝေးနှင်ပါ။ ခင်ဗျားထက်နှစ်ဆပိုပြီး မာတယ်ဆိုတာ ခင်ဗျား လုံးဝယုံထား။

"ဟော့ကောင် အဝေးနှင် ... ဘယ်မှာလဲ ... မင်းရဲ့နှင်းဆီ လေး ..."





"ဒီမှာလေကွာ ..."

ဘောင်းဘီနောက်အိတ်လေးထဲကို လှမ်းနှိုက်ကာ နှင်းဆီ လေးကို လေထဲရောက်အောင် ဖျတ်ခနဲမြှောက်တင်လိုက်ပြီး ပြန် အကျမှာ ဆွဲဖမ်းလိုက်တာတောင် နှင်းဆီလေးက ခေါင်းကလေး ငှော့လျှက်သား။

"ဘာလဲ အဝေးနှင် ... မင်းတစ်ခါတည်း ဒေါ်မြှုနှင်းစေရာ ကို စစ်ကြေညာတော့မယ်ပေါ့ ..."

"အဟင်း ... အေးဆေးပါ သားကြီးရာ၊ သူဘယ်လောက်ပဲ ချလှ သူဘယ်လောက်ပဲ မာနတွေမိုးထိရောက်နေပါစေ ... သူ့ကို ဒီနေ့တစ်ခါတည်း စစ်ကြေညာဖို့ ငါ့ဘက်က လုံးဝပြင်ဆင်ထားပြီး သား၊ ကဲ ... သားကြီး ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဖုန်းထဲကနေ ဒေါ်မြှုနှင်းစေရာဆီကို မက်ဆေ့စ် တစ်ခါတည်းပို့မယ်"

တကယ့်ကိုအဆင့်မြင့်တဲ့ The War Of Rose ...

ချစ်ဟန်ဆောင်ပြီး နောက်ဆုံးတစ်နေ့ကျမှ မာနခြင်းပြိုင် အသည်းခွဲနေစရာလိုသလား။ အဲဒါတွေ ... ဘိုးတော်ဘုရား လေး ခေတ်သွားတုန်းက ကျန်ခဲ့ပြီ။ အခု ... အဝေးနှင်ရဲ့ TECHNIQUE က ပြောင်စိမ်ခေါ်ပြီး စင်ပေါ်ကိုတစ်ခါတည်းတက်မှာ။ အမြဲဟန် ဆောင်တာတွေ၊ အသနားခံတာတွေ၊ အောက်ကျနောက်ကျလေး [illegible] အနောက်က တကောက်ကောက်လျှောက်လိုက်တာတွေနဲ့ အဝေးနှင်ရဲ့သမိုင်းကို ဘယ်တော့မှရိုင်းအောင်မရေးဘူး။ မာနခြင်း ပြိုင် အသည်းခွဲဖို့ အဝေးနှင်လာတယ် ... ဒါပဲ ... ။

ဖုန်းခလုတ်လေးကို နှိပ်လိုက်တော့ ပို့ရမယ့် မက်ဆေ့စ် စာသားလေးတွေပေါ်လာ၏။ သားကြီးနှင့်အဝေးနှင် [illegible]ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတူ ခေါင်းချင်းဆိုင်ကာ စာသားလေးတွေကို ဖတ်ကြည့်သည်။

You Must Never Cry
My War of Rose Start Now
Away Nhin

"လန်းတယ်သားကြီးရာ ... ဟား ... ဟား၊ မင်းဘယ်တော့မှ မငိုနဲ့၊ ငါ့ရဲ့နှင်းဆီစစ်ပွဲ ... အခုစ,ပြီးတဲ့လားကွာ ... ဟား ... ဟား ..."

ခေါင်းကလေးမော့ကာရယ်လိုက်ရင်း ဖုန်းကလေးကို ထေထဲမြှောက်ကိုင်ကာ ဒေါ်မြနှင်းစေရာရဲ့ လက်ကိုင်ဟန်းဖုန်းနံပါတ်ကို တစ်ခါတည်း နှိပ်ချသည်။

"တီ ... တီ ..."

သွားပြီ ...

ဖုန်းထဲက မက်ဆေ့စ်လိုင်းတွေ လေထဲကိုလွှင့်တက်သွားပြီ။

"လာ ... သားကြီး၊ မက်ဆေ့စ်ကိုဖွင့်ဖတ်လိုက်တာနဲ့ ဒေါ်မြနှင်းစေရာရဲ့ နှုတ်ခမ်းထောင့်စွန်းလေးကွေးသွားမလား ... ငါကြည့်ချင်တယ် ..."

ပန်းချီပြခန်းထဲကို မယောင်မလည်လေးဝင်ခဲ့ကြတာ သူတို့နှစ်ယောက်။

ဟွန်း ... ပုဇွန်ဆီရောင်အရိပ်ကလေး ဘယ်မှာလဲ။

သိပ်တော့ကြာကြာမရှာလိုက်ရပါ။ နေဝင်ချိန်ဆည်းဆာပန်းချီကားကြီးတစ်ချပ်ရှေ့မှာရပ်ကာ တဖျတ်ဖျတ်လက်နေတဲ့ မျက်ဝန်းကလေးတွေနဲ့ ထိုပန်းချီကားကြီးကို သူမက စိုက်ကြည့်လို့။

ထူးခြားတာက မက်ဆေ့စ်ဝင်သွားပုံမရ။





ဖုန်း ပိတ်ထားသလား။

သူမရဲ့ နောက်နားလေးမှာရပ်နေတဲ့ ကားတံခါးဖွင့်ပေးတဲ့ ကုမ္ပဏီဝန်ထမ်းမလေးပေါ့။ ဒေါ်မြနှင်းစေရာက ခြေတစ်လှမ်းရွှေ့လျှင်၊ သူကပါ ခြေတစ်လှမ်းလိုက်ရွှေ့သည်။ ဒေါ်မြနှင်းစေရာက တော်ဝန်းကျင်ကို စိတ်ဝင်စားဟန်မပြပေမယ့် သူမလေးရဲ့မျက်ဝန်းလေးတွေကတော့ ဟိုဘက်သည်ဘက်လေးကို ဝေ့ကာဝဲကာ။

ဒေါ်မြနှင်းစေရာကတော့

မျက်နှာထားလေးက တည်တည်ကလေး။ လက်ကလေးနှစ်ဖက်ကိုချိတ်ပြီး တင်ပါးလေးပေါ် နောက်ပစ်လေးတင်ထားပုံလေးက ပန်းချီပြခန်းထဲက ပုံတွေထက်ပင် ပိုလန်းနေသည်။

"ဟုတ်တယ် ... သားကြီး၊ သူဖုန်းပိတ်ထားတာ သေချာတယ်"

"ဒေါ်မြနှင်းစေရာက ဓါတ်ပုံတွေ၊ ဗွီဒီယိုမှတ်တမ်းတွေထဲမှာထက် အပြင်မှာကြည့်ရတာ ပိုကျက်သရေရှိနေသလိုပဲနော် အဝေးနှင် ..."

သားကြီးက ခပ်တိုးတိုးလေးပြောပြီး မရဲတရဲလေးလည်းမော့ကြည့်သည်။ သူကတော့ ဘာလုပ်ရင်ကောင်းမလည်းဆိုတာပဲ စဉ်းစားနေ၏။ စစ်ကြေညာလိုက်သည့်စာ မရောက်ခင်မှာ ဂျပန်တွေ ပုလဲဆိပ်ကမ်းကိုဝင်တိုက်ခဲ့တာ မှားသလား။ ဒါဆို သူပို့လိုက်တဲ့ မက်ဆေ့စ်လေးကို ဒေါ်မြနှင်းစေရာ လက်ခံမရရှိသေးချိန်မှာ သူ့ရဲ့ အနက်ရောင်နှင်းဆီလေးနဲ့ အလစ်အငိုက်မှာ ဝင်တိုက်ရင်ရော ... ဒါ ... တရားသလား ...

"အဟွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးမဲ့ကာ သူတစ်ယောက်တည်း ပြုံးမိသွားသည်။

အမှန်းနဲ့ခင်းရမယ့်စစ်ပွဲမှာ တရားမျှတနေစရာ လိုသလား။ တကယ်တော့ သည်ပန်းချီပြခန်းထဲမှာ လူကများများစားစားမရှိ။

"ဟော ..."

ဒေါ်မြူနှင်းစေရာ ပြခန်းထဲက ပြန်ထွက်ဖို့ခြေလှမ်းပြင်နေပြီ။

ပုဇွန်ဆီရောင် အရိပ်ကလေး လှုပ်ရှားသွားသည်။

သူတို့နှစ်ယောက်ဘက်ကို တစ်ချက်လေးတောင်ငဲ့မကြည့်ဘဲ ပြန်ထွက်သွားသည်။

"ဟာ ... အဝေးနှင် ... ဟိုမှာထွက်သွားပြီကွ"

"ငါသိပါတယ် သားကြီးရာ ..."

အေးတိအေးစက်လေးနဲ့ မတုန်မလှုပ်လုပ်နေတဲ့ အဝေးနှင်ကိုလည်း သားကြီးကအားမရ။ တည်တင်းတဲ့မျက်နှာထားလေးနဲ့ ခပ်မာမာ တန်ပြန်လှုပ်ရှားတတ်တဲ့ အဝေးနှင်ရဲ့စရိုက်ကိုလည်း သားကြီးက သိထားသည်။

"ဗိုလ်ချုပ်ဈေး အလယ်လမ်းမဘက်ကို လျှောက်သွားပြီကွ"

ကြည့်လိုက်တော့လည်း အဝေးနှင်ရဲ့မျက်ဝန်းလေးတွေက အေးစက်စက်။

"ဒေါ်မြူနှင်းစေရာနဲ့ မျက်နှာချင်းဆိုင်ဆုံအောင် ... တို့ လျှောက်ကြမယ်သားကြီး ... သူ့မျက်လုံးတွေကို မျက်နှာချင်းဆိုင် အကြာကြီးစိုက်ကြည့်ပြီးတော့မှ ငါ့ဘက်က ပြတ်ပြတ်သားသား လှုပ်ရှားမယ်"

"ဟာ ... ဒါဆို ... ဗိုလ်ချုပ်ဈေး အလယ်မိန်းလမ်းက အကောင်းဆုံးပဲ"

ဟွန်း ... သေချာတာပေါ့ သားကြီးရာ။

အဲဒီလို လူတွေအများကြီးသွားနေတဲ့လမ်းပေါ်မှာ ငါက သည်း ခပ်ပြတ်ပြတ်စိမ်ခေါ်ချင်တာ။ ဘာပဲပြောပြော သူ့လက်ထဲ က အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကို ကိုကိုကြီးရင်ဘတ်မှာ ထိုး စိုက်သွားခဲ့တုန်းက ခုလို လူတွေအများကြီးရှေ့မှာပဲလေ။

ဒါကြောင့်မို့ ... ဒီနေရာကိုရွေးချယ်ဖို့ ငါသဘောတူတယ်။

ကြည့်လိုက်တော့ တကယ်မျက်နှာချင်းဆိုင်လျှောက်ရမယ့် အနေအထားကိုတောင် ရောက်နေပြီ။

ပုဇွန်ဆီရောင်အရိပ်လေးက မိန်းလမ်းမကြီးရဲ့ဟိုဘက်ထိပ် အဆုံး။

သူတို့က သည်ဖက်ထိပ်အစ။

သိပ်လှတဲ့ပွဲ။

"ဟော ..."

ပုဇွန်ဆီရောင်အရိပ်ကလေး ဒီဘက်ကို ပြန်လျှောက်လာနေပြီ။

အဝေးနှင်ရဲ့လက်ချောင်းရှည်ရှည်သွယ်သွယ်လေးတွေက ဆောင်းဘီနောက်အိတ်လေးထဲက နှင်းဆီလေးကို အဆင်သင့်တစ် ခါတည်းဆွဲထုတ်သည်။ ပြီးတော့ ... နှုတ်ခမ်းလေးကိုမဲ့ကာ လေထဲ ကို မြှောက်တင်လိုက်၏။ သားကြီးက ထိုနှင်းဆီလေးကို ထိတ် ထိတ်ပျာပျာလေးမော့ကြည့်သည်။ သူတို့အနားက ဖြတ်လျှောက် သွားသည့် ကောင်မလေးတစ်အုပ်ကပါ ... နှင်းဆီလေးကို ပြန်လှည့် ကြည့်နေတာ တကယ့်ကိုတအံ့တသြလေး။







www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကြည့်စမ်း ... အရမ်းရှားတဲ့ အနက်ရောင်နှင်းဆီလေး ... "

"နှင်းဆီလေးက အိစက်နေတာပဲနော်"

"ဟဲ့ ... နှင်းဆီလေးကိုင်ထားတဲ့ကိုကြီးကလည်း အရမ်းလန်းတယ်ဟဲ့ ... "

"မိုက်တယ်ဟာ ... "

ပြောသွားကြတာလည်း တစ်ယောက်တစ်ပေါက်။

သူကတော့ ဂရုမစိုက်ပါ။

နှင်းဆီလေးကို လေထဲမြှောက်လိုက် ပြန်ဖမ်းလိုက်နှင့်ပဲ တစ်လမ်းလုံး ဆော့ကစားလာရင်း ခပ်တည်တည်လျှောက်လာသည်။

ပုရွှန်ဆီရောင် မြန်မာဆန်ဆန်အရိပ်ကလေးက သူနဲ့တစ် ဖြည်းဖြည်းနီးကပ်လာသလို မျက်ဝန်းအကြည့်ချင်းဆုံသွားဖို့ ကြိုး စားနေရတာလေးကပဲ ရင်ခုန်ချင်စရာ။ သို့သော် ... ကံဆိုးချင်တော့ အနားကိုရောက်ကာနီးတော့မှ သူတို့နှစ်ယောက်က ဘာစိတ်ကူး ပေါက်သွားသည်မသိ နောက်ကိုပြန်လှည့်သွားသည်။

"သေစမ်းကွာ ... "

သားကြီးက ရယ်သည်။

အခြေအနေမပေးသေးတော့ နှင်းဆီလေးက ဘောင်းဘီ နောက်အိတ်ကလေးထဲ ပြန်ရောက်သွား၏။

"ဟွန်း ... "

နှုတ်ခမ်းလေးမဲ့ပြီး ပြုံးလိုက်ရုံမှတစ်ပါး တခြားလုပ်စရာ လည်း သူ့မှာမရှိ။





"အို ... ကြည့်စမ်း ... "

"ဟင် ... ဘာဖြစ်လို့လဲ ... အညိုရောင်"

"အညိုရောင် ... အညိုရောင်တို့နောက်မှာ လူနှစ်ယောက် လိုက်လာနေတယ် MD"

"အို ... ဘယ်သူတွေလဲ"

"အဲဒါတော့ အညိုရောင်လည်း မသိဘူးMD ... ပန်းချီပြခန်း နားမှာ ကားစ,ရပ်လိုက်ကတည်းက သူတို့နှစ်ယောက်ကို အညို ရောင် သတိထားမိနေတာ၊ MDနဲ့အညိုရောင် ပန်းချီပြခန်းထဲဝင် တော့ သူတို့ပါ မယောင်မလည်နဲ့ ဝင်လိုက်လာသေးတယ်"

"ဟင် ... ဟုတ်လား ... "

"အခုလည်း အညိုရောင်တို့နောက်မှာ သူတို့ပါလာတယ်၊ တစ်ယောက်က တီရှပ်အနက်ရောင်လေးကို စတိုင်လ်ပန်နက်ပြာ ရောင်လေးနဲ့တွဲဝတ်ထားတယ် ... တစ်ယောက်က ပုဆိုးလေးနဲ့ ရှိုးလေး ... "

"တိုက်ဆိုင်တာဖြစ်မှာပါ အညိုရောင်ရယ် ... "

"အို ... တိုက်ဆိုင်တာ မဟုတ်ဘူးMD ... သူတို့တကယ် လိုက်လာတာ၊ MD လှည့်တော့မကြည့်နဲ့၊ တစ်ယောက်လက်ထဲ မှာ ကိုင်ထားတာဆိုရင် အရမ်းရှားပြီး အိစက်နေတဲ့အနက်ရောင် နှင်းဆီလေးကို ကိုင်ထားပြီးတော့မှ နောက်ကနေ တကောက် ကောက်လျှောက်လိုက်လာနေတာ ... "

"အို ... အနက်ရောင်နှင်းဆီလေး ... ဟုတ်လား ... "

မြူမျက်ဝန်းကလေးတွေ အထိတ်တလန့်လေးနဲ့ ငိုင်းစက် သာ ကော့နက်သောမျက်တောင်ရှည်ရှည်လေးတွေပါ ပင့်တက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟုတ်တယ် ... MD ဟုတ်တယ် ... နှင်းဆီလေးက အရမ်းအိစက်ပြီးတော့ ရှိုးတံလေးမှာတောင် ဖဲကြိုးနီလေးနှစ်စကို ခေါက်တွန့်လေးချည်ပြီးတော့ဆွဲထားတာ၊ သူကလေ ... အဲဒီနှင်းဆီလေးကို လေထဲမြှောက်လိုက် ပြန်ဖမ်းလိုက်နဲ့ ... ကလေးကစားသလို ကစားပြီး နောက်ကလိုက်လာနေတာ MD ရဲ့ ..."

"အဟွန်း ..."

ခရေဇီရောင်လေးဆိုးထားသည့် နှုတ်ခမ်းလေးကိုတွန့်ကာ မြူက ပြုံးမိသည်။

"ဟော ..."

"ဟင် ... ဘာဖြစ်ရပြန်ပြီလဲ ... အညိုရောင်"

"သူတို့ ... သူတို့ အညိုရောင်တို့နှစ်ယောက်ကို ကျော်တက်တော့မယ် MD"

အညိုရောင် ပြောလို့တောင်မဆုံး။

နှစ်ယောက်ထဲက တီရှပ်အနက်ရောင်လေးဝတ်ထားတဲ့ တစ်ယောက်က မြူပုခုံးစွန်းလေးနှင့် ထိလုနီးပါးအနေအထားလေးကနေ ခပ်ကပ်ကပ်လေး ကျော်ဖြတ်သွားခဲ့ပြီ။

"တွေ့ ... တွေ့တယ်နော် MD ... ဟိုမှာလေ ... ဟိုမှာ သူ့ဘောင်းဘီအနောက်အိတ်လေးထဲမှာ ထိုးစိုက်ပြီးထည့်ထားတဲ့ နှင်းဆီလေး ..."

နှင်းဆီလေးက ဘောင်းဘီနောက်အိတ်လေးထဲကနေ ခေါင်းကလေးမော့ပြီးတော့တောင် မြူတို့နှစ်ယောက်ကို ကြည့်နေသလိုလို။





"ဟွန်း ..."

ခရေဇီရောင် မြူ့နှုတ်ခမ်းလေးတွေက ထပ်ဆင့်ပြီးတော့ ပြုံးသွားသည်။

မင်းမဆိုးပါဘူး အဝေးနှင် ... ဂျပန်ကနေ မင်းပြန်ရောက်လာတာနဲ့ မ,နောက်ကို အမုန်းတွေ နာကျည်းမှုတွေနဲ့မင်းလိုက်လာတော့မယ်ဆိုတာ မ,ကလည်း ဒါကိုကြိုသိနေလို့ ... မင်းနဲ့ပတ်သက်နေတဲ့ ဓာတ်ပုံတွေ၊ မင်းရဲ့ကိုယ်ရေးရာဇဝင်အချက်အလက်တွေအားလုံးကို ရင်းနှီးခင်မင်တဲ့ အသိအကျွမ်းမိတ်ဆွေတွေကတစ်ဆင့် မရဲ့ Computer Cross File ထဲမှာ အဆင်သင့်ထည့်ထားပြီးသားပါ။

မ,တစ်ခုပဲ မင်းကိုတောင်းပန်ချင်တာက မင်းကိုကိုကြီးအရိပ်ထင်ကို နှလုံးသွေးရပ်သွားရတဲ့အထိ ခံစားသွားရစေဖို့ ရည်ရွယ်ခဲ့တာ မဟုတ်ပါဘူး။ မင်းကိုကိုကြီး အသည်းခွဲရက်စက်တာကို ခံလိုက်ရတဲ့ မ,ရဲ့ကိုယ်ရေးအတွင်းရေးမှူးမလေး အဖြူရောင်ဆိုတာ နာမည်လေးနဲ့လိုက်ဖက်အောင် ဖြူဖြူစင်စင်ကလေး ဘဝကိုရှန်းသန်တည်ဆောက်လာခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ပါ။ ဒါပေမဲ့ တစ်နေ့မှာတော့ မင်းကိုကိုကြီးရဲ့သူငယ်ချင်းတစ်ယောက်က သူအလုပ်သွားအလုပ်ပြန်မှာ စိတ်အနှောင့်အယှက်ဖြစ်အောင် လိုက်နှောင့်ယှက်တဲ့အပြင် လက်ကိုပါလိုက်ဆွဲလို့ ရှက်ရှက်နဲ့ပါးတစ်ချက်ရိုက်ခဲ့မိတာကို မင်းကိုကိုကြီးက မခံမရပ်နိုင်ဖြစ်ပြီး အဖြူရောင်ရဲ့အချစ်ကို ရအောင်ယူခဲ့တာ။ ပြီးတော့မှ ... အသည်းခွဲပြီး ပါးနှစ်ချက်ပြန်ရိုက်သွားခဲ့တာ။ ဒါကို မင်းကိုကိုကြီးအရိပ်ထင် ကိုယ်တိုင်ခံပြီး ထပ်တူခံစားနားလည်စေချင်လို့ အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ မင်းကိုကိုကြီးရဲ့မွေးနေ့ညစာစားပွဲ စင်မြင့်ပေါ်ကို မ,



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တိုင်တက်ပြီး စစ်မျက်နှာဖွင့်ခဲ့ရတာပါ။

အဖြူရောင်လေးလို ခံစားနာကျင်ခဲ့ရတဲ့ မိန်းကလေးတွေ အားလုံးရဲ့ကိုယ်စား မာနခြင်းပြိုင်ပြီး မင်းကိုကိုကြီးရဲ့အသည်းကို မနှဲ့ခဲ့မိတာပါ။ ခုတော့ … ဒါကိုမကျေနပ်လို့ မနှောက်ကို အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ မင်းလိုက်ခဲ့ပြီပေါ့။

မတောင်းပန်ပါတယ် အဝေးနှင်ရယ် …

နာကျင်တဲ့မျက်ဝန်းတွေနဲ့ မကိုကြည့်ပြီး မာနခြင်းပြိုင် အသည်းခွဲဖို့တော့ မင်းမရည်ရွယ်လိုက်ပါနဲ့။

"အညိုရောင် …"

"ရှင် … MD"

"မလက်ကိုင်အိတ်လေးက ဟန်းဖုန်းလေး မကိုထုတ်ပေးစမ်း …"

ကိစ္စလေးတစ်ခုနဲ့ မိတ်ဆွေတစ်ယောက်ဆီကို ဖုန်းဆက်ဖို့ မြူအခုမှ သတိရသွားသည်။ အညိုရောင်က ဖုန်းကလေးကို ကမျာကယာလေး ထုတ်ပေး၏။

ပါဝါခလုတ်လေးကိုနှိပ်ပြီး ဖုန်းဖွင့်လိုက်တော့ …

"တီ … တီ …"

အို … ကြည့်စမ်း … ။

ဘယ်သူပို့ထားတဲ့ မက်ဆေ့စ်လေးလဲ။

မြူဖွင့်ပြီး မက်ဆေ့စ်လေးကို ဖတ်ကြည့်လိုက်သည်။

You Must Never Cry
My Wak Of Rose Stakt Now
Away Nhin





"ဘုရားရေ …"

အဝေးနှင်က သူမကိုစိမ်ခေါ်သွားခဲ့ပြီ။

ရင်ထဲမှာလည်း ဆူပူပြောင်းဆန်သွားအောင် မြူခံစားလိုက်ရသည်။

ထိုအချိန်မှာပဲ ဖုန်းခေါ်သံလေးတစ်ခုက ချက်ချင်းမြည်လာသည်။

မြူ … နံပါတ်လေးကိုကြည့်ပြီး ဖွင့်လိုက်တော့ …

"MD လားဟင် … MDကို အရေးတကြီးပြောစရာရှိလို့ လှမ်းခေါ်နေတာကြာပြီ … MDက ဖုန်းပိတ်ထားလို့ …"

"ပြောလေ … လှာ … ဘာအရေးကြီးလဲ …"

ဖုန်းထဲက ညှိုကြိုမလေး လှာ့အသံလေးက ပြောချင်လွန်းအသံကြီးလို့ မောနေတဲ့အသံကလေး။

"ဟို … ဟိုလေ … MD ဒီနေ့မနက် ကိုးနာရီလောက်က အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး MDကိုတွေ့ဖို့ လူတစ်ယောက်လာသွားတယ်MD"

"ဟင် …"

မြူ့မျက်တောင်လေးတွေ ကော့တက်သွားခဲ့ရပြန်ပြီ။

အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး MDကိုတွေ့ဖို့ လူတစ်ယောက်လာသွားတယ်ဆိုပါလား။

"သူ့ပုံစံလေးက ခပ်မိုက်မိုက်လေးနဲ့ တော်တော်လန်းတယ် … MDကိုလည်း သူတော်တော်လေး နာကျည်းနေပုံပဲ၊ အဲဒါ လှာ့ကိုဘယ်လိုပြောသွားလည်းဆိုတော့ … ငါယူလာတဲ့ ဒီအနက်ရောင်နှင်းဆီလေးဟာ မင်းတို့အိပ်မက်ဧဒင်ဥယျာဉ်မှူးဆီရဲ့

www.burmeseclassic.com



မန်းနေကျွင်းအရိုက်တာ ဒေါ်မြူနှင်းစေရာရဲ့ရင်ဘတ်မှာ ငါကိုယ်တိုင်ထိုးစိုက်အောင်ပွဲခံဖို့ ယူလာခဲ့တဲ့နှင်းဆီတဲ့ ... "

"အို ... ကြည့်စမ်း ... သူ ... သူက ဒီလိုပဲ ပြောသွားလားဟင် ... လွှာ ... "

"ပြောတယ် ... MD ပြောတယ်၊ ပြောတယ် ... အဲဒါ MD သိထားရအောင် လွှာဖုန်းဆက်ပြောတာ၊ သူ ... ဒီနေ့ဝတ်ထားတာလေးက အနက်ရောင်တီရှပ်လေးကို နက်ပြာရောင်စတိုင်လ်ပန်လေးနဲ့တွဲဝတ်ထားတာMD ... သူနာမည်က အဝေးနှင်းလေ သတိထားနော် MD ... အဲဒါ ပြောချင်လို့ လွှာ ဖုန်းဆက်တာ ... MD က တွေ့ခွင့်မပေးလို့ သူပြန်ထွက်သွားတာ"

"ကျေးဇူးပဲလွှာ ... အခုတော့ သူနဲ့MD ဗိုလ်ချုပ်ဈေးအလည်ခေါင်မှာ မျက်နှာချင်းဆိုင်တွေ့နေကြပြီ"

"အို ... ဘုရားရေ ... "

ဒါပဲပြောပြီး ဖုန်းလေးကို မြူပိတ်ချလိုက်ပြီ။

"အဟွန်း ... "

လှပတည်တင်းတဲ့ ခရေဇီရောင် နှုတ်ခမ်းလေးပေါ်မှာ အပြုံးမဲ့မဲ့လေးက တမဟုတ်ခြင်း နေရာယူသွားသည်။

"MDနော် ... ဟိုနှစ်ယောက် ဒီဘက်ကို ပြန်လှည့်လာနေပြီ ... MDသတိထား ... "

"ရတယ် ... အညိုရောင်"

မြူကလည်း ဂရုမစိုက်ပါ။ ဒီကို အဝေးနှင်းလာသွားတာသိလို့ ... အညိုရောင့်ကိုခေါ်ပြီး ဗိုလ်ချုပ်ဈေးကို တမင်ထွက်လာတာပါ ...





ကဲ ... အဝေးနှင်း ... ဒီလိုအိစက်နေတဲ့ အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကို မရဲ့ရင်ဘတ်မှာ မင်းကထိုးစိုက်ချင်တာလား။ အဟင်း ... သတ္တိရှိရင် မင်းစမ်းကြည့်လိုက်လေကွာ၊ မ,ကို တည်တင်းနေတဲ့ မျက်နှာထားကလေးနဲ့ လက်စားချေဖို့ မင်းကြိုးစားတော့မယ်ဆိုတာ ပြောင်ကြေညာခဲ့တဲ့ မင်းရဲ့စိတ်ဓာတ်ကိုတော့ မ,သဘောကျတယ်။

လေးစားပါတယ် ... အဝေးနှင်း။

မင်းရဲ့နှင်းဆီစစ်ပွဲလေးစ,တဲ့နေ့မှာ မင်းအောင်မြင်ပါစေလို့ မ,ဆုတောင်းပါတယ်။ လက်ခုပ်လေးတီးပြီးတော့လည်း မင်းကိုမ,အားပေးပါတယ်။

ဒါပေမဲ့ ... တစ်ခုပဲ မင်းကိုမ,ပြောချင်တာက မကလည်း You Must Never Cry ပဲနော် ... အဝေးနှင်း ...

အဟင်း ... မနာမည်က မြူနှင်းစေရာပါ ...

ကဲ ... အမြောက်လေးတစ်ချက်ပစ်ဖောက်ပြီး မ,တို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြရအောင်။

"MDနော် ... သတိထား။ သတိထား ... သူ ... သူ သူ့ရဲ့အောင်းဘီနောက်အိတ်လေးထဲက နှင်းဆီလေးကိုဆွဲထုတ်ပြီး လေထဲမြှောက်တင်လိုက်ပြီ MD"

မျက်နှာလေးပျက်မသွားအောင် အညိုရောင် ဘယ်လိုပဲထိန်း ... ထိန်း ထိန်းလို့မရ။ ထိုအချိန်မှာ မြူက မျက်နှာလေးကိုတည်တင်းသွားအောင် တစ်ချက်ပြင်လိုက်ရင်း ... ခြေလှမ်းကလေးကိုလည်း စည်းချက်မှန်မှန်လေးဖြစ်သွားအောင် စ,လှမ်းသည်။

"ဒေါက် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ..."

မြို့နွာမြင့်ဒေါက်ကလေးဆီက အသံလေးပါ။

ဟော ... ကြည့်စမ်း ... သူကပါ မျက်နှာချင်းဆိုင် တည့်တည့်နေရာကနေ ... ယောက်ျားစီး ခရီးကြမ်းဒေါက်ကို တဒေါက်ဒေါက်အသံပေးရင်း ဘယ်သူ့ကိုမှ ဂရုမစိုက်သလို မျက်နှာထားတည်တည်လေးနဲ့ လျှောက်လာနေခဲ့ပါရောလား။

"ဒေါက် ..."

"ဒေါက် ..."

"အို ..."

တဒေါက်ဒေါက်အသံလေးနှစ်ခု နီးကပ်သွားသလို ... တည်တင်းအေးစက်နေတဲ့ မျက်ဝန်းအကြည့်လေးနှစ်ခုကပါ မျဉ်းတစ်ဖြောင့်တည်းမှာ ထိကပ်သွားခဲ့ရပြီ။ မျက်ဝန်းအကြည့်လေးနှစ်ခု ဆုံမိသွားခဲ့ရပြီ။

ကြည့်စမ်း ...

ခတ်ပုံလေးထဲမှာထက် အပြင်မှာတောင် ပိုပြီးတော့တောင့်ဖြောင့်ချောမောနေတဲ့အဝေးနှင်။ အို ... အို နှုတ်ခမ်းလေးတွေကရဲလို့၊ မျက်ခုံးတန်းလေးနှစ်ခုက စိမ်းလို့၊ မျက်နက်ဝန်းကြီးတွေက မျက်တောင်ရှည်ကော့ကော့ကြီးတွေအောက်မှာ စိမ်းပြာတဲ့ မာနရိပ်တွေနဲ့ တလက်လက်ဖြာလို့ ... ဘုရားရေ ...

မြို့ ... ရိပ်ခနဲလှမ်းမြင်လိုက်တာ ... မြို့အနားကို သူကအရောက် လေထဲမြှောက်ရင်း ဆော့ကစားလာတဲ့ အနက်ရောင်နှင်းဆီအိစက်စက်လေးက ဖဲကြိုးနီလေးနှစ်စ တန်းလန်းလေးနဲ့ လေထဲမှာပဲ သူကဆွဲအဖမ်း ... ဖျတ်ခနဲပြန်စိုက်ကျလာတာက





မြို့ရင်ဘတ်တည့်တည့်နေရာလေးဆီကို ဖြစ်နေတာမို့ မြို့လက်လေးတစ်ဖက်က လေထဲကိုမြှောက်တက်သွားခဲ့ကာ ဖြောင်းခနဲမြည်သွားရသည့်အသံတစ်ခုက ပြင်းထန်စွာ ပေါ်သွားခဲ့ရသည်။

"ဖြောင်း ..."

"ဟာ ..."

မြို့ရိပ်ခနဲမြင်လိုက်တာ အံ့သြထိတ်လန့်ရခြင်းများစွာတို့နှင့် မြို့မျှော်လက်ဖြာသွားခဲ့ရသည့် အဝေးနှင်ရဲ့ မျက်ဝန်းကလေးတွေပါ သူ့လတ်ထဲက အနက်ရောင်နှင်းဆီလေးဟာလည်း မြို့ရိုက်ချလိုက်သည့် အရှိန်ကလေးဖြင့် ဂျွမ်းစိုက်ဖောက်ထိုးလေး လမ်းမပေါ်ကို ပြုတ်ကျသွားခဲ့ရပြီ။

ဒါကိုလည်း မြို့ရဲ့ခရေဇီရောင် ဒေါက်ကလေးတစ်ဖက်က ခတော်တဆ နင်းမိသွားတဲ့ဟန်ကလေးနဲ့ တမင်တကာ်နင်းချပစ်လိုက်တာကလည်း ရက်ရက်စက်စက်။

"အို ... ကြည့်စမ်း ... ခင်ဗျား ..."

အချေခံလိုက်ရတဲ့ နှင်းဆီလေးကိုကြည့်ပြီး သူ့မျက်နှာတစ်ခုလုံး ပြိုပျက်သွားရတာ မြို့အတွက်တော့ တကယ့်ကိုမကြည့်ရက်စရာ မြင်ကွင်းလေးပါပဲ။ ထိုအချိန်မှာ နှစ်ယောက်သားနီးကပ်သွားတာလည်း ခန္ဓာကိုယ်ခြင်းထိလုနီးပါး ... မိုးထိုးနေသည့် သူ့အရပ်မြင့်မြင့်ကြီးကိုလည်း မြို့ရင်ခုန်အသက်ရှူမှားစွာ မော့ကြည့်လိုက်မိတယ်။

"အဟင်း ... ဆောရီးပဲအဝေးနှင် ... မင်းပို့ထားတဲ့ မက်ဆေ့ချ်လေးကို လွှန်ခဲ့တဲ့သုံးမိနစ်လောက်ကမှ မ,လက်ခံရခဲ့တာပါ။ မြစ်နိုင်မယ်ဆိုရင် မင်းကြေညာထားတဲ့စစ်ပွဲကို ရပ်ခဲပစ်လိုက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မဘာက်ကစပြီး မင်းကိုအနူးအညွတ်တောင်းပန်ပါတယ် … မ,က မြူနှင်းစေရာပါ၊ အိပ်မက်စေတမာန်ကုမ္ပဏီရဲ့ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်မြူနှင်းစေရာပါ … "

"ခင်ဗျား နားလိုက် … "

"ဟင် … "

"ဖြောင်း … "

လက်ခွဲနှုတ်ဆက်ဖို့ မြူကမ်းပေးလိုက်တဲ့ လက်ကိုလည်း ဖြောင်းခနဲနေအောင် ရိုက်ချပြီး အဝေးနှင် … ချာခနဲလှည့်ထွက်သွားခဲ့ပြီ။

သူ့ရဲ့ကျောပြင်လေးကိုငေးကြည့်ရင်း … ပြုံးလိုက်မိတာ ရင်ထဲမှာတကယ့်ကို နင့်နင့်လေး။ အဝေးနှင်ရယ် … မင်းအတွက် မ, စိတ်မကောင်းလိုက်တာ။ ဆောရီးကွာ … မင်းကို မ,တကယ်ပဲ တောင်းပန်တယ်သိလား … ။

အညိုရောင်ကတော့ မြူမျက်ဝန်းကလေးတွေကိုပဲ တအံ့တသြလေးစိုက်ကြည့်ရင်း … အသက်ရှူမှားနေခဲ့ရပြီ။

……

အခန်း ( ၆ )

သူမ အိပ်လို့မရတော့ပါ။

နာကျင်ရခြင်းတစ်ခုနှင့်အတူ စပ်ပြင်းပြင်း နှင်းဆီရနံ့လေး တစ်ခုကပါ သူမအနားမှာ ခြောက်လှန့်ပြန့်လွင့်နေဆဲ။ အိပ်တော့ ညေ့်ဟု စိတ်ကိုပိုင်းဖြတ်ပြီး မျက်ဝန်းတို့ကို စုံမှိတ်ထားပြီးလေမှ အသိမဲ့စိတ်တို့၏ လှုပ်ရှားမှုတွေကြောင့် ငေါက်ခနဲ ထ, ထ, ထိုင်ထိုင်ရတာ ဘယ်နှစ်ကြိမ်မြောက်ရှိနေပြီလဲ။

ဘယ်တော့မဆို သူမညအိပ်ရာဝင်လေလျှင် အသားပျော့ပျော့ ခပ်ပါးပါးအဖြူရောင် ညဝတ်ဂါဝန်ရှည်ဖားဖားလေးတွေကိုပဲ သူမက စိတ်တိုင်းကျ ရွေးချယ်ဝတ်တတ်တာမို့ အိပ်ရာထက်မှထထာ ခုတင်အောက်မှာ ရပ်လိုက်ရလေတိုင်း စွဲမက်ဖွယ်ရာ ကိုယ်လုံးသွယ်လှလေးက ညဝတ်ဂါဝန်ရှည်လေးရဲ့အောက်မှာ ဝင်းဝင်းထင်းထင်းကလေး ပေါ်လာရမြဲဖြစ်သည်။

သူမရဲ့တစ်ယောက်အိပ် Master Bed Roon အခန်းကျယ်ကြီးနှင့် ကပ်လျက်က READING Roon ထဲမှာတော့ ညတိုင်း စာ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရင်း အဆင်သင့်သောက်ဖို့ ရေနွေး၊ Coffee ရယ်ဒီမိတ်ခေါက်ဆွဲ ခြောက်ထုပ်များနှင့် ချောကလက်မုန့်များစွာတို့က အမြဲလိုလို အဆင်သင့်ရှိနေခဲ့ပြီသား။

ခုတော့ ... ဒီညမှာမှ ထူးထူးခြားခြား။

အိပ်၍မပျော်နိုင်တာမို့ READING Roon ထဲသွားကာ ကော်ဖီပူပူလေးတစ်ခွက်ကို ကိုယ်တိုင်လေးဖျော်ကာ သောက်နေစဉ်မှာပဲ သူမရဲ့ ဟန်းဖုန်းမြည်သံလေးက အထိတ်တလန့်လေး ပေါ်ထွက်လို့ လာခဲ့ပြီ။

"တီ ... တီ ..."

"တီ ... တီ ..."

ဒါနဲ့ပဲ ကော်ဖီခွက်ကလေးကိုချကာ ဖုန်းကလေးကိုဖွင့် နားထောင်လိုက်စဉ်မှာတော့ ...

"ဟဲလို ..."

ဖုန်းထဲမှာ မြူကြားဖူးနေကြမဟုတ်သည့်အသံကလေးတစ်ခု

"ဟုတ်ကဲ့ ... ပြောပါ ... ကျွန်မ မြူနှင်းစေရာပါ"

"ဟွန်း ... ကျွန်တော် အဝေးနှင်ပါ ..."

"အို ... မင်း ..."

လက်ထဲက ဟန်းဖုန်းလေးပြုတ်ကျသွားလုမတတ်ဖြစ်ကာ မြူ့တစ်ကိုယ်လုံး အေးစက်သွား၏။ အဝေးနှင်တဲ့ ... နေ့လည်ကပဲ လိုက်ဖြာနာကျင်နေတဲ့ မျက်ဝန်းတွေနဲ့ သူမကိုစိုက်ကြည့်ပြီး သူမရှေ့ကနေ ချာခနဲလှည့်ထွက်သွားလေခဲ့တဲ့ အဝေးနှင်။ ကြည့်စမ်း ဒီအချိန်ကြီးကျမှ ဖုန်းဆက်ရသလား။

"နေ့လည်က ဗိုလ်ချုပ်ဈေးထဲမှာ ရိုက်သွားတဲ့ခင်ဗျားရဲ့ရိုက်





...တ်က ပြင်းလွန်းလို့ ကျွန်တော်အရမ်းခံစားနေရတယ်ဗျာ ... ...ကြောင့်မို့ ဒီအချိန်ကြီး ဖုန်းဆက်လိုက်ရတာ ... ဆောရီးနော် ဒေါ်မြူနှင်းစေရာ ..."

"ရပါတယ် ... ကဲ ... ပြော၊ တို့ကိုမင်းဘာပြောချင်သလဲ"

"ကျွန်တော် ... တစ်နေ့နေ့မှာ ခင်ဗျားကိုရအောင်သိမ်းပိုက်မှာ ..."

"အို ... ကြည့်စမ်း ..."

မြူ မျက်တောင်လေးတွေကော့ကာ၊ မျက်နှာတစ်ခုလုံး ပန်းသွေးရောင်တွေ စိုဖုံးသွားသည်။

"အဟင်း ... ကျွန်တော်ပြောတာ ရှင်းပါတယ်နော် ဒေါ်မြူနှင်းစေရာ ... တစ်ယောက်တည်းပဲတိုက်ရတိုက်ရ ခေါ်ဘဏီတပ်ကြီးနဲ့ချီလာပြီးတော့ အရုပ်လေးမျက်နှာကိုပဲဝိုင်းရိုင်းရ... နောက်...တစ်နေ့မှာ ခင်ဗျားကိုရမှ ကျွန်တော် လုံးဝကျေနပ်မယ်"

"မင်းပြောချင်တာ ... ဒါပဲလား ..."

"ဟာ ... နေဦးနော်၊ ခင်ဗျား ဖုန်းမပိတ်လိုက်နဲ့ဦး ..."

အသံလေးက မာမာလေး။

ဖုန်းပြောရင်းနဲ့တောင် မင်းမျက်နှာလေးက တင်းနေပြီလား ...ဝေးနှင် ... ဒီလောက်ဆိုရင် မင်းမဆိုးပါဘူး၊ တို့ကိုမာနကြီးကြီး ...ည်တည်တင်းတင်းကလေးနဲ့ မင်းဘက်ကစပြီး စစ်ကြေညာ...တ်တာကို မ,သဘောကျတယ်။ ကဲ ... မင်းကြိုက်သလောက် ...စမ်း၊ မ,နားထောင်မယ်။

"မပိတ်ပါဘူး အဝေးနှင်ရယ် ... မ,ရဲ့ဖုန်းထဲကို မက်ဆေ့စ် ... ပြောင်ပို့ပြီး စိမ်ခေါ်သွားတာလေးကို မ,သဘောကျနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



အဟင်း ဒီလိုယောက်ျားလေးမျိုးကလည်း မ,ရဲ့ဘဝမှာ အရမ်းရှား တယ်လေ၊ ဒါပေမဲ့ ... မင်းကို မ,တစ်ခုပဲ ပြောချင်တာက ... ”

*“ဟင် ... ခင်ဗျားဘာပြောချင်တာလဲ ...”*

“မင်းကို သနားတယ် ...”

“ဗျာ ...”

“ဟား ... ဟား ...”

အံ့ဩသွားသံကလေးနှင့်အတူ တစ်ဆက်တည်း ကြားလိုက်ရတာက ရယ်မောဟားတိုက်ချပစ်လိုက်တဲ့ အဝေးနှင်ဆီက ရယ်သံ လွင်လွင်ကလေး။

“ခင်ဗျား ... ခင်ဗျား တကယ်ညက်တယ်သိလား၊ ဒေါ်မြနှင်းစေရာရယ် ... ခင်ဗျား တကယ်ညက်တယ်ဗျာ ...”

“ဟား ... ဟား ...”

ဖုန်းထဲမှာ သူ့ရယ်သံလေးတွေနဲ့သာ အဆက်မပြတ်လေးညီသွားခဲ့ရ၏။ မြူကတော့ အေးအေးဆေးဆေးပါပဲ။ ချထားသည့် ကော်ဖီခွက်ကလေးကို လှမ်းယူကာ တငုံစာလေး သောက်လိုက်သေး၏။

“ဘာလဲ ... ဒေါ်မြူနှင်းစေရာ၊ အဲဒီလို တော်ကီကလေးတွေနဲ့ ကျွန်တော့်ကိုကိုကြီးကို ခင်ဗျားအပိုင်ချုပ်သွားခဲ့တာလား၊ အဟင်း အခုပွဲမှာ ... ခင်ဗျားရင်ဆိုင်ရမှာ ... အရိပ်ထင်မဟုတ်ဘူးလေ ဒေါ်မြူနှင်းစေရာရဲ့ ... အဝေးနှင်လေ၊ လှပအေးစက်တဲ့ ခင်ဗျား မျက်လုံးတွေကို အကြာကြီးစိုက်ကြည့်ပြီး မာနခြင်းပြိုင် အသည်းခွဲချင်လို့ ဟိုးအဝေးကြီးကနေ အဝေးနှင်ပြန်လာခဲ့တာ ...”

“အို ...”





ကြည့်ပါဦး။ လှပအေးစက်တဲ့ ခင်ဗျားမျက်လုံးတွေကို အကြာကြီးစိုက်ကြည့်ပြီး မာနခြင်းပြိုင်အသည်းခွဲချင်လို့ ဟိုးအဝေးကြီးကနေ အဝေးနှင်ပြန်လာခဲ့တာတဲ့။

“အဟင်း ... ဒါပေမဲ့ဗျာ၊ ခင်ဗျားကို တကယ်အပြင်မှာတွေ့လိုက်ရတော့လည်း ကျွန်တော် လက်ဖျားခါသွားရတယ် ... ပြောရမယ်ဆိုရင် ခင်ဗျား ... တကယ်ပက်ပက်စက်စက်လှတယ်၊ ခရေစီရောင်ဒေါက်ကလေးစီးထားတဲ့ ခင်ဗျားရဲ့ခြေထောက်ကလေးတွေ ခြေဖမိုးလေးတွေကအစ ဝင်းထင်းအိစက်ပြီးတော့ ရှင်းသန့်နေတာ၊ ခင်ဗျားရဲ့ နှုတ်ခမ်းလေးတွေကလည်း သိပ်ကိုစွဲမက်ဖို့ကောင်းတယ်၊ နုအိဝင်းဝါနေတဲ့ နားထင်စပ်လေးနစ်ဖက်မှာ အမျှင်လိုက်လေးကျနေတဲ့ဆံပင်လေးတွေကအစ တအားချစ်ဖို့ကောင်းတယ်၊ အဟင်း ဒါကို မျက်နှာချင်းဆိုင်လျှောက်လာရင်း ခင်ဗျားသိပ်လှတာတွေ ငေးကြည့်လိုက်မိလို့ ... အိစက်နေတဲ့ခင်ဗျားရဲ့ ဒေါက်ကလေးတစ်ဖက်ရဲ့အောက်မှာ ကျွန်တော့်ရဲ့နှင်းဆီလေး စိစိညက်ညက်အခြေခံလိုက်ရတာ၊ ဒါ ... ဒါ ... ကျွန်တော် ရှုံးသွားတာလား ဒေါ်မြူနှင်းစေရာ ...”

“မင်း ... မရှုံးပါဘူး အဝေးနှင် ...”

“ဗျာ ... ဒါဆို ဘယ်သူရှုံးသွားတာလဲ”

“တို့ ... ရှုံးသွားတာ”

“ဟာ ... အဲဒါမဖြစ်နိုင်ဘူး ...”

ဟိုဘက်က ခါးခါးသည်းသည်းငြင်းလိုက်သံလေး ဖုန်းထဲမှာ ပေါ်လာသည်။ ဒါကိုပဲ မြူက ... ရင်နင့်နင့်လေးပြုံးလိုက်မိလေသလား။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လက်ဆွဲနှုတ်ဆက်ဖို့ ကမ်းပေးလိုက်တဲ့တို့ရဲ့လက်ကို ဖြောင်းခနဲရိုက်ချပြီး ချာခနဲလှည့်ထွက်သွားခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို တို့ဘဝမှာ ... ပထမဦးဆုံးတွေ့လိုက်ရလို့ ရှုံးသွားတာ"

"ဗျာ ..."

"မင်း ... သိပ်တော်တယ်အဝေးနှင် ... မင်းပစ်လိုက်တဲ့မြွားကိုမြင်လိုက်ရပါလျှက်နဲ့ တို့ဘက်က မရှောင်နိုင်ခဲ့တာ၊ ဒါ ... တို့ရဲ့ ညံ့ဖျင်းမှုပဲ၊ အဲဒီအချိန်လေးမှာပဲ နှစ်ပေါင်းများစွာ ဘယ်သူ့ကိုမှ ပေးမဝင်ချင်လို့ ပိတ်ထားခဲ့ရတဲ့ တံခါးလေးတစ်ချပ်ကို အသိမဲ့သွားတဲ့ စိတ်ကလေးနဲ့ ဖွင့်ပေးလိုက်မိလို့လည်း ယောကျ်ားတစ်ယောက်ကို လက်ဆွဲနှုတ်ဆက်ဖို့ တို့ကအရင်လက်ကမ်းပေးလိုက်ရသလို ဖြစ်သွားခဲ့ရတာ ..."

"ဟာ ... ညက်တယ် ဒေါ်မြူနှင်းစေရာ၊ ခင်ဗျားလုံးဝညက်တယ်ဗျာ ... ဟား ... ဟား"

မြူ အမှန်အတိုင်းလေး ဝန်ခံလိုက်မိတာကိုတောင် သူက တဟားဟားလေးနဲ့ လှောင်ရယ်လိုက်ပြန်ပြီ။

"ဟင် ... အဝေးနှင်၊ မင်းဘာရယ်တာလဲ ... တို့ပြောတာကို မယုံလို့ မင်းရယ်လိုက်တာလား"

မြူ့အသံလေးက တကယ့်ကိုပဲ လှိုက်တုန်သွားခဲ့၏။

နှုတ်ခမ်းလေးတွေ သွေ့ခြောက်သွားခဲ့သလို တစ်ကိုယ်လုံးလည်းရှိန်းရှိန်းနွေးနွေးလေး ခံစားလိုက်ရသည်။

"ဒီမှာ ... ဒေါ်မြူနှင်းစေရာ ..."

"ပြောလေကွာ ... အဝေးနှင်"

"ခင်ဗျားကို အဝေးနှင်စိမ်ခေါ်နေတာ မာနခြင်းပြိုင်အသည်းခွဲဖို့ စိမ်ခေါ်နေတာ ... ကျွန်တော် ပစ်လိုက်တဲ့မြွားတွေကလည်း





ခင်ဗျားနှလုံးသားတည့်တည့်နေရာကိုပဲ ထိအောင်ပစ်မှာ ... ကျွန်တော့်ကိုကိုကြီးကို ခင်ဗျားပစ်ခဲ့တဲ့ မြွားဟောင်းမြွားပျက်တွေ ဆို ခင်ဗျားပြန်သုံးဖို့ မကြိုးစားနဲ့၊ အဲဒီမြွားတွေကို ထုတ်သုံးပြီးပြန်ပစ်မယ်ဆိုရင် ဒီပွဲမှာ ခင်ဗျားရှုံးသွားလိမ့်မယ် ..."

သည်စကားကြောင့် မြူ့နှုတ်ခမ်းလေးပေါ်မှာ အပြုံးရိပ်လေး တစ်ချဖြတ်ပြေးသည်။ သူ့ဘာကို ရည်ရွယ်ပြောလိုက်တယ်ဆိုတာ သည်း မြူချက်ခြင်းသဘောပေါက်၏။ မြူဖွင့်ပြောလိုက်မိသော တံခါးတစ်ချပ်ကိုမှင် ထောင်ချောက်တစ်ခုရယ်လို့ သူတပ်အပ်စွတ်စွဲနေခဲ့တာလား။

"အဟင်း ... ကောင်းပြီလေ အဝေးနှင် ... မင်းဖြစ်စေချင်တာပဲ တို့ကိုပြောပါ ..."

"တစ်နေ့နေ့မှာ ခင်ဗျားတစ်ကိုယ်လုံးကို သိမ်းပိုက်နင်းချေပြီးတော့ ကျွန်တော်အောင်ပွဲခံချင်တယ် ... ခင်ဗျားရင်ကိုခွဲ ခင်ဗျားအသည်းကိုထုတ်ပြီး ... ခင်ဗျားရှေ့မှာပဲ မီးပုံရှို့ပြချင်တယ်"

"အဲဒါ ... မင်းဆန္ဒနော် ..."

"ယုံ ... ထား ... လိုက် ..."

သူတစ်လုံးခြင်း ပြောသည်။

"ဟွန်း ..."

"ဒါပေမဲ့ ... မ,မင်းနဲ့မပြိုင်ချင်ဘူး"

"ဗျာ ..."

"အပြစ်မရှိတဲ့သူတစ်ယောက်ကို အနိုင်မယူချင်လို့ မ,အရှုံးပေးထားတာ"

"ခင်ဗျားနော် ... ဟိုလိုလိုဒီလိုလိုလုပ်ပြီး ပြိုင်ပွဲထဲကနေ နှုတ်ထွက်သွားဖို့ ခင်ဗျားမစဉ်းစားနဲ့ ... ခင်ဗျားရဲ့ပြိုင်ဘက်တိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



အကြိတ်ကမ်းအလဲထိုးပြီးတော့မှ ခင်ဗျားအနိုင်ယူလာခဲ့တာလေ၊ အခု ခင်ဗျား ... ကြောက်နေပြီလား ...”

“မင်း ... မ,ကို ကြိုက်သလိုစွဲချက်တင်နိုင်တယ် အဝေးနှင်”

“ဒီမှာ ... ကျွန်တော်နှလုံးသားထဲမှာ လောင်နေတဲ့မီးက ခင်ဗျားရဲ့မျက်ရည်တွေ၊ ခင်ဗျားရဲ့နှလုံးသွေးတွေနဲ့ငြိမ်းမှ ငြိမ်းမယ့်မီး ... ကျွန်တော့်ကိုကိုကြီးအတွက် အားလုံးကို ခင်ဗျားပြန်ပေးဆပ်ရမယ်”

“မင်းကိုရှုံးရမယ်ဆိုရင်လည်း မ,က ကျေနပ်ပြီးသားပါ”

“ဟား ... ဟား ... ဒီလိုအပြောလေးတွေနဲ့ ယောကျ်ားဘယ်နှစ်ယောက်ကို ခင်ဗျားအသည်းခွဲပြီးပြီလည်းဟင်၊ ကျွန်တော်က အရိပ်ထင်မဟုတ်ဘူးနော် ... အဝေးနှင် ...”

“မင်း ... မင်းအရှုးမထ,ချင်စမ်းနဲ့၊ မင်းနဲ့လက်ရည်ချင်းမမျှဘူးထင်လို့ မင်းကို မ,တောင်းပန်နေတာ၊ မင်းနောက်တစ်ခါ မ,နဲ့ရင်ဆိုင်ဖို့ မကြိုးစားပါနဲ့၊ မ,မင်းကို ဒါပဲပြောမယ် ...”

တီခနဲနေအောင် ဖုန်းကို မြို ... ပိတ်ချလိုက်ပြီ။

သူဟိုဘက်ကနေ ဘာတွေအော်နေမလဲ ... ဘယ်လိုတွေ ပေါက်ကွဲနေမလဲ။

မြူမသိချင်တော့ပါ ...

ဒေါပွပွကလေးနဲ့ပဲ မြူအိပ်ပျော်သွားခဲ့ရတာ မနက်မိုးလင်းတဲ့အထိ။

※ ......... ※

အခန်း ( ၇ )

“အို ... ကြည့်စမ်း၊ ရှင်ရောက်လာပြန်ပြီ ...”

သည်တစ်ခါလည်း သူ့ကိုကြည့်ကာ လျှာအုံသြခဲ့ရပြန်ပြီ။

ဟိုနေ့ကပဲ ကုမ္ပဏီမှာ အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ ထာစိမ်ခေါ်သွားတဲ့လူ ... ခုတော့လည်း သူ့လက်ထဲမှာ နှင်းဆီလေး ပါလာတော့ပါလား။

လှာက လက်ထဲမှာကိုင်ထားတဲ့တစ်ခါသုံးရေမွှေးဘောပန် လေးကို စားပွဲပေါ်ဒေါက်ခနဲပစ်ချရင်း ... ခပ်ပြုံးပြုံးလေးပဲ နှုတ်ဆက်လိုက်မိသည်။

“ငါ ... မင်းရှေ့မှာ ဝင်ထိုင်ဖို့လိုသေးလား”

ထုံးစံအတိုင်း အဝေးနှင်ကတော့ ပုခုံးစွန်းလေးနှစ်ဖက်ပေါ် မှာ ဆံပင်ရှည်လေးတွေ ဖရိုဖရဲလေးထိကာကျလျက်။

“ဟာ ... ဟိုနေ့ကလို နှင်းဆီမျိုးလေးမပါရင်တော့ ပြဿနာရှိတော့ပါဘူး၊ နာမည်နဲ့နေရပ်လိပ်စာ၊ မှတ်ပုံတင်နံပါတ်လေး ပြောနိုင်ရင် ရပါပြီ၊ ကဲ ... ပြော ရှင်တွေ့ချင်တာ ဒေါ်မြူနှင်းစေရာ



www.burmeseclassic.com

www.burmeseclassic.com



ပဲလား ... ”

“သိပ်သေချာတာပေါ့”

“ရှင့်နာမည်က ... ”

“ဟာ ... ဟိုနေ့ကလဲ တစ်ခါဖြေပြီးပြီလေ ... ”

စူပုတ်ပုတ်မျက်နှာကလေးနှင့် သူငုံ့ကြည့်သည်။

“ဆောရီးနော် အဝေးနှင် ... ရှင့်နာမည်လေးက ယောကျ်ား လေးတွေကြားထဲမှာတော့ ... တော်တော်ရှားတဲ့ နာမည်လေး၊ မာကြောကြော ဂျွတ်ဆတ်ဆတ်ပြောတတ်တဲ့ စရိုက်လေးနဲ့လည်း တော်တော်လိုက်တယ်သိလား ... ဘာပဲပြောပြော ကျွန်မကတော့ သဘောကျတယ် ... ပြောပါဦး၊ ဒီနာမည်လေးကို ဘယ်လိုအဓိပ္ပါယ် မျိုးလေးနဲ့ ပေးခဲ့တာလဲ ... ”

“ဟာ ... မင်းစပ်စုပြန်ပြီ ... ”

“ဟာ ... စပ်စုတာမဟုတ်ပါဘူး၊ စိတ်ဝင်စားဖို့ကောင်းတယ် ထင်လို့မေးကြည့်တာပါ”

“ဟာ ... အဲဒါလည်း မင်းကိုပြောပြီးပြီလေ ... ”

“အဝေးနှင် ... အဝေးနှင် ... ငါသိပ်မုန်းတဲ့မိန်းမတစ် ယောက်ကို စကြာဝဠာမဟာတံတိုင်းရဲ့ အဝေးဆုံးအပြင်ဘက်ထိ ရောက်အောင် နှင်ပစ်မယ့်အဝေးနှင်လေ ... ရှင်းတယ်နော်၊ ထပ် မမေးနဲ့ ... ဟွန်း ... ”

“အမလေး အဝေးနှင်ရယ် ... ရှင့်ဒေါသက ကြီးလိုက်တာ”

လွှာပုခုံးလေးနှစ်ဖက်ကို ဆတ်ခနဲလေးတွန့်ကာ ပြုံးလိုက် ရပြန်ပြီ။

ပြီးတော့မှ နာမည်နဲ့အချက်အလက်တွေကို ကဒ်ပြား





လေးမှာပါ လွှာက တစ်ခါတည်းရေးထည့်သည်။

“ခဏလေးနော် ... အဝေးနှင်၊ အပေါ်ကို ဖုန်းဆက်ပြီးတွေ့ ခွင့်တောင်းရဦးမယ် ... ခဏလေး ... ခဏလေး ... ”

သည်တစ်ခါတော့ လွှာသွက်သွက်လေးပဲ လှုပ်ရှားသည်။ ဖုန်းခွက်ကလေးကိုမကာ MDဆီကို တစ်ခါတည်းလှည့် လိုက်၏။

“MDလား ... လွှာညွှန့်ကြိုက ဆက်နေတာပါ”

“ပြောလေကွာ ... ဘာအရေးကြီးလို့လဲ ... ”

“အဝေးနှင်ဆိုတဲ့ ဧည့်သည်တစ်ယောက်က MDနဲ့တွေ့ချင် တယ်ဆိုပြီး လာခွင့်တောင်းနေလို့ ... ”

“အဝေး ... အဝေးနှင်ဟုတ်လား ... ပြဿနာပဲလွှာရယ်” MD အသံမပေးတော့ဘဲ ခဏညိမ်ပြီး စဉ်းစားနေပုံရ၏။ နောက်တော့မှ ...

“မထူးတော့ဘူးလွှာ ... မင်းကိုယ်တိုင် မ,ရုံးခန်းကိုခေါ်လာ ခဲ့ ... ”

“အို ... စိတ်ချ MD ... စိတ်ချ ... စိတ်ချ ဒါပဲနော် MD”

“အဟင်း ... ”

ပင့်သက်လေးချပြီးတော့မှ MDဖုန်းလေးက ပြန်ပိတ်သွား သည်။

“ကဲ ... ရှင်ကံကောင်းတယ်သိလား အဝေးနှင်၊ ဒီတစ်ခါ ... ရှင့်ကို MD က တွေ့ခွင့်ပေးလိုက်ပြီ”

“ဒါဆို ... ငါအပေါ်ကိုတက်သွားလို့ ရပြီပေါ့ ... ”

“ဟာ ... ဒီအတိုင်းတက်သွားလို့ မရသေးဘူးလေ၊ ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဒါလေးကို ရှင့်လည်ပင်းမှာ ချိတ်လိုက် ...”

လွှာက ဖဲကြိုးအပြာရောင်လေးနှင့် ဖောက်ဆက်ကာ ထုပ်ထားသည့် ညွှေတွေ့ခွင့်ကဒ်ကလေးကို လှမ်းပေးလိုက်တော့ နှုတ်ခမ်းမဲ့မဲ့လေးနှင့် အဝေးနင်က လှမ်းယူသည်။

“လာ ... ရှင့်ကို ကျွန်မကိုယ်တိုင် လိုက်ပို့ရမှာ ...”

လက်ထဲက ရေမွှေးဘောပန်လေးကို ထောက်ခနဲအသံတစ်ချက်မြည်သွားအောင် နှိပ်လိုက်ပြီးတော့မှ ... လွှာက ရှေ့ကနေဦးဆောင်ထွက်သည်။

“ဟွန်း ... တော်တော်ကိန်းခန်းကြီးတဲ့ ကုမ္ပဏီ”

“ကဲကွာ ...”

“ဒုန်း ...”

“ဂလုံး ...”

“အို ... ရှင်ဘာလုပ်တာလဲ ...”

အဲလိုလည်း ဂျစ်တစ်တစ်စတိုင်လေးနဲ့ အပြစ်မရှိတဲ့ထိုင်ခုံလေးကို ဒုန်းခနဲ ဝိတ်ကန်ပစ်လိုက်သေးရဲ့။

“မင်း ... ငါ့ကို ဘာမှပြန်မမေးနဲ့လေ၊ မင်းတို့MD ငါ့ရဲ့အနိုင်ယူသွားတာ မကျေနပ်လို့ ဝိတ်ကန်ပစ်တာ”

ဒါကိုတော့ အလုပ်ကထွက်ပြီး နိုင်ငံခြားကိုရောက်သွားတဲ့ မမအဖြူရောင်ရဲ့ညီမလေး အညိုရောင်က ပြောလို့လွှာသိထားခဲ့သားပါ။ မိုလ်ချုပ်ဈေးထဲမှာ ရှင်ရှုတ်ရှုတ်သဲသဲလုပ်ပြီး ဒေါ်မြူနှင်းစေရာရင်ဘတ်မှာ နှင်းဆီလေးထိုးစိုက်ခဲ့တာကို ဒေါ်မြူနှင်းစေရာက ဖြောင်းခနဲရိုက်ချပြီး၊ ရှင့်ရဲ့ကမ္ဘာကျော်နှင်းဆီလေးကို ဒေါ်နှင်းနင်းနပ်နဲ့ နင်းချေပစ်ခဲ့တာတဲ့လေ။

ဒါကြောင့်မို့ ... ရှင့်ကို ကျွန်မပြောခဲ့တာပေါ့။ ဒီလိုနှင်းဆီမျိုးတစ်ပွင့်မဟုတ်ဘူး အစည်းလိုက်ယူလာပြီးပြိုင်လည်း ဒေါ်မြူနှင်းစေရာကို ရှင်ဘယ်တော့မှ မနိုင်ပါဘူးလို့။ နှင်းဆီလေးကိုတော့ ကျွန်မ တော်တော်နှမြောတယ်သိလား ... အပြင်မှာလိုက်ရှာဝယ်ရင်တော့ ရင်တောင် ဈေးကြီးကြီးပေးရမှာနော်။

“နေ ... နေပါဦး၊ အခု ... ငါတို့က ဘယ်အထပ်ကိုသွားရမှာလဲ”

“ဟင် ... ရှစ်လွှာက ဒေါ်မြူနှင်းစေရာရဲ့ Special Visiting Room ကို Lift ကနေတစ်ဆင့် တက်ရမှာလေ”

“ငါ ... မင်းကို သိချင်တာလေးတစ်ခုမေးရင် မင်းဖြေနိုင်လား”

“ဟင် ... ဘာမေးမလို့လဲ”

လွှာ ... တအံ့တသြလေး ပြန်ကြည့်မိ၏။

“ဒေါ်မြူနှင်းစေရာနဲ့ပြိုင်ရင် ငါနိုင်မယ်ထင်သလား”

“ဟာ ... အဲဒါ ဟိုတစ်ခေါက် ရှင်လာတုန်းကတည်းက ရှင်ရှုံးမယ်လို့ ကျွန်မကြိုပြောပြီးသားလေ ...”

လွှာစဉ်းစားနေစရာမလိုဘဲ တစ်ခါတည်းဖြေချသည်။

“အဲဒါ ... မင်းမှားနေပြီ ...”

“ရှင် ...”

“တစ်နေ့နေ့မှာ မင်းတို့MD ငါ့ကိုလက်ထပ်ရလိမ့်မယ်”

“သနားတယ်”

“ဘာ ...”

Lift ထဲက ပြောင်လက်သောသတ္တုနံရံကို ကျောကပ်ရင်းထား







www.burmeseclassic.com

www.burmeseclassic.com



ရာမှ သူ ... လွှာကို ချာခနဲလှည့်ကြည့်သည်။

"ရှင်ပဲ စောစောက ကျွန်မကိုပြောခဲ့တာလေ၊ မင်းတို့အမ်ဒီဇိုင်ပါကိုအနိုင်ယူသွားတာ မကျေနပ်လို့လိုက်လာတာဆို ကျွန်မတို့အားလုံးကတော့ ကိုယ့်အမ်ဒီကိုကိုယ်ယုံတယ် ... အမ်ဒီနဲ့တွေ့လိုက်တိုင်းမှာ ရှင့်ဆံပင်ထိပ်ဖျားလေးကနေ ခြေဖျားလေးထိပ်ကိုရောက်သွားတဲ့အထိ တစ်ကိုယ်လုံးအေးစက်မသွားရင် ကြိုက်သလိုပြော"

"ငါ ... ဂရုမစိုက်ဘူး"

"ထို့ ... "

"ဟော ... ရှစ်လွှာကိုရောက်ပြီ ... "

"ဟင် ... "

Lift တံခါးပွင့်သွားသည်နှင့် မြင်လိုက်ရသမျှ အရာအားလုံးဟာ တောက်ပသစ်လွင်ခမ်းနားနေခဲ့လျှက် ရေမြုပ်ကောဇောအိအိလေးတွေပေါ်က လှမ်းလျှောက်လာရတော့လည်း တိမ်စိုင်တွေပေါ်က လျှောက်လာခဲ့ရသလို။

ညာဘက်ကိုကွေ့လိုက်တော့ Special Visiting Roon ကိုရောက်သွားသည်။

"လာ ... အဝေးနှင်း၊ ရှင် ... ဒီအခန်းကနေပဲ ဒေါ်မြနှင်းစေရာကို ထိုင်စောင့်နေရမှာ"

အခန်းကျယ်ကြီးထဲကနံရံတွေပေါ်မှာ တခမ်းတနားမြင်ဆင်ထားသမျှတွေကိုကြည့်ရင်း ဒေါ်မြနှင်းစေရာရောက်မလာခင်မှာပင်၊ တစ်ကိုယ်လုံးအေးစက်ချင်သလို ဖြစ်သွားရ၏။ နံရံလေးဖက်စလုံးမှာမြင်နေရတာက ကြည်စိမ်းပြတ်သားသော ပန်းချီကားတွေအချပ်လိုက် ထောင်ထားခဲ့သလို မြင်နေရတာမျိုး။





ပြောရရင် ... သစ်တောသစ်ပင်ကြီးတွေ၊ ငှက်ကလေးတွေ၊ ရေတံခွန်ကြီးတွေကပါ လှုပ်ရှားသက်ဝင်ပြီး ရေတွေတဝေါဝေါစီးကျနေတာမျိုး။ ငှက်ကလေးတွေက တကျီကျီနဲ့အော်မြည်ကာ ပျံသန်းသွားလာနေတာမျိုး။

ဟိုးအဝေးက ... တောင်ကုန်းလေးထိပ်မှာလည်း ကွေ့ကောက်သောလမ်းကလေးနှင့်အတူ အပြာရောင်ဘန်ဂလိုလေးတစ်လုံးကိုလည်း လွင့်မျောနေတဲ့ တိမ်တွေရဲ့အောက်မှာ မြင်နေရသည်။

"ဘာလဲ ... အဝေးနှင်း၊ ရှင်ဒီအခန်းကြီးကိုကြည့်ပြီး အံ့သြနေတာလား ... "

"လုပ်မနေနဲ့ ... ငါဂျပန်မှာသုံးနှစ်ကျောင်းတက်လာတာ"

သူက ဂရုမစိုက်သလို ပုန်းတွန့်ကာ ပြန်ဖြေ၏။

"အဟင်း ... ကြိုတုန်းလေးပေါ့နော်၊ ကြိုတုန်းလေးပြောရမယ်ဆိုရင် ဒီ Special Visiting Roon ကြီးတစ်ခုလုံးကို ပြင်ဆင်ပေးခဲ့တာ ... ဘယ်ကိုယ်မှာနေတဲ့ ဒေါ်မြနှင်းစေရာရဲ့ စီးပွားဖက်တစ်ဆွေတစ်ယောက်က အသက်နှစ်ဆယ့်ခြောက်နှစ်ပြည့် ဒေါ်မြနှင်းစေရာရဲ့မွေးနေ့အမှတ်တရအဖြစ်နဲ့ ကြိုပြင်ပေးသွားတာ"

"ဟွန်း ... "

"ဟို ... ထောင့်စွန်းမှာ ချထားတဲ့ Piano ဆိုရင်လည်း ... တက္ကသိုလ်တွေက ပါမောက္ခတွေကိုယ်တိုင် ပညာအရမ်းတော်ပြီး Brain အရမ်းပြေးတဲ့ ဒေါ်မြနှင်းစေရာအတွက် မွေးနေ့လက်ဆောင်ပို့ပေးထားကြတာ"

တွေ့လား ... ဒီလိုပြောလိုက်တာကိုတောင် နှုတ်ခမ်းမှုမဲ့ပြီး ... ဒေါ်မြနှင်းစေရာကို အထင်မကြီးသလိုလို၊ ဂရုမစိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်နေတာ။

လွှာကလည်း မခံနိုင်လို့ ဆက်ပြောသည်။

"ဒီမှာ ... ဒေါ်မြနှင်းစေရာဆိုတာ စီးပွားရေးလုပ်တဲ့နေရာမှာ၊ အရမ်းတော်လွန်းလို့ ကမ္ဘာမှာ 'ခေါင်ရေအများဆုံးနဲ့အကျော်ကြားဆုံးထုတ်ဝေနေတဲ့ Conde Nest Traveler မဂ္ဂဇင်းကြီးထဲမှာတောင် ဒေါ်မြနှင်းစေရာရဲ့ အရည်အချင်းတွေကို တခမ်းတနားဂုဏ်ပြုဖော်ပြပေးတာတောင် ခံခဲ့ရသေးတဲ့ဥစ္စာ၊ သူဘွဲ့ရခဲ့တာတို့က Tourisnt Marketing Planning ဘာသာရပ်ကို ဘယ်ဂျီယံက နိုးမြင့်တဲ့ပညာသင်ဆုနဲ့ ဥရောပနိုင်ငံတွေကနေ ဘွဲ့ရခဲ့တာ ..."

"ဟာ ... မကြွားနဲ့လေ ..."

သူ မှုန်ကုတ်ကုတ်လေး လွှာ့ကိုလှည့်ကြည့်နေပြီး။

"ကြွားတာမဟုတ်ဘူးလေ အဝေးနှင်ရဲ့ ... ဒေါ်မြနှင်းစေရာနဲ့ပတ်သက်နေတဲ့ အချက်အလက်တွေကို ပြည့်ပြည့်စုံစုံ ရှင်ဘာမှမသိဘဲနဲ့ ခံစားချက်တွေ၊ နာကြည်းချက်တွေနဲ့ ရှင်စွတ်ပြီးတော့ပေါက်ကွဲနေမှာစိုးလို့ ကျွန်မကသတိပေးတာ၊ ပြီးတော့ ... ဒီအခန်းထဲမှာထိုင်ရင်လည်း ဟိုဟာလျှောက်ကိုင်ကြည့်၊ ဒီဟာလျှောက်ကိုင်ကြည့်လိုက်လုပ်မနေနဲ့၊ စားပွဲပေါ်က ပန်းအိုးလေးဆိုရင် ... ထိလိုက်တာနဲ့ Alen မြည်သံတွေ တစ်ခန်းလုံးဆူညံသွားလိမ့်မယ်၊ ဒါ Gentle Men တွေရဲ့ Classic Roon နားလည်လား ..."

"ရှစ် ..."

သူအမြင်ကတ်စွာ လွှာကိုမေ့ဗွာပို့လိုက်၏။

"ကဲ ... ကျွန်မသွားပြီနော်၊ နောက်ငါးမိနစ်လောက်စောင့်လိုက်ရင် ဒေါ်မြနှင်းစေရာ ရောက်လာပါလိမ့်မယ်၊ Good Luck

ဖိုးလပြည့်တာပေ



For you နော် အဝေးနှင် ..."

လွှာ ... သူ့အတွက် ဆုတောင်းပေးလိုက်ပေမယ့် သူကတော့ မျက်နှာလေးကိုမော့ကာ ဆံပင်တွေကို ဆတ်ခနဲခါပစ်လိုက်သည်။

တော်တော်ကိန်းခန်းကြီးတဲ့မိန်းမ ... ပြောရရင် ဒေါ်မြနှင်းစေရာဆိုတာ ဒီလိုလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

လုပ်မနေနဲ့ ...

ခင်ဗျား ဘယ်လောက်ပဲ ဂုဏ်ကျက်သရေတွေတင့်တင့် အဆင့်အတန်းတွေ ဘယ်လောက်ပဲမြင့်မြင့်၊ ဘယ်သူကမှ လိုက်လို့ မမှီအောင်ပဲခမ်းနား ခမ်းနား ... အဝေးနှင်ဆိုတဲ့ကောင်က လုံး အေးဆေးပဲဆိုတာ ခင်ဗျားယုံထား ... ”

ဒါပေမယ့်ဗျာ ...

ခင်ဗျား ... ရိုက်သွားတဲ့ ရိုက်ချက်ကတော့ တကယ်ပြင်း တယ်။

အဲဒီညကဆိုရင် ကျွန်တော်တစ်ညလုံးအိပ်လို့မရခဲ့တာ ခင်ဗျားကြောင့်။

တည်တင်းအေးစက်လွန်းတဲ့ မျက်ဝန်းတွေနဲ့ ကျွန်တော့်ကို စိုက်ကြည့်ပြီးတော့မှ ကျွန်တော်လိုးစိုက်ချလိုက်တဲ့ နှင်းဆီလေး ခင်ဗျား ရိုက်ချလိုက်တာ ... အဟွန်း ...

ကြိုက်တယ်ဗျာ ...

အဲဒီ Move တွေ၊ အဲဒီ Action တွေအောက်မှာ အဝေးနှင်





လုံးဝမျှော်သွားခဲ့တာ။

တစ်ယောက်တည်းတွေးရင်း ... နှုတ်ခမ်းလေးကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ အဝေးနှင်က ထပ်မံခဲ့သည်။

“ဒေါက် ... ”

“ဒေါက် ... ”

အို ... ကြည့်စမ်း ... ဒေါက်ဖိနပ်သံလေး။

ဒါကို အဝေးနှင် ... ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ...

“ဟင် ... ”

သိပ်ကိုလှပအိစက်နေတဲ့ ဒေါ်မြနှင်းစေရာ။

အသားလေးကအစ ... တစ်ကိုယ်လုံးရွှေရောင်လေးပြေးလျှက်၊ နဖူးလေးထိပ်ကနေ ခြေဖမိုးလေးဆုံးသွားရတဲ့အထိ ကြည့်လိုက်မိသမျှနေရာတိုင်းမှာ အသက်ရှုမှားရအောင် ညို့ချက်တွေပြင်းထန်လွန်းလှသည်။ ဒေါ်မြနှင်းစေရာသည် သည်ကနေ့မှာတော့ ပုလဲနှစ်ရောင်ဝမ်းဆက်လက်ရှည်ကလေးကို မြန်မာဆန်ဆန်လေးဝတ်ထားပြီး ... တည်တင်းဝင်းနှစ်သော မျက်နှာထားကလေးဖြင့် Special Visiting Roon ထဲကို တစ်လှမ်းချင်းလှမ်းလို့ ဝင်လာနေခဲ့ပြီ။

သူရင်တွေခုန်ပြီး ... တစ်ကိုယ်လုံး အေးစက်သွားရတာကိုတည်း အဝေးနှင်က မကျေနပ်ပါ။ လိုသလား ... ဒီလိုအခြေအနေမျိုးတစ်ခုအောက်မှာ အဝေးနှင်အသက်ရှုမှားပြီး ခံစားလိုက်တုန်နေစရာ လိုသလား။ ဒီမျက်နှာ၊ ဒီနှုတ်ခမ်း၊ ဒီမျက်ဝန်းလေးတွေနဲ့ပဲ ကျွန်တော့်ကိုကိုကြီးကို ခင်ဗျား ... ညို့ချက်ပြင်းပြင်းနဲ့ ဒီလောင် ဆိုက်သွင်းသွားခဲ့တာလေ ... ဟွန်း ... ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း … မင်း … တို့ရဲ့ကုမ္ပဏီကို ဒုတိယအကြိမ်မြောက် အဖြစ်နဲ့ ရောက်လာပြန်ပြီပေါ့လေ"

"ကျွန်တော် … ခင်ဗျားနဲ့ အေးအေးဆေးဆေး ဆွေးနွေးချင်တယ်ဗျာ"

သူ … ဖျတ်ခနဲထ,ရပ်ကာ ကိုယ်ကလေးကိုပါ ချာခနဲလှည့်လျှက် သူမနှင့်ဆန့်ကျင်ဘက်အရပ်ကိုပဲ မျက်နှာလွှဲသည်။ သူမရဲ့မျက်ဝန်းတွေကို မကြည့်ရဲပါ။ ဗိုလ်ချုပ်ဈေးထဲမှာ ပထမဆုံးမျက်နှာချင်းဆိုင်တွေ့တဲ့နေ့က သူမရဲ့မျက်ဝန်းတွေကို သူငေးကြည့်လိုက်မိလို့ ရှုံးခဲ့ရတာ။

ဘာပဲပြောပြော … မြုကတော့ အေးဆေးပါ။

ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်သည့် မြုမျက်နှာထားလေးက နည်းနည်းလေးတည်နေသလို … ကိုယ်ကလေးကို ဖျတ်ခနဲလှည့်လျှက် … သူကျောပေးထ,ရပ်လိုက်သည့်အချိန်ကလေးမှာ မြုပြုံးလိုက်မိတာလေးက နက်ရှိုင်းလှပစွာ။

"မင်း … ဘာဆွေးနွေးချင်တာလည်းအဝေးနှင် … မင်းဖြစ်ချင်တာတွေ၊ မင်းလိုချင်တာတွေ၊ မ,ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးစမ်း … "

မြု … သူ့ကိုလမ်းဖွင့်ပေးလိုက်၏။

သူ့ပုံစံလေးကိုလည်း မြုသဘောကျသွားသည်။

"ဟာ … ကျွန်တော်ဖြစ်ချင်တာတွေ ကျွန်တော်လိုချင်တာတွေအားလုံး၊ ကျွန်တော် တောင်းဆိုခဲ့ပြီးပြီလေဗျာ၊ အခု … ကျွန်တော်သိချင်တာက … ကျွန်တော့်ကို ခင်ဗျား … ဘယ်လိုသဘောထားမလည်းဆိုတာ သိချင်တာ … "





"ဒီမှာ အဝေးနှင် … "

"ဟုတ်ကဲ့ … ပြောပါ၊ ဒေါ်မြုနှင်းစေရာ … "

"မင်းကို … လက်ရည်တူတဲ့ပြိုင်ဘက်တစ်ယောက်အဖြစ်နဲ့ မ,ဘယ်တော့မှ ရွေးချယ်သတ်မှတ်မှာ မဟုတ်ဘူး … "

"ဘယ် … ဘယ်လို … "

အဝေးနှင် သူမကိုလှည့်ကြည့်လိုက်တာ အယောင်ယောင်အမှားမှား။

ဒီထက်မှားတာက မျက်ဝန်းချင်း … ဖျတ်ခနဲအဆုံမှာ မျက်တောင်တွေကို ကယောင်ကတမ်းပုတ်လျှက် … အဝေးနှင်လက်နက်ချလိုက်ရတာပဲဖြစ်သည်။

တော်တော်လှတဲ့မိန်းမ … ။

လန်ထွက်နေအောင် ညို့ချက်တွေ ပြင်းလွန်းလှတဲ့မိန်းမ။

သူမရဲ့မျက်ဝန်းတွေကို ဆက်ကြည့်နေလျှင်လည်း အဝေးနှင်တစ်ကိုယ်လုံး အေးစက်ရတော့မည်။

"အဟင်း … အခုပဲ မင်းကြည့်လေ … အဝေးနှင်၊ မ,နဲ့မျက်ဝန်းအကြည့်ချင်းဆုံးသွားတာနဲ့ မျက်လွှာလေးချပြီး … မင်းမျက်နှာလေးကိုလွှဲပစ်လိုက်တာ၊ အဲဒါ … ရင်ခုန်တတ်တဲ့ယောကျ်ားတွေပဲ မိန်းမတစ်ယောက်ရဲ့ မျက်လုံးတွေကို စိုက်မကြည့်ရဲတာ … ဒါနဲ့အောင် မင်းက … မ,နဲ့မာနခြင်းပြိုင်အသည်းခွဲချင်သေးတယ်ဆိုတော့ မင်းကိုကြည့်ပြီး၊ မ,တကယ်စိတ်မကောင်းဘူး … ဒါကြောင့်မို့အဲဒီထဲကနေ မင်းကိုမ,ပြောလိုက်တာ၊ မ,မင်းနဲ့မပြိုင်ချင်ဘူးလို့ မင်းရဲ့အမြဲပဲ အရှုံးပေးနေမယ်လို့လေ … "

"အဲဒါ … ကျွန်တော် သဘောမတူဘူး ဒေါ်မြုနှင်းစေရာ"

www.burmeseclassic.com



"အဟွန်း ... ဒါကတော့ အဝေးနှင်ရယ် ... "

သူက ... သိပ်ကိုချစ်ဖို့ကောင်းသော ချာတိတ်လေးတစ်ယောက်ကိုကြည့်ကာ ရယ်သလိုမျိုးလေးရယ်လိုက်တော့ ဒါကိုလည်း ... အဝေးနှင် မခံစားနိုင်ပြန်ပါ။

"မင်းသဘောတူတာ ... မတူတာထက် မ,က ... မရင်ထဲမှာရှိနေတဲ့ အဖြူထည်သက်သက်ခံစားချက်လေးတစ်ခုကိုပဲ မင်းသိအောင်ပြောပြနေတာပါ၊ မ,သဘောထားက မင်းကိုဖုန်းထဲမှာပြောပြခဲ့တဲ့စကားအတိုင်း ဘယ်တော့မှပြောင်းလွဲသွားမှာမဟုတ်ဘူးဆိုတာ ... ကတိတစ်ခုအနေနဲ့ အတိအကျ မင်းယုံစေချင်တယ်၊ ပြောရမယ်ဆိုရင် ... မင်းဟာ နာကြည်းပေါက်ကွဲနေတဲ့စိတ်တွေနဲ့ အနှာင်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး ... မ,နောက်ကို လိုက်လာလို့"

"ဟား ... ဟား ... "

ခေါင်းကလေးကိုမော့ကာ ရုတ်တရက်လေး အဝေးနှင်ရယ်ချလိုက်မိပါပြီ။

"အို ... မင်းမရယ်နဲ့လေ ... အဝေးနှင် ... "

"ခင်ဗျား ... ခင်ဗျား ... တကယ်တော်ကီညက်တယ်ဒေါ်မြူနှင်းစေရာရယ် ... တကယ်ညက်တယ်ဗျာ၊ ဟား ... ဟား"

"ဖြောင်း ... "

ခေါင်းပေါ်မှာ လက်နှစ်ဖက်မြှောက်လျှက်၊ လက်ခုပ်တစ်ချက်ကိုပင် ဖြောင်းခနဲအသံမြည်သွားအောင် အဝေးနှင်တီးလိုက်သေး၏။ ဒါကိုလည်း ... ဒုတိယအကြိမ်မြောက်အဖြစ်နဲ့ အဝေးနှင်လက်ခံလိုက်ရပြန်ပြီ။

ညို့တံပြင်းပြင်းမှာ အားကုန်ဆွဲတင်းရင်း စိတ်ရှိသမျှလွှတ်





တင်ပစ်ခတ်ခဲ့လေသော မြှားတစ်စင်းကဲ့သို့ သူမစကားတွေက ရင်တိုထွင်းဖောက်စိုက်ဝင်သည်။ ရှောင်လိုက်ဖို့လည်း သတိမရလိုက်သလို လက်ခုပ်လေးတစ်ချက် ဖြောင်းခနဲတီးလိုက်မိစဉ်မှာ အုံ့ပြတုန်လှုပ်သွားသောမျက်နှာကို မျက်ဝန်းထောင့်စွန်းတစ်ဖက်မှာ ရိပ်ခနဲမြင်သည်။ စစ်ပွဲက အခုမှ တကယ်စ,ခဲ့ပြီ။

"ဘာလဲအဝေးနှင် ... မ,ပြောနေတာတွေကို မင်းမယုံကြည်လို့ ဒီလိုရယ်သံမျိုး၊ ဒီလိုအမူအရာမျိုးတွေနဲ့ မင်းမ,ကိုတုန့်ပြန်နေတာလား ... ဒီမှာ သေချာတာတစ်ခုကို မင်းနားလည်အောင် မ,ထပ်ပြောလိုက်ဦးမယ်၊ မ,ကလည်း ... တစ်နေ့နေ့မှာ မ,ဆီကို မင်းရောက်လာတော့မယ်ဆိုတာ ကြိုသိနေလို့စောင့်နေတာ ... ဂျပန်မှာမင်းရှိနေတာ သူငယ်ချင်းတွေနဲ့လှုပ်ရှားသွားလာပြီး ကျောင်းတက်နေတာ ... ခတ်ပုံမှတ်တမ်းတွေအားလုံး မ,ဆီမှာ အတိအကျစုဆောင်းပြီးသား ... "

"ဘယ်လို ... မ ... "

သူ့နှုတ်ခမ်းစွန်းလေး ထောင့်တစ်ဖက်မှာ အုံ့ပြရိပ်ကလေးဆိတ်ခနဲထင်သည်။

"မင်းနဲ့ပတ်သက်နေသမျှ အချက်အလက်တွေကို ဘယ်အတိုင်းအတာထိ မ,စုဆောင်းထားခဲ့သလဲဆိုရင် ကျောင်းအားသပ်ရက်တွေမှာ ကားတစ်စီးနဲ့မင်းလျှောက်သွားပြီး၊ ရှုမျှော်ခင်းပန်းချီကားတွေ ဝါသနာအရ မင်းလျှောက်ရေးနေတာ ချယ်ရီပွင့်ချိန်ပန်းချီကားတွေကို မင်းပိုပြီးသဘောကျခဲ့တာ ... မာရှေဒါဆိုတဲ့ ရှယ်ဘူချွန်ကျောင်းသူလေးတစ်ယောက်နဲ့ အရင်းနှီးဆုံး ကျွမ်းဝင်ပတ်သတ်ခဲ့တာ မင်းမြန်မာပြည်ကို ပြန်ကာနီးအချိန်မှာ တိုကျိုမြို့လည်



www.burmeseclassic.com

www.burmeseclassic.com



မှာရောင်းတဲ့ World Great Flower Shopping Center ထဲကနေ အလှဆုံး ပန်းစည်းလေးတစ်စည်းကိုဝယ်ပြီး လေဆိပ်မှာ မာရှေခါ ဆိုတဲ့ဂျပန်မလေးကို မင်းလက်ဆောင်ပေးခဲ့တာ ... ”

“ခင်ဗျား ... ”

သူလက်ဖျားခါသွားသည်။

ဒါကို အထိတ်တလန့်နဲ့လည်း သူမမျက်နှာကို ဒရောသော ပါးလှည့်ကြည့်မိ၏။ သူမအမူအယာက ပြောင်းမသွားပါ။ နှုတ်ခမ်း လေးတွန့်တာ၊ မဲ့လိုက်တာလေးတစ်ချပဲ ... မျက်နှာမှာ အပိုသပ် သပ်လေးထပ်တွေ့ရသည်။ ပုံစံကတော့ ... ရောက်လာကာစက အတိုင်း ... ခြေနှစ်ချောင်းလေးချိတ်ထပ်ကာ အလှုပ်အရှားမပျက် အရယ်အမောမပျက်။

“အဟင်း ... ခဏလေး အဝေးနှင်၊ မ,ဆက်ပြောမယ်”

ခွင့်တောင်းသလို လက်ကလေးကာလျှက်၊ နောက်ထပ် အပြုံးလေးတစ်ခုကို သူမကပဲ ဖန်ဆင်းသည်။ ပြီးတော့မှ ... မျက် တောင်တွေကို ဖျတ်ခနဲကော့ကာ။

“မင်းဂျပန်ကနေ မြန်မာနိုင်ငံကိုပြန်ဖို့ Narita လေဆိပ်ထဲ ဘယ်လိုအကျီ၊ ဘယ်လိုဘောင်းဘီအရောင်မျိုးလေးဝတ်ပြီး ပြန်လာ တယ်ဆိုတာကအစ၊ ဒီကနေ ... သတင်းတွေအကုန်လုံး မ,ရခဲ့တာ ပုံမှန်လေယာဉ်ထွက်ချိန်ထက် ဆယ့်ငါးမိနစ်နောက်ကျသွားတာ Tamura တောင်တန်းကြီးတစ်လျှောက်လုံးမှာ မြူတွေအထပ်ထပ် ဝိတ်နေအောင်ကျပြီး မြင်ကွင်းမရှင်းလို့ Bankok က Dunmong လေဆိပ်ကို ရောက်တော့လည်း ပုံမှန်ကြာချိန်ထက် ဆယ့်ငါးမိနစ် နောက်ကျပြီးမှ လေယာဉ်ဆိုက်လာတာ Transis လက်မှတ်ကိုကိုင်





ထားတဲ့မင်းက Bankok ကနေမှတစ်ဆင့်၊ လေယာဉ်ပြောင်းစီးရ တာ၊ ကဲ ... မင်းယုံပြီလားအဝေးနှင်၊ မြန်မာပြည်ကို မင်းပြန်ရောက် လာတာနဲ့ မင်းကိုကိုကြီးခံလိုက်ရတာတွေကိုသိပြီး၊ နှင်းဆီလေးတစ် ပွင့်နဲ့ မ,ဆီကိုမင်းလိုက်လာတော့မှာ ကြိုသိနေလို့၊ မင်းနဲ့ပတ်သက် နေတဲ့အချက်အလက်တွေကို မ,က ကြိုစုဆောင်းထားခဲ့တာ၊ ဒါပေမဲ့ ဗိုလ်ချုပ်ဈေးအလယ်လမ်းမှာ မင်းကိုမ,တွေ့လိုက်တော့ ... ”

“ဘာဖြစ်သွားလဲ ... ”

“မင်းကို မ,ရှုံးရတော့မယ်ဆိုတာ သိလိုက်တယ်”

“ဗျာ ... ”

“မ,မင်းနဲ့ မပြိုင်ချင်တော့ဘူး”

“ဟား ... ဟား ... ”

ပုခုံးစွန်းနှစ်ဖက်ပေါ်က ဆံပင်ရှည်တွေ ဘယ်ညာလှုပ်သွားရ သည်အထိ မျက်နှာလေးကိုမော့ကာ အဝေးနှင်က ရယ်သည်။ ဒါကို လည်း ... မြူကိုယ်တိုင် ငေးကြည့်နေလိုက်တာ မျက်တောင်ကော့ လေးတွေကို မခတ်နိုင်အောင်ပါဘဲ။ အပြစ်ရှိသူနဲ့အပြစ်မဲ့သူ။ အရိပ် ချင်းလည်းမတူ၊ အရောင်ချင်းလည်းမတူ။ အဝေးနှင်ရဲ့ကိုကိုကြီး အရိပ်ထင်က ပန်းဖျက်မှုဆိုး ... ဒါကို ရင်ဆိုင်ခဲ့ရတာ မြူလိပ်ပြာသန့် ခဲ့သလောက် အဝေးနှင်ကျတော့ ... မခံချင်စိတ်လေးတစ်ခုနဲ့ မြူ့ ကို ရင်ဆိုင်ဖို့ကြိုးစားခဲ့တာလေ။

တရားမျှတ,သော အဖြေတစ်ခုကိုပဲ မြူကလိုချင်သည်။

ပိုဆိုးတာက မြူ့ကိုအသက်ရှူမှားစေခဲ့တဲ့ သူ့မျက်ဝန်းပြာ အစု ထိုမျက်ဝန်းပြာတွေထဲမှာ အမုန်းရိပ်တွေကိုဖယ်လိုက်လျှင် သန့်စင်သောရိုးသားမှုနှင့် မဟုတ်မခံစိတ်ကလေးတစ်ခုသာ



www.burmeseclassic.com

www.burmeseclassic.com



အထင်အရှားမြင်ရမှာဖြစ်သည်။ ဒါကိုလည်း ... မြူသဘောကျ၏။ မြူ မပြိုင်ချင်တော့တာလည်း အဲဒါကြောင့်ပါ။

ဒါပေမယ့် ... သူကတော့ ...

"ခင်ဗျား ... မာယာများဖို့တော့ မကြိုးစားနဲ့နော်၊ မ ... ကျွန်တော်က အရှင်လင်းဆုံးပြောပြီး စိမ်ခေါ်နေတာ၊ ကျွန်တော့် ကိုကိုကြီးရဲ့မာနတွေ၊ မျှော်လင့်ချက်တွေ၊ အနာဂတ်တွေအားလုံးကို ခင်ဗျားအဆုံးသတ်ပစ်ခဲ့တာ၊ ယူတုန်းကယူခဲ့သလို ... ပြန်ပေးရတော့မယ့်အလှည့်ကိုရောက်မှ ခင်ဗျားသွေးမပျက်နဲ့ ... "

"မင်းက ဒီလိုထင်နေတာလား ... "

"ထင်နေတာမဟုတ်ဘူး၊ ထင်ကြေးတစ်ခုနဲ့လည်း ကောက်ချက်ချဆုံးဖြတ်ချက်ချတတ်တာမျိုးလည်း ကျွန်တော် ဝါသနာမပါဘူး၊ ကျွန်တော် ... အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ ခင်ဗျားနောက်ကိုလိုက်ခဲ့တာ အဆုံးမဲ့စစ်ကြေညာဖို့လိုက်ခဲ့တာ ... နှလုံးသားတွေ၊ မျက်ရည်တွေ၊ အသွေးတွေ အသားတွေ၊ ဘာတစ်ခုမှ ပြန်ကောက်ယူလို့မရတော့တဲ့အထိ တစ်စစီဖြစ်အောင်တိုက်ဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့တာ ... "

"အဲဒီလိုဖြစ်ရင် ... မင်းကျေနပ်မလား ... "

"မမေးနဲ့လေ ... ဒါ ... ကျွန်တော်လိုချင်တဲ့ အတိကျဆုံး မျှော်လင့်ချက် ... "

မြူ့မျက်နှာကို သူ ... ဖျတ်ခနဲလှည့်ကြည့်သည်။ အကြည့်နှစ်ခုဆုံသွားတော့ မြူ့မျက်ဝန်းတွေ ရီဝေတောက်ပနေခဲ့၏။ သူက မျက်တောင်ပုတ်လျှက် ... အကြည့်ကိုလွှဲပြီး မြူ့ကိုပါ ကျောခိုင်းကာ တစ်ဖက်ကိုလှည့်ရပ်သည်။ မြူ့နှုတ်ခမ်းထောင့်စွန်းလေးမှာ





အရိပ်ထင်သွားတာ အပြုံးမဲ့မဲ့လေးပါ။

"ဟွန်း ... ကောင်းပြီလေ အဝေးနှင် ... မင်းကျေနပ်အောင် မ,ဘာတွေကူညီပေးရမလဲ၊ မ,ဆီကို လိုက်လာတာလည်း ပေါက်ကွဲ ရင်ခုန်သံတွေနဲ့မင်းက လိုက်လာခဲ့တာ၊ ဒါကို ... မ,ဘက်က နားလည်ပေးရမှာပေါ့ ... ပြောပါ မ,ကိုအားမနာပါနဲ့ ... "

"ကျွန်တော်လိုချင်တာကို ပေးမယ်ဆိုတဲ့သဘောလား"

ရုတ်တရက် ... မြူပြန်မဖြေဖြစ်ပါ။

သူက ကျောခိုင်းထားပြီးသား။ ကိုယ်ကိုအနည်းငယ်လေး တစ်ခြမ်းစောင်းလျှက် လှည့်မေးတော့ မြူ ... အပြုံးလေးက နှုတ်ခမ်းလေးတွေကို လှုပ်သွားရုံလေး အဖော်ညှိသွားခဲ့၏။ မြူဘယ်လိုပြန်ဖြေရမလဲ။

"မ,မင်းကို ပြောထားခဲ့ပြီပဲအဝေးနှင် ... မင်းနဲ့ပတ်သက်နေတဲ့ အချက်အလက်မှန်သမျှကို အတိအကျဆုံးမဟုတ်တောင် အနီးစပ်ဆုံးစုဆောင်းထားခဲ့ပေမယ့် ... မင်းနဲ့ပြိုင်ဖို့ရည်ရွယ်ချက်မရှိခဲ့ဘူး၊ မ,ဝန်ခံတယ် ... မင်းကိုကိုကြီးကိုလည်း နစ်နာပါစေဆိုတဲ့စိတ်မျိုးနဲ့ မ,ပတ်သက်ခဲ့တာမဟုတ်ဘူး ... မိန်းကလေးတွေအပေါ်မှာ အနိုင်ယူလွန်းအားကြီးလို့ သင်ခန်းစာပေးရုံလေးသက်သက် မ-ရည် ရွယ်ခဲ့တာ၊ ဒါပေမယ့် ... သူက မ,ကို အရူးအမူးစွဲလမ်းသွားခဲ့တယ်၊ သူ့အနာဂတ်အိပ်မက်တွေထဲမှာ မ,အမြဲပါနေရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ သူ့အိပ်မက်တွေကို ဇာတ်သတ်စိတ်ကူးယဉ်ရူးသွပ်သွားခဲ့တာလည်း မင်းကိုကိုကြီးပဲ ... "

"ဒါဆို ... အဲဒီမျှော်လင့်ချက်တွေကို ဘယ်သူကဖြိုး ဖန်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပေးခဲ့တာလဲ ... အသည်းခွဲနှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး ကိုကိုကြီးရဲ့မွေးနေ့ညစာ,စားပွဲကျင်းပနေတဲ့ မြက်ခင်းပြင်ကြီးထဲကို ဘယ်သူရောက်သွားခဲ့တာလဲ ... ကျွန်တော်သာ ဒီအမှုကိုစီရင်ခွင့်ရှိတဲ့ တရားသူကြီးတစ်ယောက်သာဆိုရင် ခင်ဗျားကိုပဲ ... ကျွန်တော် စွဲချက်တင်မယ်၊ ဒီအမှုမှာ အပြစ်အရှိဆုံးက မ,ပဲ ... "

ခါးတွေကိုပါညွတ်လျှက် သူက တစ်ကိုယ်လုံးကိုလှည့်ပတ်သည်။

ပြီးတော့ ... သူထိုးလိုက်သည့် လက်ညှိုးတစ်ချောင်းက မြူမျက်ဝန်းတည့်တည့်နေရာဆီကို ချိန်ရွယ်ပစ်လွှတ်လိုက်သည့် မြား တစ်စင်းလို ... မြူက အပြုံးတွေကိုဖြေချပြီး သူ့မျက်ဝန်းတွေကို အေးစက်စက်လေးပဲ မော့ကြည့်သည်။ ဒီလိုစွတ်စွဲမှာကိုလည်း မြူက ကြိုတွက်ပြီးသားပါ။ သူ ... အရိပ်ထင်ကို အရမ်းချစ်ခဲ့တာ မြူ မသိဘဲနေပါ့မလား။ ကမ္ဘာပေါ်မှာ ပြေးကြည့်မယ်ဆိုရင်တောင် ဒီ ညီအစ်ကိုနှစ်ယောက်တည်းရှိခဲ့ကြတဲ့ဥစ္စာ။ ဒါပေမယ့် ... တစ် ယောက်က အသည်းပလ္လင်နန်းမှာ ပွဲအရင်ကြမ်းခဲ့လေသူ၊ အပြစ်မဲ့ အရိုးခံ အဖြူထည်သက်သက်မိန်းကလေးတစ်ယောက်ကိုမှ တုံ့ ပြန်အသည်းခွဲရင်း သူငယ်ချင်းတွေကြားမှာ Crusher တစ်ဖွဲ့ အောင်ပွဲခံခဲ့လေသူ။

မြူ ... မနာဘဲနေပါ့မလား။

သူမရဲ့ကိုယ်ရေးအတွင်းရေးမှူးမလေး အဖြူရောင်က အရှက်ကွဲစိတ်နာပြီး နိုင်ငံခြားကိုထွက်သွားခဲ့၏။ အဖြူရောင်နေရာ မှာ အညိုရောင်ကို အစားထိုးခဲ့ရ၏။ ဒါကြောင့်မို့ ... မြူ အရိပ်ထင် ကို ရင်ဆိုင်ခဲ့တာ။ ဒါကို အပြစ်တစ်ခုလို စွဲချက်တင်မယ်ဆိုလည်း





တင်စေတော့ပေါ့။ ဘာပဲဖြစ်ဖြစ် မြူကတော့ အဝေးနှင်ကို ရင်ဆိုင်မှာပါ။

"ဟုတ်ပြီလေ ... အဝေးနှင်၊ မင်းအခုတင်နေတဲ့ စွဲချက်ကို မ,မငြင်းပါဘူး ... မ,သိချင်တာက မဆီမဆိုင် မင်းဘာလို့ချင်သလည်းဆိုတာပဲ သိချင်တာ"

"လက်ထပ်ခွင့် ... "

"ဘယ် ... ဘယ်လို ... "

သူဖြေလိုက်တာ တစ်လုံးတည်းပါ။

"နှလုံးသားထဲက စီးဆင်းလာတဲ့အချစ်တွေမပါဘဲ စက်ရုပ်လို အသည်းဗလာနဲ့ လက်ထပ်ပြီးတော့မှ မာနခြင်းပြိုင်အသည်းခွဲကြမယ်ဆိုရင် ဘယ်လိုနေမလည်းဆိုတာ ကျွန်တော်သိချင်တာ၊ တစ်ခုတော့ရှိတယ် ... လက်ထပ်ထားပေမယ့် စည်းမကျော်ကြေး၊ အိပ်ရာတစ်ခုတည်းမှာ အတူအိပ်ပြီး ... ဆန့်ကျင်ဘက်လမ်းကို လျှောက်ကြတဲ့ လူနှစ်ယောက်ရဲ့မာနကို လက်တွေ့ကျကျ စမ်းသပ်စိမ်ခေါ်ချင်တာ ... "

"ဘာလဲ ... အဝေးနှင်၊ ဒီလိုလုပ်ရဲတဲ့သတ္တိ မ,မှာမရှိဘူးထင်လို့ မင်းစိမ်ခေါ်နေတာလား ... ဒီလမ်းကို ရွေးချယ်လိုက်ဖို့ တွေဝေနေတယ်လို့မင်းထင်ရင် မှားသွားလိမ့်မယ် ... ယောကျ်ားတွေကို အချစ်ကြောင့် ဒူးထောက်အညံ့ခံလိုက်ရတဲ့အထဲမှာ ဘယ်တော့မှ မပါစေရဘူး၊ ဒီမှာ ... ယောကျ်ားတစ်ယောက်နဲ့မိန်းမ တစ်ယောက် လက်ထပ်တယ်ဆိုတာ ကိုယ့်မှာရှိတဲ့မျှော်လင့်ချက်တွေ ယုံကြည်ချက်တွေကို ကြိုးတစ်ချောင်းတည်းမှာ အတူတူစည်း



www.burmeseclassic.com

www.burmeseclassic.com



နှောင်ပြီးတော့မှ မျက်ကန်းတစ္ဆေမကြောက်သလို အိပ်မက်ထဲက ပန်းချီကားတစ်ချပ်ကို အတူတူရေးဖို့ပြင်ဆင်ကြရတာ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ လောကကြီးမှာ ... ကိုယ်မယုံကြည့်ဘဲ မျှော်လင့်ထားလို့ ဘာမှမရဘဲ ... လက်ထပ်လိုက်ရတဲ့သူတွေအများကြီး ရှိတယ်၊ အဲဒီအထဲမှာ ယောက်ျားလေးတွေကပဲနိုင်ပြီး၊ မိန်းကလေးတွေက ရှုံးသွားတယ်လို့ မင်းထင်ထားခဲ့သလား ... ”

“ဟွန်း ... ”

သူနှုတ်ခမ်းလေးကိုတွန့်လျှက် မြူမြင်အောင် မျက်နှာလေးကိုမဲ့သည်။ ပြီးတော့ ... မြူနှင့်အနီးဆုံးအထိရောက်လာအောင် သူခြေလှမ်းတွေကို ခပ်မှန်မှန်လေးတိုးရွှေ့ပြီးတော့ လာရပ်၏။ သူ လက်ပိုက်ရပ်နေသလား၊ ကိုယ်မှာဆန့်ကပ်ချထားသလား ... ဒါကို လှည့်ကြည့်ဖို့အထိတော့ မြူမကြိုးစားမိတာအမှန်ပဲဖြစ်သည်။ သို့သော် ... မြူသေချာပေါက်သိခွင့်ရလိုက်တာက အသက်ကိုခပ်ပြင်းပြင်းရှူလျှက် လေးပင်စွာ ပင့်သက်ချလိုက်သံ။

“ဘာလဲ ... ဒေါ်မြူနှင်းစေရာ၊ ဒီပွဲမှာ ခင်ဗျားနိုင်မယ်လို့ ကျွန်တော့်ကိုသေချာပေါက် လောင်းကြေးထပ်စိမ်ခေါ်နေတာလား ဒီမှာ ... ခင်ဗျားနဲ့ပြိုင်လို့ ကျွန်တော်ရှုံးသွားမယ်ဆိုရင်တောင် အဲဒီအရှုံးကို အဝေးနှင်ဆိုတဲ့ကောင်က ... ဘယ်တော့မှဝန်ခံသွားမှာ မဟုတ်ဘူး”

“အရှုံးကိုဝန်မခံရဲရင် ဒီပွဲကို အခုကတည်းက ရပ်လိုက်တာ အကောင်းဆုံးပဲ”

“ဗျာ ... ဒီပွဲကို ကျွန်တော့်ဘက်ကစပြီး ရပ်ပစ်လိုက်ရမယ် ဟုတ်လား ... ဟား ... ဟား ... ”





ကိုယ်ကလေးတစ်ပတ်လှည့်ကာ အဝေးနှင်ရယ်လိုက်ပြန်သည်။ ဒါကို မျက်တောင်ရှည်တွေပင့်ကော့လျှက် သူ့မျက်နှာကိုမြူမော့ကြည့်ကာ ...

“ဒီမှာ ... မ,မင်းကိုပြောနေတာ မင်းနဲ့မပြိုင်ချင်လို့ပြောနေတာ၊ ဒါကိုမကျေနပ်ရင် မင်းကြိုက်တဲ့လမ်းကိုလျှောက်ဖို့ ရွေးချယ်ခွင့် ရှိတယ်”

သူအရယ်ကို တုန့်ခနဲရပ်ကာ မြူ့ကိုငုံ့မိုးစိုက်ကြည့်လျှက်။

“ခင်ဗျား ... စိမ်ခေါ်တာလား ... ”

“မင်းကြိုက်သလိုထင်လေကွာ”

မြူ စိတ်မရှည်နိုင်တော့ပါ။

ပုခုံးစွန်းပေါ်ကို ထိတင်နေသည့် ဆံပင်ရှည်တွေကိုလည်း ဆတ်ဆတ်ဆတ်လေးဖယ်ထုတ်ပစ်ကာ သူနှင့်မျက်နှာချင်းဆိုင်ဖြစ်သွားအောင် မြူထ,ရပ်သည်။ သူ့ကိုအချိန်ပေးနိုင်တာ ဒီလောက်ပါပဲ ဒီလို တကူးတက တွေ့ဆုံခွင့်ပေးတာကပဲ လွန်လွန်းလှပြီ။ သူသည်လည်း ... မြူ့မျက်ဝန်းတွေကို စိုက်ကြည့်ကာ ခပ်သဲ့သဲ့ရယ်သည်။ ပြီးတော့မှ ... နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက်ကွေးကာ

“ဟွန်း ... ဒါကြောင့်မို့ ခင်ဗျားနာမည်ကြီးတာ၊ ခင်ဗျားကို ကြည့်ပြီး ကျွန်တော်ဆုံးဖြတ်တော့ အားလုံးက ကျွန်တော့်ကိုဝိုင်းကန့်ကွက်ကြတယ်၊ ခင်ဗျားသိပ်လှတဲ့အကြောင်း ... မာနကြီးတဲ့အကြောင်း၊ ဘယ်လိုယောက်ျားမျိုးကိုမှ အညံ့ခံဒူးထောက်သွားမှာ မဟုတ်တဲ့အကြောင်း၊ ပြောလိုက်ကြတာစုံနေတာပဲ ... သူတို့ပြောပြနေကြတဲ့အတိုင်း ပွဲဦးထွက်စစ်ကြေညာတဲ့နေ့မှာပဲ ... ကျွန်တော်ရဲ့ အနက်ရောင်နှင်းဆီလေး စိစိညက်ညက်အချေခံလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ဒါပေမယ့် ... ကျွန်တော်က အဝေးနှင် ... "

"အို ... ကြည့်စမ်း ... "

မြူ့ဘယ်လိုမှ ရှောင်တိမ်းဖို့အချိန်မရလိုက်။

သူ ... ရုတ်တရက် လှုပ်ရှားလိုက်တာက မျက်နှာချင်းဆိုင် နေရာလေးမှာ အနီးကပ်ဆုံးရပ်နေတဲ့မြူ့ကို ခြေဖျားလေးတွေကြွ တက်သွားအောင် ခါးလည်ကနေ သိမ်းကျုံးပွေ့ဖက်ပစ်လိုက်တာ။

မြူ့ကိုယ်လေး ဟန်ချက်ပျက်ပြီး သူ့ရင်ခွင်ထဲမှာ ထိကပ် သွားတာ ...

"မင်း ... မရိုင်းနဲ့နော် အဝေးနှင် ... မင်း ... မင်း ... "

"အို ... အို ... "

"အွတ် ... "

မြူ့ခြေထောက်နှစ်ဖက်စလုံး ကြမ်းပြင်ပေါ်က လွတ်ထွက် သွားသည်အထိ ရိုင်းစိုင်းသောအနမ်းမိုးက မြူ့နှုတ်ခမ်းတွေပေါ်ထို အညှိုးနဲ့ရွာချပစ်သည်။ မြူ့ဆွဲမိဆွဲရာ ရိုက်မိရိုက်ရာ ဆွဲပစ်ရိုက်ပစ် လိုက်မိတာတွေက သူ့ဆံပင်တွေလား၊ သူ့မျက်နှာ၊ သူ့ပုခုံးတွေလား ကိုယ်နှစ်ခုပြန်ခွာသွားချိန်မှာ မြူ့ကိုယ်လေး ဆိုဖာဆက်တီခုံလေး ပေါ်ကို ဆောင့်တွန်းဖယ်ချပစ်တာခံလိုက်ရသည်။ ဒေါသကြောင့် ဖရိုဖရဲဖြစ်သွားရသည့် ဆံပင်ရှည်တွေကိုဖယ်သိမ်းကာ သူ့ကို ... မြူ စူးခနဲစိုက်ကြည့်တော့ ...

"အဲဒါ ... အချေခံလိုက်ရတဲ့ ကျွန်တော့်ရဲ့ နှင်းဆီလေး အတွက်"

မျက်ဝန်းတွေပြာသွားတာပဲ မြူသိလိုက်သည်။





ဆက်တီခုံပေါ်ကနေ မြူ ထ,လိုက်တာ။ စက္ကန့်ပိုင်းလေး အတွင်းမှာပဲ သူ့ရှေ့လက်တစ်ကမ်းကို မြူရောက်သွားတာ မြူလက် တွေကို လေထဲလွှဲပြီး ဖြန်းခနဲနေအောင်,သူ့ပါးတစ်ဖက်ကို အနာ ကျင်ဆုံး မြူရိုက်ချလိုက်တာ။ အားလုံးတစ်ဆက်တစ်စပ်တည်းမှာ ဘာကိုမှ ခွဲခြားစောင့်ထိန်းချိန်မရလိုက်ဘဲ ဖြစ်သွားခဲ့တာဖြစ်သည်။ ပြီးတော့ ... နာကျင်ရှက်ရွံ့မှုတွေကြောင့် ပေါ်လာခဲ့ရလေသော ရှိုက်သံတစ်ခု ...

"မင်း ... တော်တော်ရိုင်းတယ် ... အခုချက်ချင်း ဒီကုမ္ပဏီ ထဲကနေ မင်း ... ထွက်သွား ... အဟင့် ... "

မျက်နှာလေးရဲ့ဗလောင်းခတ်သွားရအောင်ကိုပဲ မြူရှုက် သွားခဲ့ရပါပြီ။

"ဟွန်း ... "

ပါးတစ်ဖက်ကိုပွတ်ရင်း အဝေးနှင်က ကျေနပ်စွာပြုံးသည်။

"ဒါ ... ရိုင်းတာမဟုတ်ဘူး ဒေါ်မြူနှင်းစေရာ၊ ဘယ်သူက အဆိပ်ပိုပြင်းသလဲဆိုတာ သိချင်လို့စမ်းလိုက်တာ"

"ရတယ်လေ ... "

"မ, ကျွန်တော်နဲ့ပြိုင်ဖို့သဘောတူပြီဆိုရင် လက်ဆွဲနှုတ်ဆက် လိုက်ပါ ... ဒီနေ့ကစပြီး မ,နောက်ကို အရိပ်ကလေးတစ်ခုလို ကျွန် တော်အမြဲလိုက်မယ် ... မ,ကိုလက်ထပ်ခွင့်ရဖို့ ကျွန်တော်ကြိုးစား မယ်"

"မင်း ... မင်း တကယ်ပြောနေတာနော် ... "

"တကယ်ပြောတာ ... "

"ဟွန်း ... ကောင်းပြီလေ ... အဝေးနှင် ... "



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ဖျားတွေပေါ်မှာ တင်ကျန်နေဆဲ မျက်ရည်စက်တွေကို ပွတ်သုတ်ဖယ်ရှားလျှက် ခပ်ရဲရဲအရိပ်တွေရှိနေဆဲ မျက်နှာလေးကို မြူတင်းတင်းလေးမော့သည်။ ဒီလောက်ဆို မြူသိပါပြီ။ မထင်မှတ်ဘဲ အသိမ်းပိုက်ခံလိုက်ရသည့် မြူ့နှုတ်ခမ်းလေးတွေက မြူဘာလုပ်သင့်သလဲဆိုသည့်အဖြေတစ်ခုကို ပေးခဲ့ပြီပဲ။ သူ့ကိုလက်ဆွဲနှုတ်ဆက်ဖို့ မြူအဆင်သင့်ဖြစ်ရတော့မှာပေါ့။

"မ,မပြိုင်ချင်တဲ့ပွဲကို ပြိုင်ဖို့မင်းဘက်က ဒီလောက်စိတ်အားထက်သန်နေမှတော့ မဘက်က သဘောတူပေးရတော့မှာပေါ့။ ကဲ ဒီပွဲရဲ့လောင်းကြေးတစ်ခုကို မင်းဘယ်လိုထပ်ချင်သလဲ ..."

"နိုင်တဲ့သူရဲ့ခြေဖမိုးလေးတစ်ဖက်ကို ရှုံးတဲ့သူက ဒူးထောက်ပြီးတော့မှ ငုံ့နမ်းကြေး ..."

"ဘယ် ... ဘယ်လို ..."

မြူ့မျက်တောင်လေးတွေ ကော့တက်ကာ တစ်ကိုယ်လုံးလည်းအေးစက်သွားရသည်။ နိုင်တဲ့သူရဲ့ ခြေဖမိုးလေးတစ်ဖက်ကို ရှုံးတဲ့သူက ဒူးထောက်ပြီးတော့မှ ငုံ့နမ်းရမတဲ့။ ဒါဆို ... လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာတွေကိုပါ ပုံအပ်ပြီးတော့မှ လောင်းကြေးထပ်ပြိုင်ရမယ့်ပွဲဆိုပါတော့ ... ဒီလိုလား အဝေးနှင်။

"ဒါဆို ... အရှုံးအနိုင်ကို ဘယ်လိုသတ်မှတ်မလဲ ..."

"ခင်ဗျားကို ကျွန်တော်သိပ်ချစ်သွားရင် ကျွန်တော်ရှုံးတယ်။ ခင်ဗျား ... ကျွန်တော့်ကိုချစ်သွားရင် ခင်ဗျားအရှုံး ..."

"မင်း ... သဘောတူတယ်နော် ..."

"လုံးဝ ... Same to you"

သူ့ဆီက ကမ်းပေးလိုက်တဲ့လက်ကလေးတစ်ဖက် မြူ့ရှေ့ကိုတည်ငြိမ်စွာတက်လာခဲ့ပြီ ... မြူကလည်း ဂရုမစိုက်စွာ ရှေ့ကိုတစ်လှမ်းထပ်တိုးသည်။ မြူစိုက်ကြည့်လိုက်တာ သူ့မျက်ဝန်းပြာဆွဲလွဲလေးတွေကိုပါ။





အဝေးနှင်ရယ် ...

မ, မင်းနဲ့မပြိုင်ချင်ပါဘူး။

အမုန်းနဲ့ပြိုင်ရမယ့် ပဋိပက္ခတွေကြားမှာလည်း မ,မရှင်သန်ချင်တော့ဘူး။ ဒါပေမယ့်ကွာ ... မင်းက လက်ကမ်းပေးနေမှတော့ လက်ဆွဲနှုတ်ဆက်လိုက်ဖို့တစ်ခုတည်း မ,ဆုံးဖြတ်လိုက်ရတော့မှာပေါ့။ နှစ်ဦးသဘောတူမဟုတ်ခဲ့တဲ့ အနမ်းလေးတစ်ခုကို မင်းအတင်းအဓမ္မသိမ်းပိုက်သွားလို့ ဒီပွဲကိုဝင်ပြိုင်ဖို့ မ,သဘောတူလိုက်တာပါ။ မင်းကို တစ်ခုပဲပြောချင်တာက ...

"ဒီမှာ အဝေးနှင် ..."

"ကျွန်တော် ... နားထောင်နေတယ်လေ ..."

ကမ်းထားသည့်လက်ကိုပြန်မရုတ်သေးဘဲ သူက ... မြူ့ကိုစိုက်ကြည့်သည်။

"ဒီဇာတ်လမ်းမှာ အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး ... မ,ကို စိမ်ခေါ်လာခဲ့တာမင်းပါ။ နာကျင်နေတဲ့ခံစားချက်တွေ မျက်ရည်တွေ၊ ရှိုက်သံတွေနဲ့ မ,ရှေ့ကို မင်းအရောက်လှမ်းလာခဲ့တာလေ။ မင်းကို မပြိုင်ချင်လို့ တောင်းပန်ခဲ့ပေမယ့် ကံကြမ္မာရဲ့စီရင်ချက်က မ,ဘက်ကမှာ မရှိခဲ့ဘူး ... ပြီးတော့လည်း ရိုင်းစိုင်းတဲ့အနမ်းတွေနဲ့ မ,နှလုံးသားတွေကို အဆိပ်သင့်စေခဲ့တာလည်းမင်းပါ။ နောက်ကို အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ လက်စားချေဖို့ ထိုးတက်လာတဲ့မင်းကြောင့် မ,ရင်ထဲမှာ မျက်ရည်တွေနဲ့ပြည့်သွားခဲ့ရင်

www.burmeseclassic.com



တောင်၊ မ့မျက်ဝန်းတွေထဲမှာ မျက်ရည်တစ်စက်တက်မလာစေ
ဘူးလို့ ... မင်းကို မ့ကတိပေးတယ် ... အဲဒီမျက်ရည်ကို မ့ရှူးခဲ့ရ
တောင် မင်းဘယ်တော့မှ မမြင်စေရဘူး ... ”

“ကြိုက်တယ်ဗျာ ... ”

“ဖြောက် ... ”

ကမ်းထားတဲ့လက်ကလေးဆီမှ လက်ဖြောက်တီးလိုက်
လေးတစ်ချက် ကြားလိုက်ရပြီ။ သူ့နှုတ်ခမ်းလေးမှာ အပြုံးမဲ့မဲ့
တစ်ခု ချက်ချင်းပေါ်လာသည်။

“ကျွန်တော်ကလည်း ... ခင်ဗျားမျက်ရည်တစ်စက်က
အလံဖြူပြမယ့်အဝေးနှင်ပါ၊ ကဲ ... ကျွန်တော်တို့နှစ်ယောက်ရဲ့
ခေါ်ပွဲလေးကို နှစ်ဖက်သဘောတူ အသိအမှတ်ပြုတဲ့အနေနဲ့ လ
ဆွဲနှုတ်ဆက်လိုက်ကြရအောင် ... You Must Never Cry
ခေါ်မြူနှင်းစေရာ ... ”

“အဟင်း ... ”

လက်ကလေးကမ်းပေးလိုက်ရင်း ရင်နင့်စွာ မြူကပြုံးသည်

You Must Never Cry တဲ့လား အဝေးနှင်ရယ် ... ရပါ
အရာရာဟာ မင်းရဲ့ဆန္ဒအတိုင်းပဲပေါ့၊ မင်းထပ်သွားတဲ့ လော
ကြေးကိုလည်း မဘက်က သဘောတူတယ်။

“ကောင်းပြီလေ ... အဝေးနှင်၊ မင်းဖြစ်ချင်တဲ့ဆန္ဒတွေ
လုံးကို မဘက်က လိုက်လျောခွင့်ပြုတယ် ... ဟုတ်ပြီလား၊
မင်းကြိုက်သလိုလက်စားချေပါ၊ မ့ဆီက လက်ထပ်ခွင့်လေးတ
ကိုရဖို့ မင်းကြိုက်သလို ကြိုးစားပါ ... ”

“ဒါဆို ... ကျွန်တော် အခုလောလောဆယ်လိုချင်





ခင်ဗျားဆီက အမှတ်တရပစ္စည်းတစ်ခု ... ”

“အို ... ”

ကြည့်စမ်း ...

သွက်လိုက်တဲ့ အဝေးနှင် ...

မြူလည်ပင်းက ဝက်ဝံရုပ်လေးပါတဲ့ ပိုးကြိုးမျှင်ဆွဲကြိုးလေး
ကို ထောက်ခနဲနေအောင် ဆွဲဖြုတ်ယူပစ်လိုက်တာ ဘယ်သူ့ကိုမှ
ဂရုမစိုက်တဲ့အတိုင်း။

“ဟာ ... ဟာကွာ ... ”

သူ့လက်ထဲကို မြူ့ရဲ့ပိုးကြိုးမျှင် ဆွဲကြိုးလေးပါသွားခဲ့ပြီ။

“အဝေးနှင် ... မင်းမသွားနဲ့ ... ”

“မ့ရဲ့ဆွဲကြိုးလေးကို မင်းအခုပြန်ပေးစမ်း ... ”

သူ့ခြေလှမ်းတွေကို မြူလိုက်လို့မမီတော့ပါ။

ပြောရမယ်ဆိုရင် ဒီနေ့ဟာ ... ကြမ်းတမ်းတဲ့အနမ်းတွေကို
ခွင့်ပြုလိုက်ရတာရယ်၊ မြူ့ကို ဆယ်နှစ်သမီးအရွယ်က ဖေဖေအမှတ်
တရပေးသွားခဲ့သည့် ဝက်ဝံရုပ်ပိုးကြိုးမျှင် ဆွဲကြိုးလေးကို သူအခမ့
သိမ်းပိုက်သွားခဲ့တာရယ် ... ။

မြူ ... မနာကျင်ဘဲ နေပါတော့မလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

အိပ်ရာက ရုတ်တရက် ထ,လိုက်စဉ်မှာ ...

နှလုံးခုန်သံက တဒိန်းဒိန်းမြည်လာသည်။

ဖေဖေ ...

ဖေဖေဟာ အိပ်မက်ထဲမှာ သမီးဆီကိုလိုက်လာလို့တဲ့။

ဖေဖေ့လက်ထဲမှာလည်း နှင်းဆီတွေ တပွေ့တပိုက်ကိုင်လို့တဲ့။ ဒါပေမယ့် ... အိပ်မက်ထဲမှာ သမီးဆီကို ကယောင်ချောက်ချားသွေးရူးသွေးတန်းနဲ့လိုက်လာတဲ့ ဖေဖေဟာ ဆံပင်တွေဖရိုဖရဲနဲ့ ညှိုးချုံးပိန်ရှိုစုတ်ချာလို့။ သမီးကို ငေးကြည့်ပြီး နှင်းဆီပန်းတွေကို တုန်ရီသောလက်တွေနဲ့ ဖေဖေဟာ လှမ်းပေးနေတာ ကွက်ကွက်ကွင်းကွင်းထင်ထင်ရှားရှား။

"ဒီနှင်းဆီတွေ ... သမီးယူသွား ... "

"ဒီနှင်းဆီတွေကြောင့် ဖေဖေတို့ဘဝပျက်ခဲ့တာ"

"ဒီမိန်းမကိုလိုက်ရှာပြီး သမီးလက်စားချေရမယ် ... "

"မုန်းတယ် ... မုန်းတယ် ... "





"ဟား ... ဟား ... "

ညှိုးဖျော့သော ဖေဖေ့မျက်ဝန်းတွေဟာ အတွင်းနက်ကာ ဟောက်ပက်ပက်လေးဖြစ်လျှက်။ နှင်းဆီတွေလှမ်းပေးရင်း ဖေဖေ ကယောင်ချောက်ချားအော်ရယ်နေတာကြောင့် မြူ့အိပ်ရာက နိုးသွားခဲ့ရတာပဲဖြစ်သည်။ နာရီကို လှမ်းကြည့်တော့ မနက်နှစ်နာရီခွဲ။ ညဝတ်အဖြူရောင် ဂါဝန်ရှည်ကြီးရဲ့အောက်အနားတွေကိုသိမ်းလျှက် ခုတင်ပေါ်မှထ,ကာ ရေတစ်ခွက်သွားသောက်သည်။ တုန်ရီသောလက်တွေထဲမှာ ရေခွက်ကလေးကပါ တဆတ်ဆတ်ယမ်းခါနေဆဲ။ အတိတ်ကိုသတိရပြီး မျက်ရည်တွေက ပါးပြင်လေးနှစ်ဖက်ကို စိုစွတ်သွားအောင် စီးလိမ့်ကျလာတာကိုပင် မြူက ... သုတ်ဖယ်ပစ်လိုက်ဖို့ သတိမရ။ အိပ်မက်ကြောင့် နာကျည်းသောအတိတ်က အရိပ်တစ်ခုလို တွယ်ကပ်လာကာ မြူ့စိတ်တွေ အချောက်ချားရဆုံး ဖြစ်သွားခဲ့၏။

မှုန်ရွှေရည် ×× ခိုင်မာလာနှင်းဆီ ×××

ကြိုင်ဖွာသာသင်းကြည် ××မြိုင်ဟေမဝါအတွင်း ထုံစေစီ××

သင်းရနံ့က မွေးလွင်ကြည် ... အဆင်းသန့်သန့် မွှေးချင်သည်

ဝင်းဖန့်ဖန့်×××ပန်းဝတ်မှုန်ရွှေရည်×××မှုန်ရွှေရည်×××

"ဟေး ... ဟား ... ဟား ... "

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... "

မှုန်ရွှေရည်သီချင်းကို သီဆိုပြီး ကလေးတွေကြားမှာ ပျော်နေတဲ့ဖေဖေရဲ့ပုံရိပ်တွေက မြူ့ကို ... ချောက်လှန့်လို့လာခဲ့ပြန်ပါပြီ။ ရင်နာစရာကောင်းခဲ့တဲ့ အတိတ်ထဲက ဖေဖေ။ မြေနီကုန်းဈေးရှေ့လမ်းဘေးပလက်ဖောင်းတစ်နေရာမှာ နှင်းဆီပန်းတွေ အော်



www.burmeseclassic.com

www.burmeseclassic.com



ကာဟစ်ကာ ရောင်းခဲ့တဲ့မိန်းမလှတစ်ယောက်ကြောင့် ဘဝပျက် ပြီး အတိတ်မေ့ဝေဒနာသည်ကြီးဖြစ်ခဲ့ရတဲ့ ဖေဖေဟာ မြူ ဆယ့်သုံးနှစ် သမီးအရွယ်မှာပဲ ... ကားတစ်စီးရှေ့ကို ပြေးဝင်သွားခဲ့ ရာကနေ လောကကြီးထဲက အရှုံးနဲ့ထွက်ခွာသွားခဲ့ရတာ မြူ ဘယ်လိုလုပ်မေ့ နိုင်ပါတော့မလဲ။

ရာသီတွေ ဘယ်လိုပဲပြောင်းပြောင်း ...

နှစ်လနာရီတွေ ဘယ်လိုပဲပြောင်းပြောင်း ...

မြူရယ်၊ ဖေဖေရယ်၊ ဖေဖေထားခဲ့တဲ့ ရင်နာစရာနှင်းဆီတွေ ရယ် ... အရာအားလုံးဟာ သံသရာလည်နေဆဲပါဖေဖေ။ မြူဘယ် လိုမှ မမေ့နိုင်ခဲ့ပါဘူး။ အိပ်မက်ထဲမှာမြင်လိုက်ရတဲ့ နာကျည်းဆိုး လှတဲ့ အတိတ်ပုံရိပ်တွေထဲကဖေဖေဟာ သံသရာအဆက်ဆက် နှင်းဆီတွေကို စိတ်နာနေတော့မှာပေါ့။

မြူ ... ပြန်အိပ်လို့မရတော့တာမို့ အိပ်ခန်းနှင့်ကပ်လျက် အပြင်ဝရန်တာဆီသို့ ထွက်ခဲ့သည်။

ကောင်းကင်အမြင့်ကြီးပေါ်မှာ ကြယ်မိုတ်တုတ်လေးတွေ က လင်းလက်လို့ ...

ဟိုးအဝေးမှာတော့ လ,ကွေးကွေးလေး။

မည်းမှောင်နက်ပြာသော ကောင်းကင်ကြီးပေါ်မှာ ထို ကွေးကွေးလေးကို အဖြူရောင်ဆေးပန်းချီရေးချယ်ထားသည့်နှယ် ဝရန်တာမှာ တစ်ယောက်တည်းရပ်မိသောအခါမှ စိုလ လက်မျက်ရည်တွေကို သုတ်ပစ်ဖို့ မြူသတိရသည်။

ဖေဖေ ... ဦးအောင်နိုင်နိုင်။

အတိတ်မေ့ စိတ္တဇဝေဒနာသည်ကြီး။





မေမေက မြူလေးနှစ်သမီးအရွယ်မှာ ရေချိုးခန်းမှာချော်လဲ ရင်း ဦးနှောက်ကြောပြတ်ကာ ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ ဒါကို ... လေးနှစ်သမီးလေးနဲ့ ဘဝခရီးကိုဆက်ခဲ့သည့်ဖေဖေ။ ကုမ္ပဏီတစ်ခုမှာ ရှိသမျှငွေကိုရှယ်ယာထည့်ပြီး ... ကိုယ်ပိုင်ကား လေးတစ်စီး၊ ခြံဝင်းကျယ် တိုက်အိမ်လေးတစ်လုံးနဲ့ သားအဖနှစ် ယောက်တည်း နေခဲ့ကြတာ။

မြူဆယ်နှစ်သမီးအရွယ်မှာ မထင်မှတ်ဘဲ နှင်းဆီပန်းရောင်း သည့် ဈေးသည်တစ်ယောက်နှင့် ငြိစွန်းသွားခဲ့ရာမှ ဒုက္ခတွေရောက် ပြီး အိမ်ဆုံး၊ ကားဆုံး။ အရင်းလက်မဲ့ဘဝနဲ့ တောင့်ဒဂုံရပ်ကွက်လေး တစ်ခုထဲကို ရောက်သွားခဲ့ရသည်။

ပိုဆိုးတာက ထိုအချိန်မှာ လေဖြတ်ပြီး အတိတ်မေ့ဝေဒနာ သည်တစ်ယောက် ဖေဖေဖြစ်သွားခဲ့ရတာပင်။ ထိုအချိန်မှာ ... မြူက ဆယ်နှစ်သမီးအရွယ်လေး။

"သမီးလေးရယ် ... သမီးလေးအဖြစ်ကိုမြင်ရတာ ဘဘတို့ စိတ်မကောင်းလိုက်တာ၊ တော်တော်ဆိုးတဲ့မိန်းမ ... ရှိသမျှဟာ တွေ အကုန်ခွာယူသွားပြီးတော့မှ သမီးဖေဖေကို စွန့်ခွာသွားတာ အခု ... ကြည့်စမ်း၊ အပြစ်မရှိတဲ့ ဒီသမီးလေးက အတိတ်မေ့စိတ္တဇ ဝေဒနာသည်ကြီးနားမှာ ဒုက္ခရောက်နေတာ ..."

ရပ်ကွက်ထဲက အိမ်နီးနားခြင်းတွေ ပေးသမျှ၊ ကျွေးသမျှနဲ့ ဆယ်နှစ်သမီးလေးမြူက ဖေဖေ့ကို စောင့်ရှောက်ခဲ့ရတာ။ မြူ အလစ်မှာ စိတ်တွေဖောက်ပြန်လာပြီး ဖေဖေတစ်ယောက်တည်း ထွက်ထွက်သွားလို့ ရပ်ကွက်ထဲမှာရှာခဲ့ရတာအမော။

တွေ့လိုက်ရင်လည်း ဖေဖေ့လက်ထဲမှာ ဘယ်ကကောက်



www.burmeseclassic.com

www.burmeseclassic.com



လာမှန်းမသိတဲ့ နှင်းဆီပန်းခြောက်တွေနဲ့။

"မှုန်ရွှေရည် ... ခိုင်မာလာနှင်းဆီ ... "

ကလေးတွေကြားထဲမှာ စိတ်ဖောက်ပြန်ပြီး ကွေးနေအောင် က,နေတတ်တဲ့ဖေဖေပါ။ အဆိုးဆုံးက နှင်းဆီကိုမြင်တိုင်း စိတ်တွေ ကစဉ့်ကလျားဖြစ်ကာ သွေးလန့်ချောက်ချားနေတတ်တဲ့ဖေဖေ၊ ကလေးတွေကလည်း ဒါကိုသိတော့ ဘုရားစင်၊ နတ်စင်တွေက စွန့်ပစ်သည့် နှင်းဆီပန်းခြောက်တွေကို ရှာဖွေယူလာပြီး မီးလောင်ရာ လေပင့် စ,ကြနောက်ကြတာ အုန်းအုန်းထလို့။

"ဟေး ... အဲဒါ ... အရူးကြီးကွ ... "

"နှင်းဆီပန်းမြင်ရင် ကွေးနေအောင်ကတယ် ... "

"မဟုတ်ဘူး ... မဟုတ်ဘူး၊ အဲဒါ ... အရူးကြီးမဟုတ်ဘူး ငါ့ဖေဖေ၊ ငါ့ဖေဖေက နေမကောင်းဖြစ်နေတာ ... "

မြူမျက်ရည်စက်လက်လေးနဲ့ ကလေးအုပ်ကြားထဲမှာ ရောက်နေတဲ့ဖေဖေ့ကို အမြဲလိုက်ခေါ်ရသည်။ ကလေးအရွယ်လေး ပေမယ့် ဖေဖေ့ကိုကြည့်ကာ မြူစိတ်မကောင်းပါ။ နှင်းဆီပန်းတွေကို လက်ဆောင်အမြဲပေးရင်း ... ဖေဖေ့ကို မြူဆွယ်ဖျားယောင်းခဲ့တဲ့ မိန်းမတစ်ယောက်ကြောင့် ဖေဖေခုလိုဖြစ်နေတာ၊ မြူဘယ်သူ့ကို ရင်ဖွင့်ပြရမှာလဲ။

အဲဒီမိန်းမ ...

မြူအမုန်းဆုံးမိန်းမ ...

အဲဒီမိန်းမကြောင့် ...

"အဟင့် ... ဟင့် ... ဟင့် ... "

"အဟင့် ... ဟင့် ... ဟင့် ... "





ဖေဖေ့ကိုကြည့်ပြီး မြူငိုခဲ့ရတာ နေ့စဉ်နီးပါး။

ထမင်းဆိုင်မှာသွားပြီး မြူကပန်းကန်ဆေးရသည်။ ရတာ လေးကို ဖေဖေ့ကိုကျွေးရသည်။ ဟင်းကျန်၊ ထမင်းကျန်လေးတွေ က သူများတွေအတွက် စွန့်ပစ်စရာပေမယ့် မြူတို့သားအဖနှစ် ယောက်အတွက်တော့ နတ်သုဒ္ဓါတမျှ အဖိုးတန်လှသည်။ တစ်ခါ တစ်ခါတော့လည်း နှင်းဆီပန်းလေးတွေကို လမ်းပေါ်မှာ မြူလိုက် ချောင်းခဲ့ရတာပေါ့။

တစ်ရက်မှာတော့ ... ဖေဖေ အိမ်ကထွက်သွားရင်း အိစက် တောက်ပြောင်နေတဲ့ နောက်ဆုံးပေါ်အဖိုးတန်ကားကြီးတစ်စီးရှေ့ ကို ဖေဖေပြေးဝင်သွားခဲ့ကာ နှင်းဆီတွေနဲ့သမီးလေးကိုပါ ဖေဖေက တွေ့ခိုင်းသွားခဲ့သည်။

"အဟင့် ... အဟင့် ... ဖယ်ပေးကြပါ ... ဒါ ... သမီးရဲ့ အဖေပါ ... "

ဖေဖေရုပ်အလောင်းနားမှာ ဝိုင်းအုံကြည့်နေကြသည့် လူ တွေကြားထဲကို ဆံပင်စုတ်ဖွားလေးနဲ့ ပြေးဝင်သွားရင်း သတိလစ် မှောသွားရတဲ့အထိ မြူငိုခဲ့ရတာ ... ပြန်စဉ်းစားမိတိုင်း ... မျက်ရည်ဝဲရဆဲ။

ကံကောင်းချင်တော့ ဖေဖေ့ကို တိုက်မိသွားခဲ့သည့် ကား ရှင်သူဌေးကြီးလင်မယားက မြူ့ကို အပိုင်မွေးစားကာ နိုင်ငံခြား အထိခေါ်သွားခဲ့လို့ ... မြူ့ဘဝဟာ လက်ရှိအခြေအနေကို ရောက် နေရတာပါ။ နိုင်ငံခြားမှာ ပညာတွေသင်ခွင့်ရခဲ့သည်။ မြန်မာပြန်မှာ ရင်းနှီးမြှုပ်နှံအလုပ်လုပ်ဖို့ ငွေကြေးတွေ အလုံအလောက်ရခဲ့သည်။ မွေးစားမိဘနှစ်ပါးက တစ်နှစ်တစ်ခါတော့ မြန်မာပြည်ကိုပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ... မြူ့ကိုတွေ့ဆုံအားပေးလေ့ရှိပါသည်။

"ဟင် ... MD ဝရန်တာမှာ တစ်ယောက်တည်း ဘာရယ်လုပ်နေတာလဲ"

မြူရဲ့ကိုယ်ရေးအတွင်းရေးမှူးမလေး အညိုရောင်က အိပ်မှုန်စော်ဖွားလေးနဲ့ တစ်ယောက်တည်းထလာရင်း ဝရန်တာအထိထွက်လိုက်ကာ ... လာမေးနေသည်။ အညိုရောင်က မြူနဲ့အတူနေတာပါ။

အိပ်တော့လည်း မြူနဲ့အခန်းချင်းကပ်လျှက် အခန်းမှာပဲအိပ်၏။

"အိပ်မက်မက်ပြီး လန့်နိုးသွားလို့ပါ အညိုရောင် ..."

"ဟင် ... ဘာတွေမက်လို့လဲ ..."

"ဖေဖေလေ ... ဖေဖေ့ကို အိပ်မက်ထဲမှာ ပြန်တွေ့လိုက်လို့"

"အို ... ဟုတ်လား ..."

မြူ့ရဲ့ငယ်ဘဝဖြစ်စဉ်တွေကိုသိထားတဲ့ အညိုရောင်က စိတ်မကောင်း။

"အဲဒါ ... ဖေဖေက မြူကိုသတိလာပေးတာနေမှာ၊ ဖေဖေ့ကို မမျှော်လင့်ဘဲ အိပ်မက်ထဲမှာပြန်တွေ့လိုက်ရတော့ မ,အသည်းတွေ ပိုမာသွားသလိုပဲ ... အပေါင်းတွေအသစ်ဖြစ်လာပြီးတော့ ရင်ထဲမှာပါ နာကျင်လာတယ်"

"MDရယ်"

အညိုရောင့်မျက်နှာလေး ညှိုးကျသွားသည်။

တကယ်တော့ ... ဖေဖေဟာ မြူ့ဘဝမှာ ဘယ်တော့မှ မေ့လို့မရတော့တဲ့ ပုံရိပ်တစ်ခုပါပဲ။

ဖိုးလပြည့်စာပေ



"MDရင်ထဲမှာ ဒီလိုနာကျင်လာပြီဆိုတော့ ... MD အခုဘာတွေဆက်လုပ်တော့မလည်းဟင် ... ဒုတိယပစ်မှတ်အဖြစ်နဲ့ အဝေးနှင်ကို MD ရွေးချယ်ပစ်လိုက်ပြီလား ..."

"ဒုတိယပစ်မှတ် ... ဟုတ်လား အညိုရောင် ..."

ချာခနဲလှည့်ကြည့်လိုက်သည့် မြူမျက်ဝန်းတွေထဲမှာ နာကျင်အုံ့ညိုရိပ်တွေက ထင်ထင်ရှားရှား။ ပြီးတော့မှ ... မြူ့နှုတ်ခမ်းလေးတွေက အပြုံးရိပ်တွေနဲ့ တဖြည်းဖြည်းထင်လာသည်။

"အညိုရောင်ရယ် ... မ,ရင်ထဲက ခံစားချက်အမှန်တွေကို ဒီကမ္ဘာလောကကြီးတစ်ခုလုံးမှာ ... အသိနိုင်ဆုံးလူဟာ မင်းတစ်ယောက်တည်းပါ ... ဖြစ်နိုင်ရင် ကြေကွဲခဲ့ရတဲ့အတိတ်က ပုံရိပ်တွေကို မ,မေ့ထားလိုက်ချင်လို့၊ အဝေးနှင်ကို မ,အရှုံးပေးလာခဲ့တာကိုဆိုးချင်တော့၊ မဘက်က တုန့်ပြန်ရင်ဆိုင်ရမယ့်အတိတ်က ရန်သူတော်တစ်ယောက်ကို အရိပ်ထင်နဲ့ပတ်သက်လာတော့မှ မ,ပြန်တွေ့လာရတာ၊ ဘယ်လောက်ကံဆိုးလိုက်သလဲဟင် အညိုရောင်ရေ့အသည်းကို ရက်ရက်စက်စက်ခွဲခဲ့ဖူးတဲ့ ... ဖေဖေနဲ့သမီးလေးတစ်ယောက်ရဲ့ဘဝကို အနိုင်ယူသွားခဲ့တဲ့ မိန်းမတစ်ယောက်ဟာ အရိပ်ထင်ရဲ့မေမေဖြစ်နေခဲ့တာဟာ မရည်ရွယ်ခဲ့ဘဲနဲ့ အဖြူရောင်ကြောင့် မ,အနိုင်ယူခဲ့မိတာ၊ ပြန်တွေ့မယ့်တွေ့တော့ ဖေဖေအရမ်းချစ်ခဲ့တဲ့ ဒေါ်အရိပ်ညိုဖြစ်နေတယ်၊ ဒါ ... ဘံသရာတစ်ပတ်ပြန်လည်လာတာလား ..."

မြူ ... ကောင်းကင်ပြာကြီးကို အဓိပ္ပာယ်မဲ့စွာ မော့ကြည့်နေမိသည်။ ထိုအချိန်မှာပဲ အညိုရောင်ဆီမှ ပင့်သက်ရှိုက်သံတိုးတိုးလေးကိုကြားသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သံသရာတစ်ပတ်ပြန်လည်လာတာဆိုရင် MD ဘာတွေ ဆက်လုပ်တော့မလဲ၊ ဒေါ်အရိပ်ညို့ရဲ့အငယ်ဆုံးသား အဝေးနှင် ကလည်း နာကြည်းချက်တွေ တပွေ့တပိုက်နဲ့ MD နောက်ကို လိုက်လာပြီဆိုတော့ ..."

"ပွဲက သိပ်ကိုကြည့်လို့ကောင်းတော့မှာပေါ့ အညိုရောင် တကယ်လို့သာ အရိပ်ထင်ကို အနက်ရောင်နှင်းဆီလေးတစ်ပွင့်ရဲ့ တိုက်ခိုက် အသည်းခွဲသွားတဲ့ မြူနှင်းစေရာဆိုတဲ့ မိန်းကလေးတစ် ယောက်ဟာ အတိတ်မေ့ဝေဒနာသည်ဘဝနဲ့ စိတ္တဇရောဂါစွဲကပ် သွားခဲ့ရတဲ့ ဦးအောင်နိုင်နိုင်ရဲ့သမီးမှန်း ဒေါ်အရိပ်ညို့သိသွားခဲ့ရင် ဘယ်လောက်အထိတ်တလန့် တုန်လှုပ်သွားမလည်းဆိုတာ မင်း စဉ်းစားကြည့်စမ်း ... အညိုရောင် ..."

"သိပ်သေချာတာပေါ့ MD၊ ဒါကြောင့်မို့ ... လူတွေကပြော ကြတာ၊ လောကကြီးမှာ ပြန်တောင်းမဲ့သူမရှိဘဲ ဆပ်ရတဲ့အကြွေး ဆိုတာ သံသရာကြွေးတစ်ခုပဲရှိတာတဲ့၊ ဒီအကြွေးကို ဒေါ်အရိပ်ညို ကိုယ်တိုင် ပြန်ဆပ်သင့်တဲ့အချိန်ကိုရောက်နေလို့၊ မမျှော်လင့်ဘဲ ပြန်လာဆုံတွေ့နေကြရတာ ... တကယ်လို့သာ MDရဲ့ ခါးသည်းတဲ့ အတိတ်ဘဝဇာတ်ကြောင်းတွေကို အဝေးနှင် သိခဲ့မယ်ဆိုရင် အတော်တော်ခံစားသွားရမယ်ထင်တယ် ..."

"ကဲ ... မင်းလည်းပြန်အိပ်တော့ အညိုရောင်၊ မနက်ကျရင် အစောကြီးထပြီး ဘုရားပေါ်တက်ရအောင်၊ မ,ကို မနက်ငါးနာရီမှာ လာနှိုး ..."

အညိုရောင့်ကိုမှာပြီး ...

မြူအိပ်ရာထဲ ပြန်ဝင်ခဲ့၏။

ဖိုးလပြည့်စာပေ

BURMESE CLASSIC



ကုမ္ပဏီပိတ်ရက် တနင်္ဂနွေနေ့ရောက်တိုင်း မြူဘုရားတက် နေကြပါ။

မြူကြီးစားပြီး အိပ်ပျော်အောင် အိပ်ပစ်လိုက်သည်။

အညိုရောင်လာနိုးတော့ ... မနက်ငါးနာရီတိတိ။

.........

www.burmeseclassic.com

## အခန်း ( ၁၀ )

အဖြူရောင်ပိုးသားဝတ်စုံ ပျော့ပျော့လေးကိုဝတ်လျက် ဆံပင်တွေကို နောက်မှာစည်းမထားဘဲ သည်အတိုင်းဖြန့်ချကာ မိတ်ကပ်ပါးပါးလေးလိမ်းလာခဲ့သည့်တိုင် မြူ့မျက်နှာထားလေးနှင့်ပုံစံလေးက စွဲမက်ဖွယ်ရာအတိဖြစ်နေသည်။

ဝင်းနှစ်သော နှုတ်ခမ်းအိအိလေးပေါ်မှာတော့ နှုတ်ခမ်းနီဖျော့ဖျော့လေးကို ပါးပါးလေးတင်ကာ ကျော့ရှင်းသော လည်တိုင်ကလေးမှာ ပုဝါဖြူလေးကို စည်းထားလိုက်တော့ ကြွရုကာ ကြေရုပ်သွင်ကလေးနှယ်။ ဘယ်နေရာကြည့်ကြည့် မြူကိုယ်လုံးကလေးက ဝင်းဝင်းထင်းထင်းကလေးမို့ ဘုရားကိုရောက်တော့ ဝေ့ဝဲလာသည့် မျက်လုံးပေါင်းများစွာထဲမှာ မြူခြေလှမ်းကလေးက တည်ငြိမ်စွာ။

“ဟွန်း ... ”

အဝေးနှင်ကလည်း ဒါကိုမြင်ပါသည်။

မချော်လင့်ဘဲ ဘုရားပေါ်မှာ စောစောစီးစီးလာဆုံနေရ





သည့်အဖြစ်ကို အဝေးနှင် မအံ့ဩဘဲ မနေနိုင်ပါ။

“သားကြီး ... မင်းတွေ့တယ်နော် ... ”

“တွေ့တာပေါ့ကွ၊ အဖြူရောင်လေး ... တကယ်မိုက်တယ်၊ ဘုရားပန်းစည်းလေးကိုင်ပြီး တက်လာတာ ... ”

“ငါ ... ဘာလုပ်ရင်ကောင်းမလဲ”

“လိုက်လေ ... ”

သားကြီးက အဖြေတစ်ခုကို အပြတ်သားဆုံးပေးသည်။

အဝေးနှင်ရဲ့နှုတ်ခမ်းလေးပေါ်မှာ အပြုံးမဲ့မဲ့လေးက သူ့အလိုလိုဖျော့တ်သွား၏။ တိုင်မှာမှီကပ်ထားသောကိုယ်ကို မတ်မတ်ဆန့်ထွက် ပြန်ခွာလိုက်ပြီး ဘောင်းဘီရှည်ဘေးအိတ်နှစ်ဖက်ထဲကို လက်တွေထိုးသွင်းသည်။ ထူးခြားနေတာက အဝေးနှင်ရဲ့ညာဘက်လက်မှာ ဘာမှမရှိပေမယ့် ဘယ်ဘက်လက်မှာ ပိုင်စိုးပိုင်နင်းပတ်ထားသည့် ဝက်ဝံရုပ်ပိုးကြိုးကလေးက သခင်အသစ်ရဲ့လက်မှာ တွဲလောင်းကလေး။

အဝေးနှင် ခပ်သွက်သွက်လေးပြေးလိုက်ခဲ့တော့ ခဏလေး မီသွားသည်။

ပုခုံးချင်းထိလုမတတ် ယှဉ်ကပ်လိုက်တော့။

“အို ... မင်း ... ”

ပန်းစည်းကိုင်ထားသော လက်ကလေးပင် တုန်သွားသည်။

“ပေးပါ ... ခင်ဗျားလက်ထဲကပန်းစည်း ... ”

“ဟင် ... ”

“ကျွန်တော် ကိုင်ပေးမယ် ... ”

ရုတ်တရက်မို့ မြူဘာလုပ်ရမှန်းမသိ။

www.burmeseclassic.com



"မင်း ... မင်း ... "

လှမ်းလက်စ ခြေလှမ်းတွေကို ခြေစုံရပ်ချပစ်လိုက်ရတဲ့အထိ နှုတ်ခမ်းလေးဗိုင်းဟလျက် ... သူ့ဘက်ကို မြူ ... ချာခနဲလှည့်ပစ် သည်။

"မင်း ... ဘာဖြစ်လို့ တို့ ... နောက်ကို ... "

အဝေးနှင် ဂရုမစိုက်ပါ။

နှုတ်ခမ်းကလေးကို တွန့်ခနဲမဲ့ပစ်ကာ ...

"ဟွန်း ... လိုက်ခွင့်ရှိတယ်ထင်လို့လိုက်တာလေ၊ ပေးပါ ဒီပန်းစည်းလေး ... ကျွန်တော်ကိုင်ထားမယ်"

"ကြည့်စမ်း ... "

ပန်းစည်းကို လှမ်းယူလိုက်တဲ့လက်မှာ မြူလည်ပင်းကနေ ထောက်ခနဲနေအောင် အဝေးနှင်ခပ်ကြမ်းကြမ်းဆွဲဖြုတ်ယူသွားတဲ့ ဝက်ဝံရုပ်ကလေးပါတဲ့ ဗိုးကြိုးလေးက တင်းနေအောင်ပတ်စည်း ထားလျက်။ ဝက်ဝံရုပ်ကလေးက လက်မောင်းအောက်ခြေမှာ ထွေ လောင်းလေး။

"လူတွေနဲ့နော် အဝေးနှင် ... လူတွေကြားထဲမှာ မရဲ့ဝုဏ် သိက္ခာကျအောင်တော့ မင်း ... မလုပ်ပါနဲ့ ... "

လက်ထဲက ဟော်လန်ပန်းစည်းလေး သူ့လက်ထဲကို ဘယ် လိုရောက်သွားမှန်းမသိလိုက်ပါ။ သူက ... မြူ့တစ်ကိုယ်လုံးကို ခပ် လှောင်လှောင်အပြုံးကလေးနဲ့ စီးမိုးငုံ့ကြည့်ကာ ...

"ဘုရားပေါ်မှာ မမျှော်လင့်ဘဲ ... ခင်ဗျားကိုတွေ့လိုက်ရလို့ ကျွန်တော်ဝမ်းသာသွားတယ်သိလားဗျာ ... တကယ်ပါ၊ ဒါ ... မိုး နတ်မင်းကြီးက ကျွန်တော့်ကို ချီးမြှင့်ပေးလိုက်တာပဲနေမှာ"





"အပိုတွေ မပြောစမ်းနဲ့"

"ဟွန်း ... "

နှုတ်ခမ်းလေးမဲ့လိုက်တာလေးကပဲ သိပ်ကိုချစ်ဖို့ကောင်းနေ သလား။

ကြိုဟ်တိုင်မှာရေသပ္ပာယ်တော့လည်း အဝေးနှင်ပါသည်။ ခမ်းအိုးလေးထဲမှာ ဟော်လန်ပန်းတွေကို ထိုးစိုက်တော့လည်း အူ ထူတူလေးနဲ့အဝေးနှင် အနားမှာရပ်နေတာ မသိရင်ဘဲ စုံတွဲလေးလို သို ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးလာသူတချို့ကလည်း စူးစမ်းသ လိုနှင့် သူတို့နှစ်ယောက်ကို မျက်လုံးလေးတွေ ဝေ့ကာ ... ဝေ့ကာ လှမ်း ... လှမ်းကြည့်ကြသည်။

မြူကတော့ ဂရုမစိုက်ပါ။

တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ဟာ ဖေဖေကွယ်လွန်ခဲ့တာ ဆယ့် သုံးနှစ်တင်းတင်းပြည့်တဲ့နေ့။ ဖေဖေ့ကိုရည်စူးပြီး ဘုရားပေါ်က အလှူခံဌာနမှာ ငွေလှူသည်။ ဖေဖေ့ကို ရည်မှန်းလျက် ... မြူ အမျှဝေ ပုတီးစိပ်သည်။

အဝေးနှင်က ထွက်မသွားဘဲ မြူပုတီးစိပ်တော့ ဘေးနားမှာ တစ်ချိန်လုံးထိုင်စောင့်နေ၏။ မြူ ... မျက်နှာလေးကို ဘေးတိုက် အနေအထားလေးကနေ သူစိုက်ကြည့်နေတာ မြူကမသိ။

ပုတီးစိပ်ပြီးလို့ မြူလှည့်ကြည့်လိုက်တော့မှ ...

"အို ... မင်းမသွားသေးဘူးလား ... "

"ကျွန်တော် ... ခင်ဗျားကိုစောင့်နေတာ"

မြူထရပ်တော့ သူကပါ မြူနဲ့ပုခုံးချင်းယှဉ်ပြီး လိုက်ရပ် သည်။



www.burmeseclassic.com

www.burmeseclassic.com



မြူ့မျက်ဝန်းလေး ဝေ့ခနဲရောက်သွားတာ သူဘယ်ဘက် လက်မှတ်ပတ်ထားသည့် မြူ့ဖေဖေရဲ့အမှတ်တရ ဝက်ဝံရုပ်ပိုးကြိုး ကလေးကိုပါ။

ကြည့်ပါဦး ... သူပတ်ထားတာ တကယ့်ကို ပိုင်စိုးပိုင်နင်း

"ဘာလဲ ... ဒေါ်မြူနှင်းစေရာ ခင်ဗျားရဲ့ပိုးကြိုးလေးကို မြင် လိုချင်လို့ကြည့်နေတာလား၊ ကျွန်တော် အခုပတ်ထားတဲ့ ဘယ် ဘက်လက်ဆိုတာ နှလုံးသားနဲ့အနီးဆုံးဘက်အခြမ်းမှာရှိနေတာ လေ၊ ပိုးကြိုးလေးမှာပါတဲ့ ဝက်ဝံရုပ်ကလေးက အနက်ရောင်လေး ဆိုတော့ တော်တော်အသက်ပါတယ် ... သူ့ရဲ့နှစ်သက်တမ်းက လည်း အနည်းဆုံး အနှစ်သုံးလေးဆယ်ရှိမယ့်ပုံပဲ၊ ဘာလဲ ... ဒေါ်မြူ နှင်းစေရာ ဒီပိုးကြိုးလေးက ဆွေမျိုးအစဉ်အဆက် အမြတ်တနိုး ထိန်းသိမ်းလာတဲ့ ပိုးကြိုးလေးလား ..."

"ဒါကို ... မင်းသိပ်သိချင်သလား"

"သိချင်တာပေါ့ ..."

မြူနှာကျင်စွာ တစ်ချက်တော့ ပြုံးလိုက်သည်။

"ဒီဝက်ဝံရုပ်ပိုးကြိုးလေးဟာ အမုန်းစေတမာန်နတ်ဆိုးတွေ ရဲ့ ပြိုင်ဆိုင်ခြင်းသင်္ကေတတစ်ခုဆိုရင် မင်းလက်ခံနိုင်မလား အဝေး နှင် ..."

"ဘာပြောတယ် ..."

မျက်နှာလေးကို ချာခနဲ အဝေးနှင်လှည့်သည်။

"ဒီ ... ဒီ ဝက်ဝံရုပ်ပိုးကြိုးလေးဟာ အမုန်းစေတမာန်နတ် ဆိုးတွေရဲ့ ပြိုင်ဆိုင်ခြင်းသင်္ကေတတစ်ခု ... ဟုတ်လား ..."

ဘယ်ဘက်လက်ကလေးကို လေထဲမြှောက်ကြည့်က





အဝေးနှင် မျက်တောင်မခတ်နိုင်။

"အညိုရောင် ... ဒီစောင်းတန်းလေးမှာ မင်းခဏထိုင်နေခဲ့၊ လမ်းတစ်ပတ်လျှောက်ရင်း သူ့ကိုရှင်းပြလိုက်မယ် ..."

"ဟုတ် ... အမ်ဒီ ..."

အညိုရောင်ကို စောင်းတန်းမှာထားခဲ့ပြီး ဘုရားတစ်ပတ် ပတ်ကာ အဝေးနှင်ကို ရှင်းပြသည်။

"တကယ်တော့ ... ဒီဝက်ဝံရုပ်ပိုးကြိုးလေးဟာ မရဲ့အဖွားဆီ ကနေ မံရဲ့ဖေဖေရခဲ့တဲ့ပိုးကြိုးလေးပါ ... မဆယ်နှစ်သမီးအရွယ် မရောက်ခင်မှာ ဖေဖေ့ဆီကနေ မ,ရခဲ့တာ ... ပြောရရင် အမုန်းတွေ နဲ့ပြိုင်ခဲ့ကြတဲ့ ဘိုးဘွားအစဉ်အဆက်က ထိန်းသိမ်းလာခဲ့တဲ့ အထိမ်း အမှတ်ပစ္စည်းလေးတစ်ခုပါပဲ ..."

"ဘယ် ... ဘယ်လို ... ဘိုးဘွားအစဉ်အဆက် အမုန်းတွေနဲ့ ပြိုင်ခဲ့ကြတာ ..."

ဒါက အဝေးနှင် မကြားခဲ့ဘူးတဲ့ အကြောင်းအရာ အဖြစ် အပျက်တစ်ခုပါပဲ။ ဘိုးဘွားအစဉ်အဆက် အမုန်းတွေနဲ့ပြိုင်ခဲ့ကြတာ တဲ့။ ဘယ်လိုပြိုင်ခဲ့ကြတာလည်း၊ ဘာကြောင့်ပြိုင်ခဲ့ကြတာလဲ။

စိတ်ထဲက သိချင်လာ၏။

နှစ်ယောက်သား ဘုရားရင်ပြင်တော်ပေါ်မှာ တွဲလျှောက် လာတာလည်း ပုခုံးချင်းထိလုမတတ်ပါ။ ကိုယ်သင်းနံ့မွှေးမွှေးလေး က လေအဝှေ့မှာ အဝေးနှင်ကို ကြည်စယ်နေ၏။ လေတိုက်လိုက် တိုင်း ဖျတ်ခနဲ ... ဖျတ်ခနဲ ဘယ်ညာဝှေ့ဝဲသွားသည့် မြူ့ဆံပင်ရှည် တွေက အဝေးနှင်ရဲ့ပုခုံးစွန်းလေးကို လာထိတော့ မွှေးနံ့လေးက သင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … အဝေးနှင်၊ မင်းသိပ်သိချင်တယ်ဆိုလို့ ဒါကို မှကာ ရှင်းပြတာ၊ ဒီပိုးကြိုးလေးက အဘိုးအဘွားတွေလက်ထက် ကတည်းက သားမြေးအစဉ်အဆက် လက်ဆင့်ကမ်းပါလာခဲ့တဲ့ ပစ္စည်း … "

ပြောရင်း … အဝေးနှင် မျက်နှာကို မြူကလှည့်ကြည့်သည်။

"ဒါဆို … ဘယ်သူတွေ ပြိုင်ခဲ့ကြတာလဲ"

"နှလုံးသားထဲမှာ လောင်ခဲ့တဲ့မီးကြောင့် ချမ်းသာတဲ့ဆွေမျိုးစုကြီးနှစ်စု အကြီးအကျယ်ပြိုင်ခဲ့ကြတာ၊ ဒီဝက်ဝံရုပ်လေးပါတဲ့ ပိုးကြိုးလေးကိုမြင်တိုင်း၊ အတိတ်ကို သတိရနာကျည်းစိတ်တွေနဲ့ အဘိုးတွေရော အဘွားတွေပါ ပြိုင်ခဲ့ကြတယ် … စီးပွားချင်းပြိုင်တယ်၊ ပညာတတ်တာချင်းပြိုင်တယ်၊ အိမ်ထောင်ပြုကြတာချင်းပြိုင်တယ် … မင်းနားလည်အောင် အရှင်းဆုံးပြောရမယ်ဆိုရင် မိုးကုတ်သူအရမ်းချမ်းသာတဲ့ ဖွားမြတ်သခင်ရဲ့လက်ထက်က စခဲ့တာ၊ သူက သားထောက်သမီးခံမရှိလို့ တစ်နယ်စီကလာတဲ့ မိန်းကလေးတစ်ယောက်နဲ့ယောက်ျားလေးတစ်ယောက်ကို အမွေစားအမွေခံသားသမီးနှစ်ယောက်အဖြစ်နဲ့ အိမ်မှာမွေးစားခဲ့တာကနေ စခဲ့တာ၊ ဖွားမြတ်သခင်ဆိုတဲ့နာမည်ကိုရော မင်းကြားဖူးရဲ့လားအဝေးနှင်"

"အဲဒါ … ကျွန်တော် မသိဘူး … "

မြူ နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။

ဒါတွေကိုလည်း ဖေဖေအကောင်းပကတိရှိခဲ့စဉ်က ပြောသွားခဲ့လို့ မြူကသိထားခဲ့ရတာပါ။ အဝေးနှင်က ဒီစကားအရောက်မှာ ခပ်ထွေထွေပြုံးကာ …

"ဘာလဲ … ဒေါ်မြူနှင်းစေရာ၊ ခင်ဗျားပြောချင်တာ အဲလို ပြိုင်ခဲ့ကြတဲ့ မွေးစားသားသမီးနှစ်ယောက်တည်းမှာ တစ်ယောက်က ခင်ဗျားနဲ့သွေးသားတော်စပ်ခဲ့တာကို ပြောချင်တာလား"

"ဟွန်း … အဲဒါ သိပ်သေချာတာပေါ့ အဝေးနှင်"

"နေပါဦး … ကျွန်တော်မရှင်းလို့ ခင်ဗျားကို တစ်ခုလောက်တော့ မေးပါရစေဦး … ဒီဝက်ဝံရုပ်လေးပါတဲ့ ပိုးကြိုးလေးက ဒီဇာတ်လမ်းထဲမှာ ဘယ်လိုပါခဲ့တာလဲ … ဒီပိုးကြိုးလေးကိုမြင်တိုင်း အတိတ်ကိုသတိရပြီး … နာကျည်းလာခဲ့ကြတယ်ဆိုတော့ … "

"အဲဒါ … မင်းနားလည်အောင် မရှင်းပြမယ်လေ အဝေးနှင် ဒီဝက်ဝံရုပ်လေးပါတဲ့ ပိုးဆွဲကြိုးကလေးကို ဖွားမြတ်သခင်က မွေးစားသားနဲ့မွေးစားသမီးကို တစ်ယောက်တစ်ခုစီပေးခဲ့တာ၊ အဓိပ္ပာယ်က … တစ်နေ့နေ့မှာ အတူတူလက်ထပ်ရမယ်ဆိုတဲ့အဓိပ္ပာယ် သူတို့နှစ်ယောက်ဆီက ကတိကိုလည်းတောင်းတယ်၊ ဖွားမြတ်သခင်ရဲ့ရှေ့မှာတော့ ခေါင်းညိတ်ခဲ့ကြတာပေါ့၊ ကတိသစ္စာပြုတဲ့ အနေနဲ့ ဝက်ဝံရုပ်ပိုးကြိုးလေးကို အပြန်အလှန်လဲပြီး ဖွားမြတ်သခင် တိုက်တဲ့သစ္စာရေကို သူတို့နှစ်ယောက်သောက်ခဲ့ကြတယ် … "

"စိတ်ဝင်စားစရာပဲ … "

"မွေးစားသားဖြစ်တဲ့ ဦးသူရက မွေးစားသမီးဖြစ်တဲ့ ဒေါ်မွေ့ကေသာကို အရမ်းချစ်ပြီးတော့ အရမ်းလည်းအလိုလိုက်ခဲ့တယ်၊ ဒါပေမယ့် … မွေ့ကေသာက သစ္စာမရှိခဲ့ဘူး၊ ကတိမတည်ခဲ့ဘူး၊ ဒေါ်မြတ်သခင်က သားနဲ့သမီးကို ပေးစားဖို့စီစဉ်နေတဲ့အချိန်မှာ မွေ့ကေသာက ယောက်ျားတစ်ယောက်ကို လက်ထပ်ပြီး အိမ်ပေါ် ခေါ်တင်လာတော့တာလေ … အဲဒီမှာတင် ဦးသူရက မွေ့ကေသာကို အမုန်းကြီးမုန်းသွားခဲ့တယ်၊ သစ္စာရေအတူသောက်ခဲ့စဉ်က လဲခဲ့







www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ဝက်ဝံရုပ်ပိုးကြိုးလေးကိုမြင်တိုင်း အသည်းဆတ်ဆတ်ခါအောင် ဦးသူရနာသွားခဲ့တယ် ... သူကလည်း မွေ့ကောသာထက် အစစအရာရာသာတဲ့ မိန်းကလေးတစ်ယောက်ကို မခံချင်စိတ်နဲ့ ရအောင်လက်ထပ်ယူပြခဲ့တယ် ... သူတို့နှစ်ယောက်ရဲ့ ရင်ထဲက အညိုးတွေ၊ အမုန်းတွေ၊ မာန်တွေနဲ့ပြိုင်ခဲ့ကြတဲ့ ပြိုင်ပွဲကြီးတစ်ခုကို အဲဒီမှာ စခဲ့တာလေ ..."

"ဩော် ..."

အဝေးနှင်က ကိုယ်ကိုမလှည့်ဘဲ ခေါင်းကလေးငုံကာ မြူ မျက်ဝန်းတွေဆီကို လှမ်းကြည့်သည်။ ထိုအချိန်မှာ လေပြည်လေး တစ်ချက်ဝေ့တိုက်လိုက်တော့ မြူနားသယ်စပ်လေးနားက ဆံပင် မွှင်မွှင်လေးတွေ တဖျတ်ဖျတ်လေးခါသွား၏။

ပြောရင်းနဲ့ မြူ့ရင်ထဲမှာပင်လျှင် နာကျင်လာရပါသည်။

အတိတ်ရုပ်ဝန်းတစ်နေရာဆီကို မြူပြန်မသွားချင်ပါ။ ရင်နှင့် ခါးသည်းဖွယ်ရာ အတိတ်ကပုံရိပ်တွေကိုလည်း တတ်နိုင်သမျှ ပြည် ဖုံးကားချလျှက် မေ့ပျောက်ပစ်ချင်တာ ... မြူ့ရင်ထဲက ဆန္ဒအမှန် ပဲဖြစ်သည်။

သို့သော် ... ကိုယ်ရှိနေသမျှ ကိုယ့်အရိပ်ကရှိနေမှာ ကိုယ် ရပ်နေသမျှ ကိုယ့်အရိပ်ကရပ်နေမှာ၊ ကိုယ်ပြေးနေသမျှလည်း ကိုယ့် အရိပ်တွေက ပြေးနေဦးမှာလေ။

"ဟင် ... မ,ဆက်ပြောလေ၊ မပြောဘဲ ဘာတွေစဉ်းစားနေ တာလဲ"

သူ့ဆီက ခပ်ဆတ်ဆတ်အသံလေး ဖြတ်ဝင်လာတော့မှ မြူ့ အတိတ်တွေ ပစ္စုပ္ပန်ဆီကို ပြန်ရောက်လာသည်။





"ဟွန်း ... ဒီလိုပဲပေါ့ကွာ ... လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက အဖြစ်အပျက်တွေကို ကိုယ်သိထားရသလောက် ပြန်ပြောရတာဆို တော့လည်း ဝေ့ဝေ့ဝဲဝဲကလေးနဲ့ ကြေကြေကွဲကွဲလေးဖြစ်ရတာ လေးတွေပါနေလို့ မ,ခဏလေးငိုင်သွားတာပါ ..."

"နေ ... နေပါဦးမ၊ မ,က ဒီမျိုးစုနှစ်စု၊ တစ်ဖက်နဲ့တစ်ဖက် အသည်းအသန် ပြိုင်ခဲ့ဆိုင်ခဲ့ နာကြည်းခဲ့တာတွေကို စိတ်ရှည်လက် ရှည်လေးနဲ့ ရှင်းပြနေရလောက်အောင် ဒီအကြောင်းအရာတွေကို ကျွန်တော် သိထားသင့်တယ်ထင်လို့လား ... ကျွန်တော်နဲ့ရော ဆိုင် လို့လား"

"ဆိုင်တာပေါ့ ..."

"ဗျာ ... ကျွန်တော်နဲ့ဆိုင်တယ် ..."

အဝေးနှင်ရဲ့ မျက်တောင်လော်တွေ ကော့တက်သွားခဲ့ပြီ။

"အဝေးနှင်ရယ် ... မပြောနေတာတွေ မဆုံးခင်မှာ မင်း ဘာကိုမှ ကြိုပြီးမသိချင်နဲ့လေ၊ ဒါ ... သွေးသားမတော်စပ်တဲ့ မွေး စားသားနဲ့မွေးစားသမီးတို့နှစ်ယောက်ရဲ့ အညိုးတွေ၊ အမုန်းတွေနဲ့ ပြိုင်ခဲ့တဲ့ပြိုင်ပွဲဟာ အဘိုးအဘွားတွေလက်ထပ်က စခဲ့တယ်ဆိုတာ ပုံပြင်းတစ်ခုခြင်း အဓိပ္ပါယ်သဘောပေါက်အောင် မ,ရှင်းပြနေတာ"

မျက်တောင်တွေပြန်သိမ်းကာ နှုတ်ခမ်းမဲ့မဲ့လေးနှင့်ပြုံးရင်း အဝေးနှင် ငြိမ်သွားသည်။

"အဲဒီလို ဦးသူရကပါ မိန်းမတစ်ယောက်ကို အပြိုင်အဆွဲ့တိုက် ပြီး လက်ထပ်လိုက်တော့ ဖွားမြတ်သခင် တထီးတနန်းနေတဲ့ ခြံ ကျယ်ကြီးထဲမှာ အိမ်ထောင်စုနှစ်စု၊ မိသားစု နှစ်စုဖြစ်သွားခဲ့တယ်၊ အဲဒီမှာ ... ဖွားမြတ်သခင်က ကတိတစ်ခုတောင်းတယ်၊ မွေးစား



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့မွေးစားသား လက်မထပ်ဖြစ်ဘဲ အညိုးတွေ၊ အမုန်းတွေနဲ့ ပြိုင်နေတာကို အဆုံးသတ်သွားအောင် ဒီဘက်က သားလေးမွေးပြီး ဟိုဘက်က သမီးမိန်းကလေးမွေးခဲ့ရင် လက်ထပ်ပေးစားရမယ်ဆို တဲ့ကတိပဲ … အဲဒီကတိကိုရတော့မှ အမွေတွေ အညီအမျှခွဲပေးပြီး ဖွားမြတ်သခင်ဆုံးသွားခဲ့တယ်၊ ဖွားမြတ်သခင်ပြောတဲ့အတိုင်းပဲ တကယ်မွေးလာတော့ ဦးသူရ မိန်းကလေး … ဒေါ်မွှေ့ကေသာက ယောက်ျားလေး … ”

“ဟင် … ဒါဆို သူတို့နှစ်ယောက်ကို ပေးစားလိုက်တာပေါ့”

“ဝေးသေးတယ် … အဲဒီကလေးနှစ်ယောက်ကလည်း နှစ်ဖက်မိဘတွေရဲ့ ရန်ညိုးအရှိန်နဲ့ ကလေးဘဝငယ်ငယ်လေးကတည်းက တစ်ယောက်နဲ့တစ်ယောက် ကြည့်လို့မရအောင်မုန်းလာခဲ့တာ”

“ဟွန်း … ဝေ်တော်အညိုးကြီးကြတာပဲနော်”

“အဲဒီတုန်းက ဂျပန်တွေပြေးပြီး အင်္ဂလိပ်တွေ မြန်မာပြည်ထဲကို ပြန်ဝင်လာတဲ့အချိန်ပေါ့ … ဦးသူရက ဆန်စက်၊ ဆီစက်တွေ ပိုင်တဲ့စက်ပိုင်သူဋ္ဌေး၊ ဒေါ်မွှေ့ကေသာက ကျောက်မျက်ရတနာကုန်သည်၊ အဲဒီလိုနဲ့ နှစ်ဖက်ပြိုင်ကြတာ ဦးသူရက အင်္ဂလိပ်အလိုတော်ရိနဲ့ပေါင်းပြီး … လက်ထောက်ချလိုက်လို့ ဒေါ်မွှေ့ကေသာက စီးပွားရော ဘဝပါပျက်သွားတယ် … ဒါကို အခဲမကြေတဲ့ဒေါ်မွှေ့ကေသာက သူ့သားကိုမြှောက်ပေးပြီး၊ ဦးသူရဘဝပျက်အရှက်ရအောင် ဦးသူရသမီး တက္ကသိုလ်ကျောင်းသူကို အသည်းခွဲလက်စားချေခဲ့သလို ဦးသူရကိုလည်း အရက်စွဲဘိန်းစွဲအောင် ဒေါ်မွှေ့ကေသာက လူယုံတွေကတစ်ဆင့် တစ်ဖက်လှည့်နဲ့ ထောင်ချောက်ဆင် ဘဝဖျက်ခဲ့တယ် … စီးပွားကလည်း ဘုံလုံတစ်လှည့် ငါးဖျံတစ်လှည့်ဆို





သလိုပဲ … ဦးသူရဆင်းရဲသွားတဲ့အချိန်မှာ ဒေါ်မွှေ့ကေသာသားက ချမ်းသာတဲ့အထက်တန်းလွှာက လူကုံထံသမီးတစ်ယောက်ကို လက်ထပ်ယူပြီး ပြန်ချမ်းသာသွားခဲ့တယ် … ဦးသူရသမီးကလည်း ဒေါ်မွှေ့ကေသာသားကို အညိုးနဲ့ဆက်ပြိုင်ကြတယ်၊ သူက ဝတ်လုံတော်ရရှေ့နေကြီးတစ်ယောက်ကို လက်ထပ်ယူပြီး၊ သားတစ်ယောက်ပြန်မွေးခဲ့တယ်၊ ဟိုဘက်က ဒေါ်မွှေ့ကေသာ သားကလည်း ကံဆိုးချင်တော့ သမီးတစ်ယောက်ပြန်မွေးတယ်၊ ပြောရရင် ဦးသူရရဲ့မြေးနဲ့ ဒေါ်မွှေ့ကေသာရဲ့မြေးပေါ့၊ ဖြစ်ချင်တော့ အဲဒီမြေးနှစ်ယောက်အရွယ်ရောက်လာတဲ့အချိန်မှာ ဒေါ်မွှေ့ကေသာရဲ့မြေးက ဆင်းရဲချို့တဲ့တဲ့ဘဝနဲ့ မြေနီကုန်းညစ်ဈေးတန်းအပေါက်ဝလေးမှာ နှင်းဆီပန်းလေးတွေ အော်ရောင်းရတဲ့ဘဝနဲ့ … ”

“ဘာ … ဘာပြောတယ်မ … ”

အထိတ်တလန့်လေးဖြစ်သွားတဲ့ အဝေးနှင်းကိုကြည့်ကာ မြူဟက်ဟက်ပက်ပက်ကလေး ရယ်ချလိုက်မိပါသည်။ အဝေးနှင်းရယ် ဒီလောက်ဆို မင်း … သိသင့်နေပြီပဲ။

အဲဒါ … မင်းမာမီ ဒေါ်အရိပ်ညို မဟုတ်လို့ဘယ်သူဖြစ်ရမှာလဲ။

“ပြန် … ပြန်ပြောပါဦး … ဒေါ်မွှေ့ကေသာရဲ့ဆင်းရဲတဲ့မြေးမလေးက မြေနီကုန်းညစ်ဈေးတန်းအပေါက်ဝလေးမှာ နှင်းဆီပန်းလေးတွေ အော်ရောင်းခဲ့ရတယ် ဟုတ်လား … အဲဒါ … အဲဒါ … ကျွန်တော့်မာမီကိုပြောနေတာလား … အဲဒါ … ကျွန်တော်မာမီကို တမင်ရည်ရွယ်ပြီး မ,ပြောလိုက်တာလား … ကျွန်တော်မှတ်မိတယ်၊ အဲဒီတုန်းက အမုန်းတွေ၊ အညိုးတွေ၊ နာကြည်းချက်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မာမီ ဘဝလိုက်ဖျက်ခဲ့တဲ့ အန်ကယ်ကြီးတစ်ယောက် သူ ရောင်းတဲ့နှင်းဆီတွေကို တစ်နေ့တစ်ပွင့်ပေးပြီး … အန်ကယ်ကြီးကို ရူးသွပ်စွဲလမ်းနေအောင် မာမီလုပ်ခဲ့တာ၊ နောက်ဆုံးတစ်နေ့မှာ အဲဒီ အန်ကယ်ကြီး အတိတ်မေ့စိတ္တဇဝေဒနာသည်ကြီးဖြစ်ပြီး လမ်းပေါ် မှာ ကားတိုက်ခံရလို့ ဆုံးသွားခဲ့တာလေ … ”

“ဟွန်း … အဲဒါ … မသိပ်ချစ်တဲ့ ဖေဖေပဲ အဝေးနှင်”

“ဗျာ … အဲဒီအန်ကယ်ကြီးက မရဲ့ဖေဖေ … ”

“ဟုတ်တယ် … ”

“ဒါ … ဒါဆို၊ အဲဒီကိစ္စ၊ အဲဒီအညိုးကို မကျေနပ်လို့ အိပ်မက် စေတမာန်ကုမ္ပဏီရဲ့ မန်းနေဂျင်းဒါရိုက်တာမကြီး ဒေါ်မြှုနှင်းစေရာ က ကျွန်တော့်ကိုကိုကြီးအရိပ်ထင်ရဲ့ ရင်ဘတ်မှာ အနက်ရောင်နှင်း ဆီလေးတစ်ပွင့်ကို မရရအောင် ထိုးစိုက်ပြီး မာနခြင်းပြိုင် အသည်းခွဲ လက်စားချေခဲ့တာပေါ့ … ”

“အဲဒါလည်း … ဟုတ်တယ်လေ … ”

“ခင်ဗျား … ခင်ဗျားဗျာ … ခင်ဗျား တော်တော်ရက်စက် ပြီးတော့ အညိုးအတေးကြီးတဲ့ မိန်းမတစ်ယောက်ပဲဗျာ … ဟား”

ခေါင်းကလေးကို ဆတ်ခနဲမော့ကာ ဟားခနဲလေပူတွေ ခပ် ပြင်းပြင်းမှုတ်ချပစ်လိုက်တာ … အဝေးနှင်ပါပဲ။

မြှုကိုလည်း နာနာကြည်းကြည်းကြည့်ပြီး …

“ဒါဆို … ခင်ဗျားက ဦးသူရရဲ့မြစ်ပေါ့ … ကျွန်တော် … ကျွန်တော်က ဖွားမွေ့ကေသာရဲ့မြစ် … ဟား … ဟား … သိပ်လှ တယ်ဗျာ၊ ဘယ်လိုမှယုံနိုင်စရာမရှိတဲ့ ပုံပြင်လေးတစ်ပုဒ်ထဲမှာ ခင် ဗျားနဲ့ကျွန်တော် ပြန်လာဆုံနေရတာ၊ ရင်တွေတလှပ်လှပ်တုန်ပြီး





တစ်ကိုယ်လုံးအေးစက်သွားအောင် ကျွန်တော်ခံစားလိုက်ရတယ်၊ အညိုးတွေ၊ အမုန်းတွေ၊ နာကြည်းမှုတွေနဲ့ သားစဉ်မြေးဆက် မာန ခြင်းပြိုင်ပြီး လက်စားချေလာခဲ့တဲ့ဒီပွဲမှာ … ဘယ်သူက ကျိမ်စာ တိုက်ခဲ့လို့ ကျွန်တော်တို့ခံစားခဲ့ကြရတာလဲ … ”

“အဲဒါ … ဖွားမြတ်သခင် တိုက်ခဲ့တဲ့ကျိမ်စာလေ … ”

“ဘာ … ဘာပြောတယ်၊ ကျွန်တော်တို့အားလုံး ဒီလိုဖြစ် အောင် ဖွားမြတ်သခင်က ကျိမ်စာတိုက်ခဲ့တာ ဟုတ်လား … ကျွန် တော်မယုံဘူးဗျာ၊ အဲဒါ လုံးဝအဓိပ္ပာယ်မရှိဘူးဗျာ … ဟား … ဟား ”

—

အဝေးနှင် ရယ်ချလိုက်ကာ အရူးလေးတစ်ယောက်လိုပါပဲ။

“မင်း … မင်းမရယ်နဲ့လေ အဝေးနှင် … ဖွားမြတ်သခင်က မြေးစားသမီးနဲ့မွေးစားသားကို သစ္စာရေတိုက်ပြီး ကတိတောင်းခဲ့ တုန်းက ဟိုဘက်နဲ့ဒီဘက် သားတစ်ယောက်၊ သမီးတစ်ယောက် မွေးလာပြီဆိုတာနဲ့ လက်ထပ်ပေးစားဖို့ ကတိတောင်းခဲ့တာလေ၊ အခု … အဲဒီကတိကိုမတည်ဘဲ သစ္စာဖောက်ခဲ့ကြတော့ ဖွားမြတ် သခင်ရဲ့ကျိမ်စာ စူးခဲ့ကြတော့တာပေါ့၊ မ့ကတော့ ဒီလိုပဲထင်တယ်၊ မင်း … စဉ်းစားကြည့်လေ၊ ဖွားမြတ်သခင်တိုက်ခဲ့တဲ့ကျိမ်စာက”

“ဟာ … ဖွားမြတ်သခင်က ဘယ်လိုကျိမ်စာတိုက်ခဲ့တာလဲ”

“ကတိသစ္စာ ဖောက်ဖျက်ပါက … ”

“ရှင်ကွဲမကွဲ … သေကွဲ့ကွဲကြပါစေ … ”

“သားစဉ်မြေးဆက် ဒုက္ခရောက်ကြပါစေ … ”

“မျိုးဆက်နှစ်ခုစလုံး အမုန်းကြီးမုန်းကြပါစေ … ”

“ဘုရား … ဘုရား … ”



www.burmeseclassic.com

www.burmeseclassic.com



အဝေးနှင် … အသက်မရှူနိုင်တော့ပါပြီ။

ဒါတွေဟာ တကယ်ပဲ … သစ္စာရှူးခဲ့တာလား။

တကယ်ပဲ … ကျိမ်စာအတိုက်ခံခဲ့ရတာလားဗျာ။

“မ,ကလည်း မယုံပါဘူး … ဒါပေမယ့် … ဦးသူရနဲ့ ဒေါ်မွေ့ကေသာတို့ရဲ့ မွေးစားသမီးနဲ့ မွေးစားသားဘက်က ပေါက်ဖွားရှင်သန်လာခဲ့တဲ့ သားစဉ်မြေးဆက် နှစ်ဖက်စလုံးမှာ အက်ကြောင်းနက်နက်တွေနဲ့ အမုန်းမြားတွေ စိုက်ဝင်ခဲ့ကြတယ်၊ မပြေတဲ့အညှိုးတွေနဲ့ မာနအတ္တမိုးတွေ ရှာဖြိုးခဲ့ကြတယ် … အခုပဲကြည့်လေ အဲဒီအတ္တတွေ၊ အဲဒီမာနတွေ၊ အဲဒီအညှိုးတွေကြောင့် မြေးမြစ်အဆင့်ကိုရောက်လာခဲ့တာတောင် ဖွားမြတ်သခင်ရဲ့ကျိမ်စာက မပြယ်နိုင်ခဲ့ဘူး။ အခုလည်း … အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ မကိုလက်စားချေဖို့ မင်းလိုက်ခဲ့ရတဲ့ဘဝကို ရောက်ခဲ့ရပြန်ပြီ … ပြောရမယ်ဆိုရင် ဒီပြိုင်ပွဲကြီးကို မအဆုံးသတ်ချင်ပါပြီ … ပြောပါ အဝေးနှင်အဲဒီအတွက် ဒီကျိမ်စာတွေပြီးဆုံးပျက်ပြယ်သွားဖို့ မ,ဘာလုပ်ပေးရမလဲ … ”

“ခင်ဗျား … ကျွန်တော့်ကို လက်ထပ်လိုက်ပေါ့ … ”

“ဘာ … ဘာပြောတယ် … ”

မြူခြေလှမ်းတွေ တုန့်ခနဲရပ်သွားသလို အဝေးနှင်မျက်နှာကို ရှာခနဲ … လှည့်ကြည့်လိုက်မိတာက အေးစက်သော မျက်ဝန်းများဖြင့်သာ။

“ဟား … ဟား … အဲဒါမှ ဖွားမြတ်သခင်ရဲ့ အလိုဆန္ဒတွေပြည့်ပြီး ကျိမ်စာတွေ ပြယ်သွားတော့မှာပေါ့ဗျ၊ ဒါ … မကောင်းဘူးလား၊ ဖွားမွေ့ကေသာဘက်က ဆင်းသက်ပေါက်ဖွားလာတဲ့မြစ်





တစ်ယောက်အနေနဲ့ ကျွန်တော်တောင်းဆိုပါတယ် … ဒေါ်မြူနှင်းစေရာ … ”

“ဟွန်း … ”

နှုတ်ခမ်းလေးကိုတွန့်ပြီး … မြူပြုံးလိုက်မိတာလည်း နာနာကျင်ကျင်ကလေး။

“မင်း … မင်းအပြောမကောင်းနဲ့လေ အဝေးနှင်၊ မဖြစ်နိုင်တာကိုလည်း မင်းဘယ်တော့မှ စိတ်ကူးမယဉ်နဲ့ … မာနတွေနဲ့ပြိုင်ဖို့ စိမ်ခေါ်လာတဲ့ယောကျ်ားတစ်ယောက်ရဲ့ရှေ့မှာ ဒူးထောက်အညံ့ခံလိုက်ရတဲ့အလုပ်မျိုးကို မဘယ်တော့မှ မလုပ်နိုင်ဘူး … နောက်ဆုံးအနေနဲ့ မင်းကို မ,တောင်းပန်ပါတယ် … ဒုတိယအကြိမ်မြောက်အဖြစ်နဲ့ပါ အကောင်းဆုံးက ဒီပြိုင်ပွဲကိုရပ်ပြီး မ,နဲ့အဝေးဆုံးကို မင်းမြန်ထွက်သွားလိုက်ပါ … ”

“ဗျာ … ခင်ဗျားနဲ့အဝေးဆုံးကို ကျွန်တော်က ထွက်သွားရမယ် … ဟုတ်လား၊ ခင်ဗျား … ခင်ဗျား ကျွန်တော့်ကို ကြောက်နေပြီလား … ”

“မ,မင်းနဲ့ ဆက်မပြိုင်ချင်တော့လို့ပါ … ”

မျက်နှာလေးကို တင်းတင်းလေးမော့ကာ လျှောက်လက်စခြေလှမ်းတွေကိုလည်း မြူရပ်ပစ်လိုက်ပါသည်။ ဘုရားကိုပတ်တာလည်း တစ်ပတ်ပြည့်ခဲ့ပြီမို့ … မြူ့ကိုမြင်တာနဲ့ အညိုရောင်ကလည်း မြူတို့နှစ်ယောက်ဘက်ကို လျှောက်လာသည်။

“ဒီမှာ … ဒေါ်မြူနှင်းစေရာ … ”

“ဟင် … ဘာလဲ အဝေးနှင် … ပြောလေ … ”

“ဒီတစ်လမ်းမှာ အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကိုကိုကြီးအရိပ်ထင်ကို အသေသတ်ခဲ့တာ ခင်ဗျား ...”

“မင်း ... မှားနေပြီအဝေးနှင် ... ဒီဓာတ်လမ်းကိုစခဲ့တာ မင်းကိုကိုကြီးက စခဲ့တာ ... အဖြူရောင်ဆိုတဲ့ မ,ကုမ္ပဏီက အတွင်း ရေးမှူးမလေးကို အသည်းခွဲအနိုင်ယူဖို့ ကြိုးစားခဲ့တဲ့မင်းကိုကိုကြီး ကြောင့် မခံချင်စိတ်တွေနှင့် မဝင်ပါလာခဲ့ရတာ၊ နောက်ဆုံးတစ်ရေ ကိုရောက်မှ မင်းကိုကိုကြီးအရိပ်ထင်ကို ဒေါ်အရိပ်ညို့ရဲ့ မျိုးဆက် သွေးတစ်ယောက်ဆိုတာ သိလိုက်ရလို့ ... မရဲ့နာကြည်းချက်တွေ ပြင်းထန်သွားရတာပါ၊ တကယ်တော့ ... မင်းကိုကိုကြီးသေဆုံးခဲ့ ရတာဟာ မကြောင့်မဟုတ်ဘူး ... မကောင်းတဲ့ မူးယစ်ဆေးတွေ အလွန်အကျွံသုံးစွဲခဲ့လို့ နှလုံးသွေးရပ်သွားခဲ့တာ ...”

“ဗျာ ...”

“မပြောတာကို မင်းမယုံလည်း မဘာမှမတတ်နိုင်ဘူး၊ အဲ မှ မင်းမကျေနပ်လို့ ပြိုင်ချင်သေးတယ်ဆိုရင် ... ရော့ ... ဒီ ဖိတ်စာ ... ဒါ ... မရဲ့ အသက်နှစ်ဆယ့်ခြောက်နှစ်ပြည့် မွေး ညစာစားပွဲကျင်းပမယ့် မြက်ခင်းပြင်ကြီးထဲကို မင်းသတ္တိရှိရင်နဲ့တ နိုင်အောင်လို့ မတစ်ခါတည်း ဖိတ်လိုက်တာ ...”

စလင်းဘတ်အိတ်လေးထဲက ဆွဲထုတ်လိုက်တဲ့ လှပတဲ့မြ မွေးနေ့ဖိတ်စာလေး။

“ဟာ ... မိုက်တယ်ဗျာ ... ရှယ်ပဲ ...”

ဖိတ်စာလေးကို ဖွင့်ကြည့်ပြီး အဝေးနှင်သဘောကျသွား သည်။

“မင်းသတ္တိရှိရင် အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင် ခပ်မိုက်မိုက်စိမ်ခေါ်ခွင့်ရှိတယ်ဆိုတဲ့ မက်ဆေ့တစ်ခုကို မင်းသိအောင်





ပေးလိုက်တာ ... လူမသိသူမသိနောက်က တကောက်ကောက် လျှောက်လိုက်ပြီး အသည်းခွဲလက်စားချေဖို့ ကြိုးစားနေတာ၊ ဟို ဘက်ခေတ်နောက်မှာ အဝေးကြီးပြတ်ကျန်ခဲ့ပြီ ... မင်းက ... ယောကျ်ားလေးပဲအဝေးနှင် ... ဒီမွေးနေ့ပွဲကိုတက်လာမယ့် ဂုဏ် သရေရှိ ဧည့်ပရိသတ်တွေအများကြီးရှေ့မှာ မင်းနဲ့မ မျက်နှာချင်းဆိုင် ဂုဏ်သိက္ခာရှိရှိပြန်ဆုံတွေ့ချင်တယ် ... ဟုတ်ပြီလား၊ မက မြူနှင်း စေရာပါ ... ကဲ မသွားတော့မယ် ...”

“ဟွန်း ... ကောင်းပါပြီ ဒေါ်မြူနှင်းစေရာ၊ ကျွန်တော်က သည်း အဝေးနှင်ပါ ... ဒီလိုစိမ်ခေါ်တာကို လုံးဝသဘောတူတယ်၊ ဒီမွေးနေ့ပွဲမှာ အဝေးနှင် ဘာလုပ်မလည်းဆိုတာ ခင်ဗျားရင်တ သိတ်ထိတ်နဲ့ စောင့်ကြည့်လိုက် ...”

ဒါပဲပြောပြီး အဝေးနှင် ... ချာခနဲ လှည့်ထွက်ခဲ့ပါပြီ။

မွေးနေ့ပွဲကြီးတဲ့လား ... ဒေါ်မြူနှင်းစေရာရယ် ...

ဒီပွဲမှာ မျက်နှာချင်းဆိုင် ဂုဏ်သိက္ခာရှိရှိ ပြန်ဆုံတွေ့ချင်တယ် ဆိုပါလား။

သိပ်ကြိုက်တယ်ဗျာ ...

ကိုကိုကြီးရဲ့မွေးနေ့ပွဲကြီးတုန်းကလည်း ... ခင်ဗျားတစ် ယောက်တည်း အနက်ရောင်နှင်းဆီပွင့်လေးတစ်ပွင့်နဲ့ ခပ်မိုက်မိုက် ဘတ်လာတာလေ။

ဒီလိုပွဲမျိုးမှာမှ ...

စိမ်မခေါ်ရင် ... ဘယ်ပွဲမှာ အဝေးနှင်စိမ်ခေါ်ရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

နှဖူးပြင်တင်းတင်းပေါ်က ဆံပင်ရှည်လေးတွေကို နောက် ပြန်လေးလှန်ကာ စိန်ဆံထိုးကလေးဖြင့် စုသိမ်းထားသည်။ အပေါ် က ဆံထုံးလှလှလေးပေါ်မှာလည်း အညိုရောင်ဇကာကွက်ပါး မျှင်မျှင်လေးကို အုပ်ထားလိုက်တော့ ဆံထုံးကလေးနှင့်ဆံပင်လေး တွေက သေသေသပ်သပ်ကလေးနှင့် ချုပ်ချုပ်ရပ်ရပ်ကလေး ဖြစ် သွား၏။

ဆံထုံးလှလှလေးပေါ်မှာလည်း စိန်စီသောဆံထိုးလေးတွေ

စိန်နှစီသော လိပ်ပြာပုံညှပ်ကလစ်ဆန်းဆန်းလေးတွေ အနီ အရိုကလေးညှပ်ကာ ထပ်တင်ထားလိုက်တော့ ခေါင်းကလေးကို လှုပ်ခါလိုက်လေတိုင်း ပြိုးပြိုးပျက်ပျက် လက်သွားရသောစိန်တွေဆီ က လင်းဖြာလာသောအရောင်တွေက ဖျတ်ဖျတ်ခါခါလေး ဖြာ ... ဖြာထွက်နေခဲ့သည်။

ဝင်းနှစ်ကျော့ရှင်းသော လည်တိုင်ကလေးဆီမှာတော့ ...

ဟက်ပီးဘတ်ဒေးဆိုသည့် အင်္ဂလိပ်စာလုံးလေးတွေကို စိန်





အလုံးသေးသေးလေးတွေနှင့် အတန်းလိုက်လေးစီကာ စာလုံးကို အစ်ကွက်ဖော်ထားပြီး လည်တိုင်ဝင်းဝင်းနှစ့်နှစ်လေးမှာ ပတ်ခွဲ ထားလိုက်တော့ တည်တင်းသော မျက်နှာထားကလေးနှင့် လိုက် ဖက်သွားခဲ့ကာ ရွှေရောင်ပါးပါးကလေးပြေးနေသော မျက်နှာက လေးက ပိုပြီးတော့ စွဲမက်ရင်ခုန်ဖို့ ကောင်းသွားခဲ့၏။

ကိုယ်မှာဝတ်ထားတာလေးကလည်း ...

ဘယ်ဂျီယံနိုင်ငံထုတ် အကောင်းစားအဖြူရောင် ဇာအိအိ လေးကို မြန်မာဆန်ဆန် လက်ရှည်ဝမ်းဆက်ကလေး ချုပ်ဝတ်ထား သဖြင့် ကိုယ်လုံးလေးကပါ တင်းကြွဖူးစင်ကာ စိန်စီသော Chale လိုင်းဒေါက်မြင့်မြင့်လေးကို စီးလိုက်လေတော့မှ ဝင့်သွားရသည့် ကိုယ်ဟန်အနေအထားလေးက နဂိုရှိတာထက် ပိုမြင့်သွားရပြီး ခပ်တလေးကပါ ပိုစွင့်သွားရသည်။

တကယ်တော့ ... ဒီစတိုင်လေးဟာ ရန်ကုန်မြို့ရဲ့အကောင်း ဆုံး ဟိုတယ်ကြီးတစ်ခုရဲ့ရှေ့ ... မြက်ခင်းပြင်ကြီးမှာ ကျင်းပသည့် လက်စေတမာန်ကုမ္ပဏီကြီးရဲ့ မန်းနေဂျင်းဒါရိုက်တာ ဒေါ်မြူ ခင်စေရာရဲ့ လှပစွဲမက်ဖွယ်ရာ ပွဲတက်စတိုင်လေးသာ ဖြစ်ပါသည်။

ဒါကိုကြည့်၍ အညိုရောင်က ...

"ဟား ... MDရယ်၊ ဒီနေ့ MDပုံစံလေးက အရမ်းကျက်သ ရေရှိနေလို့ အညိုရောင်ပြောနေတာ၊ ဒီနေ့ MD အရမ်းလှတယ်၊ ဒီနေ့ပွဲကျင်းပမယ့် မြက်ခင်းပြင်ကြီးရဲ့ အဝင်ဝမှာလည်း MD ကြိုက် နှင်းဆီတစ်ပွင့်မှမပါဘဲ အခမ်းနားဆုံး ပန်းမှဒ်ဦးကြီးတစ် ခု အဆင်သင့်ဖြစ်နေပြီ၊ မြက်ခင်းပြင်ကြီးထဲမှာ ပြင်ဆင်ထားတာ တွေအားလုံးကလည်းရှယ်ပဲ ... MDရာ ... ပန်းခြင်းကြီးတွေကို

www.burmeseclassic.com



အလည်လျှောက်လမ်းဆုံးတဲ့အထိ အတန်းလိုက်ကို စီပြီးတော့ ထားတာ၊ ဟိုရောက်တာနဲ့ MD စိတ်တွေလှုပ်ရှားပြီး အရမ်းသဘော ကျသွားမယ်”

“အဲဒါက အရေးမကြီးဘူးလေ … အညိုရောင်”

“ဟင် … ဘယ်ဟာက အရေးကြီးလို့လဲ … ”

“အဝေး … အဝေးနှင်လေ … ”

“ရှင် … MD”

“အဝေးနှင် … ဘယ်လိုပုံစံမျိုးနဲ့ ဒီအခမ်းအနားကို တက် လာမလည်းဆိုတာကိုတွေးပြီး … မစိတ်တွေ လှုပ်ရှားနေတာ”

“အမလေး MDရယ် … အဝေးနှင်လောက်ကိုတွေးပြီး MD စိတ်ပူမနေနဲ့ … သူဒီအခမ်းအနားကြီးကိုလာရဲမှာ မဟုတ်ဘူး အညိုရောင်ကတော့ထင်တယ်၊ သူတောင် … MDရှေ့မြင်ကွင်းက နေ အဝေးနှင်ပျောက်သွားတာ … ဘယ်နှစ်ရက်ရှိနေပြီလဲ၊ MD ပြောတော့ ဖုန်းမဆက်တာလည်း ကြာပြီဆို … ”

“အဲဒါ … ထူးဆန်းနေလို့၊ မ,သံသယဝင်နေတာပေါ့ကွ”

“ကဲပါ MDရယ်၊ ဖြစ်လာမှာတွေကို ကြိုတွေးပြီး စိတ်လှုပ် ရှားမနေပါနဲ့တော့ … အခမ်းအနားတက်ဖို့ အချိန်လည်းရောက်နေ ပြီ၊ သွားကြတာအကောင်းဆုံးပဲ … ”

“ဘာပဲပြောပြော ဒီပွဲမှာ မ,သတိအရဆုံးက မရဲ့ဖေဖေပါ ဖေဖေဟာ သူရောက်လေရာ တမလွန်ဘုံဘဝကနေ နောက်ဆုံးမျိုး ဆက်နှစ်စုရဲ့ အညိုးအမုန်းတွေ၊ မာနတွေနဲ့ပြိုင်ကြမယ့်ပွဲကို အသည်း အသန်စိတ်လှုပ်ရှားပြီး စောင့်ကြည့်ချင်လည်း ကြည့်နေမှာနော် အညိုရောင် … ”





“ဟုတ်တယ်နော် … MD၊ MDနဲ့အဝေးနှင်က နောက်ဆုံး ရင်ဆိုင်ရမယ့် မျိုးဆက်နှစ်ဆက်ပဲ … ”

“တကယ်တော့ … မ,အရမ်းမုန်းခဲ့တာ အဝေးနှင်ရဲ့မာမီ ဒေါ်အရိပ်ညိုပါ၊ ဖေဖေ့ကိုသတိရတိုင်း ဒေါ်အရိပ်ညိုကို မတအား မုန်းတယ် … ဖေဖေ့ကို နှင်းဆီတွေနဲ့ပြိုင်ပြီး ဘဝပျက်အောင် အလဲ ထိုးအနိုင်ယူသွားတာ၊ မဘယ်လိုမေ့ပစ်လိုက်ရမလဲ အညိုရောင်၊ အဝေးနှင်ကိုလည်း … မ,အနိုင်မယူရက်ဘူး၊ ဒါပေမယ့် … အဝေး အဝေးနှင်က … မ,ကို … ”

“ဟင် … ”

မမျှော်လင့်ဘဲ ဝေ့ခနဲဝဲတက်လာသည့် မျက်ရည်စက်လေး တစ်စက်ကို အညိုရောင်မြင်သွားတော့ မျက်နှာလေးကပျက်သွား သည်။ အဝေးနှင်နှင့်ပတ်သက်နေသည့် ခံစားချက်ကလေးကိုတော့ အညိုရောင်သိပါလိမ့်မည်။ အပြစ်မရှိသူမို့ မြူ … အနိုင်မယူရက်တာ ပါ။

“ကဲပါ … MDရယ်၊ ဒါတွေ … တွေးမနေပါနဲ့တော့၊ မွေးနေ့ ပွဲသွားဖို့ အချိန်တောင် နောက်ကျနေပြီ … ”

မွေးနေ့ပွဲကျင်းပမည့် မြက်ခင်းပြင်ကြီးရဲ့ ဝင်ပေါက်မုဒ်ဦးနား မှာ ကားကလေးထိုးရပ်လိုက်တော့ ကြိုဆိုနှုတ်ဆက်ဖို့ ကားအနား ကို ဝိုင်းအုံလာသူတွေက အများကြီး။ ကုမ္ပဏီဝန်ထမ်းတွေအားလုံး ကလည်း မြန်မာဆန်ဆန် တူညီဝတ်စုံကလေးတွေနဲ့။

“MD ရောက်လာပြီ … ”

“HAPPY BIRTH DAY MD”

“ဟေး … ဟေး … ”



www.burmeseclassic.com

www.burmeseclassic.com



မြူလိုက်ပါလာသည့် အဖြူရောင်အိစက်တောက်ပြောင်နေသော ကားကလေးပေါ်က မြူဆင်းလိုက်သည်နှင့် ... ဗိုင်းအော် နှုတ်ဆက်လိုက်သည့်အသံတွေက ချက်ခြင်းညံသွားသည်။

ကုမ္ပဏီဒါရိုက်တာအဖွဲ့တွေကတော့ မြူလျှောက်လှမ်းလာမည့် လမ်းတစ်လျှောက်မှာ အပြုံးကလေးတွေကိုယ်စီနဲ့ စီတန်းရပ်လို့ပါ။

"ကြည့်စမ်း ..."

"ဒေါ်မြူနှင်းစေရာ အရမ်းလှတယ် ..."

"အား ... အရမ်းမိုက်တယ် ..."

"HAPPY BIRTH DAY ပါ MD ..."

"ဟင်း ... ဟင်း ..."

မြက်ခင်းပြင်ကြီးတစ်ခုလုံးရဲ့ ဘေးပတ်ပတ်လည်မှာရော အလည်လျှောက်လှမ်းဘေးဝဲယာ နှစ်ဖက်စလုံးမှာပါ လူတစ်ရပ်စာ နီးပါးအမြင့်ရှိသည့် ရောင်စုံပန်းခြင်းကြီးတွေကို အတန်းလိုက်စီကာ ချထားလေတော့ မြက်ခင်းပြင်ကြီးတစ်ခုလုံးကို ရောင်စုံပန်းတွေနဲ့ အပြည့်ဖုံးထားလိုက်သလို ...။

ပြီးတော့ ... ပတ္တမြားရောင် စားပွဲခင်းတစ်ခုစီပေါ်မှာလည်း သစ်ခွခြင်း အဖြူရောင်လေးတွေကို စားပွဲအားလုံးမှာ အလှဆုံးလေး ဖြစ်အောင် စီကာတင်ထားလိုက်လေတော့ မြက်ခင်းပြင်ကြီးမှာ ပိုပြီးတော့ ခမ်းနားသွားရသည်။

ထိုမြက်ခင်းပြင်ကြီးရဲ့အဆုံး ထိပ်ဖက်မှာတော့ မြူးကြွသည့် ခေတ်ပေါ်သံစုံတီးဝိုင်းစင်မြင့်ကြီးတစ်ခုက မီးရောင်စုံတွေဖြာကျနေကာ ညွှန့်ခံတီးခတ်နေသည့် တီးလုံးသံစဉ်တွေက ငြိမ့်ညောင်းစွာ





ထွက်ပေါ်လာလျှက်။

"ဒေါ်မြူနှင်းစေရာ ... အောင်မြင်ပါစေ ..."

"ဒေါ်မြူနှင်းစေရာ ... ပျော်ရွှင်ပါစေ ..."

ပန်းရောင်စုံတွေ ဖုံးနေသည့် အလည်လျှောက်လမ်းမဘက်ကို သူမလျှောက်လာခဲ့ချိန်မှာတော့ ... ကြိုတင်ရောက်နှင့်နေသည့် ဧည့်ပရိသတ်များဆီမှ ပျော်ရွှင်စွာ အော်ဟစ်ဆုတောင်းပေးလိုက်သည့် အသံတွေက မြက်ခင်းပြင်ကြီးထဲမှာ ဆူညံစွာပေါ်ထွက်လာသည်။

"HAPPY BIRTH DAY ... ဒေါ်မြူနှင်းစေရာ ..."

"ဟေး ... ဟေး ..."

"ပွဲစလေးက အရမ်းကျက်သရေရှိတယ် ..."

"မိုက်တယ်ကွာ ... တကယ်ပဲ ... တကယ်ပဲ ... ဟင်းဟင်း"

မြူနံဘေးမှာ အတူယှဉ်တွဲလျှောက်လာသည့် အညိုရောင်ကလည်း ... မြူ့လိုပင် မြန်မာဆန်ဆန် ဝမ်းဆက်လက်ရှည်လေးကို တွဲကာဝတ်ထားလျှက်။

"အညိုရောင်နော် ... အဝေးနှင် ရောက်နေပြီလားဆိုတာ ကြည့်ဦး ..."

"အမလေး ... MD ရယ် ... အဝေးနှင်လား ... ဒီလိုပွဲကြီးကို လာရဲမှာ ..."

စားပွဲဝိုင်းတွေဆီကို မသိမသာလေး မျက်လုံးလေးဝေ့ကြည့်ရတာလည်း အညိုရောင့်မှာ မောလို့ပေါ့။ ဒါကလည်း ... အဝေးနှင် ဆိုတဲ့ ဟိုကျေးစူးရှင်လေး အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ပြသနာလာရှာမှာကို အညိုရောင်စိုးရိမ်နေလို့ပါ ... ဟူး ... တော်ပါသေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ခုချိန်ထိတော့ အဝေးနှင်ကို အရိပ်ကလေးတောင် အညိုရောင် မမြင်သေး။

အခမ်းအနားစ,ဖွင့်တော့လည်း ... စင်မြင့်ပေါ်တက်ပြီး မြူကပဲ ကြွရောက်လာသည့် ဂုဏ်သရေရှိဧည့်ပရိသတ်တွေကို မွေးနေ့ဧည့်ခံပွဲ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောရသည်။

ထိုအချိန်မှာလည်း အဝေးနှင် ရောက်မလာခဲ့ပါ။

ဧည့်ပရိသတ်တွေကို စားပွဲဝိုင်းတစ်ခုခြင်းစီ လိုက်နှုတ်ဆက်တော့လည်း သည်လူအုပ်တွေထဲမှာ အဝေးနှင်မပါ ...

"အဟင်း ... အားလုံးအေးဆေးပဲနော် အမ်ဒီ"

အမ်ဒီအတွက် အထူးပြင်ဆင်ထားသည့် ထိပ်ဆုံးတန်းက စားပွဲဝိုင်းကလေးမှာထိုင်တော့ စိတ်လက်ပေါ့ပါးစွာ အညိုရောင်က ပြောမိသည်။

"ထိုင် ... အမ်ဒီ၊ ဒီခုံလေးမှာထိုင် ... ဟာ ..."

စားပွဲဝိုင်းကလေးထက်က အဖြူရောင်သစ်ခွခြင်းကလေးထဲမှာ ထင်းခနဲနေအောင်မြင်လိုက်ရတာက ဖဲကြိုးနီလေးနှစ်စတွဲလောင်းကျနေသည့် အနက်ရောင်နှင်းဆီလေး။

"အို ... ကြည့်စမ်း ..."

မြူကိုယ်တိုင်လည်း ထိုနှင်းဆီလေးကို တွေ့သွားခဲ့ပြီ။

မျက်ဝန်းကလေးတွေပါ ဝိုင်းစက်သွားသည်။

"ဒါ ... ဒါ ... မဟုတ်မှလွဲရော၊ ဒီမွေးနေ့ညစာစားပွဲမြက်ခင်းပြင်ကြီးထဲကို အဝေးနှင်ရောက်လာလို့ပဲဖြစ်ရမယ် ... ဟုတ်တယ် အမ်ဒီ ... ဒီအထဲကို အဝေးနှင်ဝင်လာတာ သေချာနေပြီ၊ ကြည့်ပါဦး အမ်ဒီထိုင်မယ့် စားပွဲဝိုင်းကိုမှ ဒီနှင်းဆီလေးကိုလာထားသွားရတယ်





လို့ ... ရှုတ်တယ် ... ဆွဲယူပြီးတော့ကို လွှင့်ပစ်လိုက်ဦးမယ်"

"ဟာ ... မလုပ်နဲ့ အညိုရောင် ... ရတယ်၊ မ,ဘာမှမဖြစ်ဘူး"

မျက်ဝန်းကလေးတွေဝေ့ကာ ပတ်ဝန်းကျင်ကိုလည်း မြူကြည့်မိသည်။

အညိုရောင်ကတော့ နှုတ်ခမ်းလေးစူနေ၏။

ထိုအချိန်မှာပဲ ... သံစုံတီးဝိုင်းလေးဆီမှ ပေါ်ထွက်လာသည့် သီချင်းသံလေးက ...

မင်း××ရနံ့တွေ ဖိတ်ခေါ်နေ××

ငါ့ရင်ထဲ မူးယစ်ဝေခဲ့××ဆူးခက်တွေ××

အို××ဝိုင်းရံပိတ်တားဆီးနေလဲ××လှမ်းခဲ့မယ်××

အို××မင်းဘယ်မှာပုန်းကွယ်နေလဲ××မင်းရှိရာ××လိုက်လို့ရှာဝက်ဘာထဲက××ပန်းလေးရယ်××ငါ××မင်းရဲ့အကျဉ်းသားပါကွယ်××

"ဘုရားရေ ... ဒါ ... ဒါ လေးဖြူဆိုခဲ့တဲ့ သီချင်းလေးပဲနော် အညိုရောင် ... အခု ဒီသီချင်းကို စင်ပေါ်ကနေ ဘယ်သူဆိုနေတာလဲ ... ဒီသီချင်းကိုမှရွေးပြီး ဘာဖြစ်လို့ ..."

သီချင်းသံလေးကြောင့် မြူထိတ်ထိတ်ပြာပြာလေးဖြစ်ကာ စတိတ်စင်လေးပေါ်ကို နှစ်ယောက်သားပြိုင်တူလေး မော့ကြည့်လိုက်မိတော့ ...

အို ... ကြည့်စမ်း ...

စင်ပေါ်မှာ ... အဝေးနှင် ...

လက်တစ်ဖက်မှာ မိုက်ခရိုဖုန်းလေးကိုင်ထားပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာတော့ ... မြူ့ကိုစိမ်ခေါ်ယှဉ်ပြိုင်မယ့် အနက်ရောင် နှင်းဆီလေး။

ဒူးဆစ်လေးအောက်အထိ ဖုံးကျနေတဲ့ အဖြူရောင်လောင်း ကုတ်အရှည်ကြီးကို ကြယ်သီးတွေတစ်လုံးမှတပ်မထားဘဲ အကုန် ဖွင့်ချထားကာ သည်အတိုင်းဝတ်ထားတော့ လောင်းကုတ်ကြီးရဲ့ အောက်အနားတွေက ... ခပ်ပြင်းပြင်းလေး ဝှေ့တိုက်လိုက်တဲ့ ဆောင်းလေရူးတွေကြောင့် တဖျတ်ဖျတ်တခါခါလေး လွင့်နေတော့ တာလေ။

မြူ့ကိုပိုပြီးတော့ အသက်ရှူမှားစေခဲ့တာက ...

ဖဲကြိုးနီလေးနှစ်စကို ခေါက်တွန့်လေးချည်ကာ ဆွဲထားတဲ့ ရှားပါးအိစက်သော အနက်ရောင်နှင်းဆီလေးရယ်ပါပဲ။

"ဘုရားရေ ... အဲဒါ ... အဲဒါ ... အဝေးနှင်လေအမ်ဒီ လေးဖြူရဲ့ နှင်းဆီဝက်ပါသီချင်းလေးကို အဝေးနှင်ကိုယ်တိုင်တက် ဆိုနေတာ ... MDရဲ့ ... ဒုက္ခပါပဲ ... "

အညိုရောင်လှမ်းပြောလိုက်တာကိုလည်း မြူမကြားတော့ ပါ။

မြူကြားနေရတာ မြူ့နှလုံးသားတွေကို တစစီပဲ့ကြွေသွား အောင် ပြုစားနေတဲ့ မြူအကြိုက်ဆုံး တေးရေးဆရာ မြင့်မိုးလှိုင်ရဲ့ နှင်းဆီဝက်ဘာသီချင်း။

မင်းအတွက်××ငါလမ်းတွေ ပျောက်နေဆဲ××
ရက်စက်တဲ့××ဆူးခက်များအလည်××
အူး××ချစ်သူလေး××မင်းအခုထိ ပုန်းကွယ်ဆဲ××
အဆုံးသတ်မှာ××နှလုံးသားထဲရူး××





ပြန်ဖျက်မရတဲ့××ဆူးချက်တွေရယ်××

သီချင်းပိုဒ်လေးတစ်ကျော့ဆုံးသွားလို့ ... တီးလုံးကလေး တွေချည်း တကျော့ဝင်လာခဲ့ချိန်မှာ မိုက်ခရိုဖုန်းလေးကိုမြှောက် ချက်နှာလေးကိုပင့်မော့ပြီး ... အပြာရောင်မိုးကောင်းကင်ကြီးကို ကြည့်ကာ အဝေးနှင် ပြောလိုက်တာက ...

"ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ် ... ကျွန်တော် အဝေးနှင်ပါ ... "

"ဟေး ... "

"ရှီး ... ဖြောင်း ... ဖြောင်း ... "

ညှိပရိသတ်တွေထဲက လူငယ်တွေကလည်း ပြန်အော်နေ သည်။

"အိပ်မက်စေတမာန်ကုမ္ပဏီကြီးရဲ့ မန်းနေဂျင်းဒါရိုက်တာ ဒေါ်မြူ့နှင်းစေရာရဲ့ လှပတဲ့မွေးနေ့ညကလေးကို အဝေးနှင်ဆိုတဲ့ ဂီတကလေးတစ်ယောက်က သီချင်းလေးတစ်ပုဒ်နဲ့ ဂုဏ်ပြုပေး ချင်လို့ စင်ပေါ်ကို တက်လာခဲ့တာပါ ... "

"ဟေး ... ဟေး ... "

"ဘယ် ... ဘယ်လိုလုပ်မလဲဟင် အညိုရောင် ... အဝေး အဝေးနှင်က စင်ပေါ်ကနေ ... မကို ခပ်မိုက်မိုက်စိမ်ခေါ်တော့မယ် ထင်တယ် ... "

မြူ ခေါင်းကလေးငုံ့ချကာ မျက်နှာလေးကို ကပျာကယာ လှည့်လိုက်ရသည်။

"ဟုတ် ... ဟုတ်တယ် အမ်ဒီ၊ သူ့လက်ထဲမှာလည်း ဖဲကြိုး အနီလေးနဲ့ အနက်ရောင်နှင်းဆီလေးကို ကိုင်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြူ ... မော့လည်းမကြည့်ရဲတော့ပါ။

မြူ့မျက်လုံးရှေ့က စားပွဲပေါ်မှာလည်း ဖဲကြိုးနီလေးနဲ့ အနက်ရောင်နှင်းဆီလေး ...

အဝေးနှင်ရယ် ...

မ,စိတ်တွေ ချောက်ချားလာအောင် မကိုမင်းမနှိပ်စက်ပါနဲ့ မ,မင်းနားလည်အောင် ဘယ်လောက်ပဲ ရှင်းပြ ... ရှင်းပြခဲ့၊ မ,ကို မင်းအရမ်းနာကြည်းနေတာ မသိပါပြီ။ မပြေနိုင်တဲ့ အညိုးအမုန်းတွေနဲ့ မင်း ... မ,ကို အပြတ်သားဆုံး စိမ်ခေါ်တော့မယ်ဆိုတာ မ,နားလည်နေပါပြီ။

ဟေး××နွေမိုးရယ် ဆောင်းရာသီပြောင်းပေမယ့်××ဝေးနေဆဲ××

ပေးဆပ်နေ××ငှါအသွေးတွေ ငှါအသားတွေ××ငါပေး××

ငါမင်းကိုရနိုင်မယ်ဆိုရင်××ငါပိုင်ဆိုင်တာတွေ××အကုန်ပေး

ထောင်ချောက်တွေရဲ့အလယ်မှာ××ငှါဘဝစတေး××

မင်းရှိရာ လိုက်လို့ရှာ××ဝက်ဘာထဲတပန်းလေးရယ်××

ငါ××မင်းရဲ့အကျဉ်းသားပါကွယ်××

"ဟေး ... "

"ရှီး ... ဖြောင်း ... ဖြောင်း ... "

"မိုက်တယ် ... အရမ်းမိုက်တယ်ကွာ ... "

တီးလုံးလေးမဆုံးခင် အဝေးနှင်ရဲ့ နာကျင်နေတဲ့အသံလေးက ပြန်ပေါ်လို့လာခဲ့ရပြန်ပြီ။

"ကျွန်တော် အဝေးနှင်ပါ ... ကြွရောက်လာတဲ့ ဂုဏ်သရေရှိ ဧည့်ပရိသတ်ကြီးကို အဝေးနှင်လေးစားပါတယ် ... အခု ...





ကျွန်တော့်လက်ထဲမှာကိုင်လာတဲ့ အနက်ရောင်နှင်းဆီလေးဟာ ... အိမ်မက်စေတမာန်ကုမ္ပဏီကြီးရဲ့ ... ဂုဏ်ထူးဆောင် မန်းနေဂျင်း ဒိုက်တာ အသက်နှစ်ဆယ့်ခြောက်နှစ်ပြည့်မွေးနေ့ရှင် ဒေါ်မြူနှင်းဆေရာရဲ့ ရင်ဘတ်မှာ ကျွန်တော်ကိုယ်တိုင် အမှတ်တရ ဂုဏ်ပြုထိုးစိုက်ပေးချင်လို့ ... စင်မြင့်ပေါ်ကို ဖိတ်ခေါ်ပါတယ်"

"ဟေး ... ဟေး ... "

"ကြည့်စမ်း ... "

စင်ပေါ်ကနေ ပြောင် ခပ်မိုက်မိုက်ဖိတ်ခေါ်လိုက်တဲ့အသံသံကြောင့် ... မြူသူ့ကို လှည့်ကြည့်လိုက်မိတာ ချာခနဲ။

သူကတော့ ... လုံးဝထိမထင်တဲ့ အပြုံးမဲ့မဲ့လေးနဲ့ ...

"ဘယ် ... ဘယ်လိုလုပ်မလဲအမ်မီ ... အဝေးနှင် ... အဝေးနှင်က စင်မြင့်ပေါ်ကနေ အမ်မီကိုစိမ်ခေါ်နေပြီ၊ မသွားဘဲနေရင်လည်း ကိုယ့်ဘက်က အရမ်းရိုင်းသလိုဖြစ်သွားမယ် ... သွားရင်လည်း သူထိုးစိုက်တဲ့နှင်းဆီလေးကို အမ်မီလက်ခံလိုက်ရတော့မယ် ဒီလိုချုပ်ဈေးထဲမှာဖြစ်ခဲ့သလိုမျိုး အမ်မီရိုက်ချပြီး နင်းချေပစ်လိုက်လို့ မရတော့ဘူး ... "

"ဟွန်း ... ရတယ်အညိုရောင် ... မ,ဂရုမစိုက်ပါဘူး၊ သူက ဆင်မှတ်တဲ့နေရာကနေ မကို ... ပြောင်ကျကျစိမ်ခေါ်လာပြီဆိုတော့ မဘက်က သတ္တိရှိရှိနဲ့ တုန့်ပြန်လိုက်ဖို့ပဲရှိတော့တာပေါ့ ... ကဲ ... မ,သွားလိုက်မယ် ... "

"ဟင် ... အမ်မီ သွားမယ် ... "

အညိုရောင် အသက်မရှူနိုင်တော့ပဲ။

သူမရဲ့ အမ်မီကိုကြည့်ကာ မျက်ဝန်းလေးတွေက အထိတ်



www.burmeseclassic.com

www.burmeseclassic.com



တလန့်လေးပြုံးကျယ်ဝိုင်းစက်လျှက် ... အမ်ဒီသွားရင် ဒီပွဲမှာ ဟိုး
အမ်ဒီပဲ ရှုံးသွားတော့မှာပေါ့ ... ကြည့်ပါဦး ... စင်ပေါ်ရောက်နေ
အဝေးနှင်ကလည်း နှင်းဆီလေးကို လေထဲမြှောက်ကိုင်ပြီး
အပြုံးမဲ့မဲ့လေးနဲ့ ဖိတ်ခေါ်နေတာ။

ထိုအချိန်မှာ ...

မြက်ခင်းပြင်တစ်နေရာရဲ့ တစ်ခုသော ထောင့်ကျကျ
လေးမှာရောက်နေတဲ့ သားကြီးက ... ဒေါ်အရိပ်ညို့ရဲ့မျက်ဝန်း
ကို စိုက်ကြည့်ကာ ...

"မြင်ပြီနော် ... အန်တီ၊ ကိုကိုကြီးအရိပ်ထင်အတွက် လ
စားပြန်ချေဖို့ အန်တီသားအဝေးနှင် ကြိုးစားနေတာ ... "

"မြင် ... မြင်တာပေါ့သားကြီးရယ် ... အန်တီသားယယ်
က အဲဒီလို မာနကြီး တည်တည်တင်းတင်းကလေးနဲ့ ယယ်
လေးကတည်းက ဘယ်သူ့ကိုမှ အောက်ကျခံ အရှုံးပေးခဲ့
မဟုတ်ဘူးလေ ... ခုတော့ ... ကြည့်ပါဦး။ သားယယ်လေးပြော
အန်တီလည်း သိတော့တယ် ... မြနှင်းစေရာဆိုတာ တစ်ခါတုန်း
အန်တီအနိုင်ယူခဲ့ဖူးတဲ့ ကိုအောင့်ရဲ့သမီးတဲ့လေ ... အန်တီကလည်
ဒီသားအဖနှစ်ယောက်ကို အနိုင်မယူလို့ရမလား ... ဟို
ဘိုးဘွားအစဉ်အဆက်ကတည်းက အန်တီတို့ ပြိုင်လာကြ
အဟွန်း ... ဟွန်း ... ကိုရီး ယားဇာတ်ကားတွေထဲက
ပြောရမယ်ဆိုရင် မိုးနတ်မင်းကြီးသိပါတယ်သားကြီးရဲ့ ... မိုးနတ်
မင်းကြီးသိပါတယ် ... ဟား ... ဟား"

"ဟာ ... အန်တီ ... ဟိုမှာ ... ဟိုမှာ စင်မြင့်ပေါ်ကိုတက်
ဒေါ်မြနှင်းစေရာ လျှောက်လာနေပြီ ... အန်တီသားကိုလည်





ဒေါ်မြနှင်းစေရာက လုံးဝဂရုမစိုက်တဲ့ပုံပဲအန်တီ ... အန်တို့သား
ယယ်လေးအဝေးနှင်နဲ့ ဒေါ်မြနှင်းစေရာ ... ဘယ်လိုမာနခြင်းပြိုင်
မလည်းဆိုတာ ... အန်တီစောင့်ကြည့်လိုက် ... "

"ဟင် ... "

မြူက တကယ်လည်းဂရုမစိုက်ပါ။

ထိုင်ခုံလေးထက်ကနေ ဖျတ်ခနဲ ထ,ရပ်လိုက်တာနဲ့ ဝင်းနှစ်
နေသောမျက်နှာကလေးကို ဖျတ်ခနဲ ... ပင့်မော့လိုက်ပြီးသား။

ဒီလိုမော့လိုက်စဉ်မှာ ... စိန်ဆံထိုးတွေ၊ စိန်နားကပ်တွေ၊
စိန်လည်ဆွဲတွေက မီးအလင်းရောင်တွေအောက်မှာ တဖျတ်ဖျတ်
ခါနေအောင် လင်းလက်သွားကြသည်။

"ဟေး ... ဟေး ... "

"ရှီး ... ဖြောင်း ... ဖြောင်း ... "

အားပေးနေသော လက်ခုပ်သံတွေက မြက်ခင်းပြင်ကြီးထဲ
မှာ မဆုံးနိုင်တော့ပါ။

အမ်ဒီမျက်နှာလေးကို အညိုရောင်လှမ်းကြည့်လိုက်တော့
လည်း အမ်ဒီမျက်ဝန်းလေးထဲမှာ တည်တင်းသော မာနရိပ်တွေက
တဖိတ်ဖိတ်လေးလက်လို့။

နှုတ်ခမ်းလေးကို တင်းတင်းလေးစေ့လျှက် မျက်နှာလေး
ကို အမ်ဒီမော့သည်။

အဝေးနှင်ရယ် ... မင်းဆီက မလိုချင်တာ ဒီလိုသတ္တိမျိုးတွေ
တိုလိုချင်လို့ ... ဂရုမစိုက်ဘဲ ဖိတ်လိုက်တာပါ။ ဟုတ်တယ် ...
မင်းကိုကိုကြီးအလှည့်တုန်းကလည်း ဒီလိုပဲ ပြောင်တက်လာပြီး
အနက်ရောင်နှင်းဆီလေးကို သူ့ရင်ဘတ်မှာ အပြတ်သားဆုံး၊ အနာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်းဆုံးလက်တွေနဲ့ မထိုးစိုက်ပစ်ခဲ့တာ၊ ဒါကို ... တူညီတဲ့တုန့်ပြန်မှုတွေနဲ့ မကို မင်းလက်စားချေနိုင်ပါတယ်။

မဘက်က အဲဆင်သင့်ပါ။

ဒီလောက် တားဆည်း ငြင်းပယ်နေတဲ့ကြားက ဂုဏ်သရေရှိ ညှော်ပရိသတ်တွေရှေ့မှာ သတ္တိရှိရှိနဲ့ ခပ်မိုက်မိုက်လေး မင်းစစ်ကြေညာလိုက်တာကို ... မ,ကြိုဆိုပါတယ်။ နောက်တော့မှသာ ဘွာခတ်တောင်းပန်ဖို့ မင်းမကြိုးစားနဲ့။

မြူက ဒီလိုတွေးလိုက်သလို ...

“ဟွန်း ...”

အဝေးနှင်ကလည်း နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပြုံးလို့သာ။

ဒေါ်မြူနှင်းစေရာရယ် ...

ဒီည ... ခင်ဗျားသိပ်လှတယ်သိလားဗျာ ...

ခင်ဗျားကိုမြင်ရတာ အဝေးနှင်ရင်ခုန်ပါတယ်။

ဒီလို ခမ်းနားတဲ့မြက်ခင်းပြင်ကြီးထဲက အလှဆုံးပန်းတွေတောင် ခင်ဗျားကို ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် ... ဗျာ ...

ပန်းတွေ၊ ကောင်းကင်ပေါ်ကကြယ်တွေ၊ အလှပဆုံးလိပ်ပြာတွေ၊ ခင်ဗျားရှေ့မှာ ဒူးထောက်ခစားသွားနိုင်ပေမယ့် ... အဲဒီအထဲမှာ အဝေးနှင် ဘယ်တော့မှ မပါစေရဘူးဆိုတာ ... ခင်ဗျား ယုံထားလိုက်ပါ၊ ဒီအနက်ရောင်နှင်းဆီလေးကို ခင်ဗျားရင်ဘတ်မှာ ထိုးစိုက်ပြီးတာနဲ့ ကျွန်တော် ဘာလုပ်မလဲဆိုတာ ခင်ဗျားစောင့်ကြည့်လိုက်လေ။





အခု ... ဒီစင်မြင့်ပေါ်မှာ ... တီးခတ်နေကြတာလည်း ကျွန်တော့်သူငယ်ချင်းတွေ ... ကျွန်တော် အားလုံးနဲ့တိုင်ပင်ပြီးမှ ဒီပွဲကို အပြတ်သားဆုံးတက်လာခဲ့တာပါ။

ဘာပဲပြောပြော ...

ခင်ဗျား ... သိပ်ကိုအဆိပ်ပြင်းပါတယ်။

ခင်ဗျားရဲ့ လှပအေးစက်တဲ့ မျက်ဝန်းတွေရဲ့အောက်မှာ လဲပြိုယိုင်ထွက်မသွားအောင် ကျွန်တော် ဘယ်လောက်ထိ တက်လာတဲ့ အဆိပ်တွေကို ခါထုတ်ပစ်ခဲ့ရသလဲဆိုတာ ခင်ဗျားသိရဲ့လားဟင်။

ရိုက်ချက်တွေကလှသလို အဆိပ်လည်းပြင်းတဲ့ခင်ဗျားရဲ့ စိမ်ခေါ်မှုတွေကြောင့် ... လုံးဝလန်ထွက်သွားအောင် ကျွန်တော်ခံစားခဲ့ရတာကို ခင်ဗျားမသိချင်ဟန်ဆောင်ပြီး စင်မြင့်ပေါ်ကို ခင်ဗျား တစ်လှမ်းခြင်းတက်လာနေတာလားဗျာ။

အခုလည်း ... ဒီလောက်လှပခမ်းနားနေအောင် ပြင်ဆင်ထားတဲ့ ပန်းခင်းကြီးတွေ၊ ပန်းခြင်းကြီးတွေထဲမှာ နှင်းဆီတစ်ပွင့်ပါလို့လား။ ဘာကိုပဲလုပ်လုပ် ထိရှတဲ့ခံစားချက်ပြင်းပြင်းတွေ၊ အတုမဲ့အောင်လှပတဲ့ မာနတွေနဲ့ ကျွန်တော့်မာမီကို လက်စားချေဖို့ ဟိုးအဲဝေးကြီးကနေ ... မြန်မာပြည်ကို ခင်ဗျားပြန်ရောက်လာခဲ့တာ ထုမှုကိုတောင်ပြီး နာမည်ပေးတော့လည်း အိပ်မက်စေတမာန်တဲ့။

ခင်ဗျား သိပ်ပိရိတယ်ဗျာ။

ဒါပေမယ့် ... ရပါတယ် ...

အခုတော့ ... အမုန်းနတ်ဘုရားတွေကိုယ်တိုင် လေးသန်နဲ့ကမ္ဘာတစ်သိန်း ကျိမ်စာတိုက်မှ ပွင့်လာရတဲ့ အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ ကျွန်တော် စောင့်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ...

ကျွန်တော်က အဝေးနှင်ပါ ... ဒေါ်မြူနှင်းစေရာ ...

ပြန်တောင်းသူမရှိတဲ့ ဆပ်ရတဲ့အကြွေးဆိုတာ သံသရာကြွေးတဲ့။

ကဲ ... အားလုံးကိုရင်ဆိုင်ဖို့ ခင်ဗျားပြင်ထားလိုက်တော့။

အဝေးနှင်က အပြုံးမဲ့မဲ့လေးနှင့် တွေးလိုက်သလို မြူကလည်း မျက်နှာလေးကိုမော့ကာ ခြေလှမ်းကလေးတစ်လှမ်းကို စ၍လှမ်းလိုက်သည်။

"ဟေး ... ဟေး ... "

"ရွှီး ... ဖြောင်း ... ဖြောင်း ... ဖြောင်း ... "

တဟေးဟေး အော်ဟစ်အားပေးသံတွေနဲ့အပြိုင် မြက်ခင်းပြင်ကြီးတစ်ခုလုံးကို ညံသွားရတဲ့ လက်ခုပ်သံတွေအောက်မှာ စင်မြင့်ပေါ်ကို မြူတစ်လှမ်းချင်း ရောက်သွားသည်။

ဒါကိုကြည့်ကာ ... အဝေးနှင်က ...

"ခင်ဗျား ... ခင်ဗျား တကယ်တက်လာတယ်နော်၊ ဒေါ်မြူနှင်းစေရာ၊ ဟား ... ဟား ... ဒီမှာလေ ခင်ဗျားရင်ဘတ်မှာ ထိုးစိုက်မယ့် ကျွန်တော့်ရဲ့နှင်းဆီလေး ... ကြွရောက်လာတဲ့ ဂုဏ်သရေရှိ ဧည့်ပရိသတ်အပေါင်းကို သက်သေနေရာမှာထားပြီး ကျွန်တော်ထိုးစိုက်တော့မှာ ကျွန်တော့်ကိုကိုကြီး အရိပ်ထင်ကို ခင်ဗျားရက်စက်ခဲ့တာတွေအတွက် ခင်ဗျားပြန်ပေးဆပ်ရမယ့်အရာတွေအားလုံးကို ဒီပရိသတ်ကြီးရှေ့မှာပဲ ကျွန်တော် ပေါင်းဆိုမယ်"

နှုတ်ခမ်းထောင့်စွန်းလေးကွေးသွားအောင် အဝေးနှင်က ပြုံးလိုက်သည်။





"ဒီမှာ ... မ,ရင်ထဲက ခံစားချက်တွေကို မင်းသိအောင် မ,အားလုံးပြောပြီးသား ... အမှန်တရားဆိုတာ ကိုယ်တစ်ယောက်တည်းသိရုံနဲ့ ဘယ်တော့မှ မလုံလောက်ဘူး၊ ဒါကြောင့်မို့ ဒီအမှန်တရားကို အများအမြင်မှာ ရှင်းလင်းပြတ်သားသွားဖို့အတွက် မင်းကို မ,ရင်ဆိုင်နေတာ ... အဲဒီအတွက် မင်း ... မ,ကို ကြိုက်သလို စီမံခေါ်လိုက်ပါ ... "

"ကောင်းပြီလေ ... မ,နောက်တော့မှ ခင်ဗျား ဘွာမတော်နဲ့"

"ဟွန်း ... "

လက်ထဲမှာကိုင်ထားသည့် မိုက်ခရိုဖုန်းခလုတ်လေးကို အဝေးနှင်ပြန်ဖွင့်လိုက်သည်။

"အားလုံးကို ကျေးဇူးတင်ပါတယ် ... "

"ဟေး ... ဟေး ... "

နှင်းဆီလေးကို လက်ထဲမှာကိုင်ပြီး မြူးကြွသွက်လက်နေတာ အဝေးနှင်ပါ။ ပရိသတ်တွေဆီကလည်း လက်တွေမြှောက်ပြတာ အော်သံတွေ ထွက်လာသည်။

"ကျွန်တော်ဟာ ဒီနှင်းဆီလေးတစ်ပွင့်နဲ့ အိပ်မက်စေတမာန်တုမ္ဘဏ်ကြီးရဲ့ ဂုဏ်ထူးဆောင်မန်နေဂျာ ဒါရိုက်တာကြီး ဒေါ်မြူနှင်းစေရာရဲ့ မွေးနေ့အမှတ်တရပွဲလေးကို ဂုဏ်ပြုချီးမြှင့်ပေးချင်လို့ စင်ပေါ်ကို တက်ခဲ့ရတာဖြစ်သလို သူ့ဆီက အဆုံးမဲ့ အတူစီးမျှောလိုက်ပါခွင့်တွေရဲ့ သင်္ကေတ တစ်ခုအဖြစ်နဲ့လက်ထပ်ခွင့်တစ်ခုကို ကျွန်တော် တောင်းဆိုချင်ပါတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဟေး ... မိုက်တယ် ... အရမ်းမိုက်တယ်ကွ"

ဘုရားရေ ... ကြည့်စမ်း ...

ဧည့်ပရိသတ်တွေရှေ့မှာ သူပြတ်ပြတ်သားသားတောင်းဆိုလိုက်တာ လက်ထပ်ခွင့်တဲ့ အဆုံးမဲ့စီးမျှောလိုက်ပါခွင့်တဲ့။ မြူထင်မှတ်မထားတဲ့ တိုက်ကွက်တစ်ခုကနေ အဝေးနှင်က လှပစွာ တိုက်စစ် ဆင်ခဲ့ပြီ။

"မင်း ... မင်း ... "

"ကြွရောက်လာတဲ့ ဂုဏ်သရေရှိ ဧည့်ပရိသတ်ကြီးကို ကျွန်တော် လေးစားပါတယ်၊ ကျွန်တော့်လက်ထဲက နှင်းဆီလေးဟာ အတုမဲ့တဲ့လက်ထပ်ခွင့်လေးတစ်ခုကိုရဖို့ သက်သေထားတောင်းဆိုချင်တဲ့ နှင်းဆီလေးပါ ... "

"ဟေး ... ဟေး ... "

"ဒေါ်မြူနှင်းစေရာဟာ ကျွန်တော်ရဲ့ချစ်သူပါ၊ သူ့လည်ပင်းမှာ အမြဲတမ်းမြတ်မြတ်နိုးနိုးနဲ့ဆွဲထားတဲ့ ဟောဒီအနက်ရောင်ပိုးကြိုးလေးဟာ ကျွန်တော်ရဲ့ ဘယ်ဘက် လက်ကောက်ဝတ်လေးမှာ ရောက်နေတာဖြစ်လို့ ဒေါ်မြူနှင်းစေရာဆီက လက်ထပ်ခွင့်ကို ကျွန်တော် တောင်းနေတာပါ ... "

"အို ... မင်း ... "

နှင်းဆီလေးကိုရော ဝက်ဝံရုပ်လေးပါတဲ့အနက်ရောင်ပိုးကြိုးကလေးကိုပါ စင်ပေါ်ကနေ ပရိသတ်တွေမြင်အောင် လက်ကလေးမြှောက်ကာ ပြနေတဲ့အဝေးနှင်။ မင်းသတ္တိရှိလှချည်လား။ သိပ်ကိုရဲတင်းပြတ်သားလွန်းနေပါလား အဝေးနှင်ရယ်။ မင်းရဲ့ဒီလိုတရားဝင်တောင်းဆိုမှုတွေကို မ,ဘယ်လို တုန့်ပြန်ပေးရမလဲဟင် အဝေးနှင်။ ခေါင်းကလေးကို သွက်နေအောင်ခါပြီး တုန်လှုပ်ယိုင်နဲ့နေတဲ့





ခြေလှမ်းတွေနဲ့ စင်ပေါ်ကနေ ပြေးဆင်းသွားမယ်လို့ မင်းထင်နေလို့လား။

မ,က မြူနှင်းစေရာပါ ...

မင်းထိုးစိုက်လာမယ့် နှင်းဆီလေးကို ရီဝေနာကျင်တဲ့ အပြုံးတွေနဲ့ခံယူဖို့ မ,ဘက်က အဆင်သင့်ပါပဲ။

"အဝေးနှင် ... မင်း ဘာမှအပိုတွေပြောမနေနဲ့ ... "

"ခင်ဗျား ရယ်ဒီဖြစ်နေပြီလား ဒေါ်မြူနှင်းစေရာ ... ဒါဆိုလည်း ဟောဒီမှာ ကျွန်တော်ရဲ့ နှင်းဆီလေး ... "

"ဟင် ... "

လေထဲကနေ ဖျတ်ခနဲစိုက်ကျလာတဲ့ အနက်ရောင်နှင်းဆီလေးက မြူရဲ့ဝဲဘက် ရင်ညွှန့်လေးထက်မှာ တွယ်ချိတ်လျှက်သားလေးဖြစ်သွားသည်။

"အို ... MD ရယ် ... အဝေးနှင်ကို MDဘာလို့ အရှုံးပေးလိုက်ရတာလဲ ဒီလိုအရှုံးမျိုးကို MDက လက်ခံနိုင်ပေမယ့် အညိုရောင်တို့ ကုမ္ပဏီဝန်ထမ်း မိန်းကလေးအများစုက လုံးဝလက်မခံနိုင်ဘူး MD၊ MD အရှုံးမပေးပါနဲ့၊ အဝေးနှင်ကို ဘယ်တော့မှအရှုံးမပေးပါနဲ့ MD ရယ်"

စင်မြင့်ပေါ်က MDမျက်နှာလေးကိုလှမ်းကြည့်ရင်း လှိုက်ဖြာတက်လာတဲ့ ရင်ထဲကစကားတွေက အညိုရောင်နှလုံးသားထဲမှာ ပဲ့တင်ပြန်ရိုက်ခတ်လို့နေသည်။ ဒါကိုကြည့်ပြီး ပီတိတွေ တဝေဝေနဲ့ ကျေနပ်နေတာက ဒေါ်အရိပ်ညိုပါ။ လွန်ခဲ့တဲ့နှစ်တွေဆီက သားကြီးအရိပ်ထင်ရဲ့ရင်ဘက်မှာ ဒီလိုအနက်ရောင်နှင်းဆီလေးကို ပွင့်ကိုထိုးစိုက်ပြီး မြူနှင်းစေရာက စိမ်ခေါ်သွားခဲ့တာလေ။

ခုတော့ ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သားငယ်လေးအဝေးနှင်က သူ့ကိုကိုကြီးအတွက် အနိုင်ပြန်ယူဖို့ စင်မြင့်ကြီးပေါ်ကနေ မြို့နှင်းစေရာဆိုတဲ့ မိန်းမတစ်ယောက်ကို နာကြည်းမှုတွေနဲ့ ပြန်စိမ်ခေါ်ခဲ့ပြီ။

ရင်ဘတ်လေးမှာ ချိတ်ဆွဲထိုးစိုက်ခံထားရတဲ့ အနက်ရောင်နှင်းဆီလေးကိုကြည့်ကာ မြို့ အသက်မရှူနိုင်တော့ပါ။

"ကျွန်တော် တောင်းဆိုပါတယ် ... "

အဝေးနှင်က မိုက်ခရိုဖုန်းလေးကိုကိုင်ကာ ပြောလိုက်တာတစ်ခွန်းတည်းပေမယ့် မြို့ကြားနေရတာက ပဲ့တင်သံတွေလို အထပ်ထပ်အခါခါ ပြန်ကြားနေသည်။

"ကျွန်တော် တောင်းဆိုပါတယ်"

"ကျွန်တော် တောင်းဆိုပါတယ်"

"လက်ထပ်ခွင့်ပေးပါ ... "

"လက်ထပ်ခွင့်ပေးပါ ... "

"မင်း ... မင်း ... "

"အို ... MD လဲတော့မယ် ... MD ... MD ... "

အညိုရောင်ဆီက အော်ဟိုက်သံလေးက နောက်ကျသွားသည်။

မြို့ နောက်ဆုံးသိလိုက်တာက လဲကျလာသော မြို့ခန္ဓာကိုယ်လေးကို ခါးကနေပွေ့ဖက်ကာ ထိန်းလိုက်ပြီး ပွေ့ယူပစ်လိုက်သော အထိအတွေ့တစ်ခု။

## အခန်း ( ၁၂ )

အိပ်မက်လား ...

တကယ်လား ... ခွဲခြားမသိနိုင်တဲ့နေရာလေးတစ်ခုမှာ မြို့ကရောက်နေသည်။

သေချာတာက မြို့ဝတ်ထားတာ ရုတ်ပြနေသော အင်္ကျီအဟောင်းကလေးနဲ့ စကတ်ဟောင်းကလေးကို မြို့ကဝတ်ထားသည်။ ထိုအချိန်မှာ မြို့ခေါင်းပေါ်ကို အညိုးတကြီးနဲ့ သည်းသည်းမည်းမည်းရွာချနေသည့်မိုးရေ မိုးစက်ပေါင်းများစွာတို့က တဖြင်းဖြင်း စပ်တုန်လာရသည့်အထိ။ အဆက်မပြတ် သွန်းပက်ကြဲချနေ၏။

ပြောရရင် ဆယ်နှစ်သမီးအရွယ်လေး မြို့လက်ထဲမှာ အင်ဖက်စိမ်းကလေးများဖြင့် ကျစ်နေအောင်သိမ်းထုတ်ထားသည့် နှင်းဆီပန်းစည်းကလေးများကို မိုးရေထဲမှာလျှောက်လျှက် ပွေ့ပိုက်ထားခဲ့တာပဲဖြစ်သည်။

"ဝေါ ... ဝေါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဂျိန်း ... ဒလိမ်း ... "

"အို ... "

မိုးရေတွေက တဝေါဝေါကြဲပက်သလို လျှပ်စီးကြောင်းတွေနှင့် မိုးကြိုးပစ်လိုက်သံတွေက မိနစ်ပိုင်းပင်မခြားဘဲ စက္ကန့်ပိုင်းလေးအတွင်းမှာပင် တစ်ခုပြီးတစ်ခုဆက်နေသည်။ လျှပ်စီးတွေ ဖွေးခနဲလက်ပြီး မိုးကြိုးကြီးတွေ ဝုန်းခနဲပစ်ချလိုက်ချိန်မှာ မြူ့မျက်ဝန်းလေးတွေက ဖြူဆုတ်အားမဲ့သွားသလိုဖြစ်သွားခဲ့တာ ကူကယ်ရာမဲ့နေသည့်အလား။ မြေပြင်မှာ ဒူးထောက်ထိုင်ချလိုက်ရတာလည်း အကြိမ်ပေါင်းများစွာပါ။

ကြာလာတော့ ကလေးစိတ်ကလေးနှင့် မျက်ရည်လေးသုတ်ကာ မြူက ငိုမိသည်။

"အဟင့် ... "

ဒါပေမယ့် လမ်းပေါ်မှာ နှင်းဆီပန်းစည်းလေးတွေ လိုက်ရောင်းနေရသည့် သနားစဖွယ် ထိုမိန်းကလေးရဲ့ရှိုက်သံတွေကို မိုးထစ်ချုန်းသံတွေအောက်မှာ ဘယ်သူတွေက ကြားနိုင်မှာတဲ့လဲ။

"အဟင့် ... နှင်းဆီပန်းလေးတွေရမယ်နော်"

"နှင်းဆီပန်းလေးတွေ ... "

"အဖြူလေးလည်းပါပါတယ်"

"အနီလေးလည်း ပါပါတယ်"

မိုးတွေ ဘယ်လောက်ပဲရွာနေပါစေ မိုးရေကြောင့် နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေအောင် ချမ်းနေပါလျှက် အဖွေ့အတွက် ဆေးဖိုးလေးနဲ့ထမင်းဖိုးလေးရအောင် မြူဆိုသော မိန်းကလေးက လမ်းပေါ်မှာ ပန်းရောင်းနေရတာ မဟုတ်လား။ သည်





တော့ အားကလေးကို အနိုင်နိုင်တင်းကာ အော်ရတော့မှာပေါ့။

ထိုအချိန်မှာပဲ ဆလွန်းကားလေးတစ်စီးက မှန်ရေသုတ်တံတွေ ဘယ်ညာယမ်းခါလျှက် မိုးရေထဲဖြာနေ လမ်းမကြီးအတိုင်း ခပ်မှန်မှန်လေးမောင်းလာနေတာကို မှုန်ဝါးဝါးမျက်ဝန်းကလေးတွေနဲ့ မြူလှမ်းတွေ့လိုက်တော့ မတိုက်မိအောင် ရှောင်လိုက်ပေမယ့် တိုက်မိတော့မလိုဖြစ်ကာ ဘရိတ်အုပ်သံတွေက ဆူညံသွားသည်။

"ကျွီ ... ကျွီ ... "

"အို ... အို ... "

"တောက် ... သေတော့မှာပဲကွာ ... ကားဒီလောက်လာနေတာကို မမြင်ဘူးလား ... "

မြူက ခြေခေါက်ကာ ကားရှေ့မှာလဲကျသွားတာမို့ ရင်မှာပွေ့ကိုင်လာခဲ့ရသည့် နှင်းဆီပန်းစည်းလေးတွေက မိုးရေထဲက လမ်းပေါ်မှာ သည်အတိုင်းပြန့်ကြဲသွားသည်။

"ဟော့ ... ဟော့ ... ဘာဖြစ်တာလဲ ... "

"နှင်းဆီပန်းရောင်းတဲ့ကောင်မလေးကို တိုက်မိသွားလားမသိဘူး"

မိုးရေထဲမှာ လူလေးငါးခြောက်ယောက်က မြူ့ဆီကိုပြေးလာသည်။

ကားပေါ်က ဆင်းလာတာလည်း ခေတ်မှီမှီ ဝတ်စားထားတဲ့မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်။

"ဟော့ကောင်မလေး ... ထစမ်း ... "

ထိုယောကျ်ားက အကြောင်နာမဲ့စွာ ခပ်ကြမ်းကြမ်းဆွဲထူလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မြူက ထလို့မရတဲ့ ဒူးလေးက ညွှတ်ခွေကျသွားသည်။

"ခင်ဗျား ... ခင်ဗျား ဘာလုပ်တာလဲဗျ ... ဒီကလေးမလေးကို ခင်ဗျားကားနဲ့တိုက်မိသွားလို့ လဲကျသွားတာ ... ခင်ဗျားတာဝန်ယူ ... "

ပြေးလာသည့်လူအုပ်ထဲမှ မတရားလုပ်တာကို မကြိုက်သည့် လူတစ်ယောက်က ဝင်ပြောသည်။

"ဟာ ... ကျွန်တော့်ကားနဲ့တိုက်မိတာမဟုတ်ဘဲ ကားရှေ့မှာ ဒီကောင်မလေး ညာဏ်နီညာဏ်နက်များပြီး တမင်လှဲချလိုက်တာဗျ ... "

"ခင်ဗျား လူကြီးလူကောင်းဆိုရင် ဒီလိုမတရားမပြောနဲ့နော် တိုက်မိတာ မတိုက်မိတာ နောက်မှရှင်း ... ဒီကောင်မလေး မထနိုင်အောင်လဲသွားတာ ခင်ဗျားဘယ်လိုရှင်းမလဲ ... "

"ကျုပ် ... ကျုပ် ... ဆေးခန်းကို ခေါ်သွားမယ် ... "

ဒီလိုနဲ့ နောက်ဆုံးမှာတော့ ...

လူတွေက ကားပေါ်ကို ပွေ့ချီကာ တင်ပေးလိုက်လို့ ကားပေါ်ရောက်သွားခဲ့ပေမယ့် မြူသတိရလိုက်တာက လမ်းပေါ်မှာ ပြန့်ကြဲကာ ကျန်နေခဲ့သည့် နှင်းဆီပန်းစည်းလေးတွေပါ။

"အဟင့် ... သမီးရဲ့နှင်းဆီလေးတွေ ကျန်ခဲ့ပြီနော် ဦးဦး"

"သမီးရဲ့နှင်းဆီလေးတွေကို ပြန်ကောက်ပေးပါ ... "

"သမီးရဲ့နှင်းဆီလေးတွေကို ပြန်ကောက်ပေးပါ ... "

"မင်း ... မင်းက ဘာလုပ်တာလဲ ... "

"သမီး ... သမီးက နှင်းဆီပန်းရောင်းတာပါ အန်တီရယ် အဟင့် ... ဟင့် ... ဟင့် ... "





"ဘုရားရေ ... မင်းက နှင်းဆီပန်းရောင်းတာ ဟုတ်လား"

ခေတ်မှီမှီဝတ်ထားတဲ့ အန်တီကြီး မျက်လုံးပြူးသွားတာကို မြူကမသိလိုက်ဘဲ စောစောက ဦးလေးကြီးတွေ ဝိုင်းကောက်ပေးလိုက်တဲ့ နှင်းဆီလေးတွေက ကားပေါ်ကိုရောက်လာတော့ ထိုအန်တီကြီးမျက်နှာက အသိသာဆုံးပျက်သွားသည်။

"အို ... မတင်နဲ့နော် ... မတင်နဲ့ ... ဒီကျက်သရေမရှိတဲ့ နှင်းဆီတွေကို ကျွန်မကားပေါ်မတင်နဲ့ ... ဘယ်လောက်လျော်ပေးရ ပေးရ ... ကျွန်မပြန်လျော်ပေးမယ် ... ကိုကို လုပ်ပါဦး ... ဒီနှင်းဆီတွေကို ရိပ်ဘယ်လောက်မုန်းတယ်ဆိုတာ ကိုကိုသိတယ်နော် ... "

ဘုရားရေ ...

ရိပ်တဲ့ ...

ဒီအန်တီနာမည်က ရိပ်ဆိုပါလား။

"ဟာ ... မာမီကလည်း ဒီနှင်းဆီလေးတွေက ဘာအပြစ်ရှိလို့လဲ ... ဒီမမ သနားဖို့ကောင်းပါတယ် ... ပေး ... ပေး အဲဒီနှင်းဆီပန်းစည်းလေးတွေ သားကိုပေး ... နောက်ခန်းမှာ သားကိုင်ထားပေးမယ်"

အို ... ကြည့်စမ်း ...

မြူထိုင်လိုက်ရတဲ့ ကားနောက်ခန်းထဲမှာ မြူထက်အသက်နည်းနည်းလေးငယ်ပုံရတဲ့ ကောင်လေးတစ်ယောက်။ ယောက်ျားလေးတစ်ယောက်ပေမယ့် မျက်တောင်ရှည်လေးတွေက ကော့လို့။ မျက်ဝန်းလေးတွေက တောက်ပဝင်းစက်လို့ ကြည့်လိုက်တာနှင့် စိတ်ထားကောင်းသည့် ကောင်လေးတစ်ယောက်ဆိုတာ သိသာ



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"အို … မကိုင်နဲ့ … မကိုင်နဲ့၊ ဒီနှင်းဆီတွေကို မာမီမုန်းတယ်"

"မာမီမုန်းတဲ့ ဒီနှင်းဆီတွေကို မာမို့သားငယ်လေး … ကိုင်မထားနဲ့ … "

အော်သံကရူးသလို ကားအောက်ကိုပြန်ပစ်ချဖို့ကိုလည်း ထိုအန်တီကြီးက ကြိုးစားနေသည်။ ဒါကို ကောင်လေးက လက်မခံပါ။

"ဟာ … မာမီကလည်း ဒီပန်းရောင်းတဲ့မမက သနားပါတယ်၊ မာမီမတရားမလုပ်ပါနဲ့ … သားမကျေနပ်ဘူး"

ကောင်လေးက နှင်းဆီပန်းစည်းလေးတွေကို သူ့လက်ထဲမှာပဲ ပွေ့ကိုင်ပေးထား၏။ ဒီလိုနဲ့ မြို့ရောက်သွားခဲ့တာ ခေတ်မှီသားနားသော ခြံကျယ်ကြီးတစ်ခုထဲကိုပါ။

"ကဲ … မင်းဒဏ်ရာကိုပြစမ်း … "

"အား … နာတယ် … သမီး … သမီးခြေထောက်ကထောက်လို့မရတော့ဘူးဦးဦးရဲ့ အဟင့် … ဟင့် … ဟင့် … "

"မင်း … ဟန်မဆောင်နဲ့နော် … မနာဘဲနဲ့နာချင်အောင်ဆောင်ပြီး လျော်ကြေးတောင်းဖို့တော့ မကြိုးစားနဲ့ … လူတွေကပိုင်းပြောနေလို့ မင်းကိုခေါ်လာခဲ့ရတာ … "

ကားမောင်းတဲ့ဦးဦးက ရက်ရက်စက်စက်ပြောပေမယ့် ဟိုကောင်လေးကတော့ မြို့မျက်နှာလေးကို မေးလေးထောက်ပြီးကြည့်နေတာ ဂရုဏာသက်သော မျက်ဝန်းကလေးတွေနှင့်ပါ။ မြို့စဉ်းစားနေတာက ရိပ်ဆိုသည့်အန်တီကြီးဟာ မြေနီကုန်းညဈေးတန်းအဝ,မှာ နှင်းဆီပန်းတွေအော်ရောင်းခဲ့ရတဲ့ အန်တီကြီးလား။ ဟိုကားမောင်းတဲ့ သူဌေးဦးဦးနဲ့ညားပြီး ဒီအန်တီကြီးချမ်းသာ





သွားတာလား။

"ကိုကိုနော် … ဒီကောင်မလေးကို ဆေးကုပေးပြီးမြန်မြန်ပြန်ခိုင်းလိုက် … "

အန်တီကြီးက မကြည့်ချင်သလို မျက်နှာလွှဲကာ အခန်းထဲကိုဝင်သွားပြီး ဟိုဦးဦးက ဆရာဝန်တစ်ယောက်ကို ဖုန်းဆက်လှမ်းခေါ်နေသံကြားလိုက်ရသည်။ ဒါကြောင့်မို့ မြို့အနားမှာ ဘယ်သူမှမရှိ။

"မမ … "

"ဟင် … မောင်လေး … "

"မာမီပြောတာကို မမ … စိတ်မဆိုးနဲ့နော် … ကျွန်တော်တောင်းပန်ပါတယ် တကယ်ဆို ဒီအိမ်က ဦးဦးနဲ့ညားသွားလို့ ကျွန်တော်တို့က ချမ်းသာလာတာပါ … အရင်တုန်းကဆိုရင် မြေနီကုန်းဈေးပေါက်ဝ,လေးမှာ မမလိုပဲ ကျွန်တော့်မာမီက နှင်းဆီပန်းလေးတွေအော်ရောင်းခဲ့ရတာလေ … ဒါကို လူတွေသိမှာစိုးလို့ နှင်းဆီပန်းတွေမြင်တိုင်း မာမီကကြောက်နေတာ ကျွန်တော်ကတော့ တစ်ကိုယ်လုံး မိုးရေတွေစိုရွှဲပြီး လမ်းပေါ်မှာနှင်းဆီပန်းတွေ လိုက်ရောင်းနေရတဲ့ မမကို သနားတယ် … "

"အို … ကြည့်စမ်း … ဒါ … ဒါဆို မောင်လေးရဲ့မာမီက ဒေါ်အရိပ်ညိုလား … "

"ဟာ … ဟုတ်တယ်လေ … မမက မာမို့ကိုသိလို့လား"

"မသိပါဘူး မောင်လေးရယ် … မမ ကြားဖူးနေတာပါ၊ ဟိုဟို … မမကို ဆေးမကုပေးနဲ့တော့နော် မောင်လေး … မမ သွားသွားတော့မယ် … အား … "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မမ … "

မြ ကြိုးစားပြီး ထ,ရပ်လိုက်တာ ယိုင်လဲတော့မလိုတော ဖြစ်သွားသည်။ ခြေထောက်လေးခေါက်ပြီး လဲကျခဲ့တာမို့ မြလ ကောင်းကောင်းမလျှောက်နိုင်တော့ပေမယ့် ကြိုးစားပြီးလျှော လိုက်တော့ ခြံဝကိုရောက်သွားသည်။ ကောင်လေးက နှင်းဆီပ စည်းတွေကိုပွေ့ကိုင်ကာ နောက်ကပြေးလိုက်လာလျှက်။

"ဟာ … မမ … မသွားနဲ့လေ"

"ပေး … ပေး မောင်လေး … မမရဲ့နှင်းဆီတွေ မမကိုပေး"

"ဟော့ကောင် အဝေးနှင် … သူက ဘယ်သူလဲ"

"ဟင် … "

နောက်တစ်ယောက်ရောက်လာတာ မြနဲ့ရွယ်တူ ကောင် လေးတစ်ယောက်။

စပို့ရှပ်အဝါနုအကောင်းစားလေးကို နက်ပြာရောင် စတိုင်လ် ပန်လေးနဲ့တွဲဝတ်လို့။

"ဒီ … ဒီမမက လမ်းပေါ်မှာ နှင်းဆီပန်းလေးတွေ လိုက် အော်ရောင်းနေတဲ့မမလေ … အဲဒါ … ဦးဦးမောင်းတဲ့ကားနဲ့ မတော်တဆတိုက်မိသွားလို့ ဆေးကုပေးမလို့ခေါ်လာတာ … အဲဒီ ဒီမမက မကုဘဲပြန်ထွက်သွားလို့ ကျွန်တော်လိုက်ခေါ်နေတာ ကိုကိုကြီးရ … "

"ဟော့ကောင် … အဲဒါ မင်းအလုပ်မဟုတ်ဘူး အထဲကိုပြန် ဝင်စမ်း … "

ထိုကောင်လေးက မြကိုတစ်ချက်လေးတောင် လှည့် မကြည့်ဘဲ ခြံထဲကိုမျက်နှာလေးမော့ကာ ဝင်သွားသည်။ ထိုအချိန်





မျက်နှာပျက်ပျက်နဲ့ ခြံဝကိုပြေးထွက်လိုက်လာတာ ထိုအန်တီ ကြီးပါ။

"ဟိတ် … မင်းဘာလို့ပြန်ထွက်သွားတာလဲ … "

အော်သံကိုကြားလိုက်ရပေမယ့် မြလှည့်မကြည့်ချင်ပါ။

ဒီအန်တီကြီးဟာ ဖေဖေ့ဘဝကိုဖျက်သွားတဲ့ အန်တီကြီး။ အညအခရာမျိုးစုံနဲ့ ဘဏ်ထဲက ဖေဖေ့ပိုက်ဆံတွေကို တပြားတစ် ချပ်မှမကျန်အောင်ယူသွားပြီး ပိုက်ဆံတွေကုန်တော့မှ ဖေဖေ့ကို တကယ်လက်မထပ်ဘဲ အသည်းခွဲချန်ထားခဲ့တဲ့အန်တီ။ ဒေါ်အရိပ် ညိုဆိုတာလည်း မြက ကောင်းကောင်းသတိရသွားခဲ့ပြီ။ သို့သော် ထိုအန်တီဒေါ်အရိပ်ညိုကတော့ မြကိုမှတ်မိပုံမရပါ။ မြ့ပုံစံလေးက ဖေဖေပိုက်ဆံရှိစဉ်ကလို မဟုတ်တော့ဘဲ နွမ်းနွမ်းဖတ်ဖတ်လေးနဲ့ မြလျော်လျော်ပိန်ကပ်ကပ်လေး ဖြစ်နေရသည်မဟုတ်လား။

"ဟို … ဟို … "

မြ ရင်နာနာနဲ့ မျက်ရည်လေးတွေဝဲလာရပြီပေါ့။

"ဟွန်း … အစကတည်းက ညည်းကို ငါကားပေါ်တက်စေ ချင်တာမဟုတ်ဘူး၊ အခုလည်း ငါတို့ဆေးကုပေးတာ မခံချင်လို့ ညည်းသဘောနဲ့ညည်းပြန်တာနော် … နောက်မှ ငါတို့ကိုအမှုလာ မပတ်နဲ့ … ရော့ … ညည်းရဲ့နှင်းဆီတွေ ညည်းအကုန်ပြန်ယူသွား"

ကောင်လေးလက်ထဲက နှင်းဆီပန်းစည်းတွေ အတင်းဆွဲလု ယူကာ မြ့မျက်နှာလေးဆီ ပစ်ပေါက်လှမ်းပေးတော့ နှင်းဆီတွေ ဟာ မြေပြင်ပေါ်ကိုပစ်ကျသွားသည်။

"အဟင့် … "

ဝမ်းနည်းတော့ မြရှိုက်ငိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားငယ်လေး ... အဝေးနှင် ခြံထဲကို မင်းပြန်ဝင်စမ်း"

ဒေါ်အရိပ်ညိုက သူ့သားကို မျက်နှာထားဝင့်ဝင့်နဲ့ပြန်ခေါ်နေ၏။

သို့သော် ... အဝေးနှင်က သူ့အမေနောက်ကို ပြန်လိုက်မသွားဘဲ ...

"မမ ... ကျွန်တော် တောင်းပန်ပါတယ် ... ကျွန်တော့်မုန့်ဖိုးထဲက စုထားတဲ့ပိုက်ဆံတွေ မမယူသွားပါ ... "

"ဟင် ... "

မြူ့လက်ထဲကို ပိုက်ဆံတွေအများကြီး ထိုးထည့်ပေးနေတဲ့ အဝေးနှင်ဆိုတဲ့ကောင်လေး ... စိတ်သဘောထားလေးက ဖြူစင်လွန်းလှချည်လား။

"ကျွန်တော် ... ကျွန်တော် ... မမကို သနားလို့ပေးတာပါ"

"ကျွန်တော် ... မမကို သနားလို့ပေးတာပါ ... "

"အဟင့် ... ဟင့် ... ဟင့် ... "

"အဟင့် ... ဟင့် ... ဟင့် ... "

"ဟာ ... MD မငိုနဲ့လေ MD သတိရပြီလား ... MD မွေးနေ့စင်မြင့်ကြီးပေါ်မှာလဲကျသွားလို့ အာရှတော်ဝင်မှာ အညိုရောင်တို့အားလုံးစောင့်နေတာ ... "

"ဟင် ... "

အဝေးနှင်ဆိုတဲ့ကောင်လေး ဘယ်ရောက်သွားပြီလဲ။

မြူ့လက်ထဲကို ပိုက်ဆံတွေပေးနေတဲ့ကောင်လေး။ သူ့အမေနဲ့သူ့အစ်ကိုတွေက အဖက်မတန်သလို ဆက်ဆံနေတာကို မဟုတ်မခံ ကြွပ်ဆတ်ဆတ်စိတ်ကလေးနဲ့ မြူ့ဘက်က ရပ်တည်





သွားခဲ့တဲ့ကောင်လေး။

"MD သတိရပြီလား"

"MD အနားမှာ အညိုရောင်တို့အားလုံးရှိတယ်လေ"

မြူ သတိရခဲ့ပါပြီ။

"မ ... မ ... ဘယ်ရောက်နေတာလဲဟင် အညိုရောင်"

"မွေးနေ့ပွဲမှာ စိတ်တွေအရမ်းပင်ပန်းပြီး MDလဲကျသွားလို့ အာရှတော်ဝင်မှာ MDရောက်နေတာလေ ... "

"အဝေး ... အဝေးနှင်ဘယ်မှာလဲ သူပြန်သွားပြီလား"

"ကျွန်တော်ရှိပါတယ်မ ... ခင်ဗျား တစ်ခုခုဖြစ်သွားမှာစိုးလို့ ကျွန်တော် စောင့်နေတာ ... "

"အို ... ကြည့်စမ်း ... "

ဘေးခန်းနံရံလေးကို ကျောကပ်မှီကာ လက်ပိုက်ရပ်နေတဲ့ အဝေးနှင်။

အသံလေးက ခုထိမာနေဆဲ။

"မင်း ... မင်းက မဲ့ဆီက လက်ထပ်ခွင့်လေးကို စင်မြင့်ကြီးပေါ်ကနေ တရားဝင်တောင်းလိုက်ပြီနော် ... "

"ဟွန်း ... "

"မင်းရဲ့ အဲဒီတောင်းဆိုမှုကို မလက်ခံလိုက်ပြီ သိလား"

"ဗျာ ... "

"အို ... "

"ဟင် ... "

အညိုရောင်တို့အားလုံး မျက်လုံးပြူးသွားသည်။

"မဲ့ မင်းကို ချစ်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟား … ဟား … "

ကိုယ်ကို နံရံမှာခွာလျှက် အဝေးနှင်ရယ်ချလိုက်တာ ဟက်ဟက်ပက်ပက်။

"ခင်ဗျား … ခင်ဗျား … ကျွန်တော့်ကို မနောက်နဲ့နော်မ၊ ခင်ဗျားကို လက်စားချေချင်လို့ နှင်းဆီတစ်ပွင့်နဲ့လိုက်လာတဲ့အဝေးနှင်ကို ခင်ဗျားမုန်းနေတာ … "

"အဝေးနှင်ရယ် … မင်းကိုလေ … မ,က … "

အဝေးနှင်ဆိုတဲ့ ဒီချာတိတ်လေးနားလည်အောင် မြူဘယ်လိုရှင်းပြရမလဲ။

"MD … MD … ဘာတွေပြောနေတာလဲ၊ အဝေးနှင်ကို MD ဘာဖြစ်လို့ စတွေ့တဲ့နေ့ကတည်းက အရှုံးပေးချင်နေရတာလဲ သူ … သူက … MDကို အနက်ရောင်နှင်းဆီလေးတစ်ပွင့်နဲ့ လက်စားချေဖို့လိုက်လာတာလေ … "

လွှာကလည်း စိုးရိမ်ပူပန်သံကလေးနှင့်ဝင်ပြောသည်။ MD ဒီလိုအရှုံးပေးလိုက်တာကိုတော့ လွှာတို့အားလုံး ဘယ်သူမှလက်မခံနိုင်ကြပါ။ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပြုံးပြီးတော့ လက်ပိုက်ရပ်နေတဲ့သူကိုလည်း လွှာမျက်စောင်းလေးဝဲကာ ထိုးမိသည်။

"ဟွန်း … အဝေးနှင်နော် … ရှင် MD ကို စင်မြင့်ပေါ်အထိတက်ပြီး အရှက်တကွဲအကျိုးနည်းဖြစ်အောင် စိမ်ခေါ်ခဲ့တာ ရှင်ကျေနပ်ပါ … ရှင့်ကြောင့် MD ခုလို လဲကျသွားတာ ကျွန်မတို့ MD တစ်ခုခုဖြစ်သွားရင် ရှင်မလွယ်ဘူး … "

လွှာလှည့်ပြီးတော့လည်း ရန်တွေ့လိုက်မိ၏။

တကယ်မလွယ်တဲ့ အဝေးနှင် …





ဂုဏ်သရေရှိ ညှိပရိသတ်တွေရှေ့မှာ Black Rose လေးတစ်ပွင့်ကိုကိုင်ပြီး တောင်းဆိုလိုက်တာ လက်ထပ်ခွင့်ပေးပါတဲ့။ အိပ်မက်စေတမန်ရဲ့ဂုဏ်ထူးဆောင် … မန်နေဂျင်းဒါရိုက်တာ တစ်ယောက်ကို ဒီလောက်ထိ တိုက်ခိုက်အနိုင်ယူနေတာ ရှင်သိပ်ကိုတရားလွန်နေပြီ အဝေးနှင်။

လွှာ … MD ကိုယ်စားမခံနိုင်လို့ ဝင်ပြောလိုက်မိတာပါ။

"အဝေးနှင် … "

"ဟွန်း … ခင်ဗျားပြောလေ … မ … "

မင်းကို အနိုင်မယူရက်လို့ မ,အရှုံးပေးလိုက်တာကို မင်းဘာဖြစ်လို့ ရယ်မောဟားတိုက်နေရတာလဲ အဝေးနှင် … မ,ရင်ထဲမှာ နှစ်ပေါင်းများစွာ မင်းရှိနေခဲ့တာကို မ,မင်းကို ဘယ်လိုရှင်းပြရမလဲ … မင်းတကယ်မသိခဲ့တာလား၊ မင်းတကယ်မမြင်နိုင်ခဲ့တာလားဆိုတာ မ,ရင်ထဲမှာ အကြိမ်ပေါင်းများစွာ ပြန်မေးနေမိတဲ့ မေးခွန်းတွေပါ

MD … မမိုက်ဘူး အညိုရောင် … "

"လွှာ … မင်းမပြောနဲ့အသာနေစမ်း … MD စိတ်ကို အညိုရောင်အသိဆုံး … တစ်ခုခုကြောင့် အဝေးနှင်ကိုပေးဆပ်ဖို့ MDကြိုးစားနေတာ မှားနဲ့ပစ်မယ့်မှုဆိုးကို MD ဒူးထောက်နေတာမဟုတ်ဘူး၊ နားလည်လား … ပစ်မယ့်မှားတွေအားလုံး ပန်းပွင့်တွေဖြစ်သွားအောင် MD ဖန်ဆင်းနေတာ၊ အခုတောင် အဝေးနှင်ရဲ့မျက်ဝန်းတွေ ခဏလေးနဲ့အရောင်ဖျော့ကျသွားတာ … ပြောရရင် မာနကြီးတဲ့ ယောကျ်ားတစ်ယောက်နဲ့ မာနကြီးတဲ့မိန်းမတစ်ယောက်ရဲ့ ဒိုင်ပွဲဟာ အဆုံးသတ်တစ်နေ့ကို မကြာခင်ရောက်သွားတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ထင်တယ် ... ”

“ဒီအဆုံးသတ်ဟာ MD ရှုံးသွားတဲ့အဆုံးသတ်မျိုး ဘယ်တော့မှ မဖြစ်စေရဘူး၊ ဒီပွဲမှာ အဝေးနှင်ကို MDနိုင်ကို နိုင်စေရမယ်၊ တကယ်ချစ်လို့ လက်ထပ်ခွင့်တောင်းတာကို လှာတို့က ခွင့်ပြုနိုင်ပေမယ့် အဝေးနှင်က လက်စားချေချင်လို့ လက်ထပ်ခွင့်တောင်းနေတာလေ၊ ဒါကို MD က အရှုံးပေးလိုက်လျှောနေတာ လှာအံ့ဩတယ်”

“မင်းစောင့်ကြည့်လိုက်ဦးလေလှာ ... ကမ္ဘာပေါ်မှာ သိပ်ကို ကြောက်စရာကောင်းတဲ့ ထောင်ချောက်တွေ ဘယ်မှာရှိသလည်းဆိုတာ မင်းသိလား ... ”

“မသိဘူး အညိုရောင် ... ဘယ်မှာရှိတာလဲ ... ”

“လှပအေးစက်တဲ့ မိန်းမတစ်ယောက်ရဲ့မျက်ဝန်းထဲမှာ”

“ဟင် ... ”

အညိုရောင်က အပြတ်သားဆုံးဖြေကာ မျက်နှာလေးကို မော့လျှက် ရယ်လိုက်သည်။

အခန်းထဲမှာတော့ မြူနဲ့အဝေးနှင်က နှစ်ယောက်တည်း

“အဝေးနှင် ... ”

“ဟုတ်ကဲ့ ... ကျွန်တော် နားထောင်နေပါတယ်”

“မင်း ... မကို သိပ်နာကျည်းနေသလားဟင်”

“ဟာ ... ခင်ဗျား ဘယ်လိုမေးလိုက်တာလဲ”

မြူကို မကြည့်တော့ဘဲ အဝေးနှင်က ကိုယ်ကလေးကို ရှေ့ခနဲလှည့်မိသည်။ သူ့နားထဲမှာ ပြန်ကြားနေရတာက မာမီပြောခဲ့သည့်စကားတွေပါ။



“မင်း ... မင်း မြူနှင်းစေရာ ပြောတဲ့စကားတွေကို မယုံနဲ့နော်၊ စိတ္တဇဖြစ်ပြီး ရူးသွားတဲ့ကိုတောင် သမီးလေးကသေသွားလို့ အရိုးတောင်ဆွေးနေလောက်ပြီ၊ မင်းကို တမင်ဉာဏ်နီဉာဏ်နက်တွေသုံးပြီး မြူနှင်းစေရာက လှည့်စားနေတာ၊ အခု ... မင်းရှေ့ကို ရောက်နေတဲ့မြူနှင်းစေရာက မာမီတို့အတိတ်ဘဝက အဖြစ်အပျက်တွေနဲ့ဘာမှမဆိုင်တဲ့ မြူနှင်းစေရာ ... ဒါ ... မင်းကို ပြိုင်ဘက်တစ်ယောက်အနေနဲ့သဘောထားပြီး မင်းအသည်းကို ရက်ရက်စက်စက် ခွဲဖို့ မာယာတွေသုံးနေတာ ... ”

မာမီ့စကားတွေက နားထဲမှာ ဝေ့ဝဲနေဆဲ။

ဒါကိုလည်း အဝေးနှင်က အကြွင်းမဲ့ယုံပါသည်။

“အဲဒီတော့ မာမီ ... မင်းကို တစ်ခုပဲပြောမယ် ... ကိုကိုကြီးအတွက် ဒီမိန်းမကို မင်းသေချာပေါက် လက်စားချေရမယ်၊ ဒီမိန်းမနဲ့ ကြီးကျယ်ခမ်းနားတဲ့လက်ထပ်မင်္ဂလာပွဲကြီး တစ်ခုဖြစ်လာအောင် မင်းကြိုးစားရမယ် ... အဲဒီလက်ထပ်တဲ့ညမှာပဲ ဒီမိန်းမကို မင်းလက်စားချေပါ ... ”

“မ ... မ,မေးနေတာ မင်းဖြေလေ အဝေးနှင် ... ”

“ဗျာ ... ”

“မ,ကို မင်းဘာဖြစ်လို့ ဒီလောက်တောင်နာကြည်းနေရတာလဲ ... ”

မြူက လူနာခုတင်လေးထက်မှာ ကော့ညွတ်သော မျက်တောင်တွေကို တဖျတ်ဖျတ်ခတ်လျှက်။ သူနှင့်အကြည့်ချင်းဆုံသွားချိန်မှာ မြူ့နှုတ်ခမ်းလေးဆီမှာ အပြုံးယွဲ့ယွဲ့လေးတစ်ခုက ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... အဲဒါတွေအားလုံး ခင်ဗျားကို အဝေးနှင်က အပြတ်ကြေငြာထားပြီးသားလေ ... ဒီပွဲရဲ့အရေးအကြီးဆုံးအဖြေဟာ ခင်ဗျား ... ကျွန်တော်ကို လက်ထပ်လိုက်ဖို့ပါ ဒီလက်ထပ်ခွင့်ကိုရရင် ကျွန်တော် ကျေနပ်ပြီ ... "

"အဲဒါ ... မ,လက်ခံလိုက်ပြီလေ ... ဘာလဲအဝေးနှင် ဒီလိုလက်ထပ်ပြီးတဲ့အချိန်ကိုရောက်မှ ညှင်းပန်းနှိပ်စက်မှုတွေအမျိုးမျိုးနဲ့ မ,နှလုံးသားထဲမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နှက်သွားအောင် မင်းက ဒဏ်ခတ်အရေးယူတော့မလို့လား၊ ရပါတယ် ... မင်းကြိုက်သလို မ,ရဲ့အနာဂတ်တွေကို စီရင်ချက်ချလိုက် ဟုတ်ပြီလား ... ပေးဆပ်ခြင်းဆိုတဲ့တံတားတစ်ခုပေါ်မှာ အပြုံးတွေနဲ့ပဲ မင်းကို မ,က စောင့်ကြိုနေမှာပါ ... "

"ဟား ... ဟား ... "

"အို ... မင်းမရယ်နဲ့လေ အဝေးနှင် ... "

"ခင်ဗျား ... ခင်ဗျား ... တကယ်တော်ကိုညက်တယ်ဗျာ၊ ဟား ... ဟား ... ကျွန်တော်ကလည်း ခင်ဗျားရဲ့အထာကိုသိလို့ မွေးနေ့စင်မြင့်ကြီးပေါ်ကနေ ခင်ဗျားရဲ့ကုမ္ပဏီလောကက အသိုင်းအဝိုင်းတွေအားလုံးသိအောင် တစ်ခါတည်းစစ်ကြေငြာလိုက်တာ၊ အဲဒီတော့ ခင်ဗျားကို မကြာခင်လက်ထပ်ယူဖို့ ကျွန်တော်ကြိုးစားမယ် ... "

"ဒါဆိုရင် မင်းဆီကနေ မ,တစ်ခုပဲ တောင်းဆိုချင်တယ်"

"ဟင် ... ခင်ဗျားက ဘာကိုတောင်းဆိုမှာလဲ ... "

"မင်းမာမီကိုယ်တိုင် လူကြီးစုံရာနဲ့ မ,ကိုလာတောင်းပါ"

"ဟာ ... အဲဒါတော့ ... ခင်ဗျား ... "





အဝေးနှင်က အံ့သြသွားဟန်လေးနှင့် မျက်မှောင်လေးတစ်ချက်ကျုံ့ကြည့်ကာ ကိုယ်ကလေးကို နောက်ပြန်တစ်ပတ်လှည့်ပစ်လိုက်ပြီး ဟားတိုက်ရယ်ချလိုက်ပြန်ပြီ။

"ဟား ... ဟား ... "

"ဟွား ... ဟား ... ဟား ... "

"ခင်ဗျား ... ခင်ဗျား ... သိပ်လှတဲ့ရိုက်ချက်တွေနဲ့ ဒိုင်ပွဲရပ်ဖြစ်သွားအောင် တစ်ချက်တည်းကတော့မလို့လား ... ဒေါ်မြနှင်းစေရာရယ် ... ခင်ဗျားတကယ်တော်တယ်ဗျာ ... စင်ပေါ်မှာ ခင်ဗျားလဲကျသွားတုန်းက ပရိသတ်တွေအားလုံးရဲ့ ဂရုဏာတရားတွေအားလုံးကို ခင်ဗျားသိမ်းပိုက်သွားခဲ့တာလေဗျာ၊ အခုလည်း ... လက်ထပ်ခွင့်ပေးပြီး ခင်ဗျား ကျွန်တော့်ကိုတစ်ကွက်ရွှေ့ဖို့ကြိုးစားလိုက်တာ ... ဟွန်း ... ကျွန်တော့်မာမီကလည်း ဒီထောင်ချောက်ကို မမြင်ဘဲ ရှေ့ကိုအတင်းတက်လာလိမ့်မယ်လို့ ခင်ဗျားထင်ထားလို့လား၊ ကျွန်တော် ... ခင်ဗျားကိုလက်ထပ်ချင်တာက ရာမဇာတ်ထဲက ဒသဂီရိဘီလူးက မယ်သီတာကို လေပေါ်မှာပျံပြီး ပန်းရထားနဲ့အတင်းခိုးပြေးယူသွားသလို လက်ထပ်ချင်တာ ကျွန်တော့်သဘောထားက ရှင်းပါတယ် ... ကဲ ... ဒါပါပဲ ... ခင်ဗျားသက်သာသွားပြီဆိုတော့ ကျွန်တော်လည်း ပြန်တော့မယ် ... ဗွတ်နိုက် ဒေါ်မြနှင်းစေရာ ... မနက်မိုးလင်းတာနဲ့ လှပတဲ့အိပ်မက်တွေကြားက ခင်ဗျားနိုးထလာနိုင်ပါစေ"

"မင်း ... မင်းမသွားနဲ့ဦးလေ အဝေးနှင် ... "

"အဝေးနှင် ... "

မြို့အသံလေးက တိမ်နစ်သွားပေမယ့် အဝေးနှင်က လှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်တော့ပါ။

အဝေးနှင်ရယ် ...

ဖွားမြတ်သခင် တိုက်ခဲ့တဲ့ကြိမ်စာတွေ မသင့်စေချင်တော့လို့ မင်းကိုလက်ထပ်ဖို့ မ,ခွင့်ပြုခဲ့တာပါ။ ဒါကိုတောင် နာကြည်းချက်တွေနဲ့ မင်းက လက်စားပြန်ချေချင်နေသေးတယ်။ သေချာတာတစ်ခုက မ,မင်းကို အနိုင်မယူရက်ဘူး အဝေးနှင်။

မ,ဆယ်နှစ်သမီးအရွယ်လေးကတည်းက မိုးရေထဲမှာ တွေ့ခဲ့ရတဲ့မင်းကိုလေ ... ။

..........

အခန်း ( ၁၃ )

"ဘာ ... ဘာပြောတယ် အရိပ်ညို့နဲ့ ... အရိပ်ညို့ဆိုတဲ့ အသည်းစားဘီလူးမကြီးနဲ့ သမီးတွေ့ခဲ့တယ် ဟုတ်လား ... ဟား ဟား ... ဖေဖေ စိတ်နာတယ်၊ ဖေဖေ့ပိုက်ဆံတွေကို ဒီမိန်းမဖြုန်းသွားတာ ဒီမိန်းမကြောင့် ဖေဖေတို့သားအဖနှစ်ယောက် ဘဝပျက်ခဲ့တာ၊ သွား ... သွား ... ဒီမိန်းမရှေ့ကို သမီးပြန်သွားပြီး နှင်းဆီတွေနဲ့လက်စားချေခဲ့စမ်း ... "

"မုန်းတယ် ... မုန်းတယ် ... "

"ဒီမိန်းမအကြောင်းကို ဖေဖေ မကြားချင်ဘူး ... "

"သမီးကြီးလာရင် ဒီမိန်းမကို လက်စားချေရမယ် ... "

"ဖေဖေပေးခဲ့တဲ့ ဝက်ဝံရုပ်လေးပါတဲ့ ပိုးကြိုးလေးကို သမီးလည်ပင်းမှာ အမြဲဆွဲထား ... ဒီပိုးကြိုးလေးကို မြင်နေသရွေ့ ဒီမိန်းမကို သမီးစိတ်နာနေရမယ် ... "

"ဟား ... ဟား ... "

ထနိမိုးထရံကာ အိမ်စုတ်ကလေးထဲမှာ ဝေဒနာသည်ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



က တဟားဟားအော်ရယ်ရင်း နှာကျည်းချက်တွေကို တတွတ်တွတ်ပြောနေသလို မြူကလည်း ဆံပင်ကြက်တောင်စည်းကလေးနဲ့ ဖေဖေ့မျက်နှာကိုပဲ ငေးကြည့်နေလို့သာ။

ဖေဖေပြောတဲ့ ပိုးကြိုးလေးကိုတော့ လည်ပင်းလေးမှာ မြူကဆွဲထားပြီးသားပါ။ ဒီနေ့ ဒေါ်အရိပ်ညိုနဲ့တွေ့ပြီး ခြေထောက်ထော့နဲ့ထော့နဲ့လေးနဲ့ပဲ အိမ်ကလေးကိုရောက်အောင် မြူကပြန်လာခဲ့ရတာလေ။

ကလေးသာသာအရွယ်လေးမို့ ...

ဒီအရွယ်လေးက နှင်းဆီပန်းလေးတွေလိုက်ရောင်းပြီး အဖေကို ရှာကျွေးနေတာ မြင်တွေကကြားသိရသူတိုင်းက ကရုဏာဖြစ်ကြသည်။

"ဘုရားရေ ... ဒီကောင်မလေးအဖေက ရူးနေလို့ ဒီကောင်မလေးက ရှာကျွေးနေရတာ ဟုတ်လား ... ဘုရား ... ဘုရား"

"ဟုတ်တယ်လေ ... ရူးတယ်ဆိုပေမယ့် ယဉ်ယဉ်လေးနဲ့ရူးနေတာ အရင်တုန်းကဆို ကုမ္ပဏီတွေမှာ ရှယ်ယာတွေထည့်ပြီးတော့တောင် အဲဒီကောင်မလေးရဲ့အဖေက ထက်ထက်မြက်မြက်နဲ့ အလုပ်လုပ်ခဲ့တာ ကောင်မလေးအမေသေတော့ ချူစားမြူစားတဲ့မိန်းမတစ်ယောက်နဲ့တွေ့ပြီး စည်းစိမ်ပြုတ် ဘဝပျက်ပြီး အဲဒီလူရူးသွားတာ၊ ဒါကို ဆယ်နှစ်သမီးလေးက လမ်းပေါ်မှာ နှင်းဆီပန်းလေးတွေအော်ရောင်းပြီး သူ့အဖေအရူးကြီးကို ရှာကျွေးနေတာလေ အရမ်းသနားဖို့ကောင်းတဲ့ကောင်မလေး ... ဆင်းရဲပေမယ့် အသားဖြူဖြူလေးနဲ့ မျက်လုံးလေးက ဝိုင်းဝိုင်းစက်စက်လေး ..."

"နေ ... နေတော့ရော ..."

ဗိုးလပြည့်စာပေ



"ရပ်ကွက်အဆုံးက ဘောလုံးကွင်းနားမှာအဲလေးထိုးပြီးနေရတာ"

"ဒါ ... တော်တော်သင်ခန်းစာ ယူစရာကောင်းတဲ့ဇာတ်လမ်းလေးပဲနော် ... စည်းစိမ်ပြုတ်ဒုက္ခရောက်တဲ့အထိ မိန်းမတစ်ယောက်က ဂြိုဟ်မွှေသွားတာ ... ဒါကို အရွယ်မရောက်သေးတဲ့သမီးလေးကခံနေရတာ ... ဘယ်လောက်သနားဖို့ကောင်းသလဲ"

ရပ်ကွက်ထဲက လူကြီးတွေပြောနေတာကို ကြားနေရတဲ့အချိန်မှာ မြူကတော့ မျက်ရည်ကလေးတွေဝဲလို့သာ။ မြူမှတ်မိနေတာက မြူငယ်ငယ်ကနေခဲ့ရတဲ့ အပျံစားနှစ်ထပ်တိုက်ကြီးကိုပါ။

မေမေဆုံးတော့ မြူက လေးနှစ်သမီးအရွယ်လေးပေါ့။

ဆွေမျိုးရင်းချာဆိုတာ မရှိသလောက်ရှားပါးတဲ့ဘဝမှာ မုဆိုးဖို ဖေဖေ့ကို သိမ်းပိုက်ချုပ်ကိုင်လိုကြသည့် အိမ်ဖော်မ ငယ်ငယ်ချောချောတွေရဲ့ လွှမ်းမိုးနှိပ်စက်သမျှကိုလည်း မြူကခံခဲ့ရသည်။

"ဟွန်း ... လာမပြောနဲ့ နင့်မှာအမေမရှိတော့ဘူး၊ ဒီအိမ်မှာ ငါတို့ချက်ကျွေးသမျှပဲ နင်စားရမယ် ... ငါတို့အိမ်သန့်ရှင်းရေးလုပ်ရင် နင်ပါလိုက်လုပ်ရမယ်၊ နင့်အဖေက ငါတို့ပြောရင်အကုန်ရတယ်၊ တိုက် ... တိုက် ... ဒီကြမ်းပြင်တွေ အဝတ်စုတ်ကလေးနဲ့ နင်ကိုယ်တိုင်လာတိုက်စမ်း ..."

မြူမျက်ရည်ဝဲဝဲလေးနဲ့ အဖေ့ကွယ်ရာမှာ အိမ်ဖော်တွေ အနိုင်ကျင့်နိုင်းသမျှ ဝိုင်းလုပ်ပေးခဲ့ရ၏။ ဖေဖေကလည်း အလုပ်က ပြန်လာတာနဲ့ အရက်ကလေးတမြမြနဲ့ အိမ်ဖော်မ ငယ်ငယ်ချောချောတွေကို ဦးစားပေးသည်။ သူတို့စကားကိုပဲ ဖေဖေက နားထောင်၏။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးရာ ✽ ဒီမှာ ဖေဖေ ငွေရေးကြေးရေးကိစ္စတွေ မပြေလည်လို့ စိတ်ညစ်နေတာ ... သမီးသိရဲ့သားနဲ့ သူတို့ချက်ကျွေးတာပဲ သမီးစားလိုက်နော် ... သူတို့ကိုလည်း သမီးပြဿနာသွားရှာမနေနဲ့"

မြူ မကျေနပ်လို့ ပြောမိလျှင်လည်း ဖေဖေက အိမ်ဖော်မတွေကို ကြောက်နေရတာနဲ့၊ ကလေးအရွယ်သာသာလေးမို့ ဖေဖေအခြေအနေကို မြူကမစဉ်းစားမိခဲ့သလို ဖေဖေအရက်မူးပြီးပြန်လာတိုင်း အိမ်ဖော်မ မူယာ့ကို အခန်းထဲကို အကြာကြီးခေါ်ခေါ်သွားတာ ဘာသဘောလဲ။

သူတို့က ဖေဖေအပြင်ကိုသွားပြီဆိုတာနဲ့ အိမ်မှာမျက်နှာတွေမော့ပြီး လက်မထောင်နေတာ။ ဖေဖေ တကယ်မသိခဲ့တာလား။

"ဟဲ့ ... မြူ ... အမလေးနော်၊ ညည်းလေးကြမ်းတိုက်နေတာ ဘယ်လိုတိုက်နေတာလဲဟင် ... ဒူးထောက်ပြီးတော့ အားနဲ့တိုက်လေ ... ဒုက္ခပါပဲ၊ ဒါလေးတိုက်တာတောင် မတိုက်တတ်ဘူးလား"

"ဟာ ... အဲလိုကြီး မြူမှမတိုက်တတ်တဲ့ဥစ္စာကို ..."

"ဟဲ့ ... မတိုက်တတ်ရင် တိုက်တတ်အောင် ညည်းသင်ထားရမှာလေ ..."

အိမ်ဖော်မ မမူယာက မျက်စောင်းကြီးကို ဝင့်ခနဲထိုးလိုက်သလို အမိန့်ပေးသံမျိုးနဲ့လည်း မြူကိုကြည့်ကာ မကျေမနပ်လှမ်းအော်သည်။ သူ့အမိန့်အတိုင်း မြူဒူးကလေးထောက်ကာ အဝတ်စုတ်ကလေးနှင့်တိုက်ရသည်။





"အေး ... အဲဒီလို နာနာလေးဖိတိုက်မှ ဒီပါကေးခင်းတွေက အရောင်လက်လက်ထ,သွားမှာပေါ့ တိုက်ထား ... တိုက်ထား၊ ဒီကြမ်းပြင်ပြောင်သွားမှ မနက်စာထမင်းကျွေးမယ်"

မမူယာအသံကိုကြားတော့ ထမင်းချက် အေးသီတာက မျက်နှာမဲ့သည်။

"ဟွန်း ... ပြောလိုက်ရင် သူဌေးသမီး ... သူဌေးသမီးနဲ့ နောက်ဆုံးကျတော့ ဒီအိမ်မှာ ညည်းလေးကြမ်းတိုက်နေရပြီမို့လား၊ အေး ... ဒီမှာ ကြမ်းတိုက်လို့ပြီးရင် ညည်းလေး ငါ့မီးဖိုခန်းထဲကို လာခဲ့ဦး ... ညည်းလေးကို ငါလည်းခိုင်းစရာရှိလို့ ..."

မြူကို သနားမယ့်သူ ထောက်ထားငဲ့ညာမယ့်သူ ဒီအိမ်မှာ မရှိပါ။

ပိုဆိုးတာက ဖေဖေဟာ အိမ်ကိုအချိန်မှန်ပြန်မလာတော့တာပင်။ အိမ်ဖော်မတွေအချင်းချင်း တီးတိုးပြောနေသံကြားတာက ဖေဖေဟာ နောက်ကွယ်မှာ မိန်းမတစ်ယောက်နဲ့အကြီးအကျယ် ပွေရှုပ်နေလို့တဲ့။

"နင် ... မသိဘူးလားမူယာ ... ဦးအောင်ပြန်မလာတာ မြေနီကုန်းဈေးပေါက်ဝမှာ နှင်းဆီပန်းရောင်းတဲ့ ... ကလေးနှစ်ယောက်အမေနဲ့ ဇာတ်လမ်းတွေရှုပ်နေလို့ ပြန်မလာတာ၊ အဲဒီမိန်းမက ကလေးနှစ်ယောက်အမေသာပြောတာ အသားလေး ဝင်းနေပြီးလှတာ ... မင်းသမီးရွှံ့းတယ် ... ကြာရင်စည်းစိမ်ပြုတ်မှာပဲ"

မြူကတော့ ... တစ်နေ့တစ်နေ့ ဖေဖေပြန်လာမယ့်အချိန်ကိုမျှော်ရတာ မျက်ရည်ဝဲဝဲလေးနဲ့။ အိမ်ထဲက ဖေဖေ့အလုပ်သမားတွေ နှိပ်စက်သမျှဒဏ်ကိုလည်း မြူကခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘဝရောက်မှတော့ ညည်းလေးဘာမှ ဝမ်းနည်းမနေနဲ့ အခု … နှင်းဆီပန်းရောင်းတဲ့ အရိပ်ညှိုဆိုတဲ့မိန်းမက ညည်းလေး အဖေပိုင်သမျှ ဘဏ်ထဲကပိုက်ဆံတွေကိုယူသွားတာ ကုန်သလောက်ဖြစ်နေပြီ … ပေါင်ထားတဲ့ဒီခြံနဲ့တိုက်ကိုလည်း ညည်းလေး အဖေပြန်မရွေးနိုင်တော့ဘူး … အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဒီတိုက်ပေါ်ကနေဆင်းပေးရတော့မယ် … "

ကိုယ့်မှာရှိနေရင်သာ …

သော်က်စားပျော်ပါးမယ့်သူတွေက ကိုယ့်အိမ်ကိုလာကြတာ။

ဟော … ကိုယ့်မှာလည်း စီးပွားကျရော တစ်နေကုန်မျှော်လို့တောင် ကိုယ့်ကိုအားပေးနှစ်သိမ့်မယ့်သူက တစ်ယောက်မှ မလာ။

"ဟဲ့ … မိမြူ … ညည်းလေးကိုငါပြောနေတာကြားလား ညည်းကလေးမဟုတ်တော့ဘူး … ကိုးနှစ်ကျော်လို့ ဆယ်နှစ်ထဲ တောင်ရောက်တော့မယ်၊ ငါတို့ကလည်း လခပုံမှန်ရတဲ့နေရာကို ပြောင်းတော့မှာ … ဒီနေ့ကစပြီး ညည်းလေးဝတ်တဲ့အဝတ်အစားတွေ ညည်းလေးကိုယ်တိုင်လျှော်ရမယ် … သွား … သွား အခုလောလောဆယ် ဟိုမှာတည်ထားတဲ့ဟင်းအိုးက ကပ်နေပြီ … လက်ရှလေးနဲ့မီးဖိုပေါ်ကချလိုက်၊ ဒီမှာ ငါနောက်တစ်အိုးထပ်တင်စရာရှိလို့"

ဒီလို အခိုင်းခံနေရတာလည်း နေ့စဉ်နဲ့အမျှပါ။

အဝတ်တွေလျှော်တော့လည်း မြူက ကလေးပေမယ့်ပါရသည်။ မီးပူတိုက်တော့လည်း မြူရှေ့မှာချပေးထားတာ အပုံလိုက်





အထပ်လိုက်။ အိမ်ဖော်မတွေရဲ့အဝတ်အစားတွေကိုတောင် မြူမီးပူတိုက်ပေးခဲ့ရတယ်ဆိုရင် မြူဘဝက ကမ်းကုန်နေပါပြီ။ ဖေဖေ့ဆီက အကြွေးတောင်းမယ့်သူတွေလာရင်လည်း ,အောက်ထပ်ကိုပြေးဆင်းကာ မျက်ရည်ဝဲဝဲကလေးနဲ့ အကြွေးရှင်တွေကြိမ်းမောင်းသွားသမျှ မြူကနားထောင်ရသည်။ တစ်ခါတစ်လေ ဧည့်သည်ကို ကော်ဖီဖျော်တိုက်ရပြီဆိုရင်လည်း မြူက ကော်ဖီဗန်းကလေးကိုင်ကာ အိမ်ဖော်မလေးတစ်ယောက်လို နေရသည်။

"ဟဲ့ … ကော်ဖီဗန်းကို ညည်းလေးဘယ်လိုကိုင်လာတာလဲ၊ လက်တုန်ခြေတုန်နဲ့ ကော်ဖီဗန်းကို ကိုင်လာတော့ အကုန်မှောက်ကုန်ပြီ၊ သုတ်စမ်း … သုတ်စမ်း … ကြမ်းပြင်ကို ညည်းအခုချက်ချင်း ပြောင်အောင်သုတ် … "

ပိုဆိုးတာက အဲဒီဧည့်သည်တွေက အိမ်ဖော်မတွေဆီကိုလာတဲ့ဧည့်သည်တွေပါ။

"မူယာရယ် … ဒါ ဒီခြံကြီးကိုပိုင်တဲ့ ဦးအောင်နိုင်နိုင်ရဲ့တစ်ဦးတည်းသော သမီးလေး မဟုတ်ဘူးလား … "

ဧည့်သည်တွေရှေ့မှာ ဒူးကလေးထောက်ပြီး ကြမ်းပြင်ပေါ်မှာ မြူက ကော်ဖီစက်တွေကို လိုက်သုတ်တော့ ဧည့်သည်တွေက မြူကို တအံ့တသြကြည့်ကာ မေးကြသည်။ ပြောမှာပေါ့။ မြူ့ပုံစံလေးက အိမ်မှာခိုင်းထားတဲ့ကောင်မလေးတစ်ယောက်နဲ့မှမတူတာပြီးတော့လည်း … မျက်တောင်ကော့ကော့ရှည်ရှည်လေးနဲ့ အသားလေးက ဝင်းနှစ်နေတာလေ။ မျက်ခုံးလေးနှစ်ခုကိုလည်းအလယ်မှာ ထိဆက်လို့။

"ဟုတ်တယ်လေ … အခု သူ့အဖေက ရှိသမျှကုန်ပြီးဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရောက်လာလို့၊ ဒီကောင်မလေးကိုပါ လက်တိုလက်တောင်း ခိုင်းနေရတာ၊ ဟဲ့ … သွား … သွား ကြမ်းဆက်မတိုက်နဲ့တော့ နောက်ဖေးမှာ လုပ်စရာရှိတာ သွားလုပ်တော့ …”

“သနားပါတယ်ဟယ် …”

“မျက်နှာလေးက ချစ်စရာလေးနော် …”

“ဟွန်း … နင်တို့ပဲသနားနေသလား … သူ့အဖေက အရှင်း ဆိုးတယ်၊ သောက်လိုက်ရင်လည်း လူမှန်းမသိအောင် သောက် သောက်ပြီးတော့မှ အချိန်မရှိ အချိန်ရှိပြန်လာတာ … ကြွေးတွေ မဆပ်နိုင်တော့လို့ ဒီတိုက်နဲ့ဒီခြံကို အပ်လိုက်ရတော့မယ်၊ အဓိက တရားခံက သူ့အဖေနဲ့ရှုတ်သွားတဲ့ အရိပ်ညိုဆိုတဲ့မိန်းမလေ၊ ဒီမှာ ကုန်တော့ နောက်တစ်ယောက်ပြောင်းသွားပြန်ပြီလေ … နောက် တစ်ယောက်နဲ့က အတည်ယူတော့မှာတဲ့ …”

“ဟယ် … သိတယ် … သိတယ် အဲဒီအရိပ်ညိုဆိုတဲ့မိန်းမထို ငါတို့မြင်ဖူးတယ်၊ မြေနီကုန်းဈေးပေါက်ဝ,လေးမှာ ပါးကွက်ကြား လေးနှစ်ဖက်နဲ့ နှင်းဆီပန်းတွေအော်ရောင်းနေတဲ့မိန်းမ … အခု အဲဒီမိန်းမက ကားတောင်ထည့်လဲစီးနိုင်နေပြီလေ … သူ့ပုံစံလေးက အရမ်းချောတော့ ပိုက်ဆံချမ်းသာတဲ့ သူဌေးမုဆိုးဖိုကြီးတွေ ဝိုင်း ဝိုင်းလည်နေတာ …”

မြူ … ဒီနာမည်ကို ကြားရဖန်များတော့ နားထဲမှာစွဲနေ သည်။

ဒီလိုနဲ့ပဲ သိပ်မကြာခင်မှာ တိုက်ကြီးပေါ်ကနေ အဝတ်ထ ထည်ကိုယ်တစ်ခုနဲ့ သားအဖနှစ်ယောက် ဆင်းပေးလိုက်ရသည်။

ဆင်းရဲတဲ့ရပ်ကွက်လေးထဲကို မြူစရောက်သွားခဲ့ချိန်မှာ မြူ





အသက်က ဆယ်နှစ်ပြည့်ခဲ့ပါပြီ။ မထင်မှတ်ဘဲ ဖေဖေကလေဖြတ် ပြီး အရူးကြီးတစ်ယောက်လိုဖြစ်သွားသည်။ ဖေဖေ့ကိုကြည့်ပြီး မြူ ဘုရားတ,ခဲ့ရ၏။

မှုန်ရွှေရည် ××× ခိုင်မာလာနှင်းဆီ ×××

ပလို့ဂို … အဟိ … ။

နှင်းဆီပန်းခြောက်တွေဟာ ဖေဖေ့အိပ်ယာဘေးမှာပြန့်ကြဲ လို့။

“ဟား … ဟား … မိန်းမတွေ အလကား၊ အသည်းခွဲပြီး တော့ ငါ့ကိုညာစား …”

“ဟား … ဟား … ဟား …”

“ဟား … ဟား … ဟား …”

“ဖေဖေရယ် … သတိထားပါနော် … ဖေဖေ့အနားမှာ သမီး ရှိတယ်လေ … ဒီနှင်းဆီပန်းခြောက်တွေ ဖေဖေဘယ်က သွား ကောက်လာတာလဲ … နှင်းဆီပန်းရောင်းတဲ့မိန်းမကြီးကို ဖေဖေ မေ့လိုက်တော့လေ … ဖေဖေရဲ့ ဒီမိန်းမကြောင့် သမီးတို့ဘဝပျက် ခဲ့ရတာ … ဖေဖေ ဘာလို့သူ့ကိုပဲ တမ်းတနေရတာလဲ …”

ဖေဖေ့ရှေ့မှာ ဒူးကလေးထောက်ထိုင်ကာငိုရင်း ကျလာတဲ့ မျက်ရည်တွေကို မြူမသုတ်နိုင်တော့ပါ။ ပတ်ဝန်းကျင်မှာ အတူနေ ကြတဲ့ အိမ်တွေကလည်း မြူတို့သားအဖနှစ်ယောက်ရဲ့ဘဝကိုကြည့် ကာ ရင်နာလို့မဆုံး။

“မြူ … သမီးလေး … သမီးလေးဖေဖေ နေမကောင်းဖြစ် နေလို့ သမီးလေးဘာမှ အားမငယ်နဲ့ … ဒေါ်ဒေါ်တို့က မီးရထား ပေါ်မှာဈေးရောင်းတာ … ဒေါ်ဒေါ်တို့နဲ့ဈေးလိုက်ရောင်းရင် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားဖို့တော့ သမီးလေးရှမှာပဲ ... ”

ဒီလိုအားပေးတဲ့သူတွေရှိသလို ...

ဘချို့ကျတော့လည်း ...

“အို ... ဟိုတုန်းက တိုက်နဲ့ကားနဲ့နေနိုင်တာ အခုလာမပြော နဲ့ ဒီကောင်မလေးက ဆင်းရဲသားရပ်ကွက်ထဲကိုပြောင်းလာတာ တောင် မျက်နှာထားလေးကတင်းချင်နေသေးတာ ... အဲဒါမျိုးကို မှတ်လောက်သားလောက်ဖြစ်အောင်ပုံစံပေးရမယ် ... ဟွန်း ... သူများအိမ်နောက်ဖေးမှာလည်း တဲထိုးနေသေး ... ဟိုတုန်းကလို ဘဝင်မြင့်ချင်လို့ရမလား ... ”

ဒါနဲ့ပဲ မြူ ... နှင်းဆီပန်းစည်းလေးတွေကို လမ်းတကာမှာ ပွေ့ကာလိုက်ရောင်းခဲ့ရတာလေ။ ဒီနေ့တော့ မြူတော့နဲ့တော့နဲ့ လေးနဲ့ အိမ်ကိုပြန်ရောက်လာသလို လမ်းမှာဖြစ်ခဲ့တဲ့အတွေ့အကြုံ ကို ပြောပြတော့ ... နာကြည်းစွာရယ်မောပစ်လိုက်တဲ့ဖေဖေ့အသံ လေးက နောက်ဖေးခန်းထဲကလေးထဲမှာ ဆူညံနေတော့တာလေ။

“ဟား ... ဟား ... ဟား ... ”

“မှန်းတယ် ... မှန်းတယ် ... ”

“အလကားမိန်းမ ... ”

“မင်း ... ငါ့အနားကိုမလာနဲ့ ... ”

“သွား ... ထွက်သွား ... ”

ထိုမိန်းမကို မြူနာကျည်းသွားရတာလည်း အတိုင်းထက် အလွန်ပါ။

သို့သော် မြူ့ကိုပိုက်ဆံတွေအထပ်လိုက်ပေးလိုက်သည့် အဝေးနှင်ဆိုသော နာမည်ဆန်းဆန်းလေးနှင့်ကောင်လေးတစ်





ယောက်ကိုတော့ မြူဘယ်တော့မှ မေ့လို့ရနိုင်မှာလည်း မဟုတ် တော့ပါချေ။

ဒီလိုနဲ့ ... တစ်နေ့မှာတော့ ထိုကောင်လေးနဲ့ပြန်ဆုံတွေ့ လိုက်ရတာ မြို့ပတ်ရထားကြီးပေါ်မှာပါ ... ထိုနေ့က မြူ့ကိုအိမ် ဖော်အလုပ်ကိုလုပ်ဖို့ အိမ်ရှေ့အိမ်က အစ်မကြီးတွေက အတင်း အကြပ်ခေါ်လာတုန်းကလေ။

မြူမလိုက်ချင်လို့ ငိုယိုပြီးတောင်းပန်တော့လည်းမရ။

“မမကြီးရယ် ... ဖေဖေ့ကိုထားခဲ့ပြီး မြူမလိုက်ပါရစေနဲ့ နော်”

“အဟင့် ... ဟင့် ... ဟင့် ... ”

ရထားပေါ်အတက်မှာ မြူရှိုက်ငိုတော့ မကြီးဗျိုင်းဖြူက မျက်ခုံးပင့်ကြည့်လျှက် အံကြိတ်တက်ခေါက်ကာ မြူ့လက်ကို အတင်းဆောင့်ဆွဲသည်။ နဂိုကမှ အားအင်ချိနဲ့နေရသူမို့ မကြီးဗျိုင်း ခပ်ကြမ်းကြမ်းလှမ်းဆွဲလိုက်တာကိုလည်း မြူကမခံနိုင်။

“ဒုန်း ... ”

အရှိန်နှင့်မို့ မြူပစ်လဲကျကာ ရထားထိုင်ခုံစွန်းကလေးနှင့် တိုက်မိသွားသည်။

“အား ... ”

နာလွန်းတော့ မြူရုတ်တရက် ပြန်မထနိုင်ပါ။

မြူတစ်ချက်ရှိုက်လိုက်ရင်း မျက်ဝန်းလေးရှေ့တည့်တည့်ကို ကြည့်လိုက်တော့ ခပ်နွမ်းနွမ်းယောကျ်ားလေးစီး ဝေါကင်းရှူးအဖြူ ရောင်လေးက မြူ့မျက်ဝန်းရှေ့မှာ အဒေါ်ကြီးတစ်ယောက်က မြူ့ ကိုစိုးရိမ်တကြီး ပွေ့ဖက်ကာ လှမ်းဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... သမီးလေး ... "

ပခုံးနှစ်ဖက်ကို ကြင်နာစွာ ကိုင်လှုပ်လိုက်တာလည်း မြူက သိသည်။

ရထားပေါ်မှာရှိနေသည့် ခရီးသည်တစ်ချို့ကလည်း မြူတို့ သုံးယောက် ဖြစ်လာတာကိုကြည့်၍ ပင့်သက်ရှူသူရှူ စုတ်သတ်သူ သတ်နှင့် တအံ့တဩလေးတော့ ဖြစ်နေပုံရ၏။ သူတို့အမိကလှမ်း ကြည့်နေကြတာ မြူ့ကိုပဲဖြစ်သည်။

"မဗျိုင်းနော် ... နင် ဒီကောင်မလေးကို သနားမနေနဲ့ သူတို့ သားအဖနှစ်ယောက် နင်တို့နောက်ဖေးအိမ်ကိုရောက်လာမှ ခဏ ခဏ ထုတ်ချေးနေရတဲ့ပိုက်ဆံတွေ နင်ပြန်ရလို့လား ... တစ်ရာ လောက်ချေးပါ၊ နှစ်ရာလောက်ချေးပါနဲ့ ... အခု ဘယ်လောက် တောင် ကြွေးလည်ပင်းခိုက်နေပြီလဲ ... အခု ... နင့်ပိုက်ဆံတွေပြန် ရအောင် ဒီကောင်မလေးကို အိမ်ဖော်လုပ်ခိုင်းရမှာ ... နင်မသနားနဲ့ မလိုက်ချင်ရင် အတင်းရိုက်ပြီးတော့ခေါ်ခဲ့ ... ကြိုတင်ငွေ ငါး သောင်းလောက်ပေးထားပါဆိုရင် အိမ်မှာခိုင်းချင်တဲ့ သူဌေးတွေက ပေးမှာပဲ"

ဒီလိုအကြံအစည်တွေနဲ့ မကြီးဗျိုင်းက မြူ့ကိုခေါ်လာတာ လေ။

"ဟဲ့ ... မိမြူ ... လူ ... လူတွေရှေ့မှာ သနားအောင် ညည်းလေးငိုပြမနေနဲ့နော် ... ညည်းလေး အလုပ်လုပ်ရမယ်၊ ငါတို့ ပို့တဲ့နေရာကို ညည်းလေးလိုက်ခဲ့ရမယ်၊ အခေါ် ဒီကောင်မလေးကို မသနားနဲ့ ... ကျုပ်မတို့ဆီက ချေးသုံးထားတဲ့ပိုက်ဆံတွေ ပြန်မဆပ် နိုင်လို့ သူ့ကို ကျုပ်မတို့ခေါ်လာတာ ... "





မြူလဲကျသွားတုန်းက လှမ်းဆွဲလိုက်သည့်အခေါ်ကြီးကို လှည့်ကြည့်ကာ မထွတ်ထွတ်က ဝင်ပြောသည်။ ပြောပြီးတာနဲ့ ဟွန့် ခနဲကွေးချိတ်နေသည့်နှုတ်ခမ်းတွေကိုမဲ့ကာ မျက်နှာကိုဆတ်ခနဲ လွှဲ ပစ်၏။

"ဩော် ... သမီးလေးတို့ရယ် ဒီကလေးမလေးက ငယ်ငယ် လေးမို့ အခေါ်က သနားလို့ဆွဲလိုက်မိတာပါ ... မင်းတို့ခေါ်တဲ့နေ ရာကို ဒီကလေးမလေးက လိုက်လာပြီပဲဟာ ရိုက်တာနှက်တာ တွေတော့ မလုပ်ကြပါနဲ့ကွယ် ... "

"ဟာ ... မရိုက်လို့ရမလားအခေါ် ... ဒီကောင်မလေးက ဟိုတုန်းကချမ်းသာခဲ့တဲ့အရှိန်နဲ့ ဘာအလုပ်မှမလုပ်ချင်ဘူးဖြစ်နေ တာလေ ... အခုလည်း လူတွေကြားထဲမှာ တဟင့်ဟင့်နဲ့ငိုပြပြီး ကျုပ်မတို့ကို အရှက်ခွဲနေတာ ... "

"အဟင့် ... ဟင့် ... ဟင့် ... "

"ဟဲ့ ... နင်မငိုနဲ့လေ ... နင်လုပ်တာ ငါတို့ကိုလူတွေဝိုင်း ကြည့်ကုန်ပြီ ... ကြာရင် နင့်ကိုပါးရိုက်မိတော့မယ် ... "

"ဟဲ့ ... ညည်း အခုထ,စမ်း ... "

တစ်ယောက်က မျက်လုံးပြူးအော်နေသလို တစ်ယောက် က ဆံပင်ကိုဆွဲကာ အတင်းထ,ခိုင်းသည်။

"အား ... "

ဂုတ်ဝဲဆံပင်တိုလေးကို တအားဆောင့်ဆွဲတော့ မြူနာလွန်း ၍ လက်ကလေး တကာကာနှင့် ရှုံ့မဲ့မတတ် တောင်းပန်မိသည်။

"နာ ... နာပါတယ် မကြီးထွတ်ရဲ့ ဆံပင်ကိုမဆွဲပါနဲ့ ... "

"ဟင့် ... ဟင့် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နာရင် ညည်းလေး မျက်ရည်ကိုသုတ်လေ ..."

မြူ ... မသုတ်လို့မရ။

မသုတ်ရင် မထွတ်ထွတ်က လက်ပါလာတော့မှာ။

သူတို့ကို ပေးစရာအကြွေးတွေက မြူဆီမှာရှိနေခဲ့တာ မဟုတ်လား။

မြို့ပတ်ရထားပေါ်မှာလည်း လူတွေက အများကြီး။

"မြူ... မြူ... မကြီးကို ကြောက်ပါတယ်၊ မကြီးထွတ်ထွတ်ရဲ့ ... မြူ ဖေကြီးကို ထားခဲ့ရလို့ ဝမ်းနည်းလို့ငိုတာပါ ... မြူကို ဖေကြီးနဲ့ပြန်တွေ့လို့မရအောင်တော့ မလုပ်ပါနဲ့၊ မြူပြန်မလာရင် ဖေကြီးက မြူ့ကိုလမ်းပေါ်မှာ လိုက်ရှာနေတော့မှာ ... ဖေကြီးနဲ့ အတူနေပြီး မကြီးတို့ဆီကအကြွေးကို မြူပြန်ဆပ်ပါ့မယ်"

"ညည်းလေး ... ညည်းလေးစကားမများနဲ့ ပါးစပ်ပိတ်ထားစမ်း ..."

"အဟင့် ... ဖေဖေရယ် ..."

မကြီးဗျိုင်းက မြူ့အင်္ကျီကော်လံစ,လေးကို ကိုင်ဆောင့်ကာ တအားတွန်းပစ်ဖို့ လက်ကိုရွယ်သည်။ မြူ့မှာတော့ ရထားကြမ်းပြင်ပေါ်မှာ ကိုယ်ကလေးရှေ့နောက် ယိမ်းထိုးကာ မျက်နှာကလေးကပါ ဖြူဖျော့ထိတ်လန့်လာရလျှက်။

နောက်ဆုံးမှာတော့ အရှိန်နှင့်ဆောင့်တွန်းချလိုက်တာမို့ မြူ နောက်တစ်ကြိမ် ထပ်ပြီးတော့ ပစ်လဲကျသွားသည်။

"ဒုန်း ..."

"အား ..."

အရမ်းနာသွားတာမို့ မြူ့ရှိုက်ငိုသံလေးက ပိုပြီးတော့ ကျယ်





လာသည်။

အသားအရည်လေးက ဝင်းဝင်း။ ကိုယ်လုံးလေးက တင်းတင်းလေးမို့ သိပ်ကိုချစ်ဖို့ကောင်းတဲ့မြူ။ မျက်နှာလေးကိုကြည့် ကာ ဘေးမှာတစ်ချိန်လုံးစောင့်ကြည့်နေခဲ့သည့် အပြာရောင်မျက်ဝန်းပိုင်ရှင် ကောင်လေးတစ်ယောက်ရဲ့ မခံချင်စိတ်နှင့်ခံပြင်းဒေါသဖြစ်ရမှုတွေက သွေးထဲမှာ နှီးထရှင်သန်လာရလျှက် တစ်ဆက်တည်းမှာပင် အနှိပ်စက်ခံနေရသည့် ကောင်မလေးကိုကြည့်ကာ နှုတ်ခမ်းထောင့်စွန်းလေး ကွေးသွားပုံလေးက မကျေမနပ်နဲ့ တွန့်ကွေးသွားခဲ့သလိုမျိုး။

ထိုကောင်လေး ဘယ်လိုမှသည်းမခံနိုင်တော့ပါ။

ကောင်မလေး နောက်တစ်ကြိမ်ပစ်ကျလာတာလည်း သူ့ရဲ့ ဝေါ့ကင်းရှူးလေးစီးထားတဲ့ ခြေထောက်လေးပေါ်ကို ပစ်ကျလာတာလေ။

"ဟာ ... ကြည့်စမ်း ..."

ဒီလိုလဲကျလာအောင် ဆောင့်တွန်းပစ်လိုက်သည့် မိန်းမတစ်ယောက်ရဲ့မျက်ဝန်းတွေကို နှုတ်ခမ်းကိုက်လျှက် သူကမော့ကြည့်ပစ်လိုက်သလို လူကပါ ထိုင်ခုံထက်ကနေ ထ,ရပ်လိုက်ပြီးသားဖြစ်သွားသည်။

"ခင်ဗျား ... ခင်ဗျားတို့ သိပ်လွန်နေပြီနော် ..."

"ဟင့် ..."

"ဒီ ... မမကို မတရားမလုပ်ပါနဲ့ဗျ ..."

"ဟယ် ... ကြည့်စမ်း ..."

ထွတ်ထွတ်က စပို့ရှပ်အဝါနုစင်းလေးဝတ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ယောက်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်ကာ ဒေါသကပါ ထောင်းခနဲ ဖြစ်သွား၏။

"ဟဲ့ ... နင်နဲ့ဘာဆိုင်လို့ လူကြီးတွေကိစ္စမှာ ဝင်ပြောရတာလဲဟင် ကောင်လေးရဲ့ ... ကြည့်ပါဦး ... လူကြည့်တော့ လက်တောင့်လောက်လေးနဲ့ ..."

"ဟာ ... ဘာလို့မဆိုင်ရမှာလဲ ... ဒီမမ လမ်းပေါ်မှာ နှင်းဆီပန်းလိုက်ရောင်းနေတာ ကျွန်တော်သိတယ် ... ဒါကို မတရားနှိပ်စက်ပြီး ခင်ဗျားတို့ခေါ်လာတာ ... နောက်တစ်ခါ ဒီမမကိုထပ်ရိုက်ရင် ခင်ဗျားတို့နှစ်ယောက်စလုံးကို ကျွန်တော်ထိုးမယ် ..."

"အို ..."

ပြောနေတဲ့ကောင်လေးမျက်နှာကို မြူအထိတ်တလန့်လေးနဲ့ မော့ကြည့်လိုက်တော့ ...

"ဘုရားရေ ..."

ဟိုတစ်ခါ ကားနဲ့တိုက်တော့မလိုဖြစ်သွားတုန်းက မြူ့ကိုကူညီခဲ့တဲ့ အဝေးနှင်ဆိုတဲ့ကောင်လေး မဟုတ်မခံ ဇာတ်ဇာတ်ကြဲလုပ်ပစ်မယ့် စရိုက်ကလေးနဲ့ လူကြီးနှစ်ယောက်ကို အဝေးနှင်က ရင်ဆိုင်နေတာလေ။

"ဟယ် ... ကြည့်စမ်း ... ကြည့်စမ်း ... လက်တောင့်လောက်အရွယ်လေးက လူကြီးတွေကို ပြန်ပြောနေတာ ... ထိုးမယ်လေးကြိတ်မယ်လေးနဲ့ ဟွန်း ... နင်သတ္တိရှိရင် ငါတို့အသားကို ထိရဲထိကြည့်လေ ... ကောင်စုတ်လေးရဲ့ ..."

"ဟွန်း ... ခင်ဗျားတို့က လူကြီးတွေဖြစ်ပြီး မတရားလုပ်နေလို့ ကျွန်တော်ဝင်ပြောနေတာ ... ကျွန်တော်ကိုယ်တိုင်လည်း ချမ်း





သာတဲ့ပထွေးက အနိုင်ကျင့်လွန်းလို့ တိုက်ကြီးပေါ်ကဆင်းလာပြီး လျှောက်သွားနေတာ ..."

"အမလေးဟယ် ... ခွေးပစ်တဲ့ဇာတ်ကလေးကများ ကြီးကျယ်နေလိုက်တာ"

"ဟား ... ဟား ..."

မဖျိုင်းရယ်ချလိုက်တာ ခွက်ထိုးခွက်လှန်ကလေးပါ။

ဒီကောင်လေးက ချမ်းသာတဲ့ပထွေး နှိပ်စက်တာကို မခံနိုင်လို့လမ်းပေါ်မှာ လျှောက်သွားနေတဲ့ကောင်လေးတဲ့။ ကြည့်လိုက်တော့လည်း အသက်က ဆယ့်နှစ် ဆယ့်သုံးအရွယ်လေးပေါ့။ မျက်နှာလေးက တည်တင်းနေအောင်ချောသလို စရိုက်လေးက မှန်တယ်ထင်ရင် မိုက်ကန်းကန်းလုပ်မယ့်စရိုက်လေးမို့ မဖျိုင်း နည်းနည်းတော့ရှိန်သွားသည်။

မျက်ဝန်းလေးတွေက အပြာရောင်လေးသန်းကာ ဆံပင်လေးတွေ ဖွာလန်ကြဲကျနေတာလေးက တစ်မျိုးလေးတော့ စိတ်ဝင်စားဖို့ကောင်းနေသလိုပင်။

မြူ ... ထိုကောင်လေးကိုကြည့်ကာ မျက်တောင်မခတ်နိုင်။

အဝေးနှင်ရယ် ... မင်းကိုပြန်တွေ့ရတာ အံ့ဩဖို့တောင်ကောင်းလိုက်တာ။

မင်း ... မင်း ဘာဖြစ်လို့ အိမ်ပေါ်ကဆင်းလာပြီး ... တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း လျှောက်သွားနေရတာလဲ။

"ခင်ဗျား ... ခင်ဗျား ... မရယ်နဲ့နော် ... ကျွန်တော် အခု အိမ်ပေါ်ကဆင်းလာတာ ဟိုတစ်ခါ ဒီမမနဲ့တွေ့တုန်းက ခုထားတဲ့ မုန့်ဖိုးပိုက်ဆံတွေပေးလိုက်မိလို့ အမေ့ရောပထွေးနဲ့ပါ ပြဿနာ ဖြစ်ပြီး ဒီရန်ပွဲက စ,ခဲ့တာ ... အဲဒီနေ့က ကျောမှာအရိုးရာတွေထပ် အောင် ပထွေးက ကျွန်တော့်ကိုရိုက်တယ် ... သူက ချမ်းသာတဲ့ ပထွေးဆိုတော့ ကျွန်တော့်ကို ခြံထဲကနေ မောင်းထုတ်တယ်၊ ကဲ အခုလည်း ... ဒီမမနဲ့ထပ်တွေ့ရပြန်ပြီ၊ စောစောက ခင်ဗျားတို့ပြော နေတာလည်း ကျွန်တော်ကြားတယ် ... ဒီမမရဲ့အကြွေးက ဘယ် လောက်လဲ ကျွန်တော်တစ်ခါတည်းပြန်ပေးမယ်"

"ဘာ ... ဘာပြောတယ် ... ဒီအကြွေးကို နင်ကပြန်ပေးမယ် ဟုတ်လား ... ကဲ ... ကဲ ... နင်ပေးနိုင်ရင် တစ်ခါတည်းပေးလေ၊ စုစုပေါင်းအကြွေးက ငါးသောင်း ... ဟုတ်ပြီလား၊ ဒီပိုက်ဆံရတာနဲ့ နင်ပြောတဲ့မမကို အိမ်ပြန်ပို့ပေးလိုက်မယ်"

"ရော့ ... ခင်ဗျားတို့ပိုက်ဆံ ငါးသောင်း"

"ဟင် ... "

"ဟာ ... "

ရထားပေါ်က ခရီးသည်တွေအားလုံး လှုပ်လှုပ်ရှားရှားဖြစ် သွားသည်။





ထိုအချိန်မှာပဲ အဝေးနှင်က မြို့ရှေ့မှာပဲ ဒူးကလေးထောက် ထိုင်ချလိုက်ကာ ...

"ရော့ ... မမ ... ကျွန်တော်ဝတ်ထားတဲ့ မောင်းကွင်းလက် စွပ်လေးကို မမကို ကျွန်တော်ပေးပါတယ် ... "

"အို ... "

ကောင်လေးမျက်နှာကို မြို့မကြည့်ရဲတော့သလို မျက်နှာ လေးကိုပါ ရှက်ရှက်နဲ့မြို့ ငုံ့ချပစ်လိုက်သည်။

"မမလိုတာ သုံးပါ ... "

"ဟဲ့ ... ပေးနေတာ ယူလိုက်လေ ... "

မထွတ် မနေနိုင်တော့။ ကြားထဲက ဝင်အော်ရသည်။

"ကံမကုန်ရင်တော့ မမနဲ့ကျွန်တော် ပြန်ဆုံကြသေးတာပေါ့ နော် ... ကဲ ... ကျွန်တော် ဆင်းမယ့်ဘူတာရောက်နေလို့ ကျွန် တော်သွားတော့မယ် ... မမ ... နှင်းဆီပန်းတွေပဲ ပြန့်ရောင်းပါ၊ တစ်နေ့နေ့မှာ မမဆီကို ကျွန်တော်အရောက်ပြန်လာခဲ့မယ်"

ပြောပြီးတာနဲ့ အဝေးနှင်ဆိုတဲ့ကောင်လေးက ချာခနဲ လှည့် ထွက်သွားခဲ့ပြီ။

တစ်နေ့နေ့မှာ မမဆီကို ကျွန်တော် အရောက်ပြန်လာခဲ့ မယ်တဲ့ ...

"ညည်း ... ညည်းလေး ... ပြောစမ်း၊ ဒါ ... ဒါဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးလဲ ... ဒီကောင်လေးနဲ့ညည်းလေး ဘယ်တုန်းကသိနေတာလဲ”

“ဟို ... ဟို ...”

မကြီးဗျိုင်းမေးနေတာကို မြူဘယ်လိုဖြေရမလဲ။

“ဟဲ့ ... ညည်းကို မေးနေတယ်လေ ...”

မထွတ်ထွန် အော်တော့မှ ရီဝေဝေမျက်ဝန်းလေးတွေနဲ့ မော့ကြည့်ပြီး မြူဖြေလိုက်ရ၏။

“ဟိုလေ ... ဒီကောင်လေးက မြူ့အစက်အစဲကြိုတိုင်း မြူ့ဘက်ကနေ အမြဲရပ်တည်ပေးခဲ့တဲ့ကောင်လေးပါ ... လမ်းပေါ်မှာ နှင်းဆီပန်းတွေလိုက်ရောင်းရင်းနဲ့ သူနဲ့မြူတွေ့ခဲ့တာပါ ... ဒါပေမယ့် သူက မြူ့နာမည်ကိုရော မြူဘယ်မှာနေသလည်းဆိုတာပါ သူက မသိပါဘူး။ သိအောင်လည်း သူကဘယ်တော့မှ မမေးခဲ့ပါဘူး”

“ကြည့်စမ်း ... ရထားပေါ်က ဆင်းသွားတာ၊ နောက်ကို တောင် တစ်ချက်လှည့်ကြည့်မသွားဘူး၊ အသက်ငယ်ငယ်လေးနဲ့ တကယ်အသည်းမာတဲ့ကောင်လေး ... ပထွေးရဲ့ပြဿနာဖြစ်လို့ အိမ်ပေါ်ကဆင်းလာတာတဲ့ ... ဒီပုံစံ ဂျစ်တစ်တစ်လေးနဲ့လျှောက် သွားနေရင် လမ်းပေါ်မှာ ကားတိုက်ခံရပြီးတော့ဘဲသေမလား အချုပ်ထဲပဲ ရောက်သွားမလား”

“ဘုရား ... ဘုရား”





မြူ ဘုရားတမိသည်။

မင်း ... မင်း ဘာမှမဖြစ်ပါစေနဲ့ အဝေးနှင် ...

ဟုတ်တယ် ... မင်းပြောတာအမှန်ပဲ။ တစ်နေ့နေ့မှာ မတို့ နှစ်ယောက် ပြန်ဆုံကြမှာပေါ့။ မဆုတောင်းနေမိတာက နှင်းဆီပန်းလေးတွေရောင်းရတဲ့မကို မင်းမှတ်မိနိုင်ပါစေ။

မကတော့ နှစ်,လတွေ ဘယ်လိုပဲပြောင်းပြောင်း။

မင်းရဲ့အပြာရောင် မျက်ဝန်းလေးတွေကို ...

www.burmeseclassic.com

www.burmeseclassic.com

# THE WAR OF ROSE
# PART THREE

## အခန်း ( ၁၄ )

"ဟား … ဟား … ဟား … "

"ဟား … ဟား … ဟား … "

"တော်တယ် … မာမို့သားငယ်လေး အရမ်းတော်တယ်"

"စင်မြင့်ကြီးပေါ်ကနေ ညှိုပရိသတ်တွေကို သက်သေထားပြီး လက်ထပ်ခွင့်တောင်းပစ်လိုက်တာ … ဟိုမိန်းမ တချက်တည်းသေးပျက်သွားတယ်လေ၊ ဟွန်း … ဟွန်း … မြူနှင်းစေရာဆိုတဲ့ မိန်းမကို ဒီလိုမာနခြင်းပြိုင်ရဲတာ မာမီ့သားငယ်လေးတစ်ယောက်ပဲ ရှိသေးတယ် … မာမီသဘောကျတယ်ကွာ၊ ကိုကိုကြီးအလှည့်တုန်းကလည်း ဒီလိုပဲ … အနက်ရောင်နှင်းဆီတစ်ပွင့်နဲ့ တက်လာပြီးတော့ မင်းကိုကိုကြီးရင်ဘတ်မှာ ထိုးစိုက်သွားတာလေ၊ မင်း … မင်းက လက်စားပြန်ချေနိုင်ဖို့ နှင်းဆီလေးကို ထိုးစိုက်လိုက်တဲ့အချိန်မှာ သားကြီးကိုသတိရပြီး မာမီမျက်ရည်တောင်ကျတယ်၊ ဒါကို … တမလွန်ဘဝကနေ သားကြီးသာမြင်ခွင့်ရသွားရင် ဘယ်လောက်တောင် ဝမ်းသာကျေနပ်နေလိုက်မလဲ … မာမို့သားငယ်လေးရယ်"

ဗိုးလပြည့်စာပေ

www.burmeseclassic.com

 www.burmeseclassic.com

ပန်းကနုတ်အနီရောင်ခင်း ဆက်တီခုံမြင့်ကြီးပေါ်မှာထိုင်လျက် ဒေါ်အရိပ်ညို ... ပျော်လို့မဆုံး။ တပြုံးပြုံးဖြစ်နေတာ။ မွေးနေ့ပွဲကြီးကနေ ပြန်ရောက်လာကတည်းကပါ။ အဝေးနှင်ကတော့ မာမီရှေ့မှာ ခေါင်းလေးငိုက်စိုက်ကျလို့ပေါ့။

"ဒါ ... ဒါပေမယ့် မာမီရာ ... သူက ကျွန်တော်နဲ့ရင်ဆိုင်လိုက်တိုင်း ကျွန်တော့်ကို အရှုံးပေးနေတာက ခက်နေတာ၊ ခုလည်း သူက ကျွန်တော့်ကို လက်ထပ်ဖို့ခေါင်းညိတ်သဘောတူလိုက်ပြီလေ၊ တကယ်လက်ထပ်ချင်ရင် မာမီကိုယ်တိုင် လူကြီးစုံရာနဲ့တရားဝင်လာတောင်းရမယ်တဲ့ ... အဲဒါ ... ဘာသဘောလဲ ... "

"အဲဒါ ... မင်းကို စိမ်ခေါ်လိုက်တာ ... "

"ဗျာ ... အဲဒါ ကျွန်တော့်ကို စိမ်ခေါ်လိုက်တာ ဟုတ်လား ဟင် ... "

အဝေးနှင်မျက်နှာလေးကို ဖျတ်ခနဲ မော့လိုက်ရပြီ။

"ဒီမှာ သားငယ်လေး ... မင်းကို မာမီပြောမယ်၊ လက်ထပ်ဖို့ သူ့ဘက်က ဘယ်လိုပဲသဘောတူတူ မင်းကိုဘယ်လိုပဲအရှုံးပေးပေး၊ အဲဒါတွေအားလုံးဟာ မိန်းမတစ်ယောက်ရဲ့ မာယာကြီးတွေနဲ့ မင်းအသည်းနှလုံးတွေကို အပိုင်ချည်နေတာ ... "

ဒါ ... ဖြစ်နိုင်တာပဲ။

ဒီလိုချည်ပစ်လိုက်လို့လဲ သူစိတ်ဓာတ်လေးကျပြီး ပြန်လာခဲ့ရတာ။

မင်းကို မ,အနိုင်မယူရက်ပါဘူးတဲ့။

"နေပါဦး သားငယ်လေး ... မင်းကို မရှင်းတာလေးတစ်ခုလောက် မာမီမေးပါရစေဦး၊ စင်မြင့်ကြီးပေါ်မှာတုန်းက မြနှင်းဝေ





ရာ အမြတ်တနိုးဆွဲတဲ့ အနက်ရောင်ပိုးကြိုးလေးကို မင်းထောင်ပြလိုက်သေးတယ်လေ၊ ဘယ်လိုကြိုးလေးလည်းဆိုတာ မာမီကို ခဏလောက်ပြစမ်း ... မာမီကြည့်ချင်လို့ ... "

"အလကားပါ မာမီရာ ... သူ့အဖေက သူ့ဆယ်နှစ်သမီးအရွယ်တုန်းက အမှတ်တရပေးခဲ့တဲ့ ပိုးကြိုးလေးကို သူလည်ပင်းမှာပတ်ထားလို့ ကျွန်တော် ခပ်ကြမ်းကြမ်းဆွဲဖြုတ်ပြီးယူထားလိုက်တာ ဝက်ဝံရုပ်လေးပါတဲ့ ပိုးကြိုးလေးပါ ... "

"ဘာပြောတယ် ... ဝက်ဝံရုပ်လေးပါတဲ့ ပိုးကြိုးလေး ဟုတ်လား ... "

"ဒီမှာလေ မာမီ ... "

"ဟင် ... "

"ဒါ ... ဒါ ... "

ပိုးကြိုးလေးကိုကြည့်ပြီး ဒေါ်အရိပ်ညို မျက်တောင်မခတ်နိုင်ပါ။

ဒေါ်အရိပ်ညိုရဲ့ စိတ်ဝိညာဉ်နှလုံးသားတွေကို ဆွဲထုတ်ယူလိုက်တာဟာ မဟူရာသားဖြင့် ထုလုပ်ထားသည့် ဝက်ဝံရုပ်ကလေးပဲဖြစ်သည်။

"ဘာဖြစ်လို့လဲမာမီ ... ဒီပိုးကြိုးလေးက ဘာထူးခြားလို့ မာမီမျက်နှာပျက်သွားရတာလဲ ... "

"အို ... မဟုတ်ဘူး ... မဟုတ်ဘူး ... "

သားငယ်လေး မသိအောင် အထိတ်တလန့် ခေါင်းခါပြလိုက်မိသည်။ ဒေါ်အရိပ်ညိုပါပဲ။

"ဘာ ... ဘာမှမဟုတ်ပါဘူး သားငယ်လေးရယ် ... ဝက်ဝံ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေးထုထားတာ သဘာဝကျလို့ မာမီအံ့ဩသွားတာပါ၊ ဟင်း ဟင်း ... သူ့အဖေပေးထားတဲ့ လက်ဆောင်အမှတ်တရပစ္စည်းလေး ဆိုတော့ မြူနှင်းစေရာက မြတ်မြတ်နိုးနိုးလေး ဆွဲထားတာပဲနေမှာ ပေါ့ ... "

"မာ ... မာမီ ... ကျွန်တော့်ကို မလိမ်နဲ့နော်"

"ဟင် ... မာမီ ဘာလိမ်လို့လဲ ... "

"ဒီပိုးကြိုးလေးကိုကြည့်ပြီး မာမီမျက်နှာပျက်သွားကာ ကျွ တော်သိတယ် ... မာမီ ကျွန်တော့်ကို အမှန်အတိုင်းပြောပါ ... ဖွားမြတ်သခင်ဆိုတဲ့ သူဌေးမကြီးဟာစ်ယောက်ကနေ ဆင်းသက် လာတဲ့ မျိုးနွယ်စုနှစ်စုရဲ့ ပြိုင်ပွဲထဲမှာ မာမီနဲ့ဒေါ်မြူနှင်းစေရာရဲ့အဖေ ပါခဲ့တာ၊ မာမီ ဘာလို့ကျွန်တော့်ကို မပြောဘဲချန်ထားခဲ့ရတာလဲ ဒီပိုးကြိုးလေးရဲ့သမိုင်းကို မာမီ သိကိုသိရမယ်"

"မာ ... မာမီ ... "

"ပြောပါ မာမီ ... ကျွန်တော့်ကို မလိမ်ပါနဲ့ ဒေါ်မြူနှင်းစေ ရာ ရှင်းပြတဲ့ မျိုးဆက်နှစ်စုရဲ့အညိုးတွေ၊ အမုန်းတွေ၊ အာဃာတ တွေနဲ့ပြိုင်လာကြတဲ့ မျိုးဆက်နှစ်စုရဲ့ပြိုင်ပွဲထဲမှာ မာမီကိုယ်တိုင် ခဲ့တာကို မာမီဘာဖြစ်လို့ ကျွန်တော့်ကိုမပြောဘဲ ချန်ထားခဲ့ရတာလဲ ဒေါ်မြူနှင်းစေရာရဲ့အဖေကို မာမီက ဘဝပျက်အောင်ဖျက်ခဲ့တော့ ဒီအညိုးအမုန်းတွေနဲ့ အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီ မာမီ့ကို လက်စားချေဖို့ ဒေါ်မြူနှင်းစေရာက ပြန်လိုက်လာတာပေ ဒါတွေအားလုံးက အမှန်တွေပဲဆိုရင် ဒေါ်မြူနှင်းစေရာကို အပြစ်တင်လို့ရမလား ... ပြီးတော့လည်း ... ကျွန်တော့်ကိုကိုကြီ ရုတ်တရက် နှလုံးသွေးရပ်တာဟာ မူးယစ်ဆေးတွေ အလွန်အ



သုံးလို့ရပ်ခဲ့ရတာ ... "

"ဟင် ... ဒါတွေတောင် မင်းကသိနေပြီ"

"မာမီရာ ... မာမီတကယ်ရက်စက်တယ်ဗျာ၊ ကျွန်တော် ကတော့ ဒေါ်မြူနှင်းစေရာကို တကယ်မုန်းပြီး အသည်းအသန်ပြိုင်ဖို့ ကြိုးစားခဲ့တာ၊ တကယ်ဆို ... ကျွန်တော့်ကိုကိုကြီးမှာပဲ အပြစ်ရှိ တယ်၊ ဒေါ်မြူနှင်းစေရာရဲ့ ကုမ္ပဏီအတွင်းရေးမှူးမလေး အဖြူ ရောင်ကို ကျွန်တော့်ကိုကိုကြီးက အသည်းခွဲခဲ့တာလေ၊ ဒေါ်မြူနှင်း စေရာက ဒါကိုမကျေနပ်လို့ ဒီအသည်းခွဲပြိုင်ပွဲမှာ မလွဲသာမရှောင် သာ ဝင်ပါလာခဲ့ရတာ ဝင်ပါရင်းနဲ့မှ ကိုကိုကြီးက မာမီ့သားမှန်းသိ သွားလို့ ပွဲကကြမ်းသွားတာ"

"မင်း ... မင်း ... မာမီ့ကို ဘာတွေလာပြောနေတာလဲ၊ မာမီလက်မခံဘူး၊ မင်းပြောသလို မျိုးဆက်နှစ်စု သားစဉ်မြေးဆက် ပြိုင်ခဲ့တယ်ဆိုတာမှန်တယ်၊ မာမီဟာ ဖွားမွေ့ကေသာရဲ့ တစ်ဦး တည်းသောမြေး၊ ဖွားမွေ့ကေသာမုန်းခဲ့တဲ့ အမုန်းမီးတွေဟာ မြေး မြစ်တီကျွတ်တွေလက်ထပ်အထိ လောင်မြိုက်နေစေရမယ်၊ မာမီ တခုပဲစိုးရိမ်ခဲ့တာက ဘယ်တော့မှ မတရားတာမလုပ်တတ်တဲ့ မင်း ကို ဒီပြိုင်ပွဲကနေ ထွက်သွားမှာစိုးလို့ မာမီအမှန်အတိုင်းမပြောဘဲ တမင်ချန်ထားခဲ့တာ၊ ခုတော့ ... မင်းကို မာမီရှင်းရှင်းပဲပြောမယ်၊ မာမီတို့မျိုးဆက်ရဲ့ရန်ဘက် ဖိုးသူ့ရဲ့မြစ်ဖြစ်လာတဲ့ မြူနှင်းစေရာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ မင်းအနိုင်ယူလက်စားချေရမယ်၊ မာမီတို့မျိုးဆက် တွေ အားလုံးကျခဲ့တဲ့မျက်ရည်တွေအတွက် ဒီမိန်းမကို မင်းအနိုင်ယူ ပြစမ်း ... မင်း ... မင်း မာမီပြောတာ ကြားတယ်နော် အဖြေနှင် နှင်းဆီအနက်ရောင်လေးတစ်ပွင့်နဲ့ မာမီတို့မျိုးဆက်တစ်ခုလုံးကို စစ်

ဝိုးလယ်ပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြေညာသွားတဲ့ ဒီမိန်းမကို မင်းကောင်းကောင်း လက်စားချေပြစမ်းပါ သားငယ်လေးရဲ့ ...”

“ဟွန်း ...”

အဝေးနှင် နှုတ်ခမ်းကလေးကို တွန့်မဲ့ပစ်လိုက်ပြီး ခေါင်းကလေးကိုပါ နာကျင်စွာခါလိုက်မိရပြီ။ မာမီ ဒီလိုအမှန်အတိုင်း ဝန်ခံလိုက်တာကိုလည်း စိတ်ထဲက ကျေနပ်လိုက်မိပေမယ့် သူ့နားထဲမှာကြားလာရတဲ့စကားသံလေးတွေက မ,အမြဲပြောနေကြ စကားသံလေးတွေပါပဲ။

“မင်းနဲ့မပြိုင်ချင်လို့ မင်းကို မ,အမြဲအရှုံးပေးနေတာ”

“မင်းကို မချစ်တယ် ...”

“မနဲ့မျက်ဝန်းအကြည့်ချင်းဆုံသွားတာနဲ့ မျက်လွှာလေးချပြီး မျက်နှာလေးကိုပင် လွှဲပစ်လိုက်တာ အဲဒါ ... ရင်ခုန်တတ်တဲ့ယောကျ်ားတွေပဲ ... မိန်းမတစ်ယောက်ရဲ့မျက်ဝန်းအကြည့်တွေကို ရင်မဆိုင်ရဲတာ ဒါနဲ့တောင် ... မင်းက မ,နဲ့ မာနခြင်းပြိုင်ပြီး အသည်းခွဲချင်သေးတယ်ဆိုတော့ မင်းကိုကြည့်ပြီး မ,တကယ်စိတ်မကောင်းဘူး၊ ဒါကြောင့်မို့ ဖုန်းထဲကနေ မင်းကို မ,ပြောလိုက်တာ မ,မင်းနဲ့ မပြိုင်ချင်ဘူးလို့ မင်းကို မ,အမြဲပဲ အရှုံးပေးနေမယ်လို့လေ”

မ,ရာ ...

ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကို အမြဲပဲအရှုံးပေးချင်နေရတာလဲ။

ဒီလိုအရှုံးပေးနေတာဟာ ခင်ဗျားရင်ထဲမှာ ကျွန်တော်ရှိနေလို့လား။

“သားငယ်လေး ... မင်းကို မာမီပြောနေတယ်နော်၊ မင်း





မျက်နှာလေးကိုမော့စမ်း ... မာမီမျက်လုံးတွေကို မင်းတည့်တည့်စိုက်ကြည့်စမ်း ...”

“ကျွန်တော် ... ကျွန်တော် ... ဒီပွဲကို ဆက်မပြိုင်ချင်တော့ဘူး မာမီ ...”

“ဘာပြောတယ် ...”

ဒေါ်အရိပ်ညို ဝုန်းခနဲ ထ,ရပ်လိုက်ရပြီ။

“မင်း ...”

“ဒီပွဲမှာ တကယ်ခံစားရတာက မ,က တကယ်ခံစားရတာပြောရရင် မာမီကမှ ဒီပွဲမှာ တကယ့်အောင်နိုင်သူကြီးပါ ... မရဲ့ဖေဖေကို နှင်းဆီတွေနဲ့အသည်းခွဲအနိုင်ယူပြီး ဘဝဖျက်ခဲ့တာ၊ မာမီက ဖျက်ခဲ့တာလေ ... ဒါကိုသိနေတာတောင် မ,က ကျွန်တော့်ကို အမြဲအရှုံးပေးနေတာ ...”

“သားငယ်လေးနော် ... မာမ့်ကိုအဲလိုပြောပြီး မင်းထွက်မသွားနဲ့နော်၊ မင်း ... မင်းပြန်လာစမ်း၊ မာမ့်ရှေ့ကို မင်းအခုပြန်လာစမ်း ...”

မာမီအော်ခေါ်ပြီး ပြေးလိုက်လာတာကိုလည်း အဝေးနှင် လှည့်မကြည့်တော့ပါ။

ထိုအချိန်မှာ မြူကတော့ ...

“MDရယ် MD ဘာဖြစ်လို့ အဝေးနှင်းကို ဒီလောက်ထိ အရှုံးပေးနေရတာလဲဟင် MD၊ MDအဝေးနှင်ကို လက်ထပ်ခွင့်ပေးလိုက်တာ MD အရမ်းမှားတယ်၊ အဝေးနှင်က လက်ထပ်ပြီးတာနဲ့ MD ကို ရက်စက်တော့မှာ”

“ဟုတ်တယ် MD အညိုရောင်ပြောတာ သွှာတို့အားလုံး

www.burmeseclassic.com



ထောက်ခံတယ်၊ MD အဝေးနှင်ကို အရှုံးမပေးပါနဲ့"

"မ ... မ ... အရှုံးမပေးပါဘူး၊ တကယ်တမ်းပြောရမယ်ဆိုရင် မ,ပြိုင်ချင်တာ ... အဝေးနှင်ရဲ့မာမီ ဒေါ်အရိပ်ညိုနဲ့ပြိုင်ချင်တာ၊ မ,တကယ်မုန်းခဲ့တာလည်း ဒေါ်အရိပ်ညိုဆိုတဲ့ မိန်းမကြီးတစ်ယောက်ကိုပဲ မုန်းခဲ့တာလေ ... ဒါပေမယ့် အဝေးနှင်ကိုတော့ မ,ရင်ထဲမှာ စွဲနေအောင် တကယ်ချစ်တယ် ... မ,ဘဝမှာ ဘယ်တော့မှ မေ့လို့မရခဲ့တာလည်း အဝေးနှင်ပါ ... ဒါကြောင့်မို့ မြန်မာပြည်ကို အဝေးနှင်ပြန်ရောက်မလာခင်ကတည်းက သူနဲ့ပတ်သက်နေသမျှ အချက်အလက်တွေကို မ,ရဲ့ Computer Cross File ထဲမှာ သိမ်းလာခဲ့ရတာလေ၊ တကယ်တမ်းပြန်ရောက်လာတော့လည်း အသည်းအသန် ပြိုင်ရတော့မယ့် ပြိုင်ဖက်တွေအဖြစ်နဲ့ ပြန်ရောက်လာခဲ့လို့ မ,စိတ်တွေ ထိနိုက်သွားခဲ့ရတာပါ၊ ခုတော့ ... မ,ဆုံးဖြတ်လိုက်ပါပြီ"

"ဟင် MD ဘယ်လိုဆုံးဖြတ်လိုက်တာလဲ"

"ဖေဖေ့အတွက် ဒေါ်အရိပ်ညိုကို မ,လက်စားချေမယ်"

"MDရယ်၊ MDခံစားခဲ့ရတာတွေအားလုံး အညိုရောင်တို့သိပါတယ်၊ MDရဲ့ လက်စားချေမှုဟာ တရားမျှတတဲ့လက်စားချေမှုဆိုတာလည်း အညိုရောင်တို့နားလည်ပါတယ်၊ အညိုရောင်တစ်ခုပဲ မေးချင်တာက ဒေါ်အရိပ်ညိုကို MD ဘယ်လိုလက်စားချေမှာလဲ အဲဒါ အညိုရောင်သိချင်တယ်"

"ဟွန်း ... လွယ်ပါတယ် ... အညိုရောင် ... အဝေးနှင်ကို မ,ဘယ်လောက်ပဲချစ်ချစ် ရင်နင့်နင့်နဲ့ပဲ အဝေးနှင်ရဲ့အသည်းကို မ,ခွဲမယ်၊ ရန်ကုန်မြို့ပေါ်မှာ အကြီးကျယ်ဆုံးနဲ့အခမ်းနားဆုံး လက်ထပ်မင်္ဂလာပွဲကြီးတစ်ခုကို ကျင်းပပြီးတော့ ဒီဇာတ်လမ်းကို မ,အဆုံး





သတ်မယ်၊ တကယ်တော့ အဝေးနှင်ဟာ မသိပ်ချစ်ခဲ့တဲ့ မ,ဘဝရဲ့ အကောင်းဆုံး မော်ဝင်နှင်းဆီသတို့သားပါ၊ အဲဒီသတို့သားရဲ့ရင်ဘတ်မှာ အမုန်းနတ်ဘုရားတွေကိုယ်တိုင် လေးသချိုနဲ့ကမ္ဘာတစ်သိန်းကြိမ်စာတိုက်မှ ပွင့်လာရတဲ့ မ,ဘဝရဲ့ ဒုတိယမြောက် အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကို ထိုးစိုက်ပြီး ဒေါ်အရိပ်ညိုရဲ့အသည်းကို မ,ခွဲမယ် ... ရှင်းတယ်နော် ... အညိုရောင် ..."

"ဘုရားရေ ..."

မြူကို ဖျတ်ခနဲမော့ကြည့်ကာ အတွင်းရေးမှူးမလေး အညိုရောင်က ဘုရားတလိုက်သလို လှာတို့အားလုံးကလည်း အသက်ရှူမှားခဲ့ကြပြီ။

"ဒါ ... ဒါဆို ... မာနခြင်းပြိုင်ပြီး အသည်းခွဲကြတဲ့ ဒီပြိုင်ပွဲလေးက သိပ်ကိုလှသွားပြီပေါ့နော် ... MD ဒါကြောင့်မို့ အဝေး ... အဝေးနှင်ကို အစကတည်းက လှာသတိပေးခဲ့တာ ... နှင်းဆီတွေတပွင့်မဟုတ်ဘူး၊ အစည်းလိုက်ယူလာပြီးပြိုင်လည်း ကျွန်မတို့ MD ကို ရှင် ... ဘယ်တော့မှ မနိုင်စေရဘူးလို့ လှာပြောခဲ့တာလေ၊ ခုတော့ အရမ်းမိုက်သွားပြီ MD၊ ဒါကြောင့်မို့ လှာတို့အားလုံးက MD ကို လေးစားတာ၊ ဟို ... ဟိုလေ MD၊ လှာမရှင်းလို့ MDကို တစ်ခု လောက်မေးပါရစေဦး၊ ဒီ ... ဒီဆုံးဖြတ်ချက်ကို ... MDဘာလို့ချလိုက်တာလဲ၊ MDပြောတော့ အဝေးနှင်ကို MDချစ်တယ်ဆို"

"ဟွန်း ... အဲဒါကိုပဲ မ,က ပြောနေတာပေါ့လှာ၊ အချစ်ဆိုတာ ဖျတ်ခနဲအသံလေးတစ်ချက်ကြားလိုက်ရုံနဲ့ လန့်ကွဲသွားတတ်တဲ့ ဖန်ခွက်ပါးပါးလေးမဟုတ်တာ သေချာပေမယ့် အသိနဲ့အသည်းနှလုံးကို ဆက်ထားတဲ့ ကြိုးပါးပါးလေးတစ်မျှင်ကို ပြတ်တောက်စေနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလှပတဲ့ ပန်းတစ်ပွင့်ဆိုတာ သိပ်ကိုသေချာသွားခဲ့လို့ ဒီဆုံးဖြတ်ချက်ကို မ,ချလိုက်တာပါ။ ပြောရရင် ... မင်းတို့ရောက်မလာခင်လေးမှာ အဝေးနှင်က မ,ဆီကို ဖုန်းဆက်သွားတယ်"

"ဟင် ... သူက ဘယ်လိုဆက်သွားတာလဲ"

"မနဲ့ပြိုင်နေတဲ့ပြိုင်ပွဲကနေ သူနှုတ်ထွက်လိုက်ပါပြီတဲ့"

"အို ... ကြည့်စမ်း ..."

"အမုန်းတွေ နာကြည်းမှုတွေနဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ရတာထက်စာရင် သူတကယ်ချစ်တဲ့မိန်းမတစ်ယောက်ကို လက်ထပ်ချင်လို့ နောက်ဆုတ်လိုက်တာပါတဲ့၊ မွေးနေ့စင်မြင့်ကြီးပေါ်ကနေ နာကြည်းစိတ်တွေနဲ့ လက်ထပ်ခွင့်တောင်းမိတာ သူ့အနူးအညွှတ်တောင်းပန်ပါတယ်တဲ့ ..."

"ဟာ ... ဒီလို ဂုဏ်သရေရှိ ဧည့်ပရိသတ်တွေရှေ့မှာ သူ့ရဲ့ချစ်သူပါလို့ပြောပြီး တရားဝင်လက်ထပ်ခွင့်တောင်းပြီးမှ နောက်ဆုတ်သွားလို့ရမလား၊ ဒါ ... ဒါ ... ရည်ရွယ်ချက်ရှိရှိနဲ့ MDရဲ့ ဂုဏ်သိက္ခာကို တမင်ရိုက်ချိုးသွားတာ၊ တစ်သက်လုံးတင်လာတဲ့ MDရဲ့ မာနတွေကို နင်းချေသွားတာ၊ ဟွန်း ... သူတကယ်ချစ်တဲ့မိန်းမတစ်ယောက်ကို လက်ထပ်ချင်ရင် အစကတည်းက လက်ထပ်လိုက်ပါလား၊ ဘာဖြစ်လို့ MDဆီက လက်ထပ်ခွင့်ကိုတောင်းသလဲ"

လွှာ ... တဖြစ်တောက်တောက်နဲ့ ဒေါပွလို့မဆုံး။

"သူ ဒီလိုပြောလိုက်တော့ မ,လည်းအံ့ဩသွားတယ်၊ မယုံနိုင်သလိုလည်း ခံစားလိုက်ရတယ်၊ ဒါ ... မရင်ထဲက မာနတွေကို သူကလှုပ်နိုးပစ်လိုက်တာ၊ ဒါကြောင့်မို့ ဒီဆုံးဖြတ်ချက်ကို မ,ချလိုက်တာပါ၊ ပြိုင်ပွဲကနေ ဒီအတိုင်းထွက်သွားခွင့်တော့ မ,ခွင့်မပြုနိုင်ဘူး





လေ ... အခုဆိုရင် စင်မြင့်ပေါ်ကနေ တရားဝင်ကြေညာသွားတဲ့ အဝေးနှင်ရဲ့တောင်းဆိုမှုကြောင့် ဘယ်နေ့စားရမှာလဲလို့ ဖုန်းတွေတဂွမ်ဂွမ်ဆက်ပြီး လှမ်းမေးနေကြတဲ့ ကုမ္ပဏီလောကက အသိုင်းအဝိုင်းတွေကို မ,ဘယ်လိုရှင်းရမလဲ၊ ဒါကြောင့်မို့ ဒီလက်ထပ်ပွဲကို မဖြစ်,ဖြစ်အောင် စီစဉ်ပြီး မာနခြင်းပြိုင် အသည်းခွဲဖို့ မ,ဆုံးဖြတ်လိုက်တာ"

ထိုအချိန်မှာ အဝေးနှင်ကတော့ ...

ခရက်ရှာတစ်ဗူးကို ဖေါင်းခနဲ ဆွဲဖွင့်ကာသောက်ပစ်လိုက်ပြီး ဗူးခွံကိုလေထဲရောက်အောင် မြှောက်တင်ပစ်လိုက်သည်။ ပြီးတော့ ... လေထဲဝဲကာ ပြန်ကျလာသည့်ဗူးခွံကို လက်ဆပြင်းပြင်းနှင့် ဖြောင်းခနဲလွှဲကာ ရိုက်ချပစ်လိုက်တော့ ခပ်ဝေးဝေးလမ်းမတစ်နေရာမှာ လွှင့်စင်ပြုတ်ကျသွားသည်။

"အဝေးနှင် ... မင်းဘာဖြစ်နေတာလဲ"

သားကြီးက နားမလည်သလို ခပ်တင်းတင်းလေး လှည့်ကြည့်ကာမေးသည်။ လမ်းမကြီးပေါ်ကို နှစ်ယောက်အတူတွဲကာ လျှောက်လာသည့်တစ်ချိန်လုံး ဆံပင်တွေကိုထိုးဖွလိုက် ... လက်မောင်းစအင်္ကျီကို ပင့်တင်လိုက်နှင့်။ အဝေးနှင် ... ဂဏှာမငြိမ်ဖြစ်နေတာကို သားကြီးက သိနေတာလေ။

သားကြီးမေးတော့ နှုတ်ခမ်းလေးမဲ့ကာ အဝေးနှင်က လှည့်ကြည့်သည်။

"ဟွန်း ... ငါသိပ်ခံစားနေရလို့ ပေါက်ကွဲနေတာလေကွာ၊ သားကြီး ဒေါ်မြနှင်းစေရာကိုလည်း ဒီပြိုင်ပွဲက နှုတ်ထွက်လိုက်ပြီလို့ ငါတရားဝင်ဖုန်းဆက်ကြေညာလိုက်ပြီ၊ မာမီကွာ ... တကယ်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တယ်၊ အဖြစ်မှန်တွေကို အမှန်အတိုင်းဖွင့်မပြောဘဲ ဒေါ်မြူ နှင်းစေရာနဲ့ မာနခြင်းပြိုင်အသည်းခွဲဖို့ ငါ့ကိုလွှတ်လိုက်တာလေ၊ အစ မှ ငါသိလာရတာက ဒေါ်မြူနှင်းစေရာမှာ လုံးဝအပြစ်မရှိတာကို ငါသိလာရတာ ငါတို့အိမ်မှာ နှစ်ပေါင်းများစွာ ထမင်းချက်အိမ်ဖော် လုပ်လာတဲ့ ဒေါ်ကြီးနန်းက မာမီမသိအောင် တိတ်တိတ်လေး ငါ့ကို လာပြောတယ်၊ ကိုကိုကြီး ဒီလိုဖြစ်သွားအောင် နောက်ကွယ်ကနေ သွေးထိုးမြှောက်ပင့်ပေးခဲ့တာလည်း မင်းမာမီက မြှောက်ပေးခဲ့တာ တဲ့ … အဲဒီကက ကုမ္ပဏီစီးပွားရေးလောကမှာ အရမ်းအောင်မြင် နေတဲ့ မြူနှင်းစေရာရဲ့ စီးပွားရေးကို ထိခိုက်ပျက်စီးသွားစေချင်တဲ့ ရည်ရွယ်ချက်က မင်းမာမီရင်ထဲမှာ အမြစ်တွယ်သလို တွယ်နေတာ တဲ့၊ ဒီဇာတ်လမ်းမှာ ကုမ္ပဏီအတွင်းရေးမှူးမလေး အဖြူရောင် အသည်းခွဲရက်စက်ခံရလိုက်ရလို့ မြူနှင်းစေရာက ဝင်ပါလာတာလဲ၊ အမှန်ပဲတဲ့ … မိန်းကလေးတွေမှာ အပြစ်မရှိဘူးလို့ ဒေါ်နန်းက ငါ့ ကိုပြောသွားတယ်၊ ဒါကြောင့်မို့ … ဒေါ်မြူနှင်းစေရာဆီကို ဖုန်း ဆက်ပြီး ဒီပွဲကနေ ငါနှုတ်ထွက်လိုက်တဲ့အကြောင်း ကြေညာလိုက် တာ”

“ဟွန်း … အဲဒါဆို မင်းသိပ်မှားသွားပြီ အဝေးနှင် …”

“ဘာပြောတယ် သားကြီး …”

“ဒေါ်မြူနှင်းစေရာရဲ့ မွေးနေ့ညစ်ပွဲကြီးမှာ အနက်ရောင် နှင်းဆီတစ်ပွင့်ကို ထိုးစိုက်ပြီး ဧည့်ပရိသတ်တွေအားလုံးသိအောင် လက်ထပ်ခွင့်တောင်းခဲ့တာ ဘယ်သူလဲ … ဒေါ်မြူနှင်းစေရာရဲ့ မာနတွေ ဂုဏ်သိက္ခာတွေကို ထိခိုက်ပျက်စီးသွားစေနိုင်တဲ့ပြစ်မှုမျိုး တွေကို မင်းကကျူးလွန်ထားခဲ့ပြီလေ … ပိုဆိုးတာက ဟိုက မင်းကို





အမြဲအရှုံးပေးလာတာ ဗိုလ်ချုပ်ဈေးအလည်လမ်းမမှာ မင်းနဲ့ထိပ် တိုက်စတွေ့တဲ့နေ့ကတည်းက ဒီပွဲက သူရှုံးသွားပြီလို့ ဟိုကမင်းကို ဝန်ခံသွားတာ”

“ဟုတ် … ဟုတ်တယ်နော် သားကြီး၊ အစလည်း … ခင်ဗျား ရဲ့အသည်းနှလုံးကို လိုချင်ပါတယ်ပြောနေတာတောင် မင်းကြိုက် သလို ချေမွနိုင်တယ်ဆိုပြီး လက်ထပ်ခွင့်ပေးလိုက်တာ၊ ဒေါ် … ဒေါ်မြူနှင်းစေရာလို သိပ်ကိုတည်တင်းပြီး သိပ်ကိုမာနကြီးတဲ့မိန်းမ တစ်ယောက်က ဘာဖြစ်လို့ ဒီလိုဆုံးဖြတ်လိုက်တာလဲ … ဒီအချက် ကို ငါစဉ်းစားမရလို့ စိတ်ခေါက်ကျနေတာ …”

“ဟွန်း … အခုမှ မင်းဒါတွေ စဉ်းစားမနေနဲ့တော့အဝေးနှင် အရေးကြီးတာ မင်းဘာဆက်လုပ်မှာလဲ …”

“တီ … တီ …”

“ဟင် … မ …”

ကားဟွန်းသံကြားလို့ လှည့်ကြည့်လိုက်တော့ …

ကားကို ကိုယ်တိုင်မောင်းလာတာ ဒေါ်မြူနှင်းစေရာပါ။

“ဟွန်း … မင်းနဲ့တွေ့ရတာ အတော်ပဲကွာ၊ ကဲ … မင်းတစ် ခါတည်းတက်လိုက် အဝေးနှင် …”

“မ…ဘယ်သွားမလို့လဲ …”

“လူတွေအားလုံးနဲ့ အဝေးဆုံးတစ်နေရာ …”

“ဗျာ …”

………

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

အဆုံးအစမဲ့သော မျှော်လင့်ချက်တွေက ...

မျက်ဝန်းထဲမှာ တလက်လက်ဖြာနေသည်။

သေချာတာတစ်ခုက အချစ်ဆိုတာ အမုန်းကစ,လေသလား။ အမုန်းဆိုတာကရော အချစ်ကနေ မြစ်ဖျားခံစီးဆင်းခဲ့လေသလား။ ဘာတစ်ခုကိုမှ ယတိပြတ်မဝေခွဲနိုင်ခင်မှာပင် တရိပ်ရိပ်ပြေးနေသော ကားကလေးပေါ်မှာ သူလိုက်ပါလာခဲ့ရပြီ။

"ခင်ဗျား ... ခင်ဗျား ... ဘယ်ကိုမောင်းနေတာလဲ"

"ဟွန်း ... တဆိတ်လောက်ကျေးဇူးပြုပြီး မင်းပါးစပ်ကိုပိတ်ထားစမ်း အဝေးနှင်၊ ခုချိန်မှာ ... မင်းမေးချင်တာ မင်းသိချင်တာတွေအားလုံး ဘာတစ်ခုမှ မ,မဖြေနိုင်သေးဘူး၊ မ,ဘာဆက်လုပ်ရင်ကောင်းမလဲဆိုတာ စဉ်းစားရင်း ကားကိုမောင်းနေတာ"

ကားကလေးက မင်္ဂလာဒုံဘက်ကိုတောင် ကျော်လာခဲ့ပြီဖြစ်သည်။

လမ်းဘေးသစ်ပင်တန်းလေးတွေက နောက်မှာတရိပ်ရိပ်





ကျန်ခဲ့၏။

"ဟင် ... "

အခုမှ ကားဒက်ဘုတ်ပေါ်ကို အမှတ်မထင်လှမ်းကြည့်လိုက်ရင်း သူမြင်လိုက်ရတာက အဖြူရောင် အိစက်နေသော နှင်းဆီပန်းလေးတစ်ပွင့်ပါ။

"ဘာလဲအဝေးနှင် ... မ,တင်ထားတဲ့ နှင်းဆီဖြူလေးကိုတွေ့လို့ မင်း ... မ,ကို ချာခနဲ လှည့်ကြည့်လိုက်တာလား"

"ခင်ဗျားနဲ့ ဒီနှင်းဆီ ... "

"ဟုတ်တယ် ... ဒီလို နှင်းဆီဖြူလေးတွေဟာ မ,တစ်သက်လုံးမှာ အမြဲထာဝရတန်ဖိုးထား ဦးညွှတ်ခဲ့ရတဲ့ နှင်းဆီဖြူလေးတွေပါ ... ချစ်သူပျောက်ကိုရှာဖို့ သတိရလာတဲ့အခါတိုင်း မ,အနားမှာ ဒီနှင်းဆီဖြူလေးတွေအမြဲရှိတယ် ... "

"ဘယ် ... ဘယ်လိုမ, ချစ်သူပျောက်ကိုရှာဖို့ သတိရလာခဲ့အခါတိုင်း ... ဟုတ်လား ... "

"ဟုတ်တယ်လေ ... မ,မှာ ငယ်ငယ်လေးကတည်းက တိတ်တခိုးချစ်လာခဲ့ရတဲ့ ချစ်သူတစ်ယောက်ရှိခဲ့တာ ဒီနှင်းဆီဖြူလေးကိုသက်သေထားပြီး မ,ကြိမ်တွယ်ပြောရဲတယ် ... အခုလည်း အဲဒီချစ်သူကို သတိရနေလို့ ဒီနှင်းဆီဖြူလေးကို လမ်းမှာကားရပ်ပြီးဝယ်လာခဲ့တာကို မ,ဆင်းဝယ်လာခဲ့တာ"

"ဟွန်း ... "

အဝေးနှင်ရဲ့နှုတ်ခမ်းစွန်းလေးမဲ့သွားတာ မြူ မမြင်ချင်ယောင်ဆောင်။

"ဟင်း ... ဟင်း ... "



www.burmeseclassic.com

www.burmeseclassic.com



မြူပြီးတော့ ပါးကလေးနှစ်ဖက်တောင် ချိုင့်ဝင်သွားရှာ၏။

"ဒါ … ဒါဆို ခင်ဗျားမှာ ချစ်သူရှိတယ်ပေါ့ …"

"အဲဒါ … မင်းမမေးနဲ့တော့လေ အဝေးနှင် … လက်ထပ်ဖို့ ခေါင်းညိတ်သဘောတူပြီးသား မိန်းမတစ်ယောက်ကို ချစ်သူရှိနေသလားဆိုတဲ့မေးခွန်းမျိုးနဲ့ ဂုဏ်သိက္ခာကို တိုက်ခိုက်စွတ်စွဲဖို့ မင်းမကြိုးစားစမ်းနဲ့ … လူတစ်ယောက်ဖြတ်သန်းခဲ့တဲ့လမ်းမှာ ကြွေကျနေတဲ့ ခရေပန်းလေးတစ်ပွင့်ကို ကောက်ယူနမ်းရှိုက်ခဲ့တာမျိုး ရှိနိုင်သလို ပွင့်နေတဲ့ပန်းလေးတစ်ပွင့်ကို နူးဆိတ်ချွေမွပြီး မြေပြင်ပေါ် ပစ်ပေါက်ချခဲ့တာလည်း ရှိနေနိုင်တာပဲ … အရေးကြီးတာ ပစ္စုပ္ပန်မှာ မ,တို့နှစ်ယောက် အတူတူတွဲပြီး ဆက်ရေးရမယ့် ပန်းချီကားလေး တစ်ချပ် လှပစွာ အသက်ဝင်ရှင်သန်သွားဖို့ပဲ အရေးကြီးတာပါ"

"ဒါဆို … အဲဒီပန်းချီကားဟာ ခင်ဗျားနဲ့ကျွန်တော်နဲ့နှစ်ယောက်မှာ ဘယ်သူကြိုက်တဲ့ ပန်းချီကားဖြစ်သင့်သလဲဆိုတာ ခင်ဗျားပဲဆုံးဖြတ်ပေးလေ … မ …"

"ဘာပြောတယ် …"

"ကျွန်တော်ကတော့ရှင်းတယ် … ကျွန်တော်ကြိုက်တဲ့ ပန်းချီကားပဲရေးမယ်၊ ဒါကြောင့်မို့ ခင်ဗျားကို ဖုန်းဆက်ပြီး ဒီပြိုင်ပွဲထနေ ကျွန်တော် နုတ်ထွက်လိုက်တာ၊ အပြစ်မရှိတဲ့မိန်းမတစ်ယောက်ကို လက်စားမချေချင်တော့လို့ ဒီထက်ကြာလာရင် ကျွန်တော်မှုးတော့မယ် သေချာတာက ကျွန်တော် … ခင်ဗျားရှေ့မှာ ဒူးထောက်ပြီး ခင်ဗျား … ခြေဖမိုးလေးကို ငုံ့မနမ်းချင်လို့ …"

"အို …"

"ထပ်ပြောမယ် ဒေါ်မြူနှင်းစေရာ ကျွန်တော် … ခင်ဗျားကို





ချစ်တယ် …"

"ဘုရားရေ …"

အထိတ်တလန့်လေးနဲ့ ကားလေးကို ထိုးရပ်လိုက်တာဟာ ဝါယာလက်အလွန်က တောင်မညီးလုံးပန်းပင်ကြီးအောက်တည့်တည့်မှာပါ။

"မင်း … မင်း … မ,ကို တကယ်ချစ်တာလားအဝေးနှင်၊ မ,မယုံဘူးနော်၊ မင်းရင်ထဲမှာရှိနေတဲ့ အညှိုးအမုန်းတွေကို မင်းဘယ်လိုကျော်ဖြတ်လာခဲ့သလဲဆိုတာ မ,စိတ်ဝင်စားတယ်၊ တကယ်ဆို အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး မ,နောက်ကို မင်းလိုက်လာခဲ့တာလေ၊ အဲဒါ … မ,အသည်းနှလုံးတွေကို သိမ်းပိုက်အောင်ပွဲခံချင်လို့ဆို …"

မြူပြောနေတာကို အဝေးနှင် နားမထောင်ပါ။

ကားတံခါးကိုဖွင့်ကာ ကားအောက်ကိုဆင်းသွားသည်။

ညာဘက်မှာတော့ တောင်ကုန်းမြင့်ကလေးပေါ်မှာ ဘုရားစေတီပောင်းလေးတစ်ဆူက တည်ရှိနေ၏။

"အဝေးနှင် … မင်းမသွားနဲ့လေ …"

မြူကားတံခါးတွေကိုပိတ်ကာ မရှက်နိုင်တော့ဘဲ သူ့နောက်ကိုလိုက်ခဲ့ရတာ။ ရင်တွေခုန်စွာနှင့်ပါ။ သူက သစ်ရွက်ခြောက်များ ဖြန့်ကြဲနေသည့် လှေကားထစ်ကလေးအတိုင်း အပေါ်ထိရောက်အောင် တက်သွားသလို မြူကိုလည်း မစောင့်ပါချေ။

မြူ မောမောနဲ့ပဲ သူ့အနားကိုရောက်သွားသည်။

"ဟာ … မ …"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ..."

အရေးထဲမှာဖြစ်ချင်တော့ မြူကချော်လဲတော့မလိုဖြစ်သွားတာ ခါးကနေသိမ်းပြီး သူရုတ်တရက် ဆွဲပွေ့ထိမ်းလိုက်ပေလို့။

"အို ..."

ကိုယ်ခြင်းပူးကပ်သွားသလို ရင်ခုန်သံတွေကပါ ကြမ်းသွားသည်။

"မင်း ... မင်းကွာ ..."

"အဟင်း ... ဟင်း ..."

လူခြင်းပြန်ခွာပြီး တွန့်ကြေသွားသည့် အင်္ကျီအနားစလေးတွေကို မြူပြန်ဆွဲဆန့်ရသည်။ သေချာတာက သူ့မျက်နှာကို မြူမကြည့်ရဲတော့တာပါ။ သူ့ကိုကျောပေးပြီး သူနှင့်ဆန့်ကျင်ဘက်အရပ်သို့ မျက်နှာမူလိုက်ချိန်တွင် တောင်ကုန်းထိပ်ဆီမှ ငှက်မြည်သံလေးတွေ တစ်ပြိုင်တည်း ညီစီနေအောင် ပေါ်ထွက်လာသည်။

"ခင်ဗျား ... ခင်ဗျား ... ကျွန်တော့်နောက်ကို ဘာဖြစ်လို့လိုက်လာတာလဲဟင် ... ဒေါ်မြူနှင်းစေရာ ... ဒီနေရာလေးမှာကျွန်တော့်ကို တစ်ယောက်တည်းထားခဲ့ပြီး ခင်ဗျားပြန်ပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် ခင်ဗျားနဲ့မပြိုင်ချင်တော့လို့ပါ"

"အို ... မင်း မပြိုင်ချင်လို့ရမလား ..."

"ဟာ ... ဘာဖြစ်လို့လဲ ..."

ဖျတ်ခနဲလှည့်ကြည့်လိုက်တဲ့ သူ့မျက်ဝန်းလေးတွေမှာ အရောင်ပြာပြာလေးတွေနဲ့ တဖျတ်ဖျတ်လက်လို့။





"မင်းတောင်းခဲ့တဲ့လက်ထပ်ခွင့်လေး စင်မြင့်ကြီးပေါ်ကနေမ,ရဲ့ ပိုးကြိုးလေးကိုဖြောက်ပြပြီး မင်းလက်ထပ်ခွင့်တောင်းသွားခဲ့တာလေ ..."

"ဟွန်း ..."

အဝေးနှင်ရဲ့နှုတ်ခမ်းလေးက ဟွန့်ခနဲ မဲ့သွားသည်။

"ခင်ဗျားကို ... ခင်ဗျားကို ကျွန်တော် အဆုံးမဲ့ဝန်ခံနေပြီပဲမ,ရယ် ... ကျွန်တော် မခံစားနိုင်တော့လို့ ခင်ဗျားကို တောင်းပန်နေတာပါ၊ ခင်ဗျားမှာ ... ချစ်သူရှိနေတာ ကျွန်တော့်ကိုမပြောပါနဲ့၊ ကျွန်တော် ... ကျွန်တော် ... ခင်ဗျားကို အရှုံးပေးပါတယ်"

ပြောပြီးတာနဲ့ ကိုယ်ကလေးကို ချာခနဲလှည့်ပစ်သည်။

မြူ ... သူ့ကို အားမရနိုင်တာလည်း အဲဒါပါပဲ။ ခုထိလည်း မြူမျက်နှာကို သူရဲရဲမကြည့်ရဲသေးပါ။

"ဟင် ..."

အပေါ်လှေကားထစ်တွေကို သူတစ်ယောက်တည်း ဆက်တက်သွားခဲ့ပြန်ပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသလို သစ်ရွက်တွေ တဖြောက်ဖြောက်ကြွေနေတာလည်း လွမ်းဆွတ်ဖွယ်အတိ ကောင်းနေသည်။ မြူသူ့နောက်ကို ဆက်လိုက်တော့လည်း သူကမြူကို လှည့်မကြည့်ပါချေ။

သို့သော် ... သူ့မျက်နှာလေးရဲနေတာကိုတော့ မြူမြင်နေရ၏။

"မင်း ... ဘာဖြစ်သွားတာလဲအဝေးနှင် ... အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး မ,အသည်းကိုဖျက်ဖို့ လိုက်လာခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ နာကျည်းချက်တွေကို မင်းဘာဖြစ်လို့ ဒီလိုလွယ်လွယ်နဲ့အဆုံးသတ်ပစ်လိုက်ရတာလဲ"

"အဲဒါ ... ခင်ဗျားမှာ လုံးဝအပြစ်မရှိတာကို ကျွန်တော်သိလိုက်လို့ ..."

"ဘာပြောတယ် ..."

"ခုတော့ ... အဖြစ်အပျက်တွေအားလုံးကို အမှန်အတိုင်း ကျွန်တော် သဘောပေါက်နားလည်သွားလို့ ဒီဆုံးဖြတ်ချက်ကို ကျွန်တော် ချလိုက်တာပါ၊ ဘာလဲ ... ဒေါ်မြနှင်းစေရာ ကျွန်တော် ဒီလောက်အရှုံးပေးနေတာကိုတောင် ခင်ဗျားမကျေနပ်သေးလို့ ကျွန်တော့်အသည်းကို ဖျက်ချင်နေသေးတာလား၊ ခင်ဗျား ပွင့်ပွင့်လင်းလင်းပြောနော် ... ကျွန်တော့်မာမီကြောင့် ခင်ဗျားတို့ မိသားစုလေး ဘဝပျက်ခဲ့တာကို လက်စားချေချင်နေသေးသလား ... ရတယ် ... ကျွန်တော် ခင်ဗျားကို အဆုံးမဲ့ပေးဆပ်သွားမယ်"

"မင်း ... မင်း တကယ်ပြောတာလား အဝေးနှင်"

"ကျွန်တော်သိပါတယ် ... ကျွန်တော့်ကို ခင်ဗျားလိုက်ရှာနေပြီဆိုကတည်းက ကျွန်တော် သဘောပေါက်တယ်၊ ကျွန်တော် မာမီ့ကို ခင်ဗျား ဘယ်လောက်နာကြည်းနေမလဲဆိုတာလည်း ကျွန်တော်နားလည်တယ်၊ ခင်ဗျား ... ဘုရားပေါ်မှာ ကျွန်တော့်ကိုပြောခဲ့သလိုပဲ ဟုတ်တယ် ... မြေနီကုန်းညဈေးတန်း ဈေးပေါက်ဝလေးမှာ ကျွန်တော့်မာမီက နှင်းဆီပန်းတွေရောင်းခဲ့ရတာပါ၊ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ခင်ဗျားဖေဖေနဲ့တွေ့သွားခဲ့တာလေ၊ ကဲ ... ပြောပါဦး ... ကျွန်တော့်မာမီကြောင့် ခင်ဗျားဘဝလေး ဘယ်လောက်ပျက်သွားလို့ မာမီ့ကို စိတ်နာနေရတာလဲ"



"ဟင် ... အဲဒါ မင်းမသိဘူးလား ..."

"မသိဘူး ..."

"အဝေးနှင်ရယ် ... မင်းက မသိဘူးဆိုတော့လည်း ဒီနေ့တစ်ခါတည်း မင်းသိအောင်ပြောပြရတော့မှာပေါ့၊ မင်း ... မင်းမာမီကြောင့် မ,တို့မိသားစုလေး ဘယ်လောက်ထိ ဘဝပျက်ခဲ့ရသလဲဆိုရင် မ,ဆယ့်သုံးနှစ်သမီးအရွယ်မှာ လေဖြတ်ပြီး စိတ်ဖောက်ပြန်သွားတဲ့ ဖေဖေ့ကို လုပ်ကျွေးချင်လို့ လမ်းပေါ်မှာ နှင်းဆီပန်းလေးတွေ အော်ရောင်းခဲ့ရတာလေ၊ အဲဒီလိုရောင်းရင်း လမ်းပေါ်မှာ ကားတစ်စီးနဲ့တိုက်မိတော့မလိုဖြစ်ပြီး ... မင်းကို ..."

"ဘာ ... ဘာပြောတယ်၊ ခင်ဗျား ... ခင်ဗျား ... ဆယ့်သုံးနှစ်သမီးအရွယ်တုန်းက နှင်းဆီပန်းလေးတွေ အော်ရောင်းခဲ့တာ"

"ဟား ... ဟား ..."

သူမျက်တောင်လေးတွေ ဖျတ်ခနဲ ပင့်ကော့တက်ပြီး မယုံနိုင်သလို အံ့သြသွားရစဉ်မှာပဲ မြူက ခါးကလေးကော့ကာ မျက်နှာလေးမော့ရင်း ရယ်လိုက်မိခဲ့ပြီ။

"ခင်ဗျား ... ခင်ဗျား မနောက်နဲ့နော် ဒေါ်မြူနှင်းစေရာ၊ ကျွန်တော့်မာမီကြောင့် ခင်ဗျားဘဝလေး အဲဒီလောက်ထိ ဒုက္ခရောက်ခဲ့တယ်ဆိုတာ ကျွန်တော်လက်မခံနိုင်ဘူး၊ ကျွန်တော်တွေ့ခဲ့တဲ့ နှင်းဆီပန်းရောင်းတဲ့ မမက ခင်ဗျားမဖြစ်နိုင်ဘူး ..."

"အဝေးနှင်ရယ် ... မ,ပြောနေတာကို မင်းကဘာဖြစ်လို့ မယုံနိုင်အောင်ဖြစ်နေရတာလဲ၊ ဟောဒီမှာ မင်းကိုပြချင်လို့ မ,ယူလာတဲ့ခတ်ပုံဟောင်းလေး၊ အဲဒီနေ့က မ,ကို အကြင်နာမျက်နှာလေးတွေနဲ့ မင်းကမော့ကြည့်ပြီး ပိုက်ဆံတွေပေးလိုက်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ရောပါလာတဲ့ မင်းရဲ့ပတ်စပို့အရွယ် ဓာတ်ပုံဟောင်းကလေးလေ"

"ဟာ ... ဒါဆို ... ခင်ဗျားက ... "

"နောက်တစ်ခါ ... မင်းနဲ့ထပ်တွေ့တော့ မြို့ပတ်ရထားပေါ်မှာလေ၊ ဟောဒီမှာ ... ဒါက မင်း ... မ,ကိုပေးသွားတဲ့ မောင်းကွင်းလက်စွပ်လေး ... "

"သေစမ်း ... "

အဝေးနှင် မျက်တောင်မခတ်နိုင်တော့ပါ။

ကိုယ်ကိုတစ်ပတ်လှည့်ကာ မြူပုန်းလေးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းလေး ဆုပ်ကိုင်လိုက်မိပြီ။

"မ,ရာ ... အဲဒါတွေအားလုံး ကျွန်တော့်ကို စတွေ့တုန်းက ခင်ဗျား ဘာလို့မပြောခဲ့တာလဲ"

"မင်း ... မင်း ... မ,ပခုံးကို မကိုင်နဲ့ ... "

"ဗျာ ... "

"မင်းကို ... မ,ဘယ်လောက်ပဲချစ်ချစ် မင်းမာမီကို မမုန်းတယ်၊ ဖေဖေ့ကို စိတ္တဇဝေဒနာသည် အရူးကြီးတစ်ယောက်လို ဘဝမျိုးရောက်အောင် မင်းမာမီက ဆွေမျိုးအဆက်ဆက်ပြိုင်ခဲ့တဲ့ အမုန်းတွေနဲ့ မတို့မိသားစုလေးကို ဆင်းရဲတဲ့ရပ်ကွက်ထဲက သူများအိမ်နောက်ဖေးလေးမှာနေရတဲ့အဆင့်ထိရောက်အောင် ဒဏ်ခတ်ခဲ့တာ မ,ဘယ်လိုမေ့ပစ်လိုက်ရမလဲ အဝေးနှင်၊ မိုးထဲလေထဲမှာ နှင်းဆီပန်းလေးတွေအော်ရောင်းရင်း မ,ကျခဲ့တဲ့ မျက်ရည်တွေ၊ ကလေးသာသာအရွယ်လေးနဲ့မမျှအောင် တုန်လှုပ်နာကျင်ခဲ့ရတဲ့ မရဲ့ခံစားချက်တွေ ဒါတွေကို လွယ်လွယ်လေးနဲ့မေ့ပျောက်သွားမယ်လို့ မင်းထင်ထားသလား ... နောက်ဆုံးတစ်နေ့မှာ မရဲ့ဖေဖေဟာ စိတ်ဖောက်



ပြန်ထွက်သွားရင်းနဲ့ မမျှော်လင့်ဘဲ မင်းမာမီနဲ့ လမ်းမကြီးတစ်ခုပေါ်မှာ ဆုံတွေ့သွားကြတယ်လေ ... "

"ဗျာ ... "

"မင်း ... နားထောင် အဝေးနှင်၊ ဒီအကြောင်း မ,ပြောပြမယ်၊ ဒါမှ မင်းမာမီကို မ,ဘာဖြစ်လို့ အရှမ်းနာကြည်းသွားခဲ့သလဲဆိုတာ မင်းသဘောပေါက်သွားမယ်၊ မ,ကလည်း တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့ကမှ နှင်းဆီပန်းတွေ အော်ရောင်းရင်းနဲ့ မင်းတို့ခြံရှေ့မှာ"

"မင်းတို့ခြံရှေ့မှာ ... "

"ထမီအဟောင်းကလေးနဲ့ အင်္ကျီအဟောင်းလေးကို ဝတ်လို့ပေါ့ ... "

........

www.burmeseclassic.com



## အခန်း ( ၁၆ )

"နှင်းဆီလေးတွေရမယ်နော် ... "
"နှင်းဆီလေးတွေရမယ် ... "
"ဘုရားတင်လို့လည်းရပါတယ်"
"လက်ဆောင်ပေးလို့လည်းရပါတယ်"
"ဆယ်ပွင့်စည်းလေးကိုမှ သုံးရာတည်းပါ ... "
"နှင်းဆီလေးတွေနော် ... နှင်းဆီလေးတွေ ... "

မြူက နှင်းဆီပန်းစည်းတချို့ကို လက်မှာပွေ့ကိုင်ထားသလို လွတ်နေသည့်လက်လေးတစ်ဖက်ကလည်း နှင်းဆီခြင်းကလေးကို ပွေ့ကိုင်ထားသည်။ ဒီနေရာ ဒီလမ်း၊ ဒီခြံရှေ့ကို ရောက်တာနဲ့ မြူ အသံလေးက ပိုပိုပြီးကျယ်လာတတ်တာလေ။ ဘာဖြစ်လို့လဲဆို တော့ နှင်းဆီပန်းတွေကိုမြင်တိုင်း အတိတ်တစ္ဆေအခြောက်ခံနေရ တဲ့ ဒေါ်အရိပ်ညိုရဲ့ခြံရှေ့ကို ရောက်ရောက်လာခဲ့ရလို့ပါ။

ကိုယ်က ကလေးသာသာအရွယ်လေးမို့ နာကြည်းချက်တွေ ကို လူတွေသိအောင် မကြေညာရဲခဲ့သည့်တိုင် တတ်နိုင်သမျှလေး တော့ တုန့်ပြန်ချင်မိတာ မခံချင်စိတ်လေးတွေက လှုံ့တက်လာခဲ့လို့



ပေါ့။ ပြောရရင် သူ့ဌေးမှဆိုးဖိုကြီးတစ်ယောက်နဲ့ညားပြီး ဖေဖေ့ကို ချန်ထားစွန့်ခွာရက်စက်သွားတဲ့ ဒေါ်အရိပ်ညိုဟာ နှင်းဆီတွေကို မြင်တိုင်း သူ့အတိတ်ဘဝက နှင်းဆီပန်းရောင်းခဲ့ရတာကို လူတွေ သိမှာကြောက်ပြီး အမြဲတုန်လှုပ်ခြောက်ခြားနေခဲ့တာလေ။

ဒါကို ... မြူကသိနေတော့ ထိုခြံကြီးရှေ့ကိုရောက်တိုင်း နှင်းဆီလေးတွေရမယ်နော်၊ နှင်းဆီလေးတွေရမယ်ဆိုပြီး အသံကို မြှင့်လို့ ... ဒေါ်အရိပ်ညိုကြားအောင် အော်ခဲ့မိတာပါ။ ဒီနေ့ကတော့ ဒေါ်အရိပ်ညိုနေတဲ့ခြံနားကို မရောက်ခင်မှာကတည်းက နှင်းဆီပန်း လေးတွေရမယ်နော်ဆိုတဲ့ အော်သံလေးက ပွဲတင်သံလေးတစ်ခုလို ဖြစ်နေအောင် ဝဲပျံ့လာခဲ့ရတာပါ။

"နှင်းဆီလေးတွေ ရမယ်နော် ... "
"နှင်းဆီလေးတွေရမယ် ... "
"ဟင် ... "

အော်နေရင်း မြူ့ရင်ထဲမှာ ထိတ်ခနဲ တစ်ချက်ခုန်သွားသည်။

ဒေါ်အရိပ်ညိုနေတဲ့ ခြံကြီးရှေ့မှာ ရုတ်ရုတ်သဲသဲနဲ့လူတွေ ဝိုင်းအုံလို့ရယ်ပါလား။ ထိုမြင်ကွင်းကိုကြည့်ကာ အော်နေတဲ့မြူ့ အသံလေးက တိတ်ကျသွားသည်။ မြူ ... မျက်တောင်လေးပင့်ကာ ရှေ့ကိုလှမ်းကြည့်လိုက်တော့ ...

"ဘုရားရေ ... "

မြူမထင်မှတ်ဘဲ တွေ့လိုက်ရတာ ဖေဖေ။

"အရူးကြီးဟေ့ ... အရူးကြီး ... "

"ဟိုခြံကြီးထဲကို အတင်းဝင်မယ်လုပ်နေလို့ ဝိုင်းမောင်း ထုတ်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ … သူများခြံကိုများ ကိုယ့်ခြံမှတ်လို့ …"

"ဟား … ဟား … ဟား … မိန်းမရိုင်းကြီး …"

"နင်အခုထွက်ခဲ့စမ်း …"

ဖေဖေ …

ဖေဖေ ဘယ်လိုလုပ်ပြီး ဒီခြံရှေ့ကိုမှ ရောက်လာရတာလဲ။

မနက်ကပဲ ဖေဖေ့ကို ကော်ဇီနဲ့မုန့်လေးကျွေးပြီး အိမ်မှာ ထားခဲ့တာ။ အခုကြည့်စမ်း … ဒေါ်အရိပ်ညိုနေတဲ့ ခြံရှေ့တည့်တည့်ကိုမှ ဖေဖေရောက်သွားရပြီ။

"ဟား … ဟား … ဟား …"

"ထွက်သွား … ထွက်သွား … ရှင့်လိုအရူးကများ …"

"ကဲကွာ … ကဲကွာ …"

"ဒုတ် … ခွပ် …"

"ဟာ … မရိုက်ပါနဲ့ … ဖေဖေ့ကို မရိုက်ပါနဲ့ ဒါ … ဒါ … သမီးရဲ့ဖေဖေပါ … ဖေဖေ … ဖေဖေ …"

"အဟင့် … ဟင့် … ဟင့် …"

"အဟင့် … ဟင့် … ဟင့် …"

မျက်ရည်စက်လက်ကျပြီး လူအုပ်ကြီးကြားထဲကို အရူးမီးဝိုင်းပြေးဝင်သွားခဲ့တာ မြူဆိုတဲ့ နှင်းဆီပန်းရောင်းတဲ့ကောင်မလေး ရယ်ပါပဲ။ သို့သော် … ဖေဖေကတော့ မျက်နှာနဲ့နှုတ်ခမ်းစွန်းမှာ သွေးစတွေစိုရဲလျှက်။ ဒေါ်အရိပ်ညိုက လူအုပ်ကြီးရှေ့မှာဦးဆောင်ကာ ဖေဖေ့ကို ရက်စက်စွာ ရိုက်နှက်ရင်း အော်ဟစ်မောင်းထုတ်နေတာ မကြည့်ရက်စရာ မြင်ကွင်းတစ်ခုလိုဖြစ်သွား၏။

"ဟွန်း … လူကိုများ နှင်းဆီပန်းသည်လေးဘာလေးနဲ့





နာနာရိုက် … နာနာရိုက် … ဒါမှ ဒီခြံရှေ့ကိုနောက်မလာရဲမှာ"

"အဟင့် … ဟင့် … ဟင့် … မရိုက်ပါနဲ့အန်တီ၊ ဒါသမီးရဲ့ ဖေဖေပါ၊ ဖေဖေ့ကို ဒီလောက်ထိတော့ အန်တီရက်စက်ဖို့မကောင်းပါဘူး၊ အန်တီကြောင့် … အန်တီကြောင့် ဒီဘဝကို သမီးတို့ရောက်ခဲ့တာ … ဒါကို ကိုယ်ချင်းစာ ငဲ့ညှာစိတ်ကလေးနဲ့ ဖေဖေ့ကို အန်တီ သနားပါဦး …"

"ဘာပြောတယ် …"

မြူပြောလိုက်တာကို နားထောင်ပြီး ဒေါ်အရိပ်ညို ဇွေ့ဇွေ့ ခုန်ရပြီ။

"အန် … အန်တီက သူဌေးပါအန်တီ … သမီးက ဒီပန်းလေးတွေရောင်းပြီး ဝေဒနာသည်ကြီးဖေဖေ့ကို လုပ်ကျွေးနေရတာပါ၊ အန်တီနဲ့ဖေဖေ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ သမီးကအသိဆုံးပါ အဟင့် …"

"ကြည့်စမ်း … လမ်းပေါ်မှာ အစုတ်အနုတ်ပန်းကို လိုက်ရောင်းနေရတဲ့ မလောက်လေးမလောက်စား ဟာမလေးကများ ငါ့ကိုတောင်စံပြောနေလိုက်တာ၊ ဒီမှာ … ညည်းအဖေ အရူးကြီးနဲ့ ငါက ပတ်သက်ခဲ့စရာလား၊ လူတွေရှေ့မှာ ညည်းငါ့ကို သိက္ခာလာမချနဲ့ … ညည်းတို့သားအဖနှစ်ယောက်စလုံး အချုပ်ထဲရောက်သွားမယ်"

"ရှင် … အန်တီဘယ်လိုပြောလိုက်တာလဲ၊ ခုချိန်မှာ အန်တီ ကိုယ်အန်တီ အရမ်းချမ်းသာနေတယ်ဆိုပြီး သမီးတို့သားအဖကို အန်တီအထင်သေးပြီး နှိမ်နေတာလား၊ သံသရာဆိုတာ လည်တတ်ပါတယ်အန်တီ …"



www.burmeseclassic.com

www.burmeseclassic.com



“ဘာ … ဘာရယ် …”

ဒေါ်အရိပ်ညို မျက်နှာမဲ့လျက် ဖျတ်ခနဲခါးထောက်ကာ မျက်နှာကို မော့လိုက်စဉ်မှာ ဖေဖေ့အော်သံက ထွက်လာ၏။

“ဟေး … ဟေး … ဟုတ်တယ် … ဟုတ်တယ် … ဖေဖေ့သမီးလေးပြောတာအမှန်ပဲ၊ တစ်နေ့ကျရင် ဖေဖေ့သမီးလေးက ချမ်းသာချင်ချမ်းသာလာမှာ … ဟား … ဟား … အဲဒီအချိန်ကျမှ ဒီမိန်းမ ခါးထောက်ပြီးပြောသလို ဖေဖေ့သမီးလေးက ပြန်ပြောစမ်း၊ ဒီမိန်းမမျက်နှာကို ပိုက်ဆံထုတ်နဲ့ပစ်ပေါက်ပြီး အနိုင်ယူပစ်စမ်း”

“ကြည့်စမ်း … အရူးသားအဖကများ ခြံရှေ့မှာလာပြီး ပြောနေလိုက်တာ၊ ထွက်သွား … ငါ့ခြံရှေ့ကနေ နင်တို့သားအဖနှစ်ယောက်စလုံး ထွက်သွားကြ …”

ဒေါ်အရိပ်ညို ခုန်ပေါက်ပြောနေတာ အသားတွေတောင် တဆတ်ဆတ်တုန်လို့ပါ။ ဒါကိုကြည့်ကာ ရီဝေနာကျင်သော မျက်ဝန်းများဖြင့် ဖေဖေက အဆုံးမသတ်နိုင်အောင် ရယ်ပါသည်။

“ဟား … ဟား … ဟား …”

“ဟား … ဟား … ဟား …”

“နင့်ကို ငါမေ့လို့ရမယ်များထင်နေသလားဟင် နှင်းဆီပန်းသည်မကြီးရဲ့၊ နင့်မျက်နှာကို နှင်းဆီပန်းတွေနဲ့ ပစ်ပေါက်ချင်လို့ ငါလိုက်ရှာနေတာကြာပြီ … ပေးစမ်း … သမီးရဲ့နှင်းဆီတွေ ဟား ဟား …”

“ကဲကွာ … ကဲကွာ …”

ဖေဖေက နှင်းဆီပန်းတွေနဲ့ အတင်းရုန်းကန်ပစ်ပေါက်နေတာမို့ ဝိုင်းနေသည့်လူအုပ်က နောက်ကိုနည်းနည်းဆုတ်သွားသည်။





“ဟယ် … ကြည့်စမ်း … အရူးကြီးက နှင်းဆီပန်းတွေနဲ့ပစ်ပေါက်နေပြီ …”

“သနားပါတယ်ဟယ် …”

“ဟုတ်တယ် … ဟုတ်တယ် … ဒီသူဌေးမကြီးအကြောင်းကို သိထားတဲ့လူတွေပြောတာ ကြားဖူးတယ် … သူက ဟိုတုန်းက လမ်းဘေးမှာ နှင်းဆီပန်းရောင်းရင်း သူဌေးတွေကို ချူစားခဲ့တာတဲ့ ဒီအရူးကြီးက ဒီမိန်းမချူစားလို့ဒုက္ခရောက်သွားတဲ့ အရူးကြီးပဲဖြစ်မှာ၊ ဒီကောင်မလေးဆို နှင်းဆီပန်းတွေလိုက်ရောင်းနေရတာ ဘယ်လောက်သနားဖို့ကောင်းလဲ … ဒါကိုတောင် ဒီသူဌေးမကြီးက ကိုယ်ချင်းမစာဘဲ ရိုက်နှက်ပြီးတော့ မောင်းထုတ်နေတာ”

လူအုပ်ထဲက အကြောင်းသိသူ တချို့က ခပ်တိုးတိုးဝေဖန်နေ၏။

ဒါကို တချို့ကလည်း စုတ်သတ်ကာ ကြည့်နေကြသည်။

ဒေါ်အရိပ်ညိုကတော့ သိတယ်မို့လား။

လည်တိုင်နဲ့နားမှာ စိန်တွေတဖျတ်ဖျတ်လက်ကာ ခေါင်းတမော့မော့ မာန်တဝင့်ဝင့်နှင့် သူ့အနားမှာလည်း သူ့အမိန့်ကိုနာခံလိုက်နာမယ့်အစေအပါးတွေက အံတကြိတ်ကြိတ် တက်တခေါက်ခေါက်နှင့် သခင်အားရ ကျွန်ပါးဝ လုပ်တော့မယ့်သူတွေက ဝိုင်းဝိုင်းလည်နေသည်။

“ဟေ့ကောင်တွေ ကြာတယ်ကွာ … ဆွဲထုတ်စမ်း …”

“ဟိုမှာ အန်တီရိပ် … အရမ်းဒေါကန်နေပြီ”

“ဟာ … သမီးဖေဖေကို မရိုက်ပါနဲ့နော်၊ လာ … ဖေဖေ သမီးတို့သွားမယ် …”



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ... ညည်းမသွားနဲ့ဦး ... "

"ရှင် ... အန်တီ ... "

"ညည်းတို့သားအဖကို နောက်ဆုံးအနေနဲ့ တစ်ခုပဲပြောလိုက်မယ်၊ ဝဋ်ကြွေးဆိုတာ သံသရာတိုင်း ဘဝတိုင်းမှာရှိတယ်၊ ကိုယ်ပြုခဲ့တဲ့ ကံမကောင်းလို့ ဒီဝဋ်ကြွေးကို ညည်းတို့သားအဖနှစ်ယောက် ပေးဆပ်နေရတာ၊ ဒါကို ... မကျေနပ်တဲ့စိတ်နဲ့ ညည်းဘယ်တော့မှ ငါ့ကို တုံ့ဖက်ပြိုင်ဖို့မကြိုးစားနဲ့ ကြိုးစားလာမယ်ဆိုရင်လည်း သံသရာအဆက်ဆက် ညည်းကို ငါစိမ်ခေါ်တယ် ... ရှင်းပြီလား ... "

"ဟွန်း ... "

ရင်နာနာနဲ့ နှုတ်ခမ်းလေးကိုမဲ့လိုက်မိတာ မြူပါပဲ။

ဆယ့်သုံးနှစ်သမီးအရွယ် မိန်းကလေးတစ်ယောက်ရဲ့ နုနယ်တဲ့နှလုံးသားလေးဆီကို စူးနစ်စိုက်ဝင်သွားခဲ့တဲ့ မမေ့နိုင်သောစကားလေးတွေ။

"ရပါတယ်အန်တီ ... အန်တီပြောတဲ့စကားကို သမီးတစ်သက်လုံးမှတ်ထားလိုက်ပါ့မယ် ... အခု ... သမီးကျရတဲ့မျက်ရည်ဟာ အန်တီကြောင့်ကျရတဲ့မျက်ရည်ပါ ... တစ်နေ့နေ့မှာ သမီးကြောင့် အန်တီမျက်ရည်ကျစေရမယ် ... "

"ဘာပြောတယ် ... "

"အန်တီကို သမီးလက်စားပြန်ချေမယ် ... "

"ပြန်ပြောစမ်း ... "

"အို ... အန်တီနော် ... သမီးဆံပင်ကို မဆွဲပါနဲ့ ... "

ဒေါ်အရိပ်ညို ဒေါသကို မထိန်းနိုင်တော့ မြူဆံပင်လေးတွေကို တအားဆောင့်ဆွဲစုကိုင်ကာ ခေါင်းကိုတအားဆွဲခါရင်း နောက်





တစ်ကြိမ်ထပ်မေးသည်။

"ညည်း ... ညည်းသတ္တိရှိတယ်မို့လား ... "

သူ့လက်ထဲမှာ မြူတစ်ကိုယ်လုံး ယိမ်းထိုးယမ်းခါနေသည်။

ဖေဖေက ငေးကြောင်ကြောင်မျက်လုံးကလေးတွေနဲ့ သမီးဖြစ်သူကို ငေးစိုက်ကြည့်နေလျှက်။

"ပြန်ပြောစမ်း ... ညည်းသတ္တိရှိတယ်ဆိုရင် ငါ့ကိုတုံ့ဖက်ပြိုင်ပြီး ပြန်ပြောစမ်း ... "

"ပြောမယ် ... အန်တီကို သမီးလက်စားပြန်ချေမယ်"

"ကဲ ... အဲဒါ ချေဦး ... "

"ဖြန်း ... "

"အား ... သေပါပြီ ... "

မြူပါးလေးကို တအားလွဲရိုက်ချလိုက်တာ အရှိန်နဲ့လည်ထွက်သွားပြီး လမ်းမပေါ် မြူပစ်ကျသွားသည်။

"တော်ကြပါတော့ဗျာ ... "

"ဆင်းရဲတဲ့ ဒီကလေးမသားအဖကို မတရားမလုပ်ကြပါနဲ့"

"အဟင့် ... ဟင့် ... ဟင့် ... ရပါတယ်အန်တီ ... အန်တီဘယ်လောက်ရိုက်ရိုက် ... အန်တီကို သမီးထပ်ပြောလိုက်ဦးမယ်၊ အန်တီ့ကိုလက်စားပြန်ချေမယ် ... သမီးတို့ မျက်ရည်ကျခဲ့ရသလို တစ်နေ့နေ့မှာ အန်တီပြန်ပြီး မျက်ရည်ကျစေရမယ်၊ လာ ... ဖေဖေ သမီးတို့သွားမယ်"

နှင်းဆီပန်းစည်းလေးတွေကို ပြန်ကောက်ပွေ့ကိုင်ကာ ဖေဖေ့လက်ကိုဆွဲပြီးပြန်ထွက်ခဲ့ချိန်မှာတော့ နာကျင်မှုတွေက နှလုံးသားကို တဆတ်ဆတ်ခါစေခဲ့လျှက်။ ပိုဆိုးသွားခဲ့တာက ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ … နောက်ဆုံးပေါ်ကားလှလှလေးတစ်စီးက လမ်းမကြီးပေါ်ကို ဖြတ်မောင်းလာခဲ့ချိန်မှာ … တဟားဟားအော်ရယ်ရင်း … ကားရှေ့တည့်တည့်ကို ပြေးဝင်သွားခဲ့သည့်ဖေဖေကတော့ … သမီးလေးကိုပင် နှုတ်မဆက်နိုင်တော့ဘဲ လောကကြီးထဲကနေ အပြီးအပိုင် ထွက်သွားခဲ့ရှာပြီ။

……

## အခန်း ( ၁၇ )

"ကျွန်တော် … ကျွန်တော် ဒီအဖြစ်အပျက်တွေကိုကြားရတာ လုံးဝမယုံနိုင်ဘူး ဒေါ်မြနှင်းစေရာ … ကျွန်တော့်မာမီကြောင့် ခင်ဗျားတို့မိသားစုလေး ဘဝပျက်ခဲ့တာကိုသိလိုက်ရလို့ ကျွန်တော် ဝမ်းနည်းပါတယ် … ဒါပေမယ့်ဗျာ … ဒီဓာတ်လမ်းမှာ ကျွန်တော်က …"

အဝေးနှင် စကားမဆက်နိုင်ပါ။

နဖူးပြင်ပေါ်က ဆံပင်တွေကြားထဲလက်ထိုးကာ မြနှင်းဆန့်ကျင်ဘက်အရပ်ကို မျက်နှာလွှဲသည်။ ထိုအချိန်မှာ သက်ပြင်းအမောကိုရှိုက်ရင်း တောင်ကုန်းမြင့်လေးပေါ်ကနေ အဝေးတစ်နေရာဆီက သစ်ပင်အုပ်အုပ်တွေဆီ အကြည့်တွေရောက်သွား၏။

မြနှင်းက်ပိုက်ရပ်လျက် သူ့ဘက်လှည့်ကာ …

"ဟုတ်တယ် … အဝေးနှင် … ဒါကြောင့်မို့ ဒီဓာတ်လမ်းထဲမှာ အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကိုကိုင်ပြီး မနောက်ပို သည်းကြီးမည်းကြီး မင်းလိုက်လာကတည်းက မင်းမှာ အပြစ်မရှိဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိလို့ ... မ,မင်းနဲ့မပြိုင်ချင်ခဲ့တာ သေချာတာတစ်ခုက မ,ဆယ့်သုံးနှစ်သမီးအရွယ်က တွေ့ခဲ့ရတဲ့ မင်းရဲ့အပြာရောင်မျက်ဝန်းလေးတွေဟာ မ,ကို အလွှမ်းမိုးထားနိုင်ဆုံး မျက်ဝန်းလေးတွေဖြစ်ခဲ့တယ်ဆိုတာပါပဲ၊ မင်းပေးသွားတဲ့ မောင်းကွင်းလက်စွပ်လေးကိုဝတ်ပြီး ပညာကို မ,ကြိုးစားခဲ့တယ်၊ မ,ကို သမီးတစ်ယောက်အဖြစ်နဲ့မွေးစားပြီး နိုင်ငံခြားကိုခေါ်သွားတဲ့ မွေးစားဒက်ဒီနဲ့မာမီတို့ရဲ့ အားပေးမှုတွေအောက်မှာ ဘယ်နိုင်ငံကိုပဲ မ,ရောက်နေနေ မ,အမြဲတမ်းသတိရတမ်းတ,နေခဲ့တာ ... အဝေးနှင်ဆိုတဲ့ကောင်လေးတစ်ယောက်ကိုပါပဲ ... ဒီကောင်လေးကို သတိရတိုင်းလည်း ဒေါ်အရိုင်ညို့ဆိုတဲ့ မင်းရဲ့မာမီကို သေလောက်အောင်နာကျင်မုန်းတီးခဲ့တယ်"

"ကောင်းပြီလေ ... ဒေါ်မြူနှင်းစေရာ ... အဲဒီအတွက် ခင်ဗျားဘာလုပ်မလဲ ... "

"မင်းမာမီကို လက်စားချေမယ် ... "

"ဗျာ ... "

အဝေးနှင်တစ်ကိုယ်လုံးကို ဒေါ်မြူနှင်းစေရာဘက် လှည့်လိုက်ရပြီ။

"မာမီ့ကို မာမီ့ကို ခင်ဗျားလက်စားချေမယ်ဟုတ်လား ... ပြောပါဦး ... မာမီကို ခင်ဗျားဘယ်လိုလက်စားချေမှာလဲ၊ ခင်ဗျားလိုပဲ မာမီအသည်းမာတာ ခင်ဗျားသိတယ်နော် ... ခင်ဗျားလောက်ကို မာမီက ဒူးထောက်အညံ့ခံသွားမှာမဟုတ်ဘူး ... "

"မင်း ... အဲလိုပဲထင်ထားသလား အဝေးနှင် ... "

"မာမီစိတ်ကို ကျွန်တော်သိနေလို့ မ,ကိုပြောပြနေတာ"





"အဝေးနှင်ရယ် ... မင်းဘာဖြစ်လို့ မ,ကိုဒီလောက်တောင် လျှော့တွက်ထားရတာလဲ ... အိပ်မက်စေတမာန်ကုမ္ပဏီကြီးရဲ့ မန်နေဂျင်းဒါရိုက်တာ မြူနှင်းစေရာလေ ... ဟွန်း ... မင်းမာမီနဲ့ ပတ်သက်နေတဲ့ အချက်အလက်တွေကို ဒီနေ့တစ်ခါတည်း မင်းသိအောင် ပြောပြချင်လို့ မင်းကိုဒီနေရာရောက်အောင် မ,ခေါ်လာခဲ့တာ ... "

"ဟင် ... ကျွန်တော် မာမီက ဘာတွေဖြစ်နေလို့လဲ"

"ရှိသမျှ စည်းစိမ်တွေပြုတ်ပြီး ... လူပါထောင်ထဲဝင်ရတော့မယ် ... "

"ဘာပြောတယ် ... "

အဝေးနှင်တစ်ကိုယ်လုံး သွက်သွက်ခါသွားခဲ့ရပြီ။

"ခင်ဗျား ... ခင်ဗျား ... မဟုတ်တာတွေပြောပြီး မာမီကို ရိုက်ချိုးဖို့မကြိုးစားနဲ့နော် ... မာမီက ဘာဖြစ်လို့ စည်းစိမ်ပြုတ်ပြီး ထောင်ထဲဝင်ရမှာလဲ ... အဓိပ္ပာယ်မရှိတာတွေ ခင်ဗျားလျှောက်မပြောနဲ့ ... "

"ဟွန်း ... မ,ပြောမယ် ... အဝေးနှင်၊ မ,ပြောမယ့်စကားကို မင်းသေသေချာချာနားထောင်ပြီးတော့မှ မင်းကြိုက်သလို ဆုံးဖြတ်ပေါ့ ... ဒီဇာတ်လမ်းဟာ မြန်မာပြည်ကို မင်းပြန်ရောက်မလာခင် မင်းကိုကိုကြီးဆုံးသွားပြီးကတည်းက မ,နဲ့ပြန်တွေ့ပြီး ကမ္ဘာမကြေတဲ့မီးတောက်တွေ မင်းမာမီကိုယ်ပေါ်မှာ လောင်မြိုက်ပြီး ဒီဇာတ်လမ်းကို စ,ခဲ့တာ၊ ဒီမီးတောက်ဟာ ဆွေစဉ်မျိုးဆက်ပြိုင်လာခဲ့တဲ့မီးတောက် ... မ,ကို အရမ်းမုန်းနေတဲ့အမုန်းတွေကြောင့် မ,ရဲ့ကုမ္ပဏီကြီးတစ်ခုလုံး ဝုန်းခနဲလဲပြိုသွားအောင် ဖြိုချချင်ခဲ့တဲ့ မင်း



www.burmeseclassic.com

www.burmeseclassic.com



မာမီရဲ့ မလိုတမာ စိတ်ထားတွေက ဒီမီးတောက်ကိုအစပျိုးခဲ့တာ"

"ဗျာ ... "

"အသက်ငါးဆယ်နားရောက်လာတာတောင် တောင့်တင်း လှပနုပျိုနေတဲ့ မင်းမာမီဟာ မ,ရဲ့ကုမ္ပဏီက ငွေစာရင်းမန်နေဂျာ ဦးသက်သက်ဝေနဲ့ပေါင်းပြီး ကုမ္ပဏီငွေတွေကို ခေါင်းစဉ်အမျိုးမျိုး ပြပြီး ထုတ်ယူသွားခဲ့တယ်လေ၊ ပိုဆိုးတာက ဦးသက်သက်ဝေဆို တာ အကြံသမား လူလိမ်လူကောက်ဆိုတော့ မင်းမာမီကိုပါ အထုံ သွင်းပြီး လက်ရှိမင်းမာမီပိုင်တဲ့ ခြံနဲ့တိုက်ကိုပါ သူ့နာမည်နဲ့ပြောင်း ပြီး လွှဲယူပစ်လိုက်တာ၊ အခု ... ဦးသက်သက်ဝေကို ရဲကဖမ်းတော့ ကြံရာပါအဖြစ်နဲ့ မင်းမာမီကိုပါ ဦးသက်သက်ဝေက အမှုထဲကိုဆွဲ သွင်းလိုက်ပြီဆိုတော့ အမှုသွားအမှုလာအရ မင်းမာမီပိုင်တဲ့ ခြံနဲ့ တိုက်ကိုပါ ချိတ်ပိတ်ပြီး ဒီအမှုကို မင်းမာမီရင်ဆိုင်ရတော့မှာ"

"ဒါ ... ဒါဆို ... "

"သေချာတယ်အဝေးနှင် ... သူများအပေါ်မှာ မကောင်းကြံ စည်ချင်တဲ့စိတ်ထားကြောင့် မင်းမာမီ ... စည်းစိမ်ပြုတ်ပြီးထောင် ကျတော့မယ်၊ အခုတောင် ... စခန်းမှူးကြီးကို မ,မေတ္တာရပ်ခံထား လို့ ခြံနဲ့တိုက်ကို ချိတ်ပိတ်ရုံပဲပိတ်ပြီး မင်းမာမီကို မဖမ်းသေးတာ အခုလောက်ဆိုရင်တောင် တာဝန်ရှိတဲ့သူတွေက ချိတ်ပိတ်လိုက်လို့ မင်းမာမီ မျက်ရည်ကျနေလောက်ပြီ၊ ဒါ ... ဒါ ... မင်းမာမီကို ဒီ သရာတရားရုံးက အကောင်းဆုံးချမှတ်တော့မယ့် အပြစ်ဒဏ်ပဲ"

"တီ ... တီ ... "

"တီ ... တီ ... "

ဟော ... ပြောရင်းဆိုရင်း အဝေးနှင်ရဲ့ ဟန်းဖုန်းလေးက





မြည်လို့လာချေပြီ။

အဝေးနှင် ကပျာကယာ ဖုန်းလေးကို ဖွင့်နားထောင်လိုက် တော့။

"ဟဲလို ... "

"သား ... သားငယ်လေးလားဟင် ... "

သေချာတာပေါ့ ဖုန်းလှမ်းဆက်နေတာ မာမီ။

"မာ ... မာမီ ဘာဖြစ်လို့လဲဟင် ... "

"အဟင့် ... မာမီဒုက္ခရောက်နေပြီသား ... သားငယ်လေး မာမီ့ဆီကို ချက်ချင်းရောက်အောင်ပြန်လာခဲ့ပါ၊ မာမီ့ကိုလေ မြူနှင်း စေရာက အမှုဖွင့် ... "

"ဟာ ... မာမီ ... မာမီ ... "

"ဟဲလို ... ဟဲလို ... "

သူ့မျက်တောင်တွေကော့လျှက် ...

မြင်ကွင်းတွေအားလုံး ချာလည်လည်သွားသည်။

ဒေါ်မြူနှင်းစေရာကိုပင် မစောင့်တော့ဘဲ မာမီဆီကို သူ အရောက်ပြန်လာခဲ့တာ၊ ဘယ်ကဘယ်လို ရောက်သွားမှန်းပင်မသိ တော့ပါ။

"အဟင့် ... အဟင့် ... သားငယ်လေးရယ် ... မာမီတို့တော့ ဒုက္ခရောက်ပြီသားငယ်လေးရဲ့ ... မြူနှင်းစေရာကို မခံချင်စိတ်တွေ နဲ့ ဒုက္ခရောက်အောင် မာမီကြံစည်လိုက်မိတာ၊ အရမ်းမှားသွားပြီ၊ မာမီ့ကိုကယ်ပါ ... မာမီ့ကိုကယ်ပါ ... အခု ... ရုံးအမိန့်နဲ့ ခြံနဲ့တိုက် ကို ချိတ်ပိတ်လိုက်လို့ ခြံပြင်က ဒီသစ်ပင်အောက်လေးမှာ မာမီ တစ်ယောက်တည်း ထွက်ထိုင်နေရတာလေ သားငယ်လေးရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့မကြာခင် ကိုသက်သက်ဝေ ဖော်လိုက်လို့မာမီကိုပါ လာဖမ်းကြတော့မယ်ထင်တယ် ...”

“တီ ... တီ ...”

“ကျွိ ...”

ထိုစဉ်အခိုက်လေးမှာ သူတို့အနားကို လိုက်ထရပ်ကားကြီး တစ်စီးက ရှုတ်တရက် ထိုးရပ်လာပြီး ကားပေါ်က အသက်လေး ဆယ်ကျော်အရွယ် လူကြီးနှစ်ယောက်ဆင်းလာသည်။

“ဟို ... ဟိုလေ ... ဒေါ်အရိပ်ညိုဆိုတာ ခင်ဗျားနော်”

“ဘုရားရေ ... ရှင်တို့ ကျွန်မကိုဖမ်းမလို့လာတာလားဟင်၊ ကျွန်မ ... ကျွန်မ ...”

ဒေါ်အရိပ်ညို မျက်လုံးအိမ်ထဲကနေ မျက်ရည်တွေ သုတ်လို့ မနိုင်အောင်ကျလာ၏။

“ဟာ ... မဟုတ်မါဘူး အိပ်မက်စေတမာန်ကုမ္ပဏီက မန်းနေဂျင်းဒါရိုက်တာ ဒေါ်မြူနှင်းစေရာလွှတ်လိုက်လို့လာတာပါ၊ အိမ်နဲ့ခြံကို ချိတ်ပိတ်လိုက်ပြီဆိုတော့ နေစရာမရှိဖြစ်ပြီး ဒုက္ခရောက်နေမှာစိုးလို့ သူပိုင်တဲ့အိမ်ကလေးကို ပြောင်းပေးလိုက်ပါဆိုလို့ ကျွန်တော်တို့လာတာပါ ...”

“ဘုရားရေ ... မြူ ... မြူလေးက ကျွန်မကို ဒုက္ခရောက်မှာစိုးလို့ ကူညီတာဟုတ်လား ... ဒါ ... ဒါ ... ဘုရားကယ်တာ၊ ဘုရားကယ်တာ ... အဟင့် ... ဟင့် ... ဟင့် ... မြူလေးရယ်၊ သမီးကို အန်တီ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး”

“ကဲပါ ... အဲဒီစကားတွေ ကျွန်တော်တို့ MD နဲ့ ခင်ဗျားတွေ့မှပြောတော့ အခုလောလောဆယ်အရေးကြီးတာ ခင်ဗျားပိုင်





တဲ့ပစ္စည်းတွေ ကားပေါ်တင်ပြီး ခင်ဗျားတို့သားအမိနှစ်ယောက်ကို လိုက်ပို့ပေးမယ် ...”

“ဟွန်း ...”

အဝေးနှင်ကတော့ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ...

“ကဲ ... တက်လိုက်ပါ ... မာမီ ဒီဘဝရောက်မှတော့ မထူးတော့ပါဘူး၊ ကဲ ... ဘယ်မှာလဲ မာမီပစ္စည်းတွေ ...”

“အမလေးသားငယ်လေးရယ် ... ဘာပစ္စည်းမှ ယူခွင့်မရှိဘူးဆိုလို့ ဒီအဝတ်အစားထုတ်လေးတောင် သားအမိနှစ်ယောက်စာလေး မာမီယူထားလိုက်ရတာလေ ... မြူလေးက မာမီတို့ကို နုလိုပြန်ကူညီတာ လွန်လွန်းလှပြီ ...”

သူတို့သားအမိနှစ်ယောက် တက်လိုက်လာခဲ့ရပေမယ့် ...

လိုက်ထရပ်ကားလေးက ဘယ်ကိုမောင်းလို့မောင်းနေမှန်းမသိ။ မြို့နဲ့တော့ တဖြေးဖြေးဝေးလို့လာခဲ့ပြီ။

ဒေါ်အရိပ်ညိုက ကားခေါင်းခန်းမှာ ထိုင်လိုက်လာတာမို့ မောင်းလာသည့်ဒရိုင်ဘာကို မေးမိသည်။

“ဟို ... ဟိုလေ ... အခု မောင်းလာတာ ဘယ်ကိုမောင်းလာတာလဲဟင် မြူလေးဝယ်ထားတဲ့ ခြံနဲ့အိမ်က မြို့ထဲမှာဝယ်ထားတာမဟုတ်ဘူးလား ... အခု ... အခုရောက်နေတာ မြို့ပြင်ဘက်ကိုတောင် ရောက်နေပြီ ...”

“ဟွန်း ... ခင်ဗျားမပူပါနဲ့ အခု ... ခင်ဗျားတို့ ပိုနိုင်းလိုက်တဲ့အိမ်ကလေးက မြန်မာပြည်ကို ဒေါ်မြူနှင်းစေရာ ပြန်မရောက်ခင်ကတည်းက ကြိုက်ဈေးပေးပြီး မပေါက်တဲ့ဈေးနဲ့ မြတ်မြတ်နိုးနိုး ဝယ်ထားလိုက်တဲ့အိမ်ကလေးပါ၊ အခု ... အဲဒီအိမ်ကလေးရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



တောင်ရောက်နေပြီလေ ... ဟိုမှာလေ ခင်ဗျားကြည့်လိုက် ... သွပ်မိုးပျဉ်ထောင်အိမ်ကလေးနောက်က ထန်းမိုးထရံကာ အိမ်ကလေး ... အဲဒါ ... ဒေါ်မြှုနှင်းစေရာ အသက်ဆယ်နှစ်သမီးအရွယ်ကလေဖြတ်ပြီး အရှုးကြီးတစ်ပိုင်းဖြစ်နေတဲ့ သူ့အဖေနဲ့ဒုက္ခရောက်ဘဝပျက်ပြီးနေခဲ့ရတဲ့အိမ် ... အခု ... ခင်ဗျားက ဒုက္ခရောက်နေပြီဆိုတော့ ဒေါ်မြှုနှင်းစေရာ ထားတဲ့အိမ်ကလေးမှာပဲ ခင်ဗျားနေရတော့မှာ ... "

"ဘုရားရေ ... "

ဒေါ်အရိပ်ညို ရင်ဘတ်ကလေးဖိကာ အသက်ရှူရပ်သွားမတတ် ခံစားလိုက်ရပြီ။

ဒါ ... ဒါ ... သူဝင့်လည်တာလား။

ဘုရားရှင် ကယ်တော်မူပါ။

ဒီအိမ်လေးမှာနေပြီး နှင်းဆီပန်းပြန်ရောင်းရတဲ့ဘဝကို မရောက်ပါရစေနဲ့။

နှင်းဆီပန်းပြန်ရောင်းရတဲ့ဘဝကို မရောက်ပါရစေနဲ့။

ဘုရား ... ဘုရား ... ။

မြှုလေးရယ် ...

မင်း ... အန်တီကို လက်စားချေချင်လို့ ... ဒီအိမ်လေးကို တမင်ပြန်ပို့လိုက်တာလား ... ။

အခန်း ( ၁၈ )

"တီ ... တီ ... "

"ကလင် ... ကလင် ... "

Computer ရှေ့မှာထိုင်ရင်း ရုတ်တရက် Alarm မြည်သံတွေ ဆူညံသွားရတာမို့ လှသာမျက်မှောင်လေးကျုံ့ကာ စကားပြောခွက်လေးကို ကောက်ကိုင်လိုက်ရသည်။

"ဟဲလို ... ဟဲလို ... "

"ဟုတ်ကဲ့ ... ကျွန်တော် ကုမ္ပဏီဂိတ်တံခါးက လုံခြုံရေးမှူး ဦးစံမြိုင်ပါ ... "

"ဘာကိစ္စလဲ ... ဦးစံမြိုင် ... ပြော ... ပြော ... "

"ဟိုလေ ... ကုမ္ပဏီဂိတ်တံခါးမှာ လူတစ်ယောက်သောင်းကြမ်းနေလို့ ... "

"ဘုရားရေ ... လူတစ်ယောက်လာသောင်းကျန်းနေလို့ ဟုတ်လား၊ အဲဒါဗျာ ... ဒီကို ဖုန်းလှမ်းဆက်ပြီးပြောနေရသေးတယ်၊ အချုပ်ထဲ တစ်ခါတည်းထည့်လိုက်လေ ... "

www.burmeseclassic.com



"ဟာ ... အချုပ်ထဲထည့်လို့မရလို့ ကျွန်တော် ... ကျွန်တော် လှမ်းပြောနေတာ ... "

တော်တော်အရစ်ရှည်တဲ့ လုံခြုံရေးမှူး ဦးစံမြိုင်။

ဒီမှာတောင် အလုပ်တွေရှုတ်ပြီး တစ်ယောက်တည်း ပျာယာခတ်နေရတဲ့ကြားထဲ ဂိတ်တံခါးမှာလာသောင်းကျန်းရင် ရဲစခန်းကို ဖုန်းဆက်ပြီး အချုပ်ထဲတန်းထည့်ရမယ်ဆိုတာ နားမလည်ဘူးလား၊ ဟွန်း ... တကယ်နံ့တဲ့ ဦးစံမြိုင်ကြီး။

"ဟာ ... ဘာလို့ထည့်လို့မရမှာလဲ၊ ရဲစခန်းကို ဖုန်းဆက်လေ"

"ဟာ ... သူက ရဲစခန်းမကလို့ မိုးပေါ်က သိကြားမင်းကြီး ဆင်းလာလည်း ဂရုမစိုက်ဘူးပြောနေလို့ ဒီမှာ ... ပြဿနာတက်နေတာ၊ လုံခြုံရေးက ကောင်လေးတစ်ယောက်ကိုလည်း ခွပ်ခနဲဆွဲထိုးလို့ နှုတ်ခမ်းကွဲသွားပြီ ... "

"ဟယ် ... ကြည့်စမ်း ... ဒါဆို ဒီလူသောင်းကျန်းတာ တော်တော်ကမ်းကုန်နေပြီပေါ့ ... ပြောပါဦး ... ပြောပါဦး ... သူ့ပုံစံက ဘယ်လိုပုံစံလဲ ... "

"ဟာ ... အသားဖြူဖြူ ဆံပင်ရှည်ရှည်လေးနဲ့ ပုံစံလေးက တအားမိုက်တယ်လေ"

"ဟင် ... မိုက်တယ် ဟုတ်လား ... "

လွှာစိတ်ထဲမှာ တစ်ချက်တော့ ထင့်ခနဲဖြစ်သွားသည်။

"ဟိုလေ ... ဟို ... ဟိုတစ်ခါတုန်းက အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကို ကိုင်ပြီး ကုမ္ပဏီထဲကို ခပ်မိုက်မိုက်ဝင်လာတဲ့သူလား ... သူက အရပ်လေးလည်း မြင့်တယ်လေ ... "





"ဟာ ... ဟုတ်တယ် ... ဟုတ်တယ် ... နာမည်ကိုမေး ကြည့်တော့ အဝေးနှင်တဲ့ ... "

"သေတော့မှာပဲ ... ဦးစံမြိုင်ရယ် အဲဒါ စောစောကတည်းက နာမည်ကိုတစ်ခါတည်းပြောလိုက်ပါတော့လား ... လွှတ်လိုက် ... လွှတ်လိုက် ... "

"ခွပ် ... "

ပြဿနာပဲ ...

ဖုန်းခွက်ကလေးကို ဆောင့်ကြီးအောင့်ကြီး လွှာကပစ်ချလိုက်သလို နှုတ်ခမ်းလေးဆူကာ ဒေါလည်းပွသွားသည်။ အဝေးနှင်ရယ် ... ရှင်တို့သားအမိနှစ်ယောက် MD ပေါ်မှာ ခုထိအညှိုးတွေ မပြေနိုင်ကြသေးဘူးလားဟင်။ ခုတော့ ... ကိုယ့်အ,ကုသိုလ်နဲ့ကိုယ် ရှင်တို့သားအမိနှစ်ယောက်စလုံး ဒုက္ခတွေနဲ့ မြို့ပြင်ကိုရောက်သွားကြရပြီမဟုတ်လား။ ဒါကိုတောင် ရှင်ကလိုက်လာသေးတယ်။

ကြာရင် ရှင့်ငယ်ထိပ်ကို ဒေါက်ခနဲနေအောင် ကျွန်မခေါက်မိတော့မယ်။

ရှင်တော့လေ ... ရှင်တော့ ...

ဟွန်း ... ဟွန်း ...

"ဒုန်း ... "

"ဂလုံး ... "

"အမလေး ... "

တွေ့လား ... လာကတည်းက တကယ့်ပြဿနာ။

ညွှန်ကြားခန်းထဲက ထိုင်ခုံကို ဒုန်းခနဲပိတ်ကန်ပြီးတော့မှ အဝေးနှင်က ဝင်လာတာ။ မျက်နှာတွေလည်းနီလို့၊ နှုတ်ခမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း တဆတ်ဆတ်တုန်လို့။ ဆံပင်တွေက နဖူးပြင်လေးပေါ်မှာ ရော ပခုံးထက်မှာပါ ဖွာလန်ကြဲပြီး ဖရိုဖရဲနဲ့ လဲပြိုကျနေသည်။

"အဝေး ... အဝေးနှင် ... ရှင်ဘာဖြစ်လာတာလဲ"

"မင်း ... မမေးနဲ့ မင် ... ငါ့ကိုစကားတစ်လုံးမှမပြောနဲ့"

"ဒုန်း ... "

"အမလေး ... "

လွှာစားပွဲကိုလည်း ဝုန်းခနဲအသံမြည်သွားအောင် ထုချလိုက်ပြန်ပြီ။

"ဒီ ... ဒီမှာနော် ... အဝေးနှင် ရှင်ခံစားရတိုင်း ... ဒီအခန်းမှာ လာပေါက်ကွဲမနေနဲ့၊ ကျွန်မရှင့်ကို ... အစောကြီးကတည်းက ပြောခဲ့တယ်၊ အစောကြီးကတည်းက သတိပေးခဲ့တယ်၊ ဒေါ်မြူနှင်းစေရာနဲ့ပြိုင်ရင် ရှင်ဘယ်တော့မှ မနိုင်စေရဘူးဆိုတာ ... အခု ... ကျွန်မပြောခဲ့သလိုပဲ ဒီပွဲမှာ ရှင်ရှုံးသွားခဲ့ပြီ ... "

"ဘာပြောတယ်"

စူးလက်လက်မျက်ဝန်းတွေပေါ်က မျက်တောင်ရှည်တွေ ဖျတ်ခနဲကော့တက်ကာ မျက်နှာတစ်ခုလုံးနီရဲလျက် လွှာ့ဘက်ကို လှည့်လာသည်။ ပြောလိုက်ရပေမယ့် လွှာ့မှာလည်း သူ့ကိုကြည့်ကာ အထိတ်တလန့်နဲ့ လွှာဒီလိုမပြောရင် ဘယ်လိုပြောရမလဲ။ တကယ်ဆို သူ့ကိုမရှုံးစေချင်လို့ လွှာက စေတနာနဲ့သတိပေးခဲ့တာပါ။ ဒါကိုတော့ တဆိတ်လောက်ကျေးဇူးပြုပြီး ရှင်နားလည်ဖို့ကောင်းတာပေါ့ အဝေးနှင် ... ရှင် ... ခုလို ပေါက်ကွဲခံစားနေရတာကို ကျွန်မ မကြည့်ရက်ပါဘူး အဝေးနှင်ရယ်။

"ငါ ... ငါ ... ဒီလောက်အရှုံးပေးနေတဲ့ကြားထဲက ဒေါ်မြူ





နှင်းစေရာက ငါ့ကိုရော ငါ့မာမီကိုပါ အလှပဆုံးနဲ့အရက်စက်ဆုံး ရိုက်ချိုးသွားတာ၊ အခုကြည့်စမ်း ... ငါ့မာမီကို မြို့ပြင်က အိမ်ကလေးကိုပို့ပြီး မင်းတို့ MDက Lesson ပေးနေပြီလေ၊ နာကြည်းမှုအပေါင်းကို သရဖူဆောင်းချင်နေတဲ့မိန်းမ၊ အမုန်းတွေ၊ အညိုးတွေနဲ့ ငါ့မာမီကို လက်စားချေချင်နေတဲ့မိန်းမ၊ ငွေစာရင်းမန်နေဂျာ ဦးသက်သက်ဝေ သုံးသမျှ၊ ယူသမျှ မသိချင်ဟန်ဆောင်ထားပြီးတော့မှ မာမီကိုပါ အပိုင်တစ်ချက်တည်းဆွဲချည်ပစ်လိုက်တာ ငါမခံစားရဘဲနေမလား။ မာမီကလည်း အညိုးအတေးကြီးလွန်းတယ်၊ သားကောင်ကိုပဲမြင်ပြီး ထောင်ချောက်ကိုမမြင်တဲ့မုဆိုးလို မိုက်မဲလွန်းအားကြီးခဲ့တယ်၊ ခုတော့ ... ငါဘယ်လိုမှ ထင်မှတ်မထားတဲ့အဖြစ်အပျက်တစ်ခုအောက်မှာ တုန်လှုပ်ချောက်ချားမှုတွေနဲ့ ငါ့မာမီကိုယ်တိုင် မျက်ရည်ကျနေရပြီလေ၊ ငါမသိတဲ့နောက်ကွယ်ကနေ ဒေါ်မြူနှင်းစေရာရဲ့ ကုမ္ပဏီကို ဖြိုချဖို့ကြိုးစားခဲ့တဲ့ ငါ့မာမီကိုလည်း ငါအပြစ်မတင်ချင်တော့ဘူး၊ ငွေစာရင်းမှာကွာနေသမျှ ငွေသိန်းလေးထောင်ကို ငါ့မာမီကိုယ်တိုင် လက်မှတ်တွေထိုးပြီး ဦးသက်သက်ဝေနဲ့ပေါင်းထုတ်သွားခဲ့တာ ... "

"အဲဒါ ... ကျွန်မတို့ MD ထောင်ချောက်ဆင်ခဲ့တာမဟုတ်ဘူး"

"ဒါကတော့ကွာ"

"ဟွန်း ... "

နှုတ်ခမ်းလေးကိုမဲ့လျက် မျက်နှာလေးကို အဝေးနှင် ဖျတ်ခနဲမော့သည်။

"ခုတော့ ... သူနဲ့ငါ ပြိုင်ရမယ့်နောက်ဆုံးအချိန်ကိုရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီလေ … ကဲ … ပြောပါ … သူ့ကို ငါဘယ်လိုသွားတွေ့ရမလဲ”

“ရှင် … ရှင် … ထပ်ပြီးတော့ ရှုံးချင်သေးလို့ အမ်ဒီနဲ့တွေ့ချင်နေတာလား အဝေးနှင် … ကျွန်မ တောင်းပန်ပါတယ်”

“မလိုဘူး … မင်း ငါ့ကိုဘာမှတောင်းပန်နေစရာမလိုဘူး”

“ရှင် … ”

“ငါတွေ့ချင်တာ မင်းတို့အမ်ဒီ … သူနဲ့နောက်ဆုံးအကြိမ် အပြတ်စာရင်းရှင်းချင်လို့ငါလိုက်လာတာ၊ ကဲ … မင်းတို့အမ်ဒီ ဘယ်အခန်းမှာလဲ … ”

“အမ်ဒီ မလာသေးဘူး … ဒီနေ့ ကုမ္ပဏီကိုတောင် အမ်ဒီက ရောက်လာချင်မှရောက်လာမှာ ရှင် … ရှင် … အမ်ဒီဖုန်းနံပါတ်ကို သိနေတာပဲ … ရှင်ဆက်ကြည့်လိုက်ပေါ့ … ”

“ဖုန်းပိတ်ထားတယ်ကွ”

“ကွိုင်ပဲ … ”

လွှာ ခေါင်းကလေးကုတ်လိုက်တာ စိတ်ပျက်လက်ပျက်လေးပါ။

“အဝေးနှင်ရယ် … ဖြစ်ခဲ့တာတွေအားလုံးနဲ့ပတ်သက်ပြီး ကျွန်မ ရှင့်ကို ဘယ်လိုဖြေရမှန်းတောင်မသိတော့ဘူး၊ ဒီကိစ္စမှာ ကျွန်မတို့ အမ်ဒီ အရမ်းခံစားနေရတာကိုလည်း ကျွန်မသိတယ်၊ အမ်ဒီဟာ ရှင့်ကိုဘယ်လောက်ပဲချစ်ချစ် အချစ်တစ်ခုကြောင့်တော့ သူသိပ်နာကြည်းခဲ့ရတဲ့ မိန်းမတစ်ယောက်ရဲ့သားကို ဒူးထောက်အညံ့ခံသွားမှာ မဟုတ်ဘူးဆိုတာ ကျွန်မတို့ဝန်ထမ်းတွေအားလုံးက သိနေတယ်၊ ပြောရရင် … ကျွန်မတို့ အမ်ဒီနဲ့ ရှင်နဲ့ တွေ့ဆုံခဲ့တဲ့ ဇာတ်လမ်းလေးဟာ သိပ်ကိုရင်နာရတဲ့ဇာတ်လမ်းလေးတစ်ပုဒ်ပါ





အညိုးတွေ အမုန်းတွေ နာကြည်းမှုတွေနဲ့ ဘယ်လိုပဲပြိုင်ခဲ့ပြိုင်ခဲ့ နောက်ဆုံးတစ်နေ့မှာ အဆုံးသတ်ရမှာ မျက်ရည်တွေနဲ့ပဲ အဆုံးသတ်ရမှာလေ … ကျွန်မ စိတ်မကောင်းပါဘူး၊ အခုလည်း … အမ်ဒီနဲ့ပတ်သက်ပြီး ရှင့်စိတ်တွေ အလဲလဲအပြိုပြိုဖြစ်နေတာ ကျွန်မသိတယ်၊ ရှင် … တစ်ခုတော့ ကျွန်မကို အမှန်အတိုင်းဝန်ခံလိုက်ပါ၊ ကျွန်မတို့ အမ်ဒီကို ရှင်သိပ်ချစ်နေပြီမို့လား … ”

“ဟာ … အဲဒါ … မင်းမမေးနဲ့လေ … ”

“ဟွန်း … ရှင်မဖြေချင်လည်း ကျွန်မသိပါတယ်၊ အချစ်ဆိုတာ ခေါင်းညိတ်ဝန်ခံနေစရာမလိုတဲ့ နှလုံးသားထဲကလာတဲ့ ဦးညွှတ်မှုတစ်ခုပါ။ ရှင် အမ်ဒီဆီကို ဖုန်းဆက်ပြီး ဒီပြိုင်ပွဲက နုတ်ထွက်တော့မယ်လို့ ကြေညာလိုက်ကတည်းက ရှင်ကျဆုံးသွားပြီဆိုတာ ကျွန်မတို့အားလုံးသိခဲ့ကြတာပဲ … အမ်ဒီကလည်း ရှင့်ကို အမြဲတမ်းလိုလို အရှုံးပေးခဲ့တာပါ … သေချာတာတစ်ခုက ရှင်ချစ်သလို ကျွန်မတို့အမ်ဒီကလည်း ရှင့်ကိုချစ်တယ် … ”

“ဘာ … ဘာပြောတယ် … မင်းတို့အမ်ဒီက ငါ့ကိုချစ်တယ် ဟုတ်လား … ဟား … ဟား … မင်း … မင်းရယ်စရာကောင်းတဲ့ဟာသတွေ ငါ့ကိုလာမပြောနဲ့နော် … အသည်းမာပြီး မိန်းကလေးတိုင်းကို အနိုင်ယူလာခဲ့တဲ့ ငါ့ကိုကိုကြီးကိုတောင် အနက်ရောင်နှင်းဆီလေးတစ်ပွင့်ရင်ဘတ်မှာထိုးစိုက်ပြီး ဒိုင်ပွဲရပ်နဲ့အနိုင်ရအောင်ယူသွားတဲ့ မင်းတို့အမ်ဒီ အသည်းခွဲဘုရင်မကြီးက ငါ့ကိုချစ်သတဲ့လား ဟား … ဟား … ”

အရူးလေးတစ်ယောက်လို ခွက်ထိုးခွက်လှန်လေးနဲ့ ခါးကလေးကော့ကာ အဝေးနှင်က အော်ရယ်နေခဲ့ပြီ။ လွှာကတော့ အမ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



စိတ်အခြေအနေကို သိထားရသမျှ အမှန်အတိုင်းပြောလိုက်တာပါ။ ဒီထက်ပိုပြီး ထပ်ပြောရမယ်ဆိုရင်တောင် ပြောလို့ရတာရှိသေးတယ်၊ အမ်ဒီက ရန်ကုန်မြို့ပေါ်မှာ အကြီးကျယ်ဆုံးနဲ့ အခမ်းနားဆုံး လက်ထပ်မင်္ဂလာပွဲကြီးတစ်ခုကိုတောင် ကျင်းပပြီးတော့ အဝေးနှင်းရဲ့မာမီကို လက်စင်တွေတစ်ခုပြီးတစ်ခုပေးတော့မှာ။

အဝေးနှင်းရယ်။

ရှင့်ကိုတော့ ... သနားပါတယ်။

တစ်ခုပဲခက်နေတာက အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကို ကိုင်ပြီး မာနခြင်းပြိုင်အသည်းခွဲဖို့ ရှင်စိမ်ခေါ်ခဲ့တာကို ကျွန်မတို့ အားလုံးက မကျေမနပ်ဖြစ်ခဲ့ကြတာပါ။ အဲဒါကိုတော့ ရှင် ... အကြွင်းမဲ့လုံးဝလက်နက်ချပြီးတော့ ပြန်တောင်းပန်ဖို့လိုမယ်ထင်တယ်။ အဲလိုမှ မလုပ်ရင်တော့ အဝေးနှင်းဆိုတဲ့လူတစ်ယောက်ကို အဝေးဆုံးရောက်သွားအောင် ကျွန်မတို့အမ်ဒီက နှင်ပစ်လိုက်လိမ့်မယ်။

ကျွန်မ ... စေတနာနဲ့ပြောတာနော် ... အဝေးနှင် ... ။

သေချာတာက ကျွန်မတို့အားလုံးက ကျွန်မတို့အမ်ဒီ ဒီပွဲမှာ လုံးဝအပြတ်အသတ် အောင်ပွဲခံအနိုင်ရသွားတာကို လက်ခုပ်တီးအားပေးချင်လို့စောင့်နေကြတာ ... ဒါကို ရှင်ခေါင်းမော့ရယ်ပြီး အမ်ဒီကို ရှုံ့ချကန့်ကွက်ဖို့ ရှင်မကြိုးစားနဲ့။

"ဟား ... ဟား ..."

အဝေးနှင်းဆီက ရယ်သံလေးကတော့ မဆုံးနိုင်အောင် အခန်းထဲမှာ လွှင့်ပျံ့နေဆဲ။

"ဘာ ... ဘာလဲဟင် ... အဝေးနှင် ... ကျွန်မပြောတာကို ရှင်မယုံလို့လား၊ ကျွန်မပြောတဲ့စကားတွေကို ရှင်လက်မခံနိုင်လို့ ဟားတိုက်ရယ်နေတာလား ... တကယ်ပါ ... ကျွန်မတို့ အမ်ဒီက ရှင့်ကိုချစ်တယ် ... ဒါပေမယ့် ... ကျွန်မတို့အမ်ဒီချစ်တဲ့အချစ်က ယောကျ်ားတစ်ယောက်ကို ဒူးထောက်အညံ့ခံသွားမယ့်အချစ်မျိုးတော့မဟုတ်ဘူး ..."

လှာ ခေါင်းကလေးမော့ကာ အပြတ်ပဲပြောချသည်။

ဒါကိုမှ ရှင်ထပ်ပြီးတော့ စိမ်ခေါ်ချင်သေးတယ်ဆိုလည်း ရှင့်သဘောပါပဲ။ ကျွန်မတို့အမ်ဒီကတော့ စစ်ဘုရင်ခုံပေါ်က နယ်ရုပ်ကလေးတွေရွှေ့သလို ရှင်တို့သားအမိနှစ်ယောက်ကို တစ်ကွက်ပြီး တစ်ကွက်ရွှေ့သွားမှာ။

"ဟွန်း ... ကျွန်မပြောတာကို ရှင်မယုံလည်း စောင့်ကြည့်လိုက်ပေါ့အဝေးနှင် ... ဟုတ်ပြီလား ... ဒီပွဲမှာ ကျွန်မတို့အမ်ဒီက ရှုံးပြီး ရှင်နိုင်သွားရင်လည်း ရှင့်ကိုလက်ခုပ်တီးအားပေးဖို့ ကျွန်မတို့ ဝန်လေးနေမှာ မဟုတ်ဘူး ..."

"ဒီမှာ ... ဒီမှာ ..."

"ဟုတ် ... ပြောပါ အဝေးနှင် ..."

"မင်းကို နောက်ဆုံးအနေနဲ့ တစ်ခုပဲငါပြောမယ်"

"ဟုတ် ..."

"ငါ့မာမီကို ကြိုက်တဲ့ပုဒ်မတပ်ပြီး ထောင်ချပစ်လိုက်ရင်လည်း ဘယ်သူ့ကိုမှ ငါဂရုမစိုက်ဘူး၊ နားလည်လား ... အခု ခိုင်းလိုက်လာတာ မင်းတို့အမ်ဒီကို လုံးဝမကျေနပ်လို့လိုက်လာတာ"

"ဟွန်း ... မင်းက ဘာကို မကျေနပ်တာလဲ အဝေးနှင်"

"အိုး ... အမ်ဒီ ရောက်လာပြီ ..."

www.burmeseclassic.com



ကြည့်ပါဦး ...

ကြည်ပြာရောင်ဝမ်းဆက်ဝတ်စုံနုနုလေးကို မြန်မာဆန်ဆန်လေးချုပ်ဝတ်ထားတဲ့ အမ်ဒီမျက်နှာလေးကမော့လို့။ ဝင်းနှစ်ရှင်းသန့်တဲ့ လည်တိုင်လေးကလည်း ကော့လို့။ မျက်ဝန်းလေးတွေက တဖျတ်ဖျတ်လက်နေသလို နှုတ်ခမ်းအိအိလေးတွေကပါ ပြုံးယောင်လေးသန်းချင်နေသည်။

"ခင်ဗျား ..."

အဝေးနှင်တစ်ကိုယ်လုံး နောက်ပြန်လှည့်ပြီးတော့ သူမကို ရင်ဆိုင်သည်။

"ဟွန်း ... ဟုတ်တယ် ဒေါ်မြူနှင်းစေရာ ကျွန်တော် ... ခင်ဗျားကို လုံးဝမကျေနပ်လို့ ဒီကုမ္ပဏီကို ကျွန်တော်လိုက်လာတာ ဘာလဲဟင် ... ကျွန်တော့်မာမီကို အကောင်းဆုံးလက်စားချေခွင့် ရလိုက်လို့ ခင်ဗျားပျော်နေတာလား"

"ဒါကတော့ကွာ ... မျက်ရည်နဲ့ရင်းပြီးမှ ဆပ်လို့ရမယ့် သံသရာကြွေးကို နောင်ဘဝထိပါမသွားအောင် ဒီဘဝမှာပဲ ကြေအောင် ပြန်ဆပ်နိုင်းလိုက်တာပါ ... အခုရော ... ဘယ်လိုလဲ ကူကယ်ရာမဲ့နေတဲ့ဘဝမှာ ထနိမိုးထရံကာအိမ်လေးနဲ့နေရတာ မင်းမာမီအဆင်ပြေရဲ့လား ... အိမ်ကလေးက စုတ်ပေမယ့် ဒီအိမ်လေးက ရွှေထုတ်တဲ့မြပုဝါအိမ်လေးပါ ... ဦးသက်သက်ဝေရဲ့ထွက်ချက်တွေထဲမှာ ကုမ္ပဏီပိုင်ငွေတွေကို အလွဲသုံးစားထုတ်သုံးပြီး ဝယ်ထားတဲ့ မင်းမာမီရဲ့အိမ်နဲ့ခြံကို မလွှဲသာလို့ ချိတ်ပိတ်လိုက်ရပေမယ့် မ,စိတ်မကောင်းဘူး ... ဒါကြောင့်မို့ ... မင်းမာမီကို မသိပ်ကိုတန်ဖိုးထားပြီး ... ဘယ်တော့မှမမေ့လို့မရတော့မယ့် အိမ်ကလေးဆီကို





ပို့ပေးလိုက်တာ ... မိုးတွေခပ်ကြမ်းကြမ်းရွာရင်တော့ အဲဒီအိမ်ကလေးက သိပ်တော့မိုးမလုံဘူးနော် အဝေးနှင် ... နောက်ဘက်ချောင်းထဲကရေတွေတက်လာရင်လည်း အိမ်ရှေ့ခြေနင်းခုံအထိ ရေက မြုပ်ကုန်ရော ... မ,က အဲဒီအိမ်ကလေးမှာ အရှုးတစ်ပိုင်းဖြစ်နေတဲ့လေဖြတ်ဝေဒနာသည်ကြီး ဖေဖေကို သုံးနှစ်တိတိ မိုးခြိမ်းသံတွေကြားတိုင်း ဖက်ဖက်ပြီးအိပ်ခဲ့ရလို့ မင်းကိုသတိပေးတာပါ ... မင်းမာမီ သူဌေးမကြီးကို မ,အားနာပါတယ်၊ အဟွန်း ... ဟွန်း ... ဟွန်း ... သုံးနှစ်မဟုတ်ရင်တောင် သုံးလ,လောက်တော့ မင်းမာမီကို နေကြည့်စေချင်လို့ ..."

"ခင်ဗျား ... ခင်ဗျား ... ကျွန်တော့်မာမီကို မရက်စက်နဲ့နော်"

"ဟာ ... အဲဒါ မ,ရက်စက်နေတာ မဟုတ်ဘူးလေ၊ ဒါမျိုးတွေဖြစ်လာအောင် ဒီလိုဘဝမျိုးရောက်သွားအောင် မင်းမာမီက လုပ်ခဲ့တာလေ၊ ဟွန်း ... မပူပါနဲ့ ... အခုတောင် အဲဒီအိမ်အထိ လိုက်သွားပြီး မ,ကိုယ်တိုင် သွားတွေ့မှာပါ ... ကဲ ... အညိုရောင်နဲ့လွှာ မင်းတို့နှစ်ယောက်ပါ လိုက်ခဲ့ ..."

အဲဒီလို မှဲ့ပြုံးလေးနဲ့ အမ်ဒီက တစ်ကွက်ခြင်းလှုပ်ရှားတော့မှာ။

ဒါနဲ့ပဲ ... အဝေးနှင်ကိုခေါ်ပြီးရောက်သွားခဲ့တာ၊ အဲဒီအိမ်ကလေးကိုပါ။

အိမ်ကလေးရှေ့မှာ ကားထိုးရပ်လိုက်ကတည်းက နောက်ဖေးအိမ်ကလေးထဲကနေ လမ်းမပေါ်ကို အသည်းအသန်ပြေးထွက်လာတာ ဒေါ်အရိပ်ညိုပါ။



www.burmeseclassic.com

www.burmeseclassic.com



"အို ... မြူလေးရယ် ... အဟင့် ... ဟင့် ... ဟင့် အန်တီ့ဆီကို မြူလေးလိုက်လာတယ် ဟုတ်လား ... အန် ... အန်တီကို မဖမ်းပါနဲ့နော်မြူလေး ... အန်တီ ... အန်တီ မြူလေးကို တောင်းပန်ချင်လို့ စောင့်နေတာပါ မြူလေးရယ် ... "

"တောက် ... "

အဝေးနှင်က သူ့မာမီကိုမကြည့်ဘဲ တောက်ခေါက်လျှက် မျက်နှာကိုတစ်ဖက်သို့လှည့်သည်။ ဟွန်း ... မာမီရာ ဒီလိုနှလုံးသား မရှိဘဲ ရက်စက်တတ်တဲ့မိန်းမတစ်ယောက်ကို မာမီအောက်ကျခံပြီး တောင်းပန်နေစရာလိုသလားဗျာ။

ကျွန်တော်ကတော့ ဒီမိန်းမကို လုံးဝဂရုမစိုက်တော့ဘူးသိလားမာမီ ... သူကြိုက်သလို လက်စားချေပါစေ။ ခေါင်းမော့ပြီးတော့ ကျွန်တော်ပေးဆပ်သွားမယ် ... ကျွန်တော်လေ ကျွန်တော် ခုအချိန်မှာတော့ ...

"အို ... အန်တီ ... မလာနဲ့ ... မလာနဲ့၊ အမလေးအန်တီရယ် ... ကျွန်မဆီကိုပြေးလာတာ ချော်လဲနေပါဦးမယ်အန်တီရယ်၊ ဒီနားလေးမှာက ရွှံ့ဗွက်လေးတွေနဲ့ ချောနေတာလေ ဟင်း ... ဟင်း ... ဟိုတုန်းကဆိုရင် ခနော်ခနဲ့သစ်သားတံတားလေးနဲ့ လမ်းမပေါ်ရောက်အောင်ကူးရတာ အန်တီရဲ့ ... ဒုက္ခပါပဲ ... "

လှာနဲ့အညိုရောင် ထိုအိမ်စုတ်ဟောင်းကလေးကိုကြည့်ကာ မျက်တောင်ခတ်ဖို့သတိမရနိုင်သလို အသက်ရှုဖို့ကိုပါမေ့နေကြသည်။ အမ်ဒီရယ် ... ဒီနေရာ ... ဒီရပ်ကွက်နဲ့ဒီအိမ်ကလေးဟာ အမ်ဒီ ဆယ်နှစ်သမီးအရွယ်ကနေ ဆယ့်သုံးနှစ်သမီးအရွယ်ထိ ဒုက္ခတွေရောက်ပြီးနေခဲ့ရတဲ့ အိမ်ကလေးတဲ့လားအမ်ဒီရယ် ...





ဒါ ... ဒါ ... ဒေါ်အရိပ်ညိုက အမ်ဒီဖေဖေ့ဆီက ပိုင်ဆိုင်သမျှ စည်းစိမ်ချမ်းသာတွေကို အလုအယက်တွေကိုဖန်းပြပြီး ချူစားမြူစား သွားခဲ့လို့ ဒီနေရာလေးကို အမ်ဒီရောက်ခဲ့ရတာလား။

အမ်ဒီကတော့ ကားပေါ်မှဆင်းကာ မြေပြင်မှာ ခြေချရပ်လိုက်မိတာနှင့် အတိတ်ကိုသတိရပြီး ရင်နင့်ကြေကွဲရမှုတွေက အမ်ဒီ မျက်ဝန်းလေးတွေထဲမှာ တဖျတ်ဖျတ်ခါလို့။

ဒေါ်အရိပ်ညိုဆိုတဲ့ အန်တီကြီးကတော့ ...

"မြူလေးရယ် ... အန်တီ့ကိုခွင့်လွှတ်ပါနော် မြူလေး ... အန်တီ့ဆီကို မြူလေးအခုလိုလိုက်လာတာ အန်တီအရမ်းဝမ်းသာတာပဲ ... အန်တီဖြင့်လေ ... ညကအိပ်လို့တောင်မပျော်ဘူး၊ အဟင့် မီးကမရှိတော့ ... ညကဆိုရင် ဖယောင်းတိုင်လေးထွန်းပြီး အန်တီ အိပ်ခဲ့ရတာ ... မြူလေးရဲ့ ... ဒီကြွက်ထဲ မြေကြွက်ကြီးတွေက လာသေးတယ် ... "

"အို ... အန်တီရယ် ... ကျွန်မ စိတ်မကောင်းလိုက်တာ"

"လိုက် ... လိုက်ပို့တဲ့ ကုမ္ပဏီလူကြီးတွေပြောတာကတော့ ဒီ ... ဒီအိမ်လေးမှာ မြူလေးငယ်ငယ်ကနေခဲ့ရတာဆို ... "

"အဟင်း ... ဟင်း ... ဟင်း ... အဲဒါ ဟုတ်တယ်လေ အန်တီ ... အန်တီနှိပ်စက်ပြီး အနိုင်ယူခဲ့လို့ ဖေဖေနဲ့ကျွန်မ ဆင်းရဲဒုက္ခရောက်ပြီး ဒီအိမ်လေးမှာ သုံးနှစ်တိတိနေခဲ့ရတာ ဒါကိုမမေ့နိုင်လို့ အမြဲတမ်းသတိရနေအောင် ဒီအိမ်ဒီနေရာလေးကို ပေါက်ဈေးထက်တောင် ဈေးပိုပေးပြီး ကျွန်မဝယ်ထားလိုက်တာပါ ... ဟင်း ဟင်း ... ဖေဖေကဆိုရင်လေ ... လေဖြတ် စိတ်ဖောက်ပြန်ပြီး လမ်းမှာတွေ့သမျှ ဘုရားစွန့်ထားတဲ့ နှင်းဆီပန်းခြောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကောက်လာပြီး မုန်းတယ် ... မုန်းတယ်လို့ ဒီအိမ်လေးထဲက ခနော်ခနဲ့ဘုရားစင်လေးရှေ့မှာ ကယောင်ကတမ်းလေးနဲ့ အမြဲအော်ခဲ့ရတာ ... လာ ... လာ ... အန်တီ ကျွန်မ အန်တီကိုပြမယ်"

မြူက မျက်နှာမပျက်ပေမယ့် ဒေါ်အရိပ်ညိုကတော့ မျက်နှာပျက်နေရပြီ။

"ဒီ ... ဒီနေရာလေးပေါ့အန်တီ ... ဖေဖေနဲ့ကျွန်မ ရေနံဆီမီးခွက်လေးထွန်းပြီး ဖျာကြမ်းလေးနဲ့အိပ်ခဲ့ရတာ မိုးတွေလေတွေတအားကြမ်းတဲ့ညဆိုရင် ဟိုနောက်ဘက်မှာရှိတဲ့ ချောင်းထဲကရေတွေ မြွေတွေတက်လာမှာကြောက်လို့ အဟင့်ဟင့်လေးနဲ့ငိုပြီး ငုတ်တုတ်ထိုင်မိုးလင်းခဲ့ရတာ အန်တီရဲ့ ... ခေါင်မိုးလေးကမလုံတော့ စောင်တွေ၊ ခြင်ထောင်တွေဆိုရင် အကုန်စိုရွဲကုန်တာ ကျွန်မ ထမင်းချက်တော့လည်း ဝါးခြမ်းပြားလေးတွေခင်းထားတဲ့ ဟိုနောက်ဖေးခန်းလေးထဲမှာ ချက်ခဲ့ရတာ ..."

"ဟွန်း ..."

အဝေးနှင် နှုတ်ခမ်းလေးမဲ့သွားတာကိုမြင်လိုက်ရပေမယ့် မသိချင်ဟန်ဆောင်ပြီး မျက်နှာလေးကို လွှဲပစ်လိုက်မိတာ မြူပါ။ ဒါတွေ ပြန်ပြောနေတာ ဖေဖေအရမ်းမုန်း အရမ်းနာကြည်းခဲ့ရတဲ့ မိန်းမတစ်ယောက်ကို ကိုယ်ချင်းစာ နားလည်ခံစားတတ်အောင်လို့ ဒေါ်အရိပ်ညိုဆိုတဲ့ ဒီမိန်းမကြောင့် လေဖြတ်ဝေဒနာသည် အရှုံးကြီးဘဝကို ဖေဖေရောက်ခဲ့ရတာလေ။ ဒါကို လွယ်လွယ်နဲ့ မြူမေ့လိုက်လို့ရမှာတဲ့လား။

တွေးလိုက်တိုင်း မြူ့ရင်ထဲမှာ တဆစ်ဆစ်နဲ့နာကျင်လာရဆဲပါ။





"အမ်ဒီရယ် ... ဒါ ... ဒါဆို ... အမ်ဒီငယ်ငယ်တုန်းက တော်တော်ဒုက္ခရောက်ခဲ့တာပဲနော် ... ဟိုလေ ... အမ်ဒီပြောတဲ့ နှင်းဆီပန်းစည်းလေးတွေ ပွေ့ကိုင်ပြီး မျက်ရည်ဝဲဝဲလေးနဲ့ လိုက်ရောင်းခဲ့ရတယ်ဆိုတာ ဒီအိမ်လေးမှာနေတုန်းက လိုက်ရောင်းခဲ့ရတာလား ဟင် အမ်ဒီ ..."

"အဲဒါ ... ဟုတ်တယ်လေ ... လွှာ ..."

"အို ... အမ်ဒီရယ် ..."

"အဲဒီတုန်းက အရွယ်လေးနဲ့မမျှအောင် အရမ်းဒုက္ခရောက်လွန်းလို့ ဒီအိမ်လေးရဲ့လှေကားထစ်လေးမှာ ညတိုင်းငုတ်တုတ်လေးထိုင်ပြီး ဝဲတက်လာတဲ့မျက်ရည်တွေကိုသုတ်ရင်း နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ငိုခဲ့ရတာ ... မ,ဘယ်လိုလုပ် မေ့နိုင်မှာလဲ၊ လွှာ ... ပြုသူအသစ် ဖြစ်သူအဟောင်းဆိုပေမယ့် ဒါကိုမမေ့နိုင်လို့ အကောင်းဆုံးတည်ဆောက်ကြိုးစားပြီး မြန်မာပြည်ကို မ,ပြန်ရောက်လာခဲ့တာခုတော့ ... မ,ဆုံးဖြတ်လိုက်ပါပြီ ..."

"ဟင် ... မ,ဘယ်လို ဆုံးဖြတ်လိုက်လဲ ..."

"ဒီ ... သဲသရာကြွေးတွေကို အန်တီဒေါ်အရိပ်ညိုကိုယ်တိုင်ပြန်ဆပ်မယ်ဆိုရင် အမှုဖွင့်ထားတာတွေအားလုံး မ,ပြန်ရုတ်သိမ်းပေးမယ်"

"ဘုရားရေ ... ဒီ ... ဒီသံသရာကြွေးကို အန်တီက.ပြန်ဆပ်ရမယ် ဟုတ်လား ... ဒီသံသရာကြွေးကိုဆပ်မှ အမှုကိုပြန်ရုတ်သိမ်းပေးမယ် ... ဘုရား ... ဘုရား ... အန်တီက ဘယ်လိုပြန်ဆပ်ရမှာလဲ ... မြူလေးရဲ့ အန်တီကို ပြောပါဦး ... အန်တီ ... အန်တီကအသက်လည်းကြီးပါပြီ မြူလေးရယ် ... အဟင့် ... ဟင့် ... ဟင့်



www.burmeseclassic.com

www.burmeseclassic.com



အန်တီကို သနားပါနော် မြူလေး … အန်တီ့ကိုသနားပါနော်”

ဒေါ်အရိပ်ညို တောင်းပန်နေတာ အသံတုန်တုန်လေးနဲ့ပါ။

မြူစိတ်ထဲကတော့ကြိတ်ပြီး ရယ်လိုက်သည်။ အန်တီရယ် ဒီအ,ကုသိုလ်တွေကို အန်တီယူတုန်းကယူခဲ့ပြီးတော့ ကိုယ်ပြန်ဆပ်ရမယ့်အလှည့်ကိုရောက်တော့မှ မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ခေါင်းခါငြင်းဆန်နေလို့ရမလားအန်တီ … ကိုယ်ယူထားတာထက်ပိုပြီး နှစ်ဆပြန်ဆပ်ရတဲ့အကြွေးဆိုတာ သံသရာကြွေးပါ။ အဲဒီအကြွေးကို အန်တီ နှလုံးသားထဲကနေ ယိုစိမ့်ထွက်ကျလာတဲ့ မျက်ရည်တွေနဲ့ ပြန်ဆပ်မှ ကျွန်မ ကျေနပ်နိုင်မယ်။

“မြူလေးရယ် … အန်တီမှာ နေစရာလည်းမရှိတော့ပါဘူး၊ စားစရာလည်းမရှိတော့ပါဘူး၊ အမှုကြီးတန်းလန်းနဲ့ ရဲတွေလာဖမ်းမှာကြောက်လို့ ဒီအိမ်လေးထဲမှာ တထိတ်ထိတ်နဲ့အိပ်ခဲ့ရတာပါ၊ ဦးသက်သက်ဝေနဲ့ပေါင်းပြီး မြူလေးဒုက္ခရောက်အောင် အကောက်ကြံမိတာ အန်တီတောင်းပန်ပါတယ် … မြူလေးကိုလည်း နိုင်ငံခြားကနေ ပြန်ရောက်လာကတည်းက အန်တီကြောင့်ဖြစ်ခဲ့ရတဲ့ အဖြစ်မှန်တွေကိုဖုံးကွယ်ပြီး သားငယ်လေးကို အတင်းလက်ထပ်ယူဖို့ သားငယ်လေးကို မြှောက်ပင့်ပေးခဲ့မိတယ်လေ၊ အဲဒါတွေအားလုံး အန်တီအပြစ်တွေပါ … မြူလေးမှာအပြစ်မရှိပါဘူး၊ နောက်ဆုံးအနေနဲ့ အန်တီတစ်ခုပဲပြောချင်တာ၊ ဒီအိမ်လေးမှာတော့ အန်တီတို့သားအမိနှစ်ယောက်ကို မထားပါနဲ့ … ”

“ဟင် … ဘယ်ဖြစ်မလဲ အန်တီ … ”

မြူခေါင်းလေးခါပြီး အပြတ်ငြင်းပစ်လိုက်သည်။

“အတိတ်က သံသရာကြွေးကို ကျေအောင်ဆပ်စေချင်လို့





ဒီအိမ်ကို ကျွန်မပို့လိုက်တာ၊ ကျွန်မတို့သားအဖနှစ်ယောက်နေခဲ့ရသလို အန်တီတို့သားအမိနှစ်ယောက် ဒီအိမ်မှာနေရမယ်၊ ဟွန်း … အန်တီသိပါတယ်၊ ကြက်တောင်စည်းလေးနှစ်ဖက်နဲ့ အင်္ကျီစုတ်၊ ထမိန်စုတ်ကလေးဝတ်ပြီး နှင်းဆီလေးတွေရမယ်၊ နှင်းဆီလေးတွေရမယ်လို့ လမ်းပေါ်မှာအော်ရောင်းရင်း အန်တီကားနဲ့တောင် တိုက်မိတော့မလိုဖြစ်သွားခဲ့တဲ့ ဥမမယ် စာမမြှောက်၊ နှင်းဆီပန်းသည်မလေးတစ်ယောက်ရဲ့ ခံစားချက်တွေကိုလေ ဒါတွေကို … အန်တီမေ့မပစ်လိုက်နဲ့လေ အန်တီရဲ့ … ကျွန်မကို အညှိုးကြီးတယ်ပြောပြော … အသည်းမာတယ်ပြောပြော … ကျွန်မတို့သားအဖနှစ်ယောက်ခံစားခဲ့ရသလို အန်တီတို့သားအမိနှစ်ယောက် ခံစားစေရမယ် … ”

“ဘုရား … ဘုရား … ”

“သုံးနှစ်မဟုတ်ပါဘူးအန်တီ … သုံးလရလောက်ပဲ၊ အန်တီ ဒီအိမ်လေးမှာ နေကြည့်ပါ အန်တီ … ကိုယ်ချင်းစာတတ်သွားလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်၊ ကျွန်မကတော့ မမျှော်လင့်ဘဲ ဒုက္ခရောက်သွားတဲ့အန်တီတို့သားအမိနှစ်ယောက်ကို တပြားတစ်ချပ်မှတော့ လာထောက်ပံ့မှာမဟုတ်ဘူးနော် … ဟွန်း … ကမ္ဘာပေါ်ကအမုန်းနတ်ဘုရားတွေကိုယ်တိုင် လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကြိမ်စာတိုက်မှပွင့်လာရတယ်ဆိုတဲ့ အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကို ကိုင်ပြီး ကျွန်မနဲ့အသည်းခွဲပြိုင်ဖို့ လိုက်လာခဲ့တဲ့ အန်တီ့အချစ်ဆုံးသားငယ်လေး အဝေးနှင်ကို ရှပ်အင်္ကျီအစုတ်၊ ဂျင်းဘောင်းဘီအစုတ်ကလေးနဲ့ လမ်းပေါ်မှာ နှင်းဆီပန်းတွေလိုက်ရောင်းနေတာကို ခရက်ရှာဖူးလေးဖွင့်သောက်ရင်းနဲ့ ကျွန်မမြင်ချင်သေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟား ... ဟား ... အဲဒါ ကျွန်မ တကယ်ပြောနေတာနော် အန်တီ အခုလောက်ပြောလိုက်ရတာတောင် အန်တီတော့မသိဘူး ကျွန်မကတော့ အရမ်းပျော်နေပြီ ... ဟား ... ဟား ... "

မြူအော်ရယ်လိုက်တာ ခါးကလေးကိုကော့ မျက်နှာလေးကိုမော့လျှက်။ ဝတ်ထားသမျှစိန်တွေ၊ တဖျတ်ဖျတ်လက်သွားအောင် အော်ရယ်လိုက်မိတာပါ။

ဒါကို အဝေးနှင်က နှုတ်ခမ်းလေးမဲ့ကြည့်လျှက် ...

"ဒီမှာ ... ဒေါ်မြူနှင်းစေရာ ... "

"ဟင် ... ဘာလဲအဝေးနှင် ... မင်းပြောလေ ... "

"ကျွန်တော် ... ကျွန်တော် ... ခင်ဗျားကို အရှုံးပေးပါတယ် လို့လုံးဝကြေညာပြီးသားနော် ... ဒါကိုတောင် မာမီကို ခင်ဗျား ဘာဖြစ်လို့ အနိုင်ယူချင်နေရတာလဲ ... ဟိုမှာ ခင်ဗျားလုပ်တာနဲ့ မာမီစိတ်ချောက်ချားနေပြီ၊ ရှိသမျှစည်းစိမ်တွေ ရှိတ်ပိတ်ခံလိုက်ရလို့ အဝတ်တစ်ထည် ကိုယ်တစ်ခုလေးလောက်နဲ့ ဒီအိမ်လေးကို မာမီရောက်လာတာပါ ... ဒီလောက်ဆိုရင်တောင် ခင်ဗျားကျေနပ်ဖို့ကောင်းတယ် ဒေါ်မြူနှင်းစေရာ ... မာမီကို ဒီထက်ပိုပြီး နှိပ်စက်ဖို့ ခင်ဗျား မကြိုးစားပါနဲ့ ... အရေးကြီးတာ ခင်ဗျားကျေနပ်အောင် ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဩော် ... ဩော် ... မင်းက မ,ကျေနပ်အောင် တောင်းပန်ချင်တဲ့သဘောလား ... အဝေးနှင် ... ဒီလိုသဘောမျိုးနဲ့ မကို မင်းပြောလိုက်တာလား ... "

"ဒီပွဲမှာ ဒိုင်ပွဲရပ်နဲ့ ခင်ဗျားအပြတ်အသတ်အနိုင်ရနေပါပြီ၊ ဒေါ်မြူနှင်းစေရာရယ် အနက်ရောင်နှင်းဆီပွင့်လေးတစ်ပွင့်နဲ့ ကျွန်





တော်ဘယ်လိုပဲ စိမ်ခေါ်ခဲ့ ခေါ်ခဲ့ ... နောက်ဆုံးမှာအရှုံးပေးလိုက်ရတာ ကျွန်တော်ပဲ အရှုံးပေးလိုက်ရတာပါ ... လောင်းကြေးဖွင့်ထားတဲ့အတိုင်းဆိုရင် ခင်ဗျား ခြေဖမိုးလေးကို ကျွန်တော်ငုံ့နမ်းလိုက်ဖို့ပဲ ရှိတော့တယ် ... "

"ဟွန်း ... အမုန်းတွေနဲ့ ခင်ဗျားဘယ်လိုပဲ လက်စားချေချေ ခင်ဗျားကို ကျွန်တော်ချစ်တယ် ... "

"ဘာပြောတယ် ... "

အံ့ဩစိတ်ကလေးနဲ့ မြူမျက်တောင်လေးတွေ ကော့တက်သွားခဲ့ရပြီ။

"ဒီပွဲမှာ ကျွန်တော်နားလည်ထားလိုက်ရတာက ခင်ဗျားဟာ သိပ်ကို အသည်းခွဲတော်တဲ့ ဘုရင်မ,တစ်ယောက်ပါ၊ အမုန်းအတိုင်းဝန်ခံရမယ်ဆိုရင် ခင်ဗျား ကားနဲ့အတိုက်ခံရချင်ဟန်ဆောင်ပြီး ခင်ဗျားနဲ့ကားနောက်ခန်းအမှောင်ထဲမှာ ခန္ဓာကိုယ်ချင်း ပူးကပ်သွားကတည်းက ကျွန်တော်အဆိပ်မိပြီး ခင်ဗျားကိုသိပ်ချစ်သွားခဲ့တာလေ"

"အို ... ကြည့်စမ်း ... အဲဒါ ... အဲဒါ ... မင်းလားဟင် အဝေးနှင် ... အခုမှ မ,ပြန်သတိရတော့တယ်၊ အဲဒီညက ဘယ်က ပါလာမှန်းမသိတဲ့ အနက်ရောင်နှင်းဆီလေးတစ်ပွင့်က မ,ရင်ဘတ်မှာတွဲလောင်းလေးချိတ်ပြီး ပါလာတာလေ ... ကြည့်စမ်း ... "

မြူ မျက်တောင်လေးကော့ကာ အံ့ဩလို့မဆုံး။

"ခုတော့ ... ကျွန်တော်ရှုံးပြီပေါ့ဗျာ၊ ဟွန်း ... အတိတ်က ခံစားချက်တွေကြောင့် နာကြည်းချက်တွေ တပွေ့တပိုက်နဲ့ တကယ်လက်စားချေသင့်တာက ခင်ဗျားပဲ လက်စားချေသင့်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ ... ခင်ဗျားမြင်ချင်တဲ့ မာမီရဲ့မျက်ရည်တွေကို ဘယ်လောက်ထိ သွန်ချရမလဲဆိုတာ ခင်ဗျားပဲပြောပါ ... ဒေါ်မြနှင်းစေရာ ... အရှုံးကို ထိုက်တန်အောင် ပေးဆပ်ချင်တာ အဝေးနှင်ရဲ့မာနပါ။ အဲဒီမာနနဲ့ ခင်ဗျားကို အဆုံးမဲ့အဝေးနှင်ပေးဆပ်သွားမယ် ... "

"မင်းက ဘယ်လိုပေးဆပ်မှာလဲ ... "

"ကျွန်တော် ပြောခဲ့ပြီလေ ... ခင်ဗျားရဲ့ခြေဖမိုးလေးကို ခေါင်းငုံ့ပြီးတော့ နမ်းလိုက်မယ်လို့ ကျွန်တော်ကိုကိုကြီး နောက်ဆုံး ပြောသလို ပြောရမယ်ဆိုရင် အိစက်လှပတဲ့ မိန်းမတစ်ယောက်ရဲ့ ခြေဖမိုးလေးတစ်ဖက်ဟာ မာနကြီးတဲ့ယောကျ်ားတစ်ယောက် နောက်ဆုံးလက်နက်ချ အညံ့ခံသင့်တဲ့ စိတ်ချောက်ချားစရာ ... အကောင်းဆုံး စစ်မြေပြင်ပါပဲတဲ့၊ အဲဒီစကားလေးနဲ့ပဲ ကျွန်တော် ခင်ဗျားကို ဦးညွှတ်ပါတယ် ... ဒေါ်မြနှင်းစေရာ ... "

ဒီစကားလေးကြောင့် မြူ့မျက်နှာလေး မဲ့တော့မလိုနဲ့ပြုံးသွားသည်။

"ဟွန်း ... ကောင်းပြီလေ အဝေးနှင် ... မင်းပြောလိုက်တဲ့စကားလေးကြောင့် မ,နည်းနည်းလေး ကျေနပ်လိုက်မိပေမယ့် ရင်ထဲက နာကျင်မှုတွေ လျော့မသွားသေးတာက သေချာတယ်၊ ပြောရမယ်ဆိုရင် မ,ကလည်း မင်းလိုပဲ ... မာနကြီးတဲ့မိန်းမတစ်ယောက်ပါ။ အဲဒီမာနဟာ မ,နှလုံးသားထဲကနေ ယောကျ်ားတစ်ယောက်ကို ဘယ်လောက်ပဲ မြတ်နိုးတမ်းတနေပါစေ ... အဲဒီယောကျ်ားကို ဘယ်တော့မှ ဦးမညွှတ်ချင်တဲ့မာန၊ အဲဒီမာနနဲ့ မ,ဘဝကို ရှေ့ဆက်ပြီးတော့ ဖြတ်သန်းသွားမယ်၊ ရှင်းတယ်နော် ... အဝေးနှင်၊ နောက်ဆုံးအနေနဲ့ မင်းကို မ,တစ်ခုပဲပြောမယ် ... "





"ဟင် ... ခင်ဗျား ဘာပြောမှာလဲ ... "

"ဖွားမြတ်သခင် လက်ထပ်ကစပြီး ဆွေစဉ်မျိုးဆက်တွေရဲ့ အညိုးတွေ အမုန်းတွေနဲ့ ပြိုင်လာကြတဲ့ ဒီပြိုင်ပွဲကြီးကို ရင်နာနာနဲ့ပဲ မ,ဆက်ပြီးတော့ ပြိုင်သွားတော့မယ်ဆိုတာ မင်းကို မ,ပြောချင်တယ်"

"ဗျာ ... ဒီ ... ဒီပြိုင်ပွဲကို ခင်ဗျားဆက်ပြိုင်မယ် ဟုတ်လား မ ... "

"ဟွန်း ... အဲဒါ ဒီနေ့တစ်ခါတည်း မင်းကို မ,တရားဝင် ကြေညာတာပါ။ ဖွားမြတ်သခင် တိုက်ခဲ့တဲ့ကြိမ်စာတွေ ပျက်ပြယ်သွားနိုင်ဖို့ ဒီဘက်က ပေါက်ဖွားလာတဲ့မိန်းကလေးတစ်ယောက်နဲ့ ဟိုဘက်က ပေါက်ဖွားလာတဲ့ယောကျ်ားလေးတစ်ယောက် လက်ထပ်လိုက်ဖို့လိုတယ်ဆိုတာ မ,သိနေတဲ့ကြားက မင်းကို လက်မထပ်တော့ဖို့ မ,ဆုံးဖြတ်လိုက်တယ် အဲဒါ ... ဖေဖေ့အတွက် မင်းမာမီကို မ,လက်စားချေချင်လို့ပါ ... "

"ခင်ဗျား ... ခင်ဗျား ... "

အသက်ရှူမှားစွာ အဝေးနှင်ရဲ့မျက်တောင်လေးတွေ ကော့တက်ခဲ့ရပြီ။

"မ,ဖြစ်ချင်တာ ကူကယ်ရာမဲ့ပြီး အရှုံးတစ်ပိုင်းလို ခံစားနေရမယ့် မင်းမာမီရဲ့မျက်ရည်တွေပါ၊ မင်းမာမီဟာ ဖေဖေ့ကို ရူးသွပ်သွားစေခဲ့တဲ့အထိ အညိုးအမုန်းတွေနဲ့ဘဝပျက်အောင်လုပ်ခဲ့သွားခဲ့တယ်၊ ဒါကို ... မင်းမာမီကိုယ်တိုင် ပြန်ပေးဆပ်ရမယ့်အချိန်ကို ရောက်နေပြီလေ ... ဒါကြောင့်မို့ အားလုံးကို ဒီနေ့တစ်ခါတည်း မ,ကြေညာလိုက်တော့မယ်၊ ရှေ့တစ်ပတ်တည်းမှာ သိပ်ကိုခမ်းနား

www.burmeseclassic.com



ကြီးကျယ်တဲ့ လက်ထပ်ပွဲကြီးတစ်ခုနဲ့ ယောကျ်ားတစ်ယောက်ကို မ,လက်ထပ်လိုက်တော့မယ် ...”

“အဲလို လက်ထပ်ပြီးတာနဲ့ နိုင်ငံခြားတိုင်းပြည်တစ်ခုခုကို မ,အပြီးအပိုင်ထွက်သွားတော့မယ် ...”

“ဗျာ ...”

အဝေးနှင် ထပ်ဆင့်လို့ အသက်ရှူမှားခဲ့ရပြန်ပြီ။

“အဲဒီယောကျ်ားဟာ တခြားသူတော့မဟုတ်ပါဘူး၊ မ, ဆယ့်သုံးနှစ်သမီးအရွယ်က မ,ကိုမွေးစားပြီး နိုင်ငံခြားကိုခေါ်သွားခဲ့တဲ့ မွေးစားဒက်ဒီနဲ့မာမီတို့ရဲ့ တစ်ဦးတည်းသော သား ကိုကိုပါ။ ကျေးဇူးရှိလို့ ကိုကို့ကိုလက်ထပ်ဖို့ မ,ရွေးချယ်လိုက်တာပါ ...”

“ခင်ဗျားဗျာ ...”

အဝေးနှင် ရင်မနာဘဲ နေပါတော့မလား။

အဝေးနှင် ... အသည်းမပျက်ဘဲ ခံနိုင်ပါတော့မလား။

“ဟွန်း ... အဲဒီမှာ ... မ ဖြစ်စေချင်တာက သတို့သမီးဝတ်စုံလေးနဲ့ ပွဲထွက်လာမယ့် ... မရဲ့ ခြေဖမိုးလေးကို လူပုံအလည်မှာ တရားဝင် ဒူးထောက်ခေါင်းငုံ့နမ်းပြီး ... မတို့ စိမ်ခေါ်ပြိုင်ဆိုင်ခဲ့တာတွေ အားလုံးအတွက် ... မင်း ... မာမီကိုယ်တိုင်ဝန်ချတောင်းပန်ရမယ် ... ဒါ ... မ ဖြစ်ချင်တဲ့ မင်းမာမီရဲ့ တရားဝင်အရှုံးပဲ ... ဒီအရှုံးကို မြင်ရမှ ... မ ဖွင့်ထားတဲ့ အမှုကိုပိတ်သိမ်းပေးမယ်”

“ဘုရားရေ ...”

လွှာနဲ့ အညိုရောင် ကိုယ့်အမ်ဒီ မျက်နှာလေးကိုမော့ကြည့်တာ အခုမှ ဘုရားတ ... လိုက်မိရပြီ။

“အဟင့် ... ဟင့် ... ဟင့်”





အခန်းထောင့်လေးမှာ ... ကျုံ့ကျုံ့လေးထိုင်ရင်းပေါ်လာတာ ဒေါ်အရိုပ်ညိုရဲ့ ရှိုက်သံလေးပါ၊ အဝေးနှင်ရဲ့ နှုတ်ခမ်းလေးတွေကတော့ မဲ့ပြုံးရင်း ... မဲ့ရင်းပေါ့ ... ခင်ဗျား ... ခင်ဗျား ... သိပ်ကို ရက်စက်လွန်းတယ် ... ဒေါ်မြူနှင်းစေရာ ... ဒါ ... ဒါ ကျွန်တော် အသည်းနှလုံးတွေကို သိမ်းကြုံးနင်းချေပစ်လိုက်ဖို့ ... ခင်ဗျား နောက်ဆုံး ပြင်လိုက်တဲ့ စစ်တလင်းတဲ့လား ...

ရပါတယ်ဗျာ ...

ခင်ဗျားကြိုက်တဲ့ စစ်မျက်နှာကို ... ခင်ဗျား ဆန္ဒတိုင်းပဲ ဖွင့်လိုက်ပါ။

ဒီနေရာကို မာမီ့လက်ကိုဆွဲပြီး ... အရှုံးသမားတစ်ယောက်ရဲ့ နှလုံးသားတွေနဲ့ ... ကျွန်တော် အကောင်းဆုံးတက်လာခဲ့မယ် ဒေါ်မြူနှင်းစေရာ ... ။

လုံးဝ ဘွာမခံတော့ကြေး ... ။

လုံးဝ နောက်ပြန်မလှည့်ကြေးပဲပေါ့ ... ။

www.burmeseclassic.com

www.burmeseclassic.com

*THE WAR OF ROSE*

(ဇာတ်သိမ်းပိုင်း)

## အခန်း ( ၁၉ )

"ဖြောင်း ..."
"ဒေါင်း ..."
"ခွမ်း ..."
"ချွမ်း ..."

"ဟာ ... အဝေးနှင် ... မင်း ... မင်း ... စိတ်ကို ... ထိန်းစမ်း ဟောကောင် ... မင်းကို ငါပြောနေတယ်နော် ... ဒေါ်မြှုနှင်းစေရာကို မကျေနပ်တိုင်း မင်း ... ဒီလို ဇွတ်ပေါက်ကွဲနေလို့ မရဘူး။ ဒါဒါ ... သူ့ဘက်က မှန်တယ်ထင်လို့ သူလုပ်သွားတာ ... ဒီအရှုံးကို မင်းလက်ခံနိုင်ရမယ် ... ဒီအရှုံးကို မင်းသဘောတူနိုင်ရမယ် ..."

"ငါ ... ငါ ... လုံးဝ မကျေနပ်ဘူးသားကြီး ..."

နာကျင်သော စိတ် ... မခံချင်သောစိတ်တို့ကြောင့် ဝဲတက်လာရသည့် မျက်ရည်ရိပ်တွေက အဝေးနှင်ရဲ့ မျက်ဝန်းလေးထဲမှာ ခဏလေးနှင့်ပြည့်သွားသည်။ စားပွဲကုလားထိုင်တွေလဲပြိုသံ ပုလင်းတွေ၊ ဖန်ခွက်တွေ၊ ကျကွဲသံတို့ကြောင့် ပြေးဝင်လာသည့် စားပွဲထိုးကောင်လေးတွေ အနားရောက်တော့မှ ကိုယ်ရှိန်သပ်ကာ ရပ်သွားကြသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သားကြီးက … အဝေးနှင်းကို ဖျက်ခနဲလှည့်ကြည့်ကာ …

"အေး … မင်းမကျေနပ်ရင်လည်း … ဒီပွဲရဲ့အဖြေကို ပြောင်းပြန်လှန်ပစ်လိုက်လို့ မရတော့ဘူး … ဒီပွဲမှာ မင်းရှုံးသွားတယ် … ဒီပွဲရဲ့အရှုံးကြောင့် အနာကျင်ဆုံး မင်းပေါက်ကွဲသွားရတယ်ဆိုတာလည်း … ငါနားလည်တယ် … ဒါပေမယ့် ငါတို့ဘာတတ်နိုင်မှာလဲ … မင်းက … အနက်ရောင်နှင်းဆီလေး တစ်ပွင့်နဲ့ မာနခြင်းပြိုင် အသည်းခွဲဖို့ ဘယ်လိုပဲကြိုးစား … ကြိုးစား ဒေါ်မြူနှင်းစေရာက … တည်တည်ငြိမ်ငြိမ်လေးနဲ့ တကွက်ခြင်းရွှေ့ပြီး မင်းကို အကောင်းဆုံးယှဉ်ပြိုင်သွားတာ … အဲဒီတော့ မင်းကို ငါတစ်ခုပဲ ပြောမယ် … ဟိုမှာ တွေ့လား … ဒေါ်မြူနှင်းစေရာရဲ့ လက်ထပ်ပွဲအတွက် … အကောင်းဆုံးနဲ့ အခမ်းနားဆုံးပြင်ဆင်ထားတဲ့ … မြက်ခင်းပြင်ကြီး … အဲဒီ မြက်ခင်းပြင်ကြီးထဲကို မကြာခင်မှာ … အလှဆုံးသတို့သမီး ဝတ်စုံလေးနဲ့ ဒေါ်မြူနှင်းစေရာ ဝင်လာတော့မယ် … သူ ဝင်လာပြီဆိုတာနဲ့ မင်းဘယ်လိုရင်ဆိုင်မှာလဲဆိုတာ စဉ်းစား …"

"ငါ … ငါ … အရှုံးမပေးချင်ဘူး သားကြီးရာ"

"ဟာ … ဟောကောင် မင်းအရှုံးမပေးချင်လို့ရမလား"

သားကြီး မခံရပ်နိုင်စွာ အော်လိုက်မိရပြန်ပြီ။

"မင်းပြောတော့ … အပြစ်မရှိတဲ့ ဒေါ်မြူနှင်းစေရာကို အနိုင် မယူရက်လို့ အရှုံးပေးလိုက်တာဆို … အခုမှ … မင်းဘာ အရှုံးထပြီး … အရှုံးမပေးချင်ဖြစ်သွားရတာလဲ … ပြောစမ်း … ဟောကောင် … ဒေါ်မြူနှင်းစေရာ လက်ထပ်သွားတာကို မင်းမကျေမနပ်နဲ့ … အရှုံးခံစားနေရလို့လား … ဟွန်း … အခုမှ မင်း အသည်းတွေ စွက်ကွဲမနေနဲ့ … ဒေါ်မြူနှင်းစေရာက မင်းကို … တကွက်ချင်း တိုက်စစ်ဆင်သွားတာ … အင်း သိပ်ချစ်နေပြီဆိုတာ သိတော့မှ … ယောက်ျားတစ်ယောက်ကို လပ်ထပ်ယူသွားတာ … အဲဒါ ဒေါ်မြူနှင်းစေရာရဲ့ ပွဲသိမ်းတိုက်ကွက်ပဲ …"





"ငါ … ငါ … ဘာလုပ်ရမလဲဟင် … သားကြီး ဒီအရှုံးကို ဝန်မခံတော့ပဲနဲ့ အဝေးဆုံးကို ငါထွက်သွားရင်ကောင်းမလား"

"ဘာ … ဘာပြောတယ်ကွ"

သားကြီး … ကိုယ်ကို … တပ်တပ်လှည့်ကာ အဝေးနှင်းကို အပြတ်သားဆုံး မျက်နှာချင်းဆိုင်သည်။ အဝေးနှင်းရာ မင်းဘာတွေ ဖြစ်နေတာလဲ … မင်း ဘယ်လိုတွေခံစားနေရလို့ စိတ်တွေ … ဒီလောက်တောင် တုန်လှုပ်ချောက်ချားနေရတာလဲ … မင်း … မင်း ယောက်ျားမဟုတ်ဘူးလား ဟောကောင် … ငါ့ကိုပြောစမ်း"

သားကြီး စိတ်ထဲကနေ အဝေးနှင်းကိုအော်ပေးလိုက်မိတာ တကယ့်ကို မခံစားနိုင်တော့လို့ပါ … ပြောရရင် ဒီတစ်ပတ်လုံး လမ်းတွေပေါ်မှာ … အဝေးနှင်းလျှောက်သွားနေခဲ့တာလေ … ထမင်းမစားတဲ့ရက်တွေ များလာတော့ … တစ်ကိုယ်လုံး ဖြူဖျော့ ပိန်ကပ်လျှက် … မျက်တွင်းတွေလည်း ချောင်ကျသွားသည်။ နှုတ်ခမ်းတွေလည်း ခြောက်ကပ်သွားသည်။ ခံစားနေရတာလည်း အရှုံးမီးဝိုင်းပေါ့ … ။

ဒါကို … သားကြီးက သိနေတော့ … အဝေးနှင်းကို အပြစ် မတင်ရက်။

တကယ် … လှပတဲ့ … ပြိုင်ပွဲလေ … တစ်ပွဲကို ဒေါ်မြူနှင်းစေရာက … နွဲ့သွားခဲ့တာပါ … ကြားရက်ထဲမှာ Phone ဆက်တော့လည်း … ခေါ်နေတဲ့ ဖုန်းကို သူမက မကိုင်တော့ပါ။ သူမက … စိမ်းကားမှုအပေါင်း သရဖူဆောင်းလေ … အဝေးနှင်းက သွေးပျက်လေပါပဲ … ။

ခုလည်း … မင်္ဂလာညစာစားပွဲ ကျင်းပမယ့် … Hotel ကြီးရဲ့ BEER BAR ထဲမှာ စိတ်တွေလှုပ်ရှားပြီး ကြိုရောက်နေတဲ့ အဝေးနှင်းကတော့ ဆံပင်ရှည်တွေ ဖရိုဖရဲနှင့် … မျက်ဝန်းလေးတွေဟာပါ ဖြူဆုတ်အားမဲ့လျှက် … ။

"ငါ … ငါ … ဒေါ်မြူနှင်းစေရာကို ဘာဖြစ်လို့ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွားသလဲဆိုတာ … ပြန်စဉ်းစားလို့တောင် မရတော့ဘူး … သားကြီးရော … အခုမှ ငါ့ကိုကိုကြီးရဲ့ ရှုံးနိမ့်မှုကို ငါသဘောပေါက်သွားတာ … ပြောရမယ်ဆိုရင် … ဒေါ်မြူနှင်းစေရာဟာ သိပ်ကို အဆိပ်ပြင်းတဲ့ မိန်းမတစ်ယောက်ပဲနော် … သားကြီး၊ သူ့မျက်လုံးထဲမှာ ယောကျ်ားတစ်ယောက်ကို ဖျက်ခနဲတစ်ချက်ကြည့်လိုက်တာနဲ့ … ဖြောင်းခနဲ ဝိတ်မိသွားမယ့် ထောင်ချောက်တွေရှိတယ် ဗိုလ်ချုပ်ဈေးအလယ် မိန်းလမ်းမှာ … သူနဲ့ အကြည့်ချင်းလေး ခဏဆုံလိုက်မိတာနဲ့ ထောင်ချောက်လဲကို ပြုတ်ကျပြီး ငါ့ရဲ့နှင်းဆီ အချေခံလိုက်ရတာ … ”

“ရှင် … ရှင် သဘောပေါက်သွားပြီလားဟင် … အဝေးနှင်”

နောက်ဘက်က အသံကို အဝေးနှင် ဖျက်ခနဲလှည့်ကြည့်လိုက်တော့ … ညှို့ကြိုခန်းက ကုမ္ပဏီဝန်ထမ်း မလေးလှာ …

“ဟာ … မင်း … ”

“ရှင် … ဒီအခန်းထဲမှာ ထိုင်ခုံတွေလည်း ဖန်ခွက်တွေကွဲပြီး သောင်းကျန်းနေတယ်ဆိုလို့ … အမ်ဒီက ကျွန်မကို လွှတ်လိုက်တာ … အဟင်း … ရှင် မဆိုးပါဘူး … အမ်ဒီနဲ့ ပတ်သက်ပြီး ရှင် ဒီလောက်ထိ သဘောပေါက်သွားတာ … ကျွန်မ ကျေနပ်ပါတယ် ဟုတ်တယ် … ရှင်ပြောသလိုပဲ ကျွန်မတို့ရဲ့ အမ်ဒီက အဆိပ်ပြင်းတယ် … ဒါပေမယ့် အဲဒီအဆိပ်က လူကိုသေစေနိုင်တဲ့ အဆိပ်မျိုးတော့မဟုတ်ဘူး … အတ္တတွေ အမုန်းတရားတွေ နားကြည်းမှုတွေနဲ့ ပူပြင်းယောင်မြိုက်နေတဲ့ … ယောကျ်ားတစ်ယောက်ရဲ့ နှလုံးသားတွေကို သိမ်မွေ့နူးညံ့တဲ့ … ရင်ခုန်သံတွေနဲ့ … ကူညီနိုးထလာအောင် ရှင်သန်စေခဲ့တဲ့ အဆိပ်မျိုးပါ … ”

ပြောလိုက်ရပေမယ့် … အဝေးနှင်ရဲ့ မျက်ဝန်းတွေကိုတော့ လှာက … မကြည့်ရက်ပါ … အရှေ့မှာ လက်ပိုက်ရပ်လျက် မျက်နှာလေးကို လှောင့်ချပစ်လိုက်တာဟာ … သူ့ရဲ့ရှုံးနိမ့်မှုတွေကို စာနာကြောင်း လှာက ပြသပေးလိုက်တာပါ … ။





“ဟွန်း … ”

လှာတော့ မကြည့်ပဲ … သေချာပေါက်သိလိုက်တာက လှာ့စကားအဆုံးမှာ … သူ့ နှုတ်ခမ်းလေး ဟွန့်ခနဲမဲ့သွားခဲ့တာပဲဖြစ်ပါလိမ့်မည်။ ဒါကိုတော့ … ရှင် မငြင်းနဲ့လေ … အဝေးနှင် …

“နေပါဦး … အခု … မင်းတို့ အမ်ဒီ အသည်းခွဲဘုရင်မကြီးက ဘယ်မှာလဲ … ”

“ဟိုတယ် ပထမထပ်က … အလှုပြင်ခန်းမထဲမှာ ရောက်နေပြီလေ … သိပ်မကြာခင်မှာ မင်္ဂလာ ညစာစားပွဲလေးကျင်းပမယ့် မြက်ခင်းပြင်ကြီးထဲကို ဆင်းလာတော့မှာ … ”

“ငါ … လုံးဝမကျေနပ်ဘူး သိလား”

“ဟင် … ရှင်က ဘာကိုမကျေနပ်တာလဲ”

“ဒီ ဇာတ်လမ်းမှာ … အပြစ်မရှိခဲ့တာ ငါပါ … မင်းတို့ အမ်ဒီကို မပြိုင်ရက်တော့လို့ အရှုံးပေးလိုက်ပြီးဆိုတော့မှ ငါ့အသည်းကို ရက်ရက်စက်စက် ခွဲဖို့ … မင်းတို့ အမ်ဒီက ကြိုးစားလိုက်တာလေ ငါအခု ဘယ်လောက်ခံစားနေရမလဲဆိုတာ … မင်းစဉ်းစားကြည့်စမ်း … ပြုံးပျော်ကြည်နူးနေကြမယ့် … ဒီလက်ထပ်ပွဲကို ငါ အသိအမှတ်မပြုနိုင်လို့ … ဒီမှာ ပေါက်ကွဲနေတာ … ”

“ဒေါက် … ”

“ဒေါက် … ”

“အိုး … အမ်ဒီ … လိုက်လာပြီ”

စည်းချက်ညီစွာ ကြားလိုက်ရတဲ့ အိစက်သော အနက်ရောင် ကြိုးသိုင်းဒေါက်မြင့် ဖိနပ်ကလေးရဲ့ အသံနှင့်အတူ မြေညီထပ်က မှန်လုံအခန်းကျယ်ကြီးထဲကို တလှမ်းချင်းဝင်လာတာ ဒေါ်မြူနှင်းစေရာ … ။

ဝတ်ထားတာလည်း မြန်မာဆန်ဆန် ချိတ်ထမီလေးနဲ့ ရင်ဖုံးလက်ရှည်အဖြူရောင်ကို ဝတ်ထားတာလေ … ။

လှာ … အံ့ဩသွားခဲ့ရတာက ဖဲကြိုးအနီရောင်လေးနဲ့

www.burmeseclassic.com



ရှားပါးအိစက်သော အနက်ရောင်နှင်းဆီလေးတစ်ပွင့်ကို အဝေးနှင်နဲ့ မျက်နှာချင်းဆိုင်ဖို့ အမ်ဒီ ရောက်လာခဲ့တာကိုပင် ... ။

"ခင်ဗျား ... ခင်ဗျား ..."

အဝေးနှင်ခြေလှမ်းတွေက ဒယီးဒယိုင်နှင့် နောက်ဆုတ်သွားသည်။

အမ်ဒီ နောက်မှာရော ဘေးမှာပါ အတူပါလာကြတာတွေက အညိုရောင်နှင့် ကုမ္ပဏီဝန်ထမ်းမိန်းကလေးတွေ ... သားကြီးက နံရံမှာ ကျောမှီကပ်ကာ လက်ပိုက်ရပ်လျက် ... မျက်တောင်မခတ်နိုင်ဘဲ စိုက်ကြည့်နေသည်။

"ဒီ ... ဒီ ... နှင်းဆီလေးကို ခင်ဗျား ... ဘာဖြစ်လို့ ..."

အဝေးနှင် မကြည့်ပဲ နောက်ဆုတ်တော့ ထိုင်ခုံတွေ လဲပြိုကျသွားသံ ကြားလိုက်ရသည်။ အဝေးနှင်က တုန်လှုပ်နေပေမယ့် မြူ့အပြုံးလေးက အေးစက်စက်လေးနှင့် မျက်ဝန်းတွေက အရောင်တွေ တဖျတ်ဖျတ် လက်ဖြာနေခဲ့သည်။

"ဘာလဲအဝေးနှင် ... မ လက်ထဲက နှင်းဆီလေးကို ကြည့်ပြီး ... မင်းစိတ်တွေ တုန်လှုပ်သွားလို့လား ... ငါ မင်းကို မ နောက်ဆုံး ပေးချင်တဲ့ လက်ဆောင်လေးပါ ..."

"ဗျာ ..."

"ဒီနှင်းဆီလေးကို ... မင်းရင်ဘတ်မှာ ထိုးစိုက်ထားခဲ့ပြီးမှ ယောကျ်ားတစ်ယောက်ကို ... မ လက်ထပ်သွားမယ် ... ရှင်းတယ်နော် ... အဝေးနှင်"

"အို ..."

လွှာရော အညိုရောင်ပါ စိတ်တွေလှုပ်ရှားသွားရပြီ ... ။

"ခင်ဗျား ... ခင်ဗျား ရက်စက်တယ် မရယ် ... ခင်ဗျား တကယ်ရက်စက်တယ် ဗျာ ..."

အဝေးနှင် မခံစားနိုင်တော့ပါ ... ။

"သမီး ... မြူလေး ..."



"ဟင် ..."

ထိုအချိန်မှာပဲ ... ဆံပင်တွေဖရိုဖရဲနှင့် ဒေါ်အရိပ်ညို အခန်းထဲ ပြေးဝင်လာသည်။

အားလုံးရဲ့ အကြည့်တွေ ဒေါ်အရိပ်ညိုဆီကို ရောက်သွားကြ၏။

"သမီး အပြစ်ပေးချင်ရင် ... အန်တီကိုပဲ အပြစ်ပေးပါ၊ မြူလေးရယ် ... ဒီဇာတ်လမ်းမှာ တကယ်အပြစ်ရှိခဲ့တာက ... အန်တီမှာပဲ ... အပြစ်ရှိခဲ့တာပါ ... အန်တီသားလေးမှာ အပြစ်မရှိပါဘူး"

"အဟင့် ... ဟင့် ... ဟင့်"

မြူ့ရှေ့မှာ ဒူးထောက်ထိုင်ချရင်း ... ကြေကွဲစွာ ရှိုက်ငိုပစ်လိုက်တာ ဒေါ်အရိပ်ညိုပေါ ... သည်မြင်ကွင်းကို ကြည့်ကာ အားလုံး အသက်ရှူဖို့ မေ့နေကြသည်။ မျက်တောင်ခတ်ဖို့ကိုလည်း ဘယ်သူမှ သတိမရကြ ... ။

"အန်တီ တောင်းပန်ပါတယ် မြူလေးရယ် ... မြူလေးတို့သားအဖနှစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်ခဲ့မိတာတွေအတွက် အန်တီနောင်တရနေပါပြီ ... အန်တီကြောင့်တော့ အန်တီသားလေးကို နာကျင်စိတ်ထိခိုက်သွားအောင် ... မြူလေးမလုပ်ပါနဲ့ ... သားငယ်လေးက စိတ်သဘောထားဖြူစင်တဲ့ သားငယ်လေးပါ ... မြူလေးရယ် ... သူငယ်ငယ်လေးကတည်းက နှင်းဆီပန်းရောင်းတဲ့ ကောင်းမလေးတစ်ယောက်ကို အန်တီတို့က မတရားလုပ်တယ်ဆိုပြီး ... အိမ်ပေါ်ကတောင် ဆင်းသွားခဲ့တာလေ"

"အဟင့် ... ဟင့် ... ဟင့်"

ရှိုက်သံတွေက မဆုံးသမလို ... ကျလာတဲ့ မျက်ရည်တွေကလည်း တစ်ယောက်ပြီး တစ်ယောက်။

မြူက ဒါကိုနားထောင်ပြီး နှုတ်ခမ်းကလေးကို ဟွန့်ခနဲ မဲ့လိုက်ကာ ... ထိုင်ခုံလေးမှာ ခြေနှစ်ဘက်ချိတ်ရင်းပင် ထိုင်လိုက်

www.burmeseclassic.com



သည်။

"အန်တီရယ် ... ဒါတွေအားလုံးကို ကျွန်မ မသိဘဲနေပါ့ မလား သားကိုထိမှ မချိအောင်နာဆိုတဲ့ စကားထဲကလို အန်တီသိပ် ချစ်တဲ့ အဝေးနှင်ရဲ့ အသည်းနှလုံးတွေ တစ်စစီ ပြိုအက်ကြေမွသွားမှ နောင်တတရားတွေနဲ့ အန်တီမျက်ရည်ကျလာမှာလေ ... အန်တီရဲ့ မျက်ရည်တွေကို တမလွန်ဘဝကနေ ကျွန်မဖေဖေဟာ အပြုံးတွေနဲ့ လက်ပိုက်စောင့်ကြည့်နေမှာ သေချာတယ် ... ဒါကြောင့်မို့ ... အန်တီ မျက်ရည်ကျအောင် အဝေးနှင်ရဲ့အသည်းကိုခွဲဖို့ ကျွန်မဆုံး ဖြတ်လိုက်တာ၊ ဒီမှာလေ ... အန်တီ ... အန်တီခေါင်းလေးမော့ပြီး ကြည့်လိုက်ပါဦး ... အန်တီသားအဝေးနှင်ကို မာနခြင်းပြိုင်အသည်းခွဲ မယ့် ကျွန်မရဲ့ ဒုတိယမြောက် လက်စားချေနှင်းဆီလေး ..."

"အို ... ဘုရားရေ ..."

ဒေါ်အရိပ်ညို မြူ့လက်ထဲက နှင်းဆီလေးကိုကြည့်ကာ အသက်ရှူရပ်သွားမတတ် ခံစားလိုက်ရပြီ။ သားကြီးအရိပ်ထင်ရဲ့ ရင်ဘတ်မှာ ထိုးစိုက်သွားခဲ့သလိုမျိုး နှင်းဆီလေးရဲ့ရိုးတံလေးမှာ ဖဲကြိုးနီလေးနှစ်စ,ကို ခေါက်တွန့်လေးချည်လို့။

"ဒါ ... ဒါ ..."

ဒေါ်အရိပ်ညို ... အသံတွေ ထစ်ငေါ့ကုန်သည်။

နှင်းဆီလေးကိုကြည့်ကာ မျက်တောင်လည်းမခတ်နိုင်သလို ရင်မှာဆို့နင့်အက်ကွဲလာသမျှ ရှိုက်သံတွေကပါ ပွဲတင်ထပ်ကာ ပါ လာ၏။

"အဟင်း ... အဝေးနှင်အတွက် ကျွန်မ ... စိတ်မကောင်းပါ ဘူးအန်တီ ... တကယ်ဆိုရင် ကျွန်မဒုက္ခရောက်ခဲ့တဲ့ ဆယ့်သုံးနှစ် သမီးအရွယ်လေးတုန်းက ကျွန်မကို စိတ်သဘောထားဖြူစင်စွာနဲ့ ကျွန်မအခက်အခဲတွေကို နားလည်ကူညီပေးခဲ့တဲ့ အဝေးနှင်ဆိုတဲ့ အပြာရောင်မျက်ဝန်းလေးနဲ့ ကောင်လေးတစ်ယောက်ကို ဘယ် တော့မှ ကျွန်မ မေ့လို့မရခဲ့တာ အမှန်ပါပဲ ... ပြောရမယ်ဆိုရင်





ကျွန်မရဲ့အိပ်မက်တွေအားလုံးကို တစ်သက်တာ ထာဝရပိုင်စိုးထား ခဲ့တာ အဝေးနှင်ပါ ..."

"ဟွန်း ..."

မြူ ဒီလိုပြောတော့လည်း အဝေးနှင်ရဲ့နှုတ်ခမ်းလေးက ဟွန့်ခနဲ မဲ့လို့သွားခဲ့ရပြန်ပါပြီ။

"ကျွန်မ ... သူ့ကို သိပ်ချစ်ပါတယ်၊ သူ့ကို ဘယ်လောက်ထိ ကျွန်မချစ်သလဲဆိုရင် သူပေးထားတဲ့ မောင်းကွင်းလက်စွပ်လေးကို ဒီနေ့အထိ ကျွန်မရဲ့လက်သူကြွယ်လေးမှာ တမြတ်တနိုးနဲ့ ကျွန်မ အမြဲဝတ်ဆင်လာခဲ့တာပါ၊ ဒီလောက်ထိ ကျွန်မ ... အဝေးနှင်ကို ချစ်တယ်၊ ဒါကြောင့်မို့ ... ကျွန်မနောက်ကို အနက်ရောင်နှင်းဆီ လေးတစ်ပွင့်နဲ့ အဝေးနှင် စ,လိုက်လာကတည်းက သူ့ကို ကျွန်မ အရှုံးပေးခဲ့တာပါ ... နောက်ဆုံးအနေနဲ့ ကျွန်မအပွင့်လင်းဆုံး ပြော ရမယ်ဆိုရင် အန်တီ့ကိုတော့ ကျွန်မမုန်းတယ် ... အန်တီ ..."

"ဟင် ..."

"အဲဒါကြောင့်မို့ ... ကျွန်မနေခဲ့ရတဲ့ အိမ်စုတ်လေးဆီကို အန်တီ့ကိုပို့ပြီး ကျွန်မ လက်စားချေတော့မှာ ... ကျွန်မ ဆယ့်သုံး နှစ်သမီးအရွယ်တုန်းက အဲဒီအိမ်စုတ်လေးမှာ ဖေဖေ့ကိုဖက်ပြီး ကျွန်မ ညတိုင်းငိုခဲ့ရသလို အန်တီတို့သားအမိနှစ်ယောက် ကျွန်မ လိုငိုရရင် ကျွန်မကျေနပ်ပြီ ..."

"မြူလေးရယ် ... အန်တီကို မကျေနပ်လို့ အန်တီကိုအရမ်း မုန်းလို့ မြူလေးလက်စားချေတာကို အန်တီခံနိုင်ပေမယ့် အန်တီ့ သားငယ်လေးအဝေးနှင်ကိုတော့ မြူလေး မရက်စက်ပါနဲ့နော်"

ဒေါ်အရိပ်ညို အောက်ကျခံတောင်းပန်နေတာကိုလည်း မြူ က ခေါင်းကလေးခါပြင်းလျက်။ ဒေါ်အရိပ်ညိုရဲ့ရှိုက်သံလေးက တဖြည်းဖြည်း ပို၍ပို၍ ကျယ်လောင်လို့လာခဲ့ရပါပြီ။

"ဟွန်း ... မာမီရာ ... မာမီဘာဖြစ်လို့ ဒီလောက်တောင် အောက်ကျခံပြီး တောင်းပန်နေရတာလဲ၊ ဒီမိန်းမ ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လှလှ ဒီမိန်းမဘယ်လောက်ပဲ ကိန်းခန်းတွေကြီးကြီး၊ အဝတ္တတွေ အမုန်းတွေနဲ့ သူ့နှလုံးသားတွေက ဒီလောက်စုတ်ပြတ်သတ်နေတာ"

"ဘာ ... ဘာပြောတယ် ... အဝေးနှင် ..."

"ခင်ဗျားကို လုံးဝအထင်မကြီးတော့ဘူးသိလား ... ခင်ဗျားလို မိန်းမမျိုးဟာ အိပ်မက်စေတမာန်ကုမ္ပဏီရဲ့ မန်နေးဂျင်းဒါရိုက်တာမကလို့ တစ်ကမ္ဘာလုံးကိုပဲပိုင်ပိုင် အဝေးနှင်လုံးဝမုန်းတယ်၊ ယောကျ်ားတစ်ယောက်မဟုတ်ဘူး ... ကမ္ဘာပေါ်မှာရှိသမျှ ဘယ်ယောကျ်ားနဲ့ပဲ ခင်ဗျားလက်ထပ်သွား ... သွား ... ဟားတိုက်ရယ်ပြီးတော့ကို အဝေးနှင်က ခွက်ထိုးခွက်လှန် ရယ်နေလိုက်ဦးမှာ"

"မင်း ... မင်း ... မ,ကို မချစ်ဘူးလား အဝေးနှင် ..."

"မချစ်ဘူး ... မချစ်ဘူး ... လုံးဝမချစ်ဘူးဗျ နားလည်လား"

ဂျစ်ကန်ကန်လေးပြန်အော်ပြောနေသည့် အဝေးနှင်ကိုကြည့်ကာ မြူ့နှုတ်ခမ်းလေးတွေက ပြုံးယောင်သမ်းသွားသည်။

"ဒီမှာ ... ခင်ဗျား လုံးဝနားလည်ထားရမယ့် စကားလေးတစ်ခွန်းကိုပဲ အဝေးနှင်ပြောလိုက်မယ် ... ကမ္ဘာပေါ်မှာ အဝေးနှင်ရဲ့ဦးနှောက်နဲ့ရော နှလုံးသားနဲ့ပါ ဦးညွတ်ပြီး အလေးပြုချင်တာ၊ ဖြူစင်လှပတဲ့နှလုံးသားပိုင်ရှင်ကိုပါ ... ကျွန်တော်ချစ်ခဲ့တာလည်း ဆံတောက်ဆံပင်တိုလေးနဲ့ လမ်းပေါ်မှာ နှင်းဆီပန်းလေးတွေ အော်ရောင်းခဲ့ရတဲ့ အဖြူစင်ဆုံး ကဗျာအဆန်ဆုံး အတည်တင်းဆုံး ကောင်မလေးတစ်ယောက်ကို ချစ်ခဲ့တာပါ ... အခု ... ကျွန်တော်တွေ့နေတဲ့ ဂုဏ်ထူးဆောင်မန်နေးဂျင်းဒါရိုက်တာမကြီးနဲ့ လုံးဝ အပြတ်အသတ်တစ်ခြားစီပဲဗျာ ... ဟား ... ဟား ..."

အဝေးနှင်ကပြောရင်း အနာကျင်ဆုံး အော်ရယ်လိုက်မိပြီ။

မြူကတော့ ... အဝေးနှင်ကိုကြည့်ကာ တည်တည်တင်းတင်းကလေးပြုံးလျှက်။

"ရတယ်လေ ... အဝေးနှင် ... ဒီအချိန်မှာ မင်း ... မ,ကို





ကြိုက်သလို တုန့်ပြန်လို့ရပါတယ်၊ သံသရာအဆက်ဆက် မ,ကို မင်းမုန်းနေဦးမလား၊ မင်းမာမီကို လက်စားချေချင်တာကလွဲရင် နောင်ဘဝအဆက်ဆက် မင်းကို မ,ချစ်သွားမယ်"

မြူပြောရင်း ... ဒေါ်အရိပ်ညိုဘက် ပြန်လှည့်ကာ ...

"ကဲ ... အန်တီ ... အချိန်လည်းမရှိတော့ဘူး၊ စကားတွေအများကြီးလည်း ကျွန်မ မပြောချင်တော့ဘူး၊ ဒီနှင်းဆီလေးကိုတော့ အမှတ်တရအဖြစ်နဲ့ အဝေးနှင်ရဲ့ရင်ဘတ်လေးမှာ ကျွန်မ ထိုးစိုက်ထားခဲ့တော့မယ်"

မြူ အပြုံးလေးနဲ့ပဲပြောကာ ထရပ်လိုက်သည်။

"ခင်ဗျား ... ခင်ဗျား ..."

အဝေးနှင်ကတော့ နောက်ကိုတစ်လှမ်းချင်းလေးဆုတ်ကာ နံရံတစ်ခုမှာ ကြောကပ်မိသွားပြီ။ မြူကတော့ ... လက်ထဲကနှင်းဆီလေးကို လေထဲမှာ မြှောက်ကိုင်လျှက် ... ။

"ဒေါက် ..."

"ဒေါက် ..."

စည်းချက်ညီစွာ လှမ်းလာသည့် ကြိုးသိုင်းဒေါက်မြင့်လေးရဲ့ အသံတွေအောက်မှာ ရင်ခုန်သံတွေအားလုံး တစ်ပြိုင်တည်းမှာ ရပ်တန့်သွားသလို အဝေးနှင်ကလည်း သူမကို ထိမထင်သလိုကြည့်ကာ နှုတ်ခမ်းလေးကို ဂရုမစိုက်သလို တွန့်မဲ့ပစ်လိုက်သည်။

ရပါတယ် ... ဒေါ်မြူနှင်းစေရာ

အဝေးနှင်ဆိုတဲ့ကောင်ဟာ ပေးဆပ်စရာရှိရင် အသေပေးဆပ်သွားမယ့်ကောင်ဆိုတာ ခင်ဗျားနားလည်ထားလိုက်ပါ ... ခင်ဗျားရဲ့အလှတွေ၊ ခင်ဗျားရဲ့ ညို့ယူသိမ်းပိုက်မှုတွေအောက်မှာ အဝေးနှင် ဘယ်လိုပဲ ကျဆုံးခဲ့၊ ကျဆုံးခဲ့ ... အဲဒါတွေအားလုံးကို နားကျည်းမှုတွေ အမုန်းတွေနဲ့ပဲ အဝေးနှင်အဆုံးသတ်သွားမယ်၊ ဒီဇာတ်လမ်းမှာ ခင်ဗျားနိုင်ပါတယ် ... ကဲ ... ခင်ဗျား၊ ကျွန်တော့်ကို ကြိုက်သလို လက်စားချေလိုက်တော့ ...

www.burmeseclassic.com



ယူရဲ့ရင် ပြန်ပေးရဲ့တာ အဝေးနှင်ရဲ့မာနပါ ...

"ဒေါက် ..."

"ဒေါက် ..."

"ဒေါက် ..."

အဝေးနှင်ရှေ့ကို တစ်လှမ်းချင်းလာနေတာ မြူပဲပေါ့။

အဝေးနှင်ရယ် ... မ,တကယ်လက်စားချေတော့မယ်ဆိုလို့ မင်း ... မ,ကို တကယ်ပဲ နာကျည်းသွားခဲ့ပြီလားဟင်၊ မ,ရဲ့ရည်ရွယ်ချက်က မင်းမာနီရဲ့နောင်တ,မျက်ရည်တွေကို မြင်ချင်လို့ ဒီအဆုံးသတ်ဇာတ်လမ်းလေးကို တမင်ဖန်တီးလိုက်တာပါ။ အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် မင်းကို မ,သိပ်ချစ်တယ်အဝေးနှင် ... လက်ထပ်ပွဲအတွက် မြန်မာပြည်ကို လိုက်လာတဲ့ မွေးစားဒက်ဒီနဲ့မာမီကိုရော ကိုကိုကိုပါ ... ဒီအကြောင်းတွေ မ,ရှင်းပြလိုက်တော့ သူတို့အားလုံးက မ,ရဲ့ခံစားချက်တွေကို အသိအမှတ်ပြုလက်ခံပေးကြတယ်၊ ကိုကိုကဆိုရင် မ,ငယ်ထိပ်ကလေးကို ချစ်စနိုးလေးနဲ့ပုတ်ပြီးတော့တောင် မြူနှင်းလေး ကြိုက်သလို ဆုံးဖြတ်ပါတဲ့။

အဝေးနှင်ရယ် ...

ခုတော့လည်း ... ညှတ်ဆတ်ဆတ်မျက်ဝန်းလေးတွေနဲ့ မင်း မ,ကိုကြည့်နေလိုက်တာကွာ၊ မ,ရယ်ချင်လိုက်တာ၊ မ,ကလည်း မင်းရဲ့ အဲဒီလို အောက်ကျမခံတဲ့ မာနမျက်ဝန်းလေးတွေကို သိပ်ချစ်ခဲ့တာလေ။

"ဒေါက် ..."

"ဒေါက် ..."

တစ်လှမ်းချင်းလှမ်းလာရင်း အတွေးထဲကနေပဲ မြူခံစားချက်တွေကို ပြောနေလိုက်မိသလို အဝေးနှင်ရဲ့မျက်ဝန်းပြာတွေကို စိုက်ကြည့်ကာ မြူနှုတ်ခမ်းလေးတွေက ပြုံးလာသည်။

နဘေးကနေ ဝိုင်းကြည့်နေတဲ့သူတွေအားလုံး ဘယ်သူမှ မျက်တောင်မခတ်နိုင်အောင် ငေးမောကြည့်နေကြချိန်မှာ မြူခြေ





လှမ်းလေးတွေက သူနဲ့မျက်နှာချင်းဆိုင်လေးမှာ နီးကပ်စွာပဲတုန့်ခနဲရပ်သွားသည်။

မြူ့လက်ထဲက နှင်းဆီးလေး လေထဲမြောက်တက်သွားချိန်မှာ ...

သူမျက်လုံးတွေပိတ်ကာ မျက်နှာလေးကို ခပ်တင်းတင်းလေး မော့ပစ်လိုက်တာ မြူတွေ့လိုက်ရ၏။

"ဟာ ..."

"ဟင် ..."

မြူက လက်ထဲက နှင်းဆီလေးကို အဝေးနှင်ရဲ့ရင်ဘတ်လေးမှာ ထိုးစိုက်တော့မလို လက်ရွယ်လိုက်ပြီးမှ ကြမ်းပြင်ပေါ်ကို ရုတ်တရက်ပစ်ချလိုက်တော့ ဝိုင်းကြည့်နေတဲ့လူတွေဆီက အံ့ဩသွားသံတွေ ဟာခနဲ ... ဟင်ခနဲ ထွက်လာသည်။

ထိုအချိန်မှာပဲ မြူထပ်ပြီးတော့ ဆွဲဖြုတ်ယူလိုက်တာ မြူ့ဝဲဘက်ရင်ဘတ်လေးတစ်နေရာမှာ ထိုးစိုက်ထားတဲ့ အိစက်သော အဖြူရောင်နှင်းဆီလေးတစ်ပွင့်ကိုပါပဲ။

ဒီအဖြူရောင်နှင်းဆီလေးက ...

ချစ်သော အဝေးနှင်အတွက်ပါ။

"မ, မင်းကို သိပ်ချစ်တယ် အဝေးနှင် ..."

"ဗျာ ..."

"မ,သိပ်ချစ်လို့ ဒီအဖြူရောင်နှင်းဆီလေးကို မင်းရင်ဘတ်မှာ မြတ်မြတ်နိုးနိုးလေး မ,ထိုးစိုက်ပေးမယ်နော် ..."

"ကျွန်တော် ... ကျွန်တော်က ..."

ချစ်သော အဝေးနှင်ရဲ့မျက်နှာလေးပေါ်မှာ မယုံနိုင်ခြင်းနဲ့ အံ့ဩရခြင်းများစွာတို့က နေရာယူလို့။

"ဘာလဲ အဝေးနှင် ... ဒီအဖြူရောင်နှင်းဆီလေးကိုတွေ့လို့ မင်းသိပ်အံ့ဩနေတာလား ... မအံ့ဩပါနဲ့အဝေးနှင်ရယ် ကိုကို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရော ဒက်ဒီနဲ့မာမီဆီမှာပါ မ,ခွင့်တောင်းခဲ့တဲ့ မ,ရဲ့ တရားဝင်မှော်ဝင် နှင်းဆီသတို့သားလေးက အဝေးနိုင်ဆိုတဲ့ မ,ရဲ့ချစ်သူပါ၊ အားလုံးကို ခွင့်လွှတ်နိုင်တယ်ဆိုတဲ့အဓိပ္ပာယ်လေးနဲ့ ဒီအဖြူရောင်နှင်းဆီလေး ကို မင်းရင်ဘတ်မှာ မ,ထိုးစိုက်ပေးလိုက်တာလေ ...”

“ခင်ဗျား ... ခင်ဗျား ... တကယ်ပြောနေတာ ...”

“ဟုတ်မှာလေ ... မင်းမကြားဘူးလား ဝိုင်းကြည့်နေတဲ့လူတွေ အားလုံးကတောင် လက်ခုပ်တွေတီးပြီး မ,တို့နှစ်ယောက်ကို ဂုဏ်ပြု ပေးနေကြပြီ ...”

“ဟေး ...”

“ရှီး ... ဖြောင်း ... ဖြောင်း ...”

“ဒါမှ မှော်ဝင်နှင်းဆီသတို့သားကွ ...”

“မှော်ဝင်နှင်းဆီသတို့သား ...”

“မှော်ဝင်နှင်းဆီသတို့သား ...”

“ဟေး ... ဟေး ...”

အားလုံးပျော်ရွှင်စွာ လက်ခုပ်တီးအားပေးနေစဉ်မှာပဲ သူ့ တစ်ကိုယ်လုံးကို အရုပ်ကလေး မဖို့မကမ်းနဲ့ပဲ မြူက သိမ်းကျုံးလို့ တအားပွေ့ဖက်ပစ်လိုက်သလို ဒီပွဲမှာ ဘယ်သူရှုံးသွားခဲ့သလဲဆိုတာ အဖြေမှန်ကိုပေးဖို့ မြူ့နှုတ်ခမ်းလေးတွေက သူ့ရဲ့လည်တိုင်လေးဆီ။

မျှဝေခံစားလျက်,
လွန်းတမို။



BURMESE CLASSIC
www.burmeseclassic.com